
ဘော့ပရစ်တီး
ကမ္ဘာ့ထိပ်တန်း ဟာသဝတ္ထုတိုများ
သော်တာဆွေ

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| **စာမူခွင့်ပြုချက်အမှတ** | ▸ | ၅၀၀၀၆၂၀၁၁၁ |
| **မျက်နှာဖုံးခွင့်ပြုချက်အမှတ်** | ▸ | ၅၀၀၁၅၃၀၂၁၁ |
| **မျက်နှာဖုံး** | ▸ | **m.s.o** |
| **ထုတ်ဝေသ** | ▸ | ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၇၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ |
| **ပုံနှိပ်သ** | ▸ | ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်။ |

**တတိယအကြိမ်**

| | | |
|---|---|---|
| **စောင်ရေ** | ▸ | ၅၀၀ |

**၂၀၁၁၊ ဧပြီလ။**

| | | |
|---|---|---|
| **တန်ဖိုး** | ▸ | ၂၅၀၀ကျပ် |
| **စာအုပ်ချုပ်** | ▸ | ကိုတင်အေး(လှိုင်) |

# မာတိကာ


- မြန်မာပြန်သူ၏ အမှာစာ
- ဝီလျံဝီးမတ် ဂျက်ကော့ဗ်စ်

၁။ လှုဥယျာဉ်

၂။ သူ့ဆွေမျိုး ငါ့ဆွေမျိုး

၃။ တစ်ရွာလုံးနှင့် တစ်ယောက်

၄။ သေနတ်မှန် အာမခံကလပ်

၅။ ကျား ဆိုသောကျား

၆။ မျက်လှည့်ဆရာ

၇။ ဘော့ပရစ်တီးကို မိအောင်ဖမ်း

၈။ လက်ဖွေ့ချန်ပီယံ ရွှေလက်သီးနှင့် စိန်လက်သံ

၉။ လှည့်စားသူ

၁၀။ အိမ်ထောင်ဦးစီး

၁၁။ ရေ့နေကြီး ကွင့်စ်

## မြန်မာပြန်သူ၏အမှာစာ

ယခု ကျွန်တော် ဘာသာပြန်သော 'ဘောဂပရစ်တီးနှင့် အခြားဝတ္ထုတိုများ' သည် ကျွန်တော် ဟာသ စာရေးဆရာ ဖြစ်သည့် အားလျော်စွာ ကိုယ် ဖတ်တတ်သည့် အင်္ဂလိပ် ဘာသာနှင့် ထုတ်သော နိုင်ငံခြားဟာသ ဝတ္ထုတွေကို မိမိ လက်လှမ်းမှီသမျှ ဖတ်ခဲ့ဘူးရာ များစွာသော ဝတ္ထုတို့သည် (လူမျိုးတစ်မျိုးနှင့် တစ်မျိုး ရယ်ကြပုံချင်း မတူကြသဖြင့်) မြန်မာလို တိုက်ရိုက်ပြန် မဖြစ်ကြပေ။ ယခု ဂျက်ကော့ဗ်စ်၏ ဝတ္ထုတိုများကျတော့ တိုက်ရိုက် ပြန်၍ ရသည်ကို တွေ့ရ၏။ အဘယ့်ကြောင့်ဆိုသော် သူ့ဝတ္ထုများသည် အရေးအသား အဖွဲ့အနွဲ့ကို ရယ်စရာ မလုပ်ဘဲ ဇာတ်ကွက်ဇာတ်လမ်းကို ပဓာန ထားသောကြောင့် ဖြစ်၏။ ဇာတ်လမ်းအလှည့်တွေ သိပ်ကောင်းသည်။

ဤဘောဂပရစ်တီး ဝတ္ထုများသည် အင်္ဂလန်ပြည် တောင်ပိုင်း ဒေသကလေး ဖြူရီ ရွာရှိ ပန်းဂေါ်ဖီ အရက်ဆိုင်ရှေ့၊ အရိပ်အာဝါသ ကောင်းသော သစ်ပင်ကြီး တစ်ပင် အောက်တွင် ထိုရွာ၏ ရှေ့မီနောက်မီ လူကြီး ဖိုးသက်ရှည်သည် ထိုအရက်ဆိုင်သို့ ရောက်လာကြသော ခရီးသည်များအား သူက မိတ်ဖွဲ့ပြီး သူ့ကို အရက်ဒကာ ခံစိမ့်သောငှာ ဤဖြူရီ ရွာကလေးက သူများအကြောင်းကို ပြောပြခြင်းဖြင့် ဤဘောဂပရစ်တီး ပါဝင်သော ဝတ္ထုတို ဖြစ်ပေါ်လာလေသည်။

စင်စစ် ဘော့ပရစ်တီးသည် လူရိုးလူကောင်း မဟုတ်။ လူလည်၊ လူလိမ်၊ လူညာ၊ သူများအပေါ် ကလိမ် ကျတတ်သူ၊ အင်မတန် ညာဏ်များသူ ဖြစ်သည်။ သို့သော် စာဖတ်သူသည် သူ့အကြောင်းကို ဖတ်ရင်း ဖတ်ရင်းဖြင့် သူ့ကို နှစ်သက်သဘောကျ လာလိမ့်မည်။

အဘယ့်ကြောင့်နည်း။

ဤစာအုပ် လက်ဝယ်ရောက်ပြီပဲ၊ စာဖတ်သူကိုယ်တိုင် ဖတ်ရှု၍ ကြည့်ပေရော့... ။

ကမ္ဘာ့တွင် စာပေစင်မြင့် ရောက်နေသော ထိပ်တန်းဟာသ ဝတ္ထုတိုများ သင့် စာအုပ်စင်တွင် ရှိနေသင့်ပါ၏။

❄ ❄ ❄ ❄ ❄

## ဝီလျံပီးမတ်ဂျက်ကော့ဗ်စ်(၁၈၆၅-၁၉၄၃)

ကမ္ဘာ့စာပေ လောကတွင် ဟာသ စာရေးဆရာသည် ရာခိုင်နှုန်း အနည်းဆုံး ဖြစ်သည်။ ထိုအနည်းဆုံး ရာခိုင်နှုန်းမှာ အင်္ဂလိပ်လူမျိုး စာရေးဆရာ ဝီလျံပီး ဂျက်ကော့ဗ်စ်က ထိပ်တန်းမှ ပါဝင်ခဲ့သည်။

ဂျက်ကော့ဗ်စ်သည် ၁၈၆၅ ခုနှစ်၌ အင်္ဂလန်ပြည် လန်ဒန်မြို့ အရှေ့ပိုင်း ဝက်ပင်း အရပ်တွင် ဖွားမြင်ခဲ့သည်။ သူ့ဖခင်မှာ သင်္ဘောဆိပ်ကမ်း အရာရှိ တစ်ယောက် ဖြစ်ခဲ့၍ သူ၏ ငယ်စဉ်ဘဝသည် ဆိပ်ကမ်း အလုပ်သမားများနှင့် သင်္ဘောသားများ အကြားတွင် ကြီးပြင်း ခဲ့ရသည် ဖြစ်သောကြောင့် သူရေးသော ဝတ္ထုများထဲတွင် ထိုလူတန်းစား အများအပြား ပါဝင်လေသည်။

သူ စာရေးဆရာမဖြစ်မီ ၁၈၈၃ ခုနှစ်၌ အစိုးရဘဏ် တစ်ခုမှာ စာရေးအဖြစ် အမှုထမ်းသည်။ ထိုစဉ်အတွင်း ဟာသ စာရေးဆရာကြီး ဂျရုမ်းကေဂျရုမ်း၏ နည်းနာ နိဿယဖြင့် ဟာသဝတ္ထုများကို စတင် ရေးသားလာခဲ့ရာ ၁၈၉၆ ခုနှစ်တွင် သူ၏ ပထမ ဦးဆုံးသော ဟာသဝတ္ထု ပေါင်းချုပ်တစ်အုပ် စတင်၍ ထွက်ခဲ့သည်။ ထို့နောက် သူ၏

တတိယမြောက် စာအုပ် မထွက်ရမီပင် ၁၈၉၉ ခုနှစ်တွင် စာရေးခြင်းဖြင့် အသက် မွေးတော့မည်ဟု အလုပ်မှ ထွက်ခဲ့၏။ သူ၏ ရည်ရွယ်ချက် အောင်မြင်ပေသည်။ ၁၉၄၃ ခုနှစ် သူ ကွယ်လွန်သည် အထိ ဝတ္ထုများ အဆက်မပြတ် ရေးခဲ့ရာ စာအုပ်ပေါင်း ၂၀ ကျော် ထွက်ခဲ့သည်။

သူ့ဝတ္ထုများသည် ကမ္ဘာတွင် ဘာသာအသီးသီးဖြင့် ပျံ့နှံ့ခဲ့ပေသည်။

❄ ❄ ❄ ❄ ❄

# လှုဥယျာဉ်

ရွာရှိ ကျန်းမာသန်စွမ်း၍ အလုပ်အကိုင် လုပ်နိုင်သူ ဟူသမျှ မိမိဆိုင်ရာ လုပ်ငန်းခွင်သို့ ဝင်နေကြပြီ။ စာသင်ကျောင်းက ကလေးများ စာအံလျက် ကဗျာရွတ်သံ၊ အလီ ပေါင်းသံတို့ စီစီညံနေပြီ။ သားသည် မိခင်တို့မှာ လက်တစ်ဖက်က ပုခက်လွှဲပြီးရင်း ကျန် လက်တစ်ဖက်ဖြင့် အိမ်၏ ဝေယျာဝစ္စတို့ကို ဆောင်ရွက်နေကြသည်။ ယင်းအချိန်ဝယ် ရွာ၏ အနောက်ဘက်ရှိ ‘ပန်းဂေါ်ဖီ’ တံဆိပ် ဆိုင်းဘုတ် ချိတ်ထားသည့် သုရာယမကာ ဆိုင်၏ ဝရန်တာတွင် တည်ခင်းထားသော သစ်သားကြမ်း စားပွဲကြီးနံဘေး ခုံတန်းပေါ်မှာ ဤရွာ၏ ဖိုးသက်ရှည် အမည်ခံထိုက်သည့် အဘိုးအိုသည် ဘီယာ တစ်ခွက်မော့ရင်း ဤဘီယာ ဒကာခံသူ ခရီးသွား တစ်ယောက်နှင့် စကားလက်ဆုံ ကျနေကြ၏။

ဤကား အင်္ဂလန်ပြည်တောင်ပိုင်းတွင် “ကလေးဖြူရီ” အမည်ရှိ ရွာကလေး တစ်ရွာ၏ နွေဦးကာလ တစ်ခုသော နေ့လည်ခင်း ပြယုဂ်တည်း။ ရွာမှာ သစ်ပင်ကြီးငယ် တို့ဖြင့် အုပ်ဆိုင်းပြီး အရိပ်အာဝါသ ကောင်းမွန်လှသည်။ သစ်ပင်တို့တွင် အဆုပ်လိုက် အခိုင်လိုက် ရောင်စုံ ဖူးပွင့်နေကြသော ရာသီပန်းတို့မှ သင်းရနံ့တို့ကလည်း တစ်ရွာလုံး ထုံမွှေးကြိုင် လှိုင်နေ၏။ ဒါကို သူစိမ်း ခရီးသည်က အင်မတန် နှစ်ခြိုက်စွာ ရှူရှိုက်ရင်း စကား ဆိုလိုက်သည်။

"အဘတို့ရွာက တယ်လှ တယ်သာယာတာဘဲနော်"

ရွာ၏ ဖိုးသက်ရှည်က နှုပ်ခမ်းတွင် တင်နေသော ဘီယာမြှုပ်တွေကို သူ့လက်ဖမိုး ရွတ်တွကြီးဖြင့် ပွတ်သပ်လိုက်ပြီး...

"အို... ဒါက ဘာဟုတ်သေးလဲ၊ ဟိုအရင် ကျုပ်တို့ ငယ်ငယ်တုန်းကများ ဆိုရင် တစ်ရွာလုံး ပန်းအလှပြိုင်ပွဲတွေ ဘာတွေနဲ့ ဒီထက်မက စည်စည်ကားကား သာသာယာယာ ရှိခဲ့ ဖူးတာပေါ့။ နို့ပြီ အဲဒီခေတ်က လူတွေက ညီလည်းညီညွတ်တယ်၊ သိုက်သိုက် ဝန်းဝန်းလည်း ရှိတယ်။ အဲ... အခုိးဆုံးကတော့..."

ဟု ပြောလက်စ စကားကိုဖြတ်လိုက်ပြီး သူ့ မြေအိုး ဆေးတံကြီးကို မီးညှိရင်း သူ၏ ဇာတိချက်ကြွေ မွေးရပ်မြေကို အလွန်မြတ်နိုးသော အကြည့်ဖြင့် ကြည့်၍ ရှေးဟောင်း နှောင်းဖြစ်တွေ သတိ ရလာဟန်နှင့် မျက်နှာကြီးတစ်ခုလုံး ဝင်းထိန်လာပြီး သကာလ ဦးခေါင်းကို ဘယ်ညာယမ်းလျှက် စကားဆက်၏။

"ခုတော့ တစ်ရွာလုံးလည်း ကုန်ပါပြီလေ။ လူဟောင်း ဆိုလို့လည်း ကျုပ် တစ်ယောက်ပဲ ကျန်တော့တယ်။ သြော်... ဒါနဲ့ စကားမစပ် ပြောရဦးမယ်။ ခုခေတ်က ကျုပ်တို့ ခေတ်တုန်းကထက် လူလိမ် လူညာတွေ ပေါပေမဲ့ လိမ်တတ် ညာတတ်တာပဲ ရှိတာဗျ။ ပညာသားမပါဘူး။ ဟိုးတုန်းက ကျုပ်တို့ရွာမှာ အင်မတန် ပညာသားပါပါ လိမ်တတ်တဲ့ လူကြီးတွေ ရှိခဲ့တယ်ဗျ။ ခင်ဗျား နားထောင်ချင်ရင် ပြောပြမယ်လေ"

ဆိုပြီး သောက်လက်စ ဘီယာခွက်ကို အစ သတ်လိုက်လေတော့ ခရီးသည် ကလည်း အလိုက်သိစွာပင် နောက်တစ်ခွက် မှာပေးလိုက်ပြီး...

"ပြောစမ်းပါ အဘရာ၊ ကျုပ်လည်း ခရီး ပန်းဖြေရင်းနဲ့ အဆင်သင့်ပါပဲ"

"ပြောဆို တွမ်အေးဒမ် ကနေ စရမယ်၊ ကျုပ်တို့ရွာမှာ ရွာမှုဖူလုံရေး စတင်တည်ထောင်တာ သူပေါ့။ လူတစ်ယောက် တစ်ပတ် သုံးပဲနိစီ ထည့်ရတယ်။ ဖျားနာဒဏ်ရာ ရလို့ အလုပ် မလုပ်နိုင်တဲ့ လူတွေကို အဲဒီ ရန်ပုံငွေက ထောက်ပံ့တယ်။ အဲဒီအသင်းမှာ တွမ်က ဥက္ကဋ္ဌလေ၊ အသင်း တည်ထောင်ပြီးလို့ အလုပ်တစ်လ မဆင်းနိုင်ဘူး။ အိပ်ရာထဲ လဲနေရတယ်။ အဖျား ပျောက်ပြီးတော့ အလုပ် ပြန်ဆင်းတယ်။ အဲ... တစ်ပတ်လောက် ကြာပြန်တော့ ခြေသလုံး ပွတ်တိုင် လည်သွားတယ်။ အဲဒါ ပျောက်ပြန်တော့ သူ့ဗိုက်ထဲမှာ သရိုးသရီ နာနေလို့ အလုပ် မဆင်းနိုင်ပြန်ဘူး။ သူ ဒီလိုချည်း ဖျားလိုက် နာလိုက် ဖြစ်နေတာ အစတော့ ကျုပ်တို့ မရိပ်မိဘူး။ ကိန်းဂဏန်းတွေလည်း နားမှ မလည်ဘဲ။ တောသူ တောင်သား လယ်သမားတွေကိုးဗျ။ အဲဒီလိုနဲ့ပဲ နောက်ခြောက်လ နေပြီး စာရင်းရှင်းတော့ အသင်းမှာ ငွေတစ်ပြားမှ မကျန်တဲ့အပြင် ကျုပ်တို့ အသင်းသားတွေကပဲ တွမ်အေဒမ်ကို ပေးစရာကြွေး တစ်ပေါင်၊ ဆယ့်ခုနစ်ရှီလင်နဲ့ ခြောက်ပဲနိ ကျန်နေသေးသဗျ"

"နောက်တစ်ယောက်က 'ဟားဘတ်ရစ်ချတ်ဆင်' လေ။ ဒီလူက တစ်ခါ မြို့တက်သွားပြီး ပြန်ရောက်လာတော့ ခရစ္စမတ်ပွဲတော်မှာ တစ်ရွာလုံးအတွက် ငန်းသားချက်ဖို့ ငန်းသား ရန်ပုံငွေကလပ် ဆိုပြီး အသင်းတစ်ခု တည်ထောင်ပြန်တယ်။ ကျုပ်တို့တွေက တစ်ယောက်ကို တစ်ပတ် တစ်ပဲနိစီ ထည့်ကြရတယ်။ အဲဒီလို စုငွေတွေ မှန်မှန် ထည့်လာလိုက်ကြတာ ဆယ်လလောက် ရှိပြီး ခရစ္စမတ်နီးတော့ ဟားဘတ်က ခရစ္စမတ်အတွက် လိုအပ်တဲ့ ပစ္စည်းတွေ ဝယ်ဖို့ဆိုပြီး မြို့ပေါ် တက်သွားလိုက်တာ တစ်ခါတည်း ပေါ်မလာတော့ဘူးလေ။ သူနဲ့ အတူနေတဲ့ သူ့အစ်မကို ကျုပ်တို့က သွားမေးကြတော့ 'ကျုပ်မောင်က မြို့ပေါ်မှာ အလုပ်ကြီး အကိုင်ကြီးနဲ့ စီးပွားဖြစ်နေတာ တော်တို့ငွေလေး မဖြစ်စလောက် ပြန်ပေး မှာပေါ့၊ အကဲပါမနေ ကြစမ်းပါနဲ့' တဲ့ သူကပဲ ကျုပ်တို့ကို သဟောက်သဟာ ပြောသေးသဗျ"

"ကဲ... ဒါတွေ ထားပါတော့ အသေးအမွှားပါ။ ကျုပ်တို့ရွာမှာ ပညာသားအပါဆုံး၊ အလိမ်တကာ ဝိဇ္ဇာ လူညာတို့ရဲ့ အဓိပတိကတော့ 'ဘော့ပရစ်တီး' ပါပဲ။ သူ့လိမ်နည်းက ပေါ့ပေါ့တန်တန် မဟုတ်ဘူးနော်။ အင်မတန် နက်နဲတယ်။ ဒါ့ကြောင့် ကျုပ်တို့ အလိမ်ခံရတဲ့ လူတန်းစားတွေကပဲ ကိုယ်အလိမ် ခံရတာတောင်မှ နောက်ကွယ်မှာ သူ့ပညာကို ကြိတ်ပြီး ချီးမွမ်း ရသေးသဗျ။ သူ့ကို တန်းတူ ယှဉ်ပြိုင်နိုင်တဲ့ လူဖြင့် ခုခေတ်ထိ တစ်ယောက်မှ မတွေ့သေးဘူးဗျာ။

ကျုပ်တို့ရွာက ပန်းခြံအလှ ပြိုင်ပွဲဟာလည်း ဒင်းကြောင့် ပျက်စီးသွားရတာပဲ။ ပန်းအလှ ပြိုင်ပွဲဆိုတာ အင်မတန် နှစ်ခြိုက်စရာ ကောင်းတဲ့ အလုပ်မျိုးဗျ။ ရွာမှာ သူ့ထက်ငါ ကောင်းအောင် ပန်းလှလှ ဆန်းဆန်းပြားပြားတွေ စိုက်ကြတော့ ရွာလည်း ကျက်သရေ ရှိတယ်။ မျက်စိ ပသာဒလည်း တင့်တယ်တယ်။ စိတ်ဟာဒယလည်း ရွှင်လန်း အေးမြတယ်။ လူတွေ ရင်ထဲမှာလည်း ကြည်နူးတယ်။ ဒါလောက် ကောင်းမွန်တဲ့ ပြိုင်ပွဲမျိုးဟာ ဘော့ပရစ်တီးလို တစ်ကိုယ်ကောင်း သမားကြောင့် တစ်နှစ်ပဲ ခံရှာတယ်။ ဒီအကြောင်းကို ဂဃနဏ ပြန်ပြော နိုင်တာဟာလည်း ဒီရွာမှာ ကျုပ်တစ်ယောက်ပဲ ရှိတော့တာမို့ ခင်ဗျား ကံကောင်းတယ်လို့ ဆိုရမယ်ဗျ"

"အဖြစ်က ဒီလိုဗျ။ ပန်းဥယျာဉ်ပြိုင်ပွဲဟာ စလုပ်တဲ့ ပထမ နှစ်မှာတော့ ရှောရှော ရှူရှူ ပါပဲ။ ဒီဓလေ့ကို အစ ပျိုးပေးတာကတော့ ကျုပ်တို့ရွာကို အသစ် ရောက်လာတဲ့ သင်းအုပ်ဆရာ လင်မယားပါ။ သူတို့ ရည်ရွယ်ချက်ကတော့ ရွာကလူတွေကို အချိန် အားလေးမှာ ပန်းဂေါ်ဖွ ယမကာဆိုင်မှာချည်း အချိန် ဖြုန်းမနေဘဲ ကိုယ့်ပန်းခြံကို အလှ ဆင်ရင်း ကိုယ့်အိမ်ရာကို ပိုမို ခင်တွယ်ဖို့ ဆိုတဲ့ စာရိတ္တ ပြုပြင်ရေး စေတနာပါပဲ။ ပြိုင်ပွဲရဲ့ ပထမဆု ရသူကို ရွှေဒင်္ဂါး သုံးပြားနဲ့ 'ပထမဆု' လို့ စာတန်း ထိုးထားတဲ့ သတ္တု လက်ဖက်ရည် ကရားတစ်လုံး ပေးတယ်"

"အဲဒီပြိုင်ပွဲမှာ 'ဘီလ်ချမ်းဘားစ်' က ပထမဆု ရတယ်။ ပြောလို့ ပြောတာ မဟုတ်ဘူး။ အဲဒီနှစ်ကများ ဆိုရင် ကျုပ်တို့ရွာက ပန်းရန့်တွေဟာ ရွာ့အပြင်ကကို မွှေးနေတာ။ တစ်ရွာလုံးဆိုလည်း ပန်းမျိုးစုံ၊ အရောင်မျိုးစုံနဲ့ လှလိုက်တဲ့ ဖြစ်ခြင်းဗျာ... အနီး ပတ်ဝန်းကျင် ရွာကလူတွေ၊ တချို့ မြို့ပေါ်က လူတွေတောင် လာကြည့်ကြတာ၊ ပန်းဂေါ်ဖီ ယမကာဆိုင် ဆိုတာ ယမကာ ရောင်းလို့တောင် မလောက်နိုင်အောင် ပါပဲ။ ပထမရတဲ့ 'ဘီလ်ချမ်းဘားစ်' သူ့ ပန်းခင်းအတွက် ရှိသမျှ ငွေအားနဲ့ ကျုံးလုပ်တာ ဘယ် မရဘဲ ခံနိုင် မလဲ"

"အဖြစ်က ဒီလိုဗျ၊ ပြိုင်ပွဲနေ့ကို ဇူလိုင် ငါးရက်နေ့လို့ သတ်မှတ်ထားတယ်။ ဒီအချိန်က ခုလို နွေဦး ကာလမို့ လုပ်ငန်း ကိုင်ငန်းတွေလည်း ပြီးစီးကုန်ပြီ။ ရာသီဥတု ကလည်း သပ္ပာယမျှသမို့ ပန်းစိုက်လို့ အကောင်းဆုံး အချိန်ပဲလေ။ ဖွန်လလယ်လောက်မှာ ဘီလ်ချမ်းဘားစ်ရဲ့ ခြံက ရှေ့ဆုံးက ပြေးနေတယ်လေ။ ဒါပေမယ့် ပီတာစမစ်၊ ဂျိုးဂွးဘင်းစ်၊ ဆမ်းဂျုံးစ်နဲ့ ဟင်နရီဝေ့ါကားရဲ့ အခင်းတွေကလည်း ဘီလ်ချမ်းဘားနဲ့ တန်းတူလောက် ကောင်းနေတာဘဲ။ ဒါတောင်မှ ကြားရ သလောက်ဆိုရင် သူတို့မှာ ပွဲမဝင်ခင် လူ မမြင်အောင် လျှို့ဝှက်ထားတဲ့ ပန်းမျိုး အဆန်းတွေတောင် ရှိနေသေးသတဲ့။ နောက်ဆုံး အချိန်ကျမှ အများ အံ့သြသွားလောက်အောင် လှလှကြီး ထုတ်ပြ လိုက်မယ်ပေ့ါ။ ကျုပ်တို့ တစ်တွေလည်း ညနေတိုင်း ရောက်ရင် 'ပန်းဂေါ်ဖီ' မှာ တစ်ခွက်တစ်ဖလား မော့ကြရင်း ကိုယ်ကြိုက်ရာ ပန်းခြံဘက်က စိန်ခေါ်ရင်း လောင်းကြေး ထပ်ရတာ အမောပဲ။ ကျုပ်ကတော့ ဟင်နရီဝေ့ါကား ဘက်က လောင်းလိုက်တာဗျ။ ကျုပ်က သူ့ပန်းခင်း ဝင်ကူ နေတာမို့ သူ့ရဲ့ ဝှက်ဖဲကို သိထားတော့ သူပဲ ရလိမ့်မယ်လို့ ကျိန်းသေ တွက်ထားတာဗျ"

"နောက်တော့ တွေးမိတိုင်း ရှက်လည်း ရှက်ပါရဲ့၊ ကိုယ့်လုပ်အားလည်း ကိုယ် နမြောမိပါရဲ့၊ ဒီလို သူ့ထက်ငါ ပန်းတွေ အပြိုင် စိုက်နေကြတာကို ဘာမှမလုပ်ဘဲ ထိုင်ကြည့်ပြီး ကဲ့ရဲ့ သဂြိုဟ်နေတဲ့ လူစားတွေလည်း ရှိသဗျ။ အဲဒီ လူစားထဲမှာ

'ဘော့ပရစ်တီး' က အဆိုးဆုံး။ ဒီလူက ဘယ်အလုပ်မှ လက်ကြောတင်းအောင် လုပ်တဲ့ လူစား မဟုတ်ဘူး။ ပျင်းလိုက်တာများ အရေတစက်စက် ကျနေသလား အောက်မေ့ရတယ်။ သူ့ခြံထဲ ကြည့်လိုက်ရင် အိုးစုတ်၊ ခွက်စုတ်၊ ပလုံးစုတ်တွေ၊ စားကြွင်းစားကျန် အရိုး အရင်းတွေနဲ့ အင်မတန် ကျက်သရေ တုံးတယ်။ ဒင်းက ပန်းခြံတကာ လျှောက်ကြည့်ရင်း မင်းတို့ကတော့ အလကားနေရင်း သူများ နဖားကြိုး ထိုးခိုင်းတာ ခံရတာပဲ... ဘာညာနဲ့ သူများတကာ မခံချင်အောင်လည်း နောက်လား ပြောင်လား လုပ်တတ်သေးသဗျ..."

"အဲ... တစ်ခုတော့ရှိတယ်၊ ဒီကောင်က ခါးချိုးပြီး အလုပ်မလုပ် ရှိရမယ်၊ စားချိန်သောက်ချိန် ရောက်ရင် သူ့မီးဖိုချောင်က ဟင်းနံ့ ကျွေးနံ့ကတော့ အမြဲမွှေးနေတာပဲ။ သူ့ဝမ်းသူ ဘယ်လို ကောင်းကောင်း စားရမလဲ ဆိုတာ ကျုပ်တို့ထက် ပိုသိတာ သေချာတယ်"

"အဲ... ကျုပ်ပြောခဲ့သလို ဇွန် လ ၁၅ ရက်လောက် အထိ အခြေအနေဟာ အားလုံး ကောင်းနေ ပေမယ့် ၁၆ ရက်နေ့ မြောက်မှာ စပြီး ဒုက္ခ ရောက်တော့တာပဲဗျို့။ ဒုက္ခ လာပုံလာနည်းကလည်း တော်တော်ဆန်းတယ်ဗျ။ ကျုပ်တို့ရွာမှာ 'ဂျော့ချ်အင်းကလိရ်' ဆိုတဲ့လူ ရှိတယ်။ လူကတော့ လူအေး လူပျော့ပါပဲ။ ငယ်ရွယ်စဉ်ကတော့ သင်္ဘောသား လုပ်ပြီး ကမ္ဘာပတ်နေတာပေါ့။ အဲဇွန် ၁၆ရက်နေ့မှာ အဲဒီ ဂျော့ချ် ဆီကို ဩစတေးရီးယားက သူ့မိတ်ဆွေ သင်္ဘောသား တစ်ယောက်ဆီက စာတစ်စောင် ရောက်လာတယ်။ သူ့ဆီကို ဩစတေးရီးယားကစာ ရောက်နေကျမို့ အဆန်းတော့ မဟုတ်ပါဘူး။ ဒါလည်း သူပြောလို့ ကျုပ်တို့ သိရတာ မဟုတ်ဘူး။ စာတိုက်က စာတိုက်ဗိုလ်မ 'မစ္စဝိစ်' က ပြောပြတာ။ ဒါပေမယ့် ခု စာတစ်စောင်အတွက် ဂျော့ချ်ဟာ တော်တော် ဦးနှောက် ခြောက်နေပုံရတယ်။ သူဟာ ရင်ခေါင်းလောက် မြင့်တဲ့ သူ့အိမ်ရှေ့ ဝင်းထရံမှာ တစ်တောင်နှစ်ဖက် တင်ပြီး စာကို အခေါက်ခေါက် အခါခါ ပြန်ဖတ် နေတုန်းမှာ ဘီလ်ချမ်းဘားဟာ သူ့အိမ်ရှေ့က ဖြတ်သွားမိတယ်။ ဘီလ်ဟာ ညနေတိုင်း အလုပ်က ပြန်လာရင် ဂျော့ချ်အိမ်ရှေ့ ဖြတ်နေကျပဲ။ ဒီနေ့

ဂျော့ချ် အိမ်ရှေ့ကို ဖြတ်ရင်း လှမ်းကြည့်လိုက်တော့ ဂျော့ချ်ဟာ စာရွက်တစ်ရွက်ကို မျက်မှောင် ကြုတ်ကြီးနဲ့ သဲသဲမဲမဲ ဖတ်နေတာ တွေ့ရလို့ လှမ်း နှုတ်ဆက်လိုက်တော့ ဂျော့ချ်က မကြည်သာတဲ့ မျက်နှာထားနဲ့ ပြန်နှုတ်ဆက်တယ်။ ဒီတော့ ဘီလ် သူ့မျက်နှာ ကဲခတ်ရင်း...''

''ဘယ်က စာလဲကွ၊ မကောင်းသတင်းတော့ မဟုတ်ပါဘူးနော်''

''မဟုတ်ပါဘူးကွာ... ဒါပေမယ့် သြစတေးရီးယားက ထူးခြားတဲ့ စာတစ်စောင် ရလို့ကွ''

''ဒီနေရာမျိုးမှာ ဘီလ်ချမ်းဘားစ်ဟာ အင်မတန် စပ်စုတတ်တဲ့လူ၊ သူများ မသိတာများ ဆိုရင်လည်း မရမက အတင်း မေးတတ်တော့ မကြာခင်မှာပဲ ဂျော့ချ်က မနေသာတော့ဘဲ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ ကျမ်းကျိန် နိုင်းပြီးတော့ စာကို ပေးဖတ်တယ်။ စာပါ အကြောင်းအရာက စာနဲ့ မတူဘဲ ဝတ္ထုတစ်ပုဒ် ဖတ်ရတာနဲ့ တူနေတယ်တဲ့။ ဂျော့ချ်ဆီကို အဲဒီစာ ရေးလိုက်တဲ့ မိတ်ဆွေ ' ဂျွန်ဘိခ်' က သူ့ဦးလေး တစ်ယောက် သေခါနီးမှာ သူ့ကို တိုးတိုးမှာခဲ့တယ်''

''လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်က သူဟာ ခရီးကြုံတာနဲ့ ဟောသည် ကျုပ်တို့ ရွာက 'ပန်းဂေါ်ဖီ' ရိပ်သာမှာ တည်းခို ခဲ့ဘူးတယ်။ ညကျတော့ မဖော်ပြနိုင်တဲ့ အကြောင်း တစ်ရပ်ကြောင့် သူဟာ လူခြေတိတ်ချိန်မှာ အသာကလေး အိပ်ရာကထပြီး ရွှေဒင်္ဂါး ငါးရာတစ်ဆယ့် ငါးကျပ်ပါတဲ့ အိတ်တစ်အိတ်ကို အိမ်တစ်အိမ်က ပန်းခြံ တစ်ခုထဲမှာ သွားပြီး မြှုပ်ထား ခဲ့ရတယ်။ နောက် အခြေအနေ အေးတော့မှ ပြန်လာ ယူမယ်ပေါ့။ ဒီငွေတွေ ဘယ်က ရသလဲလို့ ဘီလ်က မေးတော့ ဂျော့ချ်က ရိုးရိုးသားသား ရတဲ့ငွေ မဟုတ်လို့ ခုလို ဝှက်ရတာပေါ့လို့ ပြန်ဖြေသတဲ့။ ဘယ်လိုပဲဖြစ်ဖြစ်လေ ဒီငွေတွေကို ဂျော့ချ်ရဲ့ သူငယ်ချင်း ဂျွန်ဘီလ်က လိုချင်တယ်။ သူကိုယ်တိုင်ကလည်း အင်္ဂလန်ကို မလာ

နိုင်တာမို့ ရော့ချ်ကို ဘယ်ရွေ့ဘယ်မျှ ပေးပါ့မယ်၊ ရအောင် ရှာယူပေးပါ မှာသတဲ့။ စာရဲ့ အဓိပ္ပာယ်ကတော့ အဲဒါပါပဲ”

“ဒါ ငါဘယ်လို လုပ်ရမှန်းမသိ ဖြစ်နေတယ် ဘီလ်၊ သူ့စာထဲမှာ ညွှန်းထားတာကတော့ ‘ပန်းဂေါ်ဖီ ဆိုင်ကနေ ရှေ့တည့်တည့်ကို ဆင်းလာတဲ့ လမ်းအတိုင်း ဆယ်အိမ်လောက်လို့ ထင်တာပဲတဲ့။ ဒီကောင့် ဥစ္စာကလည်း မရေမရာကွာ။ ငါတော့ ဒီငွေတွေ တွေ့အောင် ရှာပေး နိုင်တဲ့သူကို ဆုငွေဆယ်ရီလင် ပေးမယ်လို့ ကြေညာရကောင်းမလားလို့ အောက်မေ့မိတယ်”

ပြောတော့ ဘီလ် ခေါင်း သွက်သွက်ယမ်းရင်း…

“ငါသာဆို ဒီလိုလုပ်မှာ မဟုတ်ဘူးကွ၊ ဘယ်သူမှ မပြောဘဲ ကိုယ့်ဟာကိုယ် ကျိတ်ရှာမှာပဲ၊ ဒီသတင်းမျိုး ဆိုတာက ပွဖောင်းကုန်ရင် ကောင်းတာ မဟုတ်ဘူး”

“အေး၊ မင်းပြောတာ ဟုတ်တယ်။ သိတဲ့သူက အသာ တူးသွားရင် ဂျွန်ဘိခ်က ငါ့ကို ဒီတစ်သက် ခွင့်လွှတ်မှာ မဟုတ်ဘူး။ ငါတုံးတာလို့ ထင်ချင်ထင်ဦးမယ်၊ ဒီလို သိက္ခာတော့ အပျက် မခံနိုင်ဘူးကွာ၊ မင်းလည်း ဘယ်သူမှ လျှောက်မပြောနဲ့နော် ဘီလ်”

ဘီလ်ကလည်း မပြောပါဘူးလို့ အထပ်ထပ် ကျိန်တွယ်ပြီး သူ့အိမ် ပြန်ခဲ့တယ်။ ရောက်တော့ ဘီလ်ဟာ ရော့ချ်ပြောတာကို ကျပ်ကျပ် စဉ်းစားလေ ဂနာမငြိမ် ဖြစ်လာပြီး ပန်းဂေါ်ဖီကိုသွား တစ်ခွက်မော့လိုက်၊ အိမ်ပြန် လာလိုက်နဲ့ ခေါက်ကယ်ပြန်ကယ် အလုပ်ရှုပ်နေတော့တယ်။ ဘာပြုလို့လဲ ဆိုတော့ ရော့ချ်ပြောတဲ့ ပန်းဂေါ်ဖီကနေ ဆယ်အိမ်မြောက်ဆိုတာ သူတို့အိမ် ဖြစ်နေသကိုး။ အဲဒီည သန်းခေါင်ကျော် တစ်ချက် တီးလောက်မှာ ဘီလ်မိန်းမဟာ အပေါ့အပါး သွားချင်လို့ အိပ်ရာကထတော့ သူ့ဘေးမှာ ဘီလ်ကို မတွေ့ရဘူး။ ဒါပေမယ့် ထူးထူးထွေထွေ မတွေးမိဘဲ ဩော်… လသာသာနဲ့ ခြံထဲဆင်းပြီး ပြိုင်ပွဲ

ဝင်ရမယ့် သူ့ပန်းတွေ အလှကြည့်နေလို့ ထင်ပါရဲ့ အောက်မေ့ပြီး ပြန်အိပ်လိုက်တယ်။ မနက် ငါးနာရီ ကျတော့ တစ်ခါ နိုးပြန်ရော။ ဒီအခါ အိမ်ရှေ့ခြံထဲက ဘီလ်တစ်ယောက် မြေကြီးပေါက်သံ ကြားလို့ အိမ်ရှေ့ ပြတင်းကို ဖွင့်လည်း ကြည့်မိရော သူတွေ့တာဟာ ဘီလ်ဟာ အရူးတစ်ယောက်လို ပန်းခြံထဲမှာ ပေါက်ပြားနဲ့ တရကြမ်း ပေါက်လိုက် ဆွလိုက် လုပ်နေတာ ပန်းခြံလေးပုံ တစ်ပုံလောက် မြေကြီးတွေ ကြေမွ ပျက်စီးနေပြီ။ ဒီတော့ ဘီလ်မိန်းမဟာ တံခါးရွက်တွေကို တွန်းဖွင့်ပြီး ဘာလုပ်နေတာလဲလို့ ငယ်သံပါအောင် အော်မေးတယ်။ ဒီတော့ ဘီလ်ဟာ ကျောကိုဆန့်ပြီး ရှပ်အင်္ကျီလက်နဲ့ မျက်နှာက ချွေးတွေ သုတ်ရင်း ဘာမှမပြောဘဲ ဆက်တူးနေတယ်။ ဘီလ်မိန်းမဟာ ငိုမလို ရယ်မလိုနဲ့ အိမ်အောက် ဆင်းလာပြီး...

"ဒါက ဘာလုပ်တာလဲ၊ ရှင် ရူးနေပြီလား ဘီလ်၊ ကြည့်ပါဦးတော် ကုန်ပါပြီ၊ ကုန်ပါပြီ" လို့ ရင်ထုအော်တော့ ဘီလ် မြေခဲတစ်ခုနဲ့ သူ့မိန်းမကို လှမ်းပေါက်လိုက်ပြီး...

"တယ်... ဒီဟာမ အာပြဲကြီးနဲ့ အော်မနေနဲ့၊ အိမ်ပေါ် ပြန်တက်စမ်း" လို့ မာန်မဲ မောင်းထုတ် လိုက်ပြီး ပန်းခင်းကို သူ့ပေါက်တူးနဲ့ ဆက်ပေါက် နေတော့တယ်။

အဲဒီအချိန်မှာ ဟင်နရီဝေ့ါကားက ယာခင်းထဲ သွားဖို့ အိမ်ရှေ့ ဖြတ်အသွား ဘီလ် လုပ်နေပုံကို မြင်တော့ အံ့အားသင့်ပြီး ခြံစည်းရိုးပေါ် မေးကျော် ကြည့်ရင်း...

"ဟကောင်ကြီး... ဘာ သောက်ရူး ထနေတာလဲ၊ ဒီလောက် အပန်းတကြီး နေ့တသသ ညတသသနဲ့ လုပ်ခဲ့တဲ့ ပန်းခင်းကို ဘာလို့ ဖျက်ဆီး ပစ်နေတာလဲ၊ နမြောစရာ ကောင်းလိုက်ပါဘိကွာ"

သည်တော့ ဘီလ်က "ဟော့ မင့်သောက်ခွက်ကြီး ငါ့ လာပြ မနေစမ်းနဲ့၊ ကိုယ့်လမ်း ကိုယ် သွားမှာ သွားစမ်း၊ မင်း အမေးအစမ်း ထူနေလို့လည်း အမှန်ကို ငါပြောမှာမဟုတ်ဘူး"

လို့ ငေါက်ဆတ်ဆတ် ပြန်ပြောတော့ ဟင်နရီလည်း စိတ်ကောက်ပြီး ဆက်မမေးတော့ဘဲ ထွက်သွားတယ်။

ဘီလ်ဟာ အဲသည်နေ့က အလုပ် မသွားဘူး။ မနက်စာတောင် ပန်းခင်းထဲမှာ စားပြီး ဆက်တူး နေတယ်။ ဘီလ်မိန်းမကတော့ အိမ်ရှေ့မှာ တရုန်းရုန်း လာကြည့်ရင်း မေးမြန်း နေကြတဲ့ လူတွေကို သူ ဘာမှ မသိဘူးလို့ ဖြေရင်း ဘီလ်လုပ်နေတာကို တားနိုင်ရင် တားပေးကြပါလို့ တောင်းပန်နေရှာတယ်။

မိန်းမတစ်ယောက်ဟာ ဘီလ်ဆီကိုသွားပြီး စကားပြောတာ ဟိုက ဘာပြန်ပြောလိုက်တယ် မသိဘူး၊ တစ်ခါတည်း ဆောင့်ဆောင့်နဲ့ ပြန်လာပြီး စောင့်နေတဲ့ ပရိသတ်တွေကို ဘီလ်ဟာ အရူးထောင်ပို့ဖို့ ကောင်းပြီလို့ ပြောတယ်။ နေ့ခင်းရောက်တော့ ဘီလ်ဟာ မောပန်း လွန်းလို့ သူ့စားစရာ ပေါင်မုန့်နဲ့ ထောပတ်တောင်မှ ပါးစပ်ထဲ ရောက်အောင် မသွင်းနိုင်တော့ဘူး။ ဒါပေမယ့် ဖွဲကတော့ မလျှော့သေးပါဘူး။

ဆက်တူးမြဲပဲ။ ညနေစောင်း အလုပ်ခွင်က အပြန် သတင်းအရ လာကြည့်ကြ၊ မေးကြတဲ့ လူတွေ ဘီလ်ဆီက အဖြေရတာကတော့ ဒါဟာ နောက်ဆုံးပေါ် ပန်းခြံပြုစုနည်း၊ ခု ဘာမှ လာမမေး မြန်းကြနဲ့၊ အကြောင်းသိချင်ရင် စောင့်သာကြည့်ကြတဲ့။

ဒီလိုနဲ့ ည နေဝင်ချိန်လဲ ရောက်ရော ပန်းခြံတစ်ခုလုံးမှာ မြေစာတွေ ဗရပွနဲ့ ပျက်ပျက် ပြုန်းကရော၊ ဘီလ်လည်း မြေကမ္ဘလာထက် တုံးလုံးပက်လက် ဖြစ်နေကရော။ အဲဒါ လူတွေက ဘီလ် အရူးထပုံ ပြောလို့ မဆုံးသေးဘူး၊ ပီတာစမစ်ဟာလည်း အဲသည် ရောဂါမျိုး တစ်ထေရာတည်း ကူးစက် ပြန်ရောဗျို့။ အဲဒီ အချိန်မှာ သင်းအုပ်ဆရာနဲ့ ဆရာကတော်ကလည်း ခရီး ထွက်နေကြတာမို့ သူတို့ကို အကျိုးသင့် အကြောင်းသင့် ပြောဆို တားဆီးနိုင်တဲ့ လူလည်း မရှိတော့ဘဲကိုး။ လက်ထောက် သင်းအုပ်ဆရာကလေး ကတော့ သူတို့ဟာ သူတို့ ပန်းခြံကိုသာမက ရသင့်ရထိုက်တဲ့ အခွင့်အရေးကိုပါ ဖျက်ဆီး

နေကြ တာပဲလို့ လာပြီး ဆုံးမမိရာမှာ ပီတာက ပြန်ပြောလိုက်တဲ့ စကားက ရိုင်းလွန်းလွန်းလို့ လက်ထောက် သင်းအုပ်ဆရာကလေးဟာ ဘာမှ ဆက်မပြောတော့ဘဲ တစ်ချိုးတည်း ပြန်လစ် သွားတော့တယ်။

အဲဒါတင် မကသေးပါဘူး။ ပီတာ ပြီးပြန်တော့ ဂျိုးဂါဘင်းစ်ကလည်း သူ့ခြံကို တူးပြန်တော့ ရွာကလူတွေက ဒါဟာ မရိုးဘူးကွ၊ ကေ့ဒ္ဒ စုန်း ပြုစားတာပဲလို့ ထင်ကြေး ပေးလာ ကြတယ်။ ခုဆိုရင် ပန်းဥယျာဉ်ပြိုင်ပွဲမှာ ထိပ်တန်း ပြေးနေတဲ့ လူတွေထဲမှာ ဟင်နရီဝေ့ါကား တစ်ယောက်ပဲ ကျန်တော့တယ်။ ဒီတော့ ကျုပ်လည်း သူ့ဆီပြေးပြီး သတိ ပေးရတယ်။ ပြိုင်ဘက် မရှိတော့ သူပဲ ပထမရဖို့ သေချာနေပြီ မဟုတ်လား။ ကျုပ်က သူ့ခြံကို ကူလုပ်ပြီး သူ့ဘက်က လောင်းထား တာကိုးဗျ။ ဒါပေမယ့် မရပါဘူးဗျာ။ ဟင်နရီလည်း ဟိုလူတွေလိုပဲ ကိုယ့်ခြံကိုယ် တူးဆွ ပစ်လိုက်တာပဲ။ သူကမှပိုပြီး ကျင်းကြီးတွေ တူးဆွ ထားလိုက်တာများ ပုံးချထားသလား အောက်မေ့ရတယ်။

အဲဒီလိုနဲ့ ကျုပ်တို့ရွာမှာ ဒီ ၁၅ ရက်အတွင်း ပန်းခြံနဲ့ တူတာဆိုလို့ တစ်ခုမှ မကျန်တော့ဘူး။ ဒီတော့ ပန်းဥယျာဉ် အလှပြိုင်ပွဲ ဘယ်မှာ ကျင်းပနိုင်တော့မှာလဲ။ ဒါနဲ့ ပြိုင်ပွဲ သတ်မှတ်တဲ့နေ့ မတိုင်မီ နှစ်ရက်အလိုမှာ ကျုပ် ရွာလယ်လျှောက်သွားတော့ ဂျိုးဂါးဘင်းစ်နဲ့ ဟင်နရီဝေ့ါကားရယ် နောက်နှစ်ယောက် သုံးယောက်ရယ် ဘော့ပရစ်တီး ခြံဝင်းအပြင်ဘက် ဝင်းထရံနားမှာ တန်းစီရပ်ပြီး အထဲမှာရှိတဲ့ ဘော့နဲ့ စကား ပြောနေကြတာတွေ့လို့ ကျုပ်လည်း ဝင်ကြည့် မိတယ်။ အောင်မယ် ကျားသားမိုးကြိုး ဘော့ရဲ့ သားနှစ်ယောက်ဟာ သူတို့ခြံထဲက ပေါင်းပင်မြက်ပင်တွေကို ရှင်းလင်း သုတ်သင်နေတယ်ဗျ။

အိုးစုတ် ခွက်စုတ်တွေလည်း မတွေ့တော့ဘူး။ ဘော့ရဲ့ သားနှစ်ယောက်က အလေ့ကျ ပေါက်နေတဲ့ ဒန်းပင်နဲ့ ရွှေဒါးပင်တွေကို မြေတောင် မြှောက်ပေးရင်း ညှိုးခြောက် နေတဲ့ အပွင့်တွေ အရွက်တွေကို ကတ်ကြေးနဲ့ ဖြတ်နေတယ်။ ဘော့ကတော့ သားတွေနဲ့

မယားကြားမှာ ခပ်ကြွားကြွား ဆေးတံကြီးနဲ့ ခဲလို့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသဗျ၊ ဒီတော့ ဂျိုးဂါးဘင်းစ်က ပြုံးစစနဲ့ ခပ်ထေ့ထေ့ လေသံနဲ့…

"ဟာ… မင်းပန်းခြံက လှလှချည်လားကွ" ဆိုတော့ ကြက်ခေါင်းစိတ် မခံတဲ့ လေသံမျိုးနဲ့…

"အောင်မာ… ရွာထဲမှာ ဒီထက်ဆိုးတဲ့ ပန်းခြံတွေ တစ်ပုံကြီး"

ဟင်နရီဝေါ့ကားက ကျုပ်တို့တွေဘက် လှည့်ပြီး မျက်စပစ်ပြရင်း ဘော့ကို ကလိတယ်။

"ပြိုင်ပွဲ ဝင်မှာလားကွ"

"ဟုတ်သလေ၊ ကြည့်စမ်း… ဟောသည်က ကျုပ် ရွှေဒင်္ဂါးပန်းတွေ ဘယ်လောက်လှသလဲ"

ဟင်နရီဝေါ့ကားတို့က အစတော့ သူပြောတာ မယုံဘူး၊ ဒါပေမယ့် ဘော့မိန်းမက ကြက်တူရွေးပါးစပ် ပန်းနွယ်တွေကို စင်လုပ်ပြီးတင်နေတာ တွေ့ရတော့ ဘော့ရဲ့အကြံကို တဖြည်းဖြည်း ရိပ်မိလာကြတယ်။ သူတို့ပန်းခြံတွေကို ဖျက်ဆီးပစ်လေတော့ ဘော့က အနူတောမှာ လူချောလုပ်မယ့် အပေါက်ကိုး၊ ဒါနဲ့ ဟင်နရီဝေါ့ကားဟာ ဘီလ်ချမ်းဘားစ်နဲ့ ဒီပြင် ခြံပိုင်ရှင် သုံးလေးယောက်ကိုပါ သွားခေါ်လာပြီး ဘော့ပရစ်တီးရဲ့ ခြံစည်းရိုး တစ်လျှောက် တန်းစီရပ်ရင်း သူတို့စိတ်ထဲ ဇဝေဇဝါနဲ့ မချိတင်ကဲ မျက်နှာတွေနဲ့ ကြည့်နေကြတယ်။ ဒီတော့ ဘော့ပရစ်တီးက မထုံတက်သေးမျက်နှာနဲ့…

"ငါ ပြိုင်ပွဲဝင်တော့မယ် ဆိုတာ မင်းတို့မယုံဘူးလား၊ ဟောသည်ရွာထဲမှာ ဒီပန်းခြံလောက် သန့်သန့်ပြန့်ပြန့် စနစ်တကျ စိုက်ပျိုးထားတာ ဘယ်မှာရှိသလဲ၊ ဟေ့…

ဘီလ်ချမ်းဘားစ်... မင်းနောက်ဆုံးပေါ် စိုက်နည်း ပျိုးနည်းတွေ ငါ အလိုမရှိဘူး။ လေ့ကြီးထိုး ရိုးရိုးပဲ ကောင်းတယ်ကွာ၊ ခြံကို ဘယ်လိုလုပ်အောင် စိုက်ရမယ်၊ ပြိုင်ပွဲမှာ နိုင်အောင် ဘယ်လို လုပ်ရမယ်ဆိုတာ ငါက သိပြီးသားကွ"

ဒီအခါ ဆမ်ဂျုံးစ်စိတ်ထဲ မခံချိမခံသာ တစ်ခုခုဖြစ်ပေါ်ပြီး ဘော့ကို သေသေချာချာ ကြည့်ရင်း...

"မင်းဟာ တကယ့် အယုတ်တမာကောင်ပဲ"

ဘော့က မကြားသလို သူ့ကို ဘာမှပြန်မပြောဘဲ မလှမ်းမကမ်းမှာ မြေကြီးပေါ် ကျနေတဲ့ မြက်တစ်ပင်ကို လက်ညှိုး ထိုးပြရင်း သူ့မိန်းမကို

"ဟိုမြက်ပင်ကို ကောက်ပစ် လိုက်စမ်းပါကွာ၊ ကြည့်ရတာ မျက်စိရှုပ်လွန်းလို့"

ဟင်နရီဝေ့ါကားဟာ တောင်ဘက်စည်းရိုး နားမှာ အဆင်းလုပ်ပြီး တန်းစီ စိုက်ထားတဲ့ ရွှံ့ရေစက်လက်နဲ့ သစ္စာပန်းတွေကို မြင်ဖူးသလိုလို ရှိတာနဲ့ သေချာအောင် အဲဒီဘက်နား ရွှေ့သွားပြီး ငုံ့ကြည့်တယ်။ ဒီတော့ ဘော့က သူ့ဆီလျှောက်သွားပြီး...

"ဘာလဲ မင်းက ငါ့သစ္စာ ပန်းပင်ကြီးတွေကို သဘောကျလို့လား ဟင်နရီ"

ဟင်နရီမှာ သစ္စာပန်းတွေကို သေသေချာချာ မြင်ရတော့ အရှိုက် ထိုးခံ လိုက်ရ သလို မိုက်ခနဲ ဖြစ်သွားပြီး...

"မင်း ဒီသစ္စာပန်းတွေ ဘယ်ကရသလဲ ဘော့"

"ငါ ဝယ်နေကျ မျိုးစေ့ဆိုင်ကပေ့ါကွ"

"အဲဒီ မျိုးစေ့ဆိုင်က ဘယ်မှာရှိသလဲ၊ ငါ့ပြောစမ်း"

"မင်းပြောရ မလားကွ၊ ဒီလိုလှလှပပ သစ္စာပန်း မျိုးကောင်း မျိုးသန့်ရဖို့ ငါဘယ်လောက် ကြိုးစားရတယ် မှတ်သလဲ၊ ဒါ့ကြောင့် မင်းတို့ အံ့သြသွားအောင် အပြင်မှာတောင် မစိုက်ဘူး။ အိမ်ထဲမှာ ပျိုးပြီး အခု ပြိုင်ပွဲဝင်ခါနီးမှ အပြင်ကို ထုတ်တာကွ"

"ဟင်း... ငါ့ပန်းခြံထဲက သစ္စာပန်းတွေ ငါ ဆွဲနှုတ်ပြီး ဝင်းပြင်ဘက် လွှင့်ပစ် လိုက်မိတယ်ကွ"

ဟင်နရီက စဉ်းစဉ်းစားစား တစ်လုံးချင်း ပြောလိုက်တယ်။ ဒီတော့ ဘော့က အင်မတန် အံ့သြသွားဟန်နဲ့...

"အိုး... မင်းခြံထဲ သစ္စာပန်း ရှိမှန်းတောင် ငါ မသိပါဘူး၊ ငါမြင်တာက မင်းပန်းခြံကို မြေလှန်ပြီးသား မြေကြီးပုံတွေပဲ တွေ့တယ်"

ဒီတော့ ကျုပ်တို့အထဲက တစ်ယောက်က ဘော့ကို အမြင်ကပ်တာနဲ့

"ကဲ... သွားကြမယ်၊ ဒီကောင်ကို အဖက်လုပ်ပြီး ပြောမနေကြစမ်းပါနဲ့"

ဘော့က သူ့ကို ဘာမှ မပြောသလိုဘဲ သူ့ဆေးတံရိုးနဲ့ ခေါင်းငိုက်ကျနေတဲ့ သစ္စာပန်း ပွင့်ကြီး တစ်ပွင့်ကို ထိုးပြရင်း...

"အဲဒီပန်းမျိုးက... 'မြို့စားကြီးဝယ်လင်တန်' လို့ ခေါ်တယ်။ ဟောဟိုဘက်က အဖြူမျိုးကတော့ 'ဘော့ပရစ်တီးရဲ့ ကျက်သရေဆောင်' လို့ ငါ့ဟာငါ မှည့်ထားတယ်။ နောက်ပြီး ဟောဟိုက ဝါထိန်နေအောင် လှတဲ့ ရွှေဒင်္ဂါး ပန်းခင်းကြီးတော့ 'သင်္ဂီအိမ်မက်' လို့ ခေါ်တယ်ကွ"

ဒီတော့ ဘီလ်ချမ်းဘားစ်က ထွီခနဲ တံတွေးတစ်ချက် ထွေးလိုက်ပြီး

"လာကွာ ဟင်နရီ၊ တို့ကြားရ မြင်ရတဲ့ အနိဋ္ဌာန်ရုံတွေကို ပန်းဂေါ်ဖီမှာ ဘီယာနဲ့ ဆေးပစ်ကြရအောင်"

ဒါတောင် ဘော့ပရစ်တီးက လေမပြတ်သေးဘဲ...

"သွားကြကွာ၊ သွားကြ မင်းတို့ ရင်ဘတ်မှာထိုးဖို့ ပန်းလေးတစ်ပွင့်စီ မပေး လိုက်နိုင်တာကိုတော့ ဝမ်းနည်း ပါတယ်ကွာ၊ ပြိုင်ပွဲကလည်း နီးနေတော့ ပန်းတွေကို အလဟဿ မဖြုန်း နိုင်သေးဘူးလေ၊ ကိုယ့်ခြံထဲက ပန်းအလှတွေကို တစိမ့်စိမ့် ထိုင်ကြည့်ရတဲ့ ပီတိ သောမနဿကို မင်းတို့ သိကြရင် မင်းတို့နဲ့အတူ အရက်ဆိုင် မလိုက်နိုင်တာကို ခွင့်လွှတ် နိုင်ကြတန် ကောင်းပါရဲ့" လို့ဆိုပြီး သူ့မယားကို "ဟေ့... မြို့စားကြီး ဝယ်လင်တန်ကို ရေတစ်မှုတ်လောက် ထပ်လောင်း ပေးလိုက်ပါဦး" ဟု အသံကျယ်ကျယ်နဲ့ ဩဇာပေးရင်း သူကတော့ နဖူးမှာ မရှိတဲ့ ချွေးစတွေကို လက်နဲ့သုတ်ပြီး ပန်းခြံအလယ်မှာ ချထားတဲ့ ကုလားထိုင်ပေါ် အကျအနသွားထိုင်တာကို ကျုပ်မြင်ခဲ့ရတယ်။

ကျုပ်တို့တစ်တွေ ဘီလ်အိမ်ရှေ့ကနေပြီး ပန်းဂေါ်ဖီဆိုင် အသွားမှာ တစ်စုံ တစ်ရာကို သေသေချာချာ စဉ်းစားရင်းက ဂျိုးဂါးဘင်းစ် ဘက်လှည့်ပြီး...

"မင်း... ဂျော့ချ်အင်းကလိရှ်နဲ့ တွေ့သေးလားဂျိုး"

"တွေ့သားပဲ"

"အင်း... တို့တစ်တွေ ဂျော့ချ်နဲ့ အားလုံး တွေ့ပြီး ကြပြီနဲ့တူတယ်"

ဘီလ်ချမ်းဘားစ်က တစ်ကိုယ်တည်း ပြောသလို မှတ်ချက်ချလိုက်ပြီး တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ ဘာပြောရမှန်း မသိ ဖြစ်ကုန်ကြတယ်။ ဂျော့ချ်ဆီမှာ ကျမ်းသစ္စာကလည်း ကိုင်ဆို ထားရတယ် မဟုတ်လား၊ ဒါပေမယ့် ဘီလ်ချမ်းဘားစ်က မနေနိုင်တော့လို့ ကတိသစ္စာလည်း မပျက်အောင် လှည့်ပတ်မေးတယ်။

"ဒီမှာ ဂျိုး၊ မင်းကို နိုင်ငံခြားက စာ တစ်စောင်ထဲ အိမ် တစ်အိမ်ရဲ့ပန်းခြံ တစ်ခုထဲမယ် ရွှေထုပ် မြှုပ်ထားတဲ့အကြောင်းများ ပြောတဲ့သူ ရှိသလား"

ဂျိုးကလည်း စကားကို သတိထားပြီး ပြန်ဖြေတယ်။

"အေးကွ၊ ကြားမိသလိုပဲ၊ အဲသည်အိမ်က ပန်းဂေါ်ဖီဆိုင်ကနေ ရွာဘက်လာတော့ ဒုတိယမြောက်အိမ်တဲ့"

ဒီတော့ ဟင်နရီက "ဘယ်ကလာ ဒုတိယမြောက်အိမ် ဟုတ်ရမှာလဲ ကိုးအိမ်မြောက်ပါကွ' ဆိုတော့ ဆမ်ဂျုံးက သူ့နှာခေါင်းသူ ယင်မောင်း သလိုလုပ်ရင်း...

"မင်းတို့ပြောတာ တစ်ခုမှမဟုတ်ဘူး၊ ဆန်စက်နားက ဒုတိယအိမ်တဲ့ကွ"

စင်စစ်တော့ သူတို့ကြားတဲ့ အိမ်မြေတွေဟာ သူတို့ ဉယျာဉ်တွေပဲ ဖြစ်နေတယ်။ ဒီတော့မှ သူတို့အားလုံးဟာ ဘော့ပရစ်တီးရဲ့ ကျုံးသွင်းတာ ခံလိုက်ရပြီ ဆိုတာ လုံးလုံးလျားလျား သိကြတော့တယ်။ ဒီတော့ စကား မပြောနိုင်အောင်လည်း ခြေပစ် လက်ပစ် ဖြစ်ကြတာပေ့ါ။ သူတို့ ဆုမရတာထက် အချိန်ကုန် လူပန်းရုံမက သူတကာတွေက သောက်ရူး သောက်ပေါကြီးတွေလို့ အကဲ့ရဲ့ ခံရမှာတွေးပြီး ရှက်နေကြတယ်လေ။ ဒီအထဲမှာ ဟင်နရီဝေါ့ကားဟာ ရုပ်ပျက်ဆင်းပျက် အဖြစ်ဆုံးပဲ။ သူဟာ ပါးစပ်က ပွစိ ပွစိနဲ့ ဘယ်လို ဆဲရမလဲ လေ့ကျင့်နေတယ်။

အဲသည်အချိန်မှာပဲ သူ့ဆီကို တန်းတန်းမတ်မတ် ဘယ်သူ လာသလဲဆိုတော့ ဂျော့ချ်အင်းဂလိရှ်ကိုယ်တိုင်ပဲ။ သူဟာ ခပ်တည်တည်ပဲ သူတို့ စားပွဲဆီ လျှောက်လာပြီး နှုတ်ဆက်တယ်။ ဒါပေမယ့် သူ့ကို ဘယ်သူကမှ ပြန်နှုတ်မဆက်တဲ့ အပြင် အားလုံးက ဝိုင်းပြီး မီးထွက်မတတ် မျက်လုံးတွေနဲ့ ကြည့်နေကြတယ်။ ဟင်နရီဝေ့ါကားကဆို နှာခေါင်းတောင် ရှုံ့ပြ လိုက်သေးတယ်။ ဒီတော့ ဂျော့ချ်က အံ့သြဟန်နဲ့ မေးတယ်။

"ဘာဖြစ်နေတာလဲကွ"

"ဘာဖြစ်ရမလဲကွ၊ ငါတို့ပန်းခြံတွေပေါ့"

"သြော်... ဒါလား၊ ငါကြားသားပဲ" လို့ ဂျော့ချ်က ခပ်အေးအေး ပြန်ပြောရင်း သူတို့ လူသိုက်ကို သနားစရာ သတ္တဝါတွေလို ကြည့်ပြီး စိတ်ပျက်ပုံနဲ့ ခေါင်း တဖြည်းဖြည်း ရမ်းရင်း...

"ကြားပါတယ်ကွာ၊ ငါ့နားတောင် မယုံသလိုဖြစ်မိတယ်။ ဒါ့ကြောင့် သေချာအောင် သွားကြည့် ရသေးတယ်။ ဒါပေမယ့် တစ်ခုတော့ ပြောထားလိုက်ပါရဲ့နော်၊ ကိုယ်နဲ့မဆိုင်တဲ့ ပစ္စည်းများတွေ့ရင် လူကြီးလူကောင်းပီပီ ကွယ်ဝှက်မထားဘဲ သက်ဆိုင်ရာကို အပ်ကြ၊ ပြောသာပြောရတယ်၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ချင်း ဒီလိုလုပ်မယ်လို့တော့ ငါ မထင်ပါဘူး"

ပီတာစမစ်က ဒေါသ ထွက်လွန်းလို့ တစ်ခုခု ပြောတော့မယ်လို့ ပါးစပ်က ရုပ်တရက် ဟလိုက်တာ သူ့နှုတ်ခမ်းဝမှာ တွေ့ထားတဲ့ ဘီယာတွေ ဒလဟော သူ့ပါးစပ်ထဲ ဝင်သွားလို့ တကတည်း တံတွေး သီးလိုက်တာများ နံဘေးမှာ သူ့ကျောထုပေးတဲ့ ဆမ်းဂျုံးစ်သာ မရှိခဲ့ရင် သေများသေမလားပဲ။

ဂျော့ချ်အင်းဂလိရှ်ကတော့ စကားပြောတောင် မပျက်ဘူး။

"မင်းတို့ ငါ့စကားကို မြဲမြဲ မှတ်ထားကြကွ၊ ကိုယ့်ပစ္စည်း မဟုတ်တာကို သုံးစွဲမိတဲ့ လူဟာ ကိုယ်ချမ်းသာချင် ချမ်းသာမယ်။ စိတ်တော့ ဘယ်တော့မှ မချမ်းသာဘူးကွ၊ ငါ ဘာကို ရည်ရွယ်ပြီး ပြောနေသလဲဆိုတာ မင်းတို့ သဘော ပေါက်ပါတယ်နော်။ ကဲကဲ... ငါလည်း ဒို့ပြင်နေရာမှာ ဘီယာ သွားစုပ်ဦးမယ်၊ ဒီအထဲမှာ နေရတာ အသက်ရှူမဝဘူး၊ နံလည်း နံတယ်" ဆိုပြီး ဘယ်သူမှ ဘာမှ မပြောနိုင်ခင် ထွက်သွားတော့တယ်။ အဲသည် အခိုက်မှာ အခွင့်ကောင်းကို အမြဲချောင်းနေတဲ့ ဆမ်းဂျုံးစ်က ဂျိုးဂါဘင်းစ်ရဲ့ ဘီယာခွက်ကို သူ့ခွက်နဲ့ မှားသယောင်ပြုပြီး မော့ချလိုက်တယ်။ နောက်ဆုံးတော့ ဟင်နရီဝေါ့ကားက စားပွဲကို လက်သီးနဲ့ ဝုန်းခနဲ ထုလိုက်ပြီး...

"ဒါတွေကို သင်းအုပ်ဆရာတော်ကို လုံးစေ့ပတ်စေ့ ပြောပြမယ်ကွ၊ ဒင်းတို့လည်း ဆုရတော့မှာ မဟုတ်ဘူး"

ဒီတော့ ဂျိုးက ဟင်နရီကို စိတ်ဆိုးမာန်ဆိုးနဲ့ လှမ်းကြည့်ပြီး...

"အေး... ဒီလိုပြောလိုက်တော့ ဂျော့ချ်အင်းဂလိရှ်ကို ထားတဲ့ကတိ ဖျက်ရာ ကျနေမှာပေါ့။ နောက်ပြီး သူတစ်ပါး ပစ္စည်းကို မပြစ်မှားရ၊ မတပ်မက်ရဆိုတဲ့ ပညတ်တော်ကို မလိုက်နာဘူး ဆိုတာ ကိုယ့်အထုပ် ကိုယ်ဖြေပြသလို ဖြစ်နေတော့မှာပေါ့။ မင်း ဒါတွေ မစဉ်းစားမိဘူးလား"

"အေးလေ၊ ဒီတရားတော်တွေကို တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းမှာ ဟောပြော သင်ပြနေတဲ့ ဥစ္စာ၊ မင်းမှာ အသိတရား မရှိဘူးလား ဟင်နရီ" လို့ ဆူပြန်တယ် ဘီလ်ချမ်းဘားစ်ကလည်း...

"နောက်ပြီး ကြားကြားသမျှ လူတွေ ရယ်စရာလည်း ဖြစ်ဦးမယ်၊ ငါတော့ ငါ့မိုက်ပစ် ငါခံမယ်၊ သူများက မေးရင် နောင်နှစ်မှာ ဒီထက်ကောင်းအောင် မြေလှန်ပြီး မြေစာကျွေးတာ ပြောမယ်၊ နို့ပြီး မနှစ်ကလည်း ငါယူထားတော့ နှစ်တိုင်း ဆုမယူဘဲ သူများလည်း ရစေလိုတဲ့ စေတနာနဲ့လို့ ပြောမယ်ကွ"

အမြဲပဲ ကံဆိုးနေကျ ပီတာစမစ်က ဘီလ်ရဲ့စကားကြားတော့ ယောင်ယမ်းပြီး ဘီယာတွေ တအား မျိုချလိုက်မိလို့ သီးပြန်တယ်။

နောက်တစ်နေ့မှာ သင်းအုပ်ဆရာ လင်မယား ပြန်ရောက်လာကြတယ်။ အဖြစ်အပျက်ကို ကြားရတော့ သင်းအုပ်ဆရာ ကတော်လေးခမျာ ကြွက်ကလေးတစ်ကောင်လို စီခနဲ ကျွီခနဲ အော်ပြီး ရင်ထုမနာ ဖြစ်ရှာတယ်။ အားလုံးက တစ်သံတည်း ပြောကြတာကတော့ သူတစ်ပါး ကောင်းစားဖို့ သူတို့ဟာ သူတို့ဖျက်ပြီး အနစ်နာ ခံတယ်ပေါ့။ ဒီအထဲမှာ သူများ တကာထက် အမြဲ တစ်တောင်တစ်ထွာ ပိုရှည်လေ့ ရှိတဲ့ ဟင်နရီဝေါ့ကားကတော့ လွန်ခဲ့တဲ့ သုံးပတ်လောက်က "ကိုယ့်အိမ်နီးချင်းကို ကိုယ်နဲ့အမျှ ချစ်ပါ" ဆိုတဲ့ သင်းအုပ်ဆရာ ဟောပြောချက်ကို သူသဘော ကျလွန်းလို့ တရားတော် အတိုင်း သူကျင့်သုံးတဲ့ အကြောင်း ပြောတယ်။ နောက်တစ်နေ့ကျတော့ ဟင်နရီဝေါ့ကား ဆီကို အဖုံးနီနီ ဓမ္မသီချင်းစာအုပ် အသစ်ကလေးတစ်အုပ် ရောက်လာတယ်။ "ခင်မင်သော မိတ်ဆွေ တစ်ဦးထံမှ..." လို့ လက်မှတ် ထိုးထားတယ်လေ။

အဲဒါတွေကြောင့် ဒီနှစ်အတွက် ဥယျာဉ် အလှပြိုင်ပွဲ မကျင်းပတော့ဘူးလို့ပဲ။ နောက်နှစ်ကျမှ ဆုနှစ်ဆု ပေးမယ်လို့ သင်းအုပ်ဆရာတော်က ပြောတော့ ဘော့ပရစ်တီးကို အားကျပြီး အရေးပေါ် ခြံထစိုက်တဲ့ လူနှစ်ဦးသုံးဦးက ကန့်ကွက်တယ်။ အပင်ပန်း ခံထားရတဲ့ သူတို့ လင်မယားတွေအတွက် သက်ညှာပါဦး။ ဟိုအရင်လူတွေ မရနိုင်တာနဲ့ ဒီပြိုင်ပွဲ မလုပ်တော့ဘူးဆိုရင် မတရားဘူး၊ ဘာဘူး ညာဘူးပေါ့။ အဲဒီလို ပြောပြကြတဲ့

လူတွေရဲ့ ဥယျာဉ်တွေဟာ အကောင်းစားထဲကတော့ မဟုတ်ဘူး။ ဒါပေမယ့် ဘော့ပရစ်တီးရဲ့ အိမ်နီးချင်း ရတ်သော်မဆင်ရဲ့ ပန်းခြံကတော့ ဘော့ခြံထက်တောင် သာသယောင် ရှိပါရဲ့။ ဒါပေမယ့် ပြိုင်ပွဲလုပ်ဖို့ တစ်ရက်အလိုမှာ ရတ်ရဲ့ ဝက်ဟာ သူ့ လှောင်အိမ်ထဲက လွတ်ထွက်သွားပြီး ပန်းခြံတစ်ခုလုံးကို ထိုးကော် စားသောက်ပစ်တာ ဘာမှ ရစရာ မရှိတော့ဘူး။ ရတ်ကတော့ သူ့ဝက်ကို ဝက်ခြံထဲ ပိတ်လှောင်ထားတာ ဘယ်လို ထွက်သွားသလဲ တော်တော် အံ့ဩနေတယ်။ ဝက်ကိုယ်နှိုက်က လူတစ်ရပ် လောက် ရှိတဲ့ ဝင်ထရံကို ကျော်တက်သွားမှ ဖြစ်မှာပဲလို့ ခေါင်းတစ်ကုတ်ကုတ်နဲ့ စဉ်းစား နေတယ်။ သူ့ဝက်ကသာ စကားပြောတတ်မယ် ဆိုရင် တရားခံ ပေါ်မှာပဲလို့ ဆိုတော့ ဘော့ပရစ်တီးက 'မင်းဝက်သာ စကားပြောတတ်ရင် သူ့ကို အစာဝအောင် မကျွေးလို့ ခုလို ပန်းပင်တွေ ခိုးစား ရတာပြောပြီး မင်းကို ခွေးလောက်၊ နွားလောက်မှ အသုံးမကျဘူးလို့ ဆဲမှာပေါ့...' တဲ့။

အဲသည်လိုနဲ့ ပြိုင်ပွဲနေ့ကျတော့ လူတွေ လာလိုက်ကြတာ ရွာနီးချုပ်စပ်ကရော၊ မြို့ပေါ်ကရော အုတ်အုတ်ကျက်ကျက် နေကြတာပဲ။ အကဲဖြတ် လူကြီးများက တစ်ခြံပြီး တစ်ခြံ လျှောက်ကြည့် ကြတော့ ဟိုခြံ ကြည့်လည်း မြေကြီးမွမွ၊ ဒီခြံကြည့်လည်း တွင်းကြီးတွေ ပေါင်းလောင်းနဲ့မို့ ကြာတော့ အကဲခတ် လူကြီးတစ်ယောက်က သူတို့ လာကြည့်တာ ပန်းအလှ ပြိုင်ပွဲလား၊ ဒါမှမဟုတ် ငလျင်လှုပ်လို့ မြေပြိုနေတာတွေ အပျက် အစီး စာရင်းပြဖို့လားလို့ မေးသတဲ့။

အဲသည်နေ့ ညနေ ဘုရားရှိခိုးကျောင်း ခန်းမကြီးမှာ ဆုအမည် ကြေညာမယ် လုပ်တော့ လူတိုင်းဟာ ရင်တမမနဲ့ပေါ့။ မကြာခင်ဘဲ သင်းအုပ် ဆရာတော်ဟာ လက်ထဲမှာ စာရွက် တစ်ရွက်ကိုင်ပြီး စင်မြင့်ပေါ် တက်လာတယ်။ ခန်းမထဲက လက်ခုပ်သံတွေ ထွက်ပေါ် လာတယ်။ သင်းအုပ် ဆရာတော်က သူ့လက်ကလေး မြှောက်ပြီး တိတ်ဆိတ် နေကြဖို့ ပြောတယ်။ ကလေးငိုနေတဲ့ သားသည် အမေတွေက ခန်းမထဲက ထွက်ပြီး

အပြင်မှာ သွားပြီး သားချော့ နေကြတယ်။ ဒီတော့မှ သင်းအုပ် ဆရာတော်က အိတ်ထဲက မျက်မှန် ထုတ်တပ်ပြီး ပထမဆုအဖြစ် ရွှေဒင်္ဂါးသုံးပြားနဲ့ သတ္တု လက်ဖက်ရည်ကရားဟာ ဒီနှစ် အလှဆုံး ပန်းဥယျာဉ်ပိုင်ရှင် ဘော့ပရစ်တီး ရသွားကြောင်း ကြေညာတယ်။ ဘော့က ရင်ကိုကော့ ခေါင်းကိုမော့ပြီး ဆုယူဖို့ရန် စင်မြင့်ကို အသွားမှာ သူ့ကျောပြင်ကို ချီးကျူးတဲ့ အနေနဲ့ ဟိုလူဒီလူက ပိုင်းပုတ်ကြတယ်။ အဲဒီအထဲက ဘီလ်ချမ်းဘားစ်ရဲ့လက်က အတော် ပြင်းသွားလို့ ဘော့ပရစ်တီးက ရပ်ပြီး ရန်တွေ့သေးတယ်လေ။

"အဲ... စင်မြင့်ပေါ်ရောက်လို့ ဆုယူပြီးတော့ သူက မိန့်ခွန်း ခြွေလိုက်သေးသဗျ။ သူ့ အဆိုအမိန့်က..."

"ဒီဆုဟာ သူ့ကြိုးစားမှု အတွက် ထိုက်ထိုက် တန်တန်ရတဲ့ ဆုဖြစ်ကြောင်း၊ ဒါ့ကြောင့် သူ အင်မတန် ဂုဏ်ယူကြောင်း၊ သူ့အပင်ပန်း ခံရတာတွေကိုသာ အများတကာ မြင်ရင် သူ့ကို မချီးကျူးဘဲ နေနိုင်ကြမည် မဟုတ်ကြောင်း။ ဒါ့ကြောင့် နောင်နှစ်တွေမှာ ဆုရ လိုသူများ သူ့ကို စံနမူနာ ထားသင့်ကြောင်း။ တချို့ကြတော့ ပန်းခြံဆိုတာ တူးနိုင်မှ ကောင်းတယ်လို့ ထင်နေကြတာ အလွန် မှားယွင်းကြောင်း၊ သူဟာဆိုရင် ပန်းခြံကို သုံးနှစ် တစ်ခါ မြေတူး မြေဆွလုပ်ကြောင်း" စသည်ဖြင့် ဟိုခလုတ်တိုက်၊ ဒီခလုတ်တိုက်နဲ့ လေ ကြောကြီး ရှည်ပြီးမှ နောက်ဆုံးမှာ နိဂုံးချုပ်အဖြစ် သူ ခုရတဲ့ ဆုကို ဂုဏ်ပြုတဲ့အနေနဲ့ ပန်းဂေါ်ဖီမှာ သူ့ရောင်းရင်း မိတ်ဆွေတွေကို လက်ဖက်ရည်ပွဲ လုပ်မယ်လို့ ပြောသွားတော့ လူတော်တော်များများဟာ သူ့နောက်လိုက်ဖို့ ထကြတယ်။ သို့သော် မကြာမီ တစ်သုတ်ပြီး တစ်သုတ် ပြန်လာကြတယ်။ သူတို့ကပြောတော့ ဘော့ပရစ်တီးဟာ အပေါင်းအသင်း အင်မတန်ရွေးတဲ့ လူ၊ တော်ရုံတန်ရုံ သူ့ရောင်းရင်းအဖြစ် လက်မခံဘူးတဲ့။

"ဒါဟာ ကျုပ်တို့ ကလေးပြုရီ ရွာရဲ့ နောက်ဆုံး ပန်းအလှပြိုင်ပွဲပါ"

အဲသည်လို ဖိုးသက်ရှည်က စကား အဆုံးသတ်လိုက်တော့ ခရီးသည်က နောက်ထပ် ဘီယာတစ်ခွက် မှာပေးလိုက်ပြီး...

"နို့... နောက်နှစ်တွေ ဘာဖြစ်လို့ မလုပ်တော့တာလဲ၊ အဘရဲ့"

"မလုပ်တော့တဲ့ အကြောင်းက ဒီလိုလေ။ သင်းအုပ်ဆရာ လင်မယားနဲ့ အကဲဖြတ်လူကြီးတွေဟာ ကိစ္စဝိစ္စပြီးလို့ ဘုရားရှိခိုး ကျောင်းကနေ အိမ်ပြန်ကြတော့ လမ်းမှာ ဘော့ပရစ်တီးရဲ့ တီးပါတီက ပြန်လာတဲ့ လူသိုက်နဲ့ ဆုံကြတယ်။ သူတို့နားက ဖြတ်သွားတော့ အရက်နံ့ တထောင်းထောင်းနဲ့ နောက် လမ်းဘေး တစ်နေရာရောက်တော့ ဆုအဖြစ် ချီးမြှင့်ထားတဲ့ သတ္တုလက်ဖက်ရည်ကရားဟာ တုံးလုံးလဲနေတာ တွေ့ရတယ်။ အဲဒါနဲ့ သင်းအုပ်ဆရာတော်လေးက ကောက်ပြီး ယူဖွင့်လိုက် အရက်စော် ဟောင်ခနဲ ထွက်လာတယ်။ ဒီတင် သင်းအုပ်ဆရာတော်လည်း စိတ်ပျက်ပြီး ပန်းအလှပြိုင်ပွဲ မလုပ်တော့ဘဲ သင်းအုပ်ဆရာက အရက်သေစာ သောက်ချင်းရဲ့ အပြစ်ကို တနင်္ဂနွေ နေ့တိုင်း ဘုရားကျောင်းမှာ ဟောတော့တာပဲ။ တရားနာ ပရိသတ်ကတော့ အရက်နဲ့ လားလားမှ မပတ်သက်တဲ့ မိန်းမနဲ့ ကလေးတွေပဲ ပေါ့လေ"

"ဒါနဲ့ မေးစမ်းပါရစေဦး အဘရဲ့၊ ဒီကိစ္စကို စတင်ဖန်တီးတဲ့ ဂျော့ချ်အင်းကလိရ်ကတော့ သူရှာတဲ့ငွေတွေ ရ မသွားဘူးပေါ့"

"ဂျော့ချ် မရပေမယ့် သူ့ယောက်ဖ ဘော့ပရစ်တီးကတော့ ရွှေဒင်္ဂါးသုံးပြား ရသွားတာပဲကွဲ့"

❄ ❄ ❄ ❄ ❄

## သူ့ဆွေမျိုးငါ့ဆွေမျိုး

ကလေးပြုရီရွာ၏ ယမကာဆိုင်ဖြစ်သော 'ပန်းဂေါ်ဖီ' ရှေ့ အရိပ်ကောင်းသော သစ်ပင်ကြီး အောက်တွင် ရွာ၏ တစ်ဦးတည်းသော ရှေ့မီ နောက်မီ ပုဂ္ဂိုလ်ကြီး ဖိုးသက်ရှည်သည် သူ့ရှေ့တွင် ချထားသော ခရီးသည်တစ်ဦး ဒကာခံထားသော ဘီယာခွက်ကို သောက်ကာ တမျှဉ်းမျှဉ်း အရသာခံ စုတ်ရင်းက ၎င်း၏ မှုန်ရီမွဲတီသော မျက်လုံးများနှင့် ရွာလှည်းလမ်း တစ်လျှောက်ကို လွမ်းဆွတ်တသစွာ ကြည့်နေပြီးမှ...

"ကျုပ်တို့ ကလေးပြုရီရွာသားတွေဟာ တစ်ရွာမကောင်း၊ တစ်ရွာပြောင်း ဆိုတဲ့ စိတ်မျိုး လုံးဝ မရှိကြဘူးဗျာ။ မွေးသည်မှ သေသည့်တိုင်အောင် ဒီရွာမှာပဲ စွဲစွဲမြဲမြဲ ရိုးမြေကျ နေထိုင် သွားကြတာချည်းပဲ။ အဲ စုန်းပြူးတချို့တော့ ရှိသပေါ့လေ။ ဒီလူမျိုးတွေလည်း နောက်ဆုံး ကျတော့ ဒုံရင်းအတိုင်း ဒီချည်တိုင်ပဲ ပြန်ရောက်လာပြီး ရွာက ထွက်သွားမိတာ အမှားကြီး မှားတာပဲရယ်လို့ နောင်တရကြတဲ့ လူတွေချည်းပဲ။

ဒီထဲမှာ ရှားရှားပါးပါး တစ်ပြည်တစ်နိုင်ငံမှာ သွားပြီး ကောင်းစားနေတဲ့ လူ တစ်ယောက်တော့ ရှိသဗျ။ 'ဟင်နရီဝေ့ါကား' ရဲ့ ဘကြီးတော် 'ဂျော်ရှုးဝါးကား' ပေ့ါ။ ဒါပေမယ့် သူက ဒီရွာသား မဟုတ်ဘူးဗျ။ ဒ့ါကြောင့် တစ်ခြားမှာ သွားကောင်းစားတာ ဖြစ်မှာပေ့ါ။ ဂျော်ရှုးဝါးကားဟာ ဩစတြေးလျမှာ သိုး မွေးမြူရေး လုပ်ငန်းနဲ့ ချမ်းသာ

သွားသတဲ့ဗျ။ ချမ်းသာတဲ့ လူပီပီ အလွန် အလုပ်များလို့ ထင်ပါရဲ့။ သူ့တူ ဟင်နရီက ပိုက်ဆံ ကျပ်တဲ့အခါ လှမ်းပြီးငွေချေးတဲ့ စာတွေကို ပြန်ဖော်တောင် မရဘူး။

ခက်တာက ဟင်နရီကလည်း ဒီဘကြီးတော်ကို တစ်ခါမှ မြင်ဘူး၊ တွေ့ဖူးတာ မဟုတ်ဘူး။ လန်ဒန်မှာရှိတဲ့ ဆွေမျိုးနီးစပ် တစ်ယောက်ရဲ့ ပြောပြချက်ကြောင့်သာ သိရတာကိုး။ ကျုပ်တို့တွေ ဟောဒီ ပန်းဂေါ်ဇီ မှာဆုံပြီး ဘီယာ စုတ်ကြလေတိုင်း စကားစပ်မိရင် ဟင်နရီက သူ့ဘကြီး ဘယ်လောက် ချမ်းသာကြောင်း၊ မစားရ ညှော်ခံကြွားပြီး ဒီအဘိုးကြီး သေခဲ့သော် သူ့အမွေတွေ ဘယ်လူ ဆက်ခံပါ့မလဲလို့ တွေးပြီးပူရတာ အမော။

လန်ဒန်က သူ့ဆွေမျိုး သေသွားတော့ ဟင်နရီဟာ သူ့ဘကြီး အကြောင်းတွေ မကြား မသိရတော့ဘူး။ အဆက်ပြတ်သွားတဲ့ သဘောပေါ့။ ဒီမှာတင် ဟင်နရီဟာ သူ့ဘကြီး သေရင် အမွေတွေ သူစိမ်းတစ်ရံလက်ထဲ ရောက်ကုန်တော့မှာပဲလို့ သောကတွေ ဖြစ်ပြီး မစားနိုင် မသောက်နိုင်နဲ့ တော်တော်ကြီး ပိန်သွားရှာတယ်။ သူ့မှာ မျောက်မီးခဲ ကိုင်မိသလို ပျာယာခတ်ပြီး ဘယ်လို လုပ်ရင်ကောင်းမလဲ၊ ဩစတြေးလျကိုပဲ လိုက်သွားရ ကောင်းမလားနဲ့ ဖြစ်နေတုန်းမှာ ဘီလီချမ်းဘားစ်က စရိတ် သက်သာတဲ့ အကြံဉာဏ် တစ်ခုပေးတယ်။ ဟင်နရီအနေနဲ့ သူ့ဘကြီးဆီကို တစ်နိုင်ငံခြားမှာ အသက်ကြီးပြီ ဖြစ်တဲ့ ဘကြီးတော်ဟာ ကြည့်ရှုမယ့် ဆွေမျိုးရင်းချာ မရှိဘဲ တူတော်မောင်ဖြစ်တဲ့ မိမိနဲ့လာနေရင် အသက်ထက်ဆုံး ကောင်းမွန်စွာ ပြုစု စောင့်ရှောက်မယ့်အကြောင်း အနူးအညွတ် စာရေးဖို့ပေါ့။

အဲဒီစာရေးဖို့ဟာ တစ်ယောက်တစ်ပေါက် ဝိုင်းပြီး အကြံဉာဏ် ပေးလိုက်ကြတာ နောက်ဆုံးတော့ အင်မတန် လှပသေသပ်တဲ့ စုပေါင်း သမဝါယမ စာတစ်စောင် ဖြစ်သွားပါလေရော။ လှဆို စာရွက်က ပန်းရောင်မှာ အနားတွန့်ကလေးတွေနဲ့ စာအိတ်က အစိမ်းရောင် လေးလေ။ ဘီလ်ချမ်းဘားစ်ကတော့ စာကို အခေါက်ခေါက် ပြန်ဖတ်ပြီး

ဒီစာကို ဖတ်လို့မှ စိတ်မထိခိုက်ရင် မင်းအဘိုးကြီးဟာ သံမဏိ အသည်းနှလုံး ပိုင်ရှင်ပဲလို့တောင် ဟင်နရီဝေါ့ကားက ပြောတယ်။

ဒီစာထည့်လိုက်ပြီး လေးလလောက်ကြာတော့ ဟင်နရီဘကြီးတော်ဆီက စာပြန် လာတယ်။ စာထဲမှာ ပါတာကတော့ တူတော်မောင် ဟင်နရီရဲ့ စေတနာကို ကျေးဇူးတင်ကြောင်း၊ အင်္ဂလန်ကို ပြန်လာပြီး အရိုးထုတ်ဖို့ သူ့မှာလည်း စိတ်ကူးရှိကြောင်း၊ အကယ်၍ အင်္ဂလန်သို့ ရောက်ခဲ့သည် ရှိသော် တူတော်မောင် ဟင်နရီဆီရောက်အောင် လာခဲ့မယ့် အကြောင်းတွေပါတယ်။ ကျုပ်တို့တစ်တွေ အားလုံးဟာ ဒီစာကိုဖတ်ပြီးတော့ တို့ရောင်းရင်းကြီး ဟင်နရီတော့ ဇာတာစန်းလဂ် တက်လာပြီလို့ ဝိုင်းပြီး ဝမ်းသာအားရ ဖြစ်ကြတယ်။ ဒါပေမယ့် ဟိုယေါ်းမသား လူယုတ်မာ ဘော့ပရစ်တီး ဆိုတဲ့ အကောင်ကတော့ နှာခေါင်းရှုံ့ပြီး…

“ငါကတော့ မင်းတို့ ဟင်နရီရဲ့ အဘိုးကြီးကို မျက်စိနဲ့ တပ်အပ်မြင်မှပဲ ယုံတော့မယ်။ ငါတော့ မင်းဘကြီးဟာ မင်းရန်ကို ကြောက်လို့ ဩစတြေးလျကို ပြောင်းပြေးတယ် ထင်တာပဲ” လို့ဆိုတော့ ဟင်နရီဟာ ရှူးရှူးရှားရှားနဲ့ ဒေါ်အပွကြီးပွပြီး…

“ဟေ့ကောင် ဘော့ပရစ်တီး၊ မင်းထင်တာတွေ သောက်ရမ်း လျှောက်ပြောမနေနဲ့၊ တို့ဘကြီး ဩစတြေးလျ သွားတုန်းက ငါတောင် မမွေးသေးဘူးကွ”

“ဒါဖြင့် မင်းအဖေကြီးကို ကြောက်လို့ဖြစ်မှာပေါ့ကွ”

သူများကို မခံချိမခံသာ ပြောရမယ်ဆိုရင် ဘယ်တော့မှ အလျှော့ပေးလေ့ မရှိတဲ့ ဘော့ပရစ်တီးက ဆက်ကလိတော့ သူတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် တော်တော်လေး စကားများကြသေးတယ်။ အဲဒီနောက်ပိုင်းတော့ ဘော့ပရစ်တီးဟာ ဟင်နရီကို လမ်းမှာတွေ့တိုင်း…

"ဟော့ကောင် ဟင်နရီ၊ ဩစတြေးလျကလာတဲ့ မင်းဘကြီး နေကောင်းလား၊ တို့အိမ်များ ခေါ်လာပြီး လည်ပါစေဦးကွ၊ အိမ်ထဲချည်း ကုပ်နေလို့ ဘယ်ကောင်းမလဲ၊ အထူးသဖြင့် မင်းအိမ်မျိုးက ပိုဆိုးတာပေါ့"

ဟင်နရီဘကြီးပဲ အင်္ဂလန်ပြန်ရောက်ပြီး ဟင်နရီတို့အိမ်မှာ လာနေသလို ပြောဆိုနောက်ပြောင်လေ့ ရှိတယ်။ နဂိုရ်က စကားများများ မပြောတတ်တဲ့ လူအေး ဟင်နရီဟာ ဘော့ပရစ်တီး ဒီလိုပြောတာကို စိတ်ဆိုးရုံက လွဲလို့ ဘာပြန်ပြောရမှန်း မသိ ဖြစ်နေရှာတယ်။ စိတ်ထဲမှာလည်း သူ့ဘကြီးဟာ အင်္ဂလန်ကိုပြန်မှ လာပါတော့ မလားလို့ အကြီးအကျယ် စိုးရိမ် ကြောင့်ကြ နေရှာတယ်။ ဒါ့ကြောင့် အိုးမလုံ အုံပွင့်ပြီး သူ့ဘကြီး အကြောင်း မေးမိတဲ့ လူတိုင်း ရန်သတ္တရု ပြုနေတော့တာပဲ။

ဒီလိုနဲ့ ဟင်နရီဘကြီးဆီက ပြန်စာရပြီး ၆ လ လောက်ကြာတဲ့ ညတစ်ညမှာ ကျူပ်တို့ တစ်တွေ ထုံးစံအတိုင်း ပန်းဂေါ်ဖီမှာ ဆုံကြတော့ သောက်ရင်း စားရင်းနဲ့ အပ်ချုပ်ဆရာ ဒစ်ကီဝိဒ်က ဘော့ပရစ်တီးကို...

"ဟော့လူ ဘော့၊ မင်းအိမ်မှာ ဘယ်က အဘိုးကြီးတစ်ယောက် ရောက်နေတာလဲကွ"

သည်တော့ ဘော့ပရစ်တီးက သောက်လက်စ ဘီယာခွက်ကို စားပွဲပေါ်မှာ သေသေချာချာ ချလိုက်ပြီး ဒစ်ကီဝိဒ်ကို မယုံသင်္ကာရှိတဲ့ မျက်နှာထားနဲ့...

"အဘိုးကြီး ဟုတ်လား၊ မင်း ဘာတွေပြောနေတာလဲ"

"ဟို အဘိုးကြီးလေကွာ၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး ဖြူဖြူနဲ့ စကားပြောရင် သံသေးသံကြောင်နဲ့ အဘိုးကြီးပေါ့"

"မင်း အိမ်မက် မက်နေတာ ထင်ပါရဲ့ဒစ်ကီ" လို့ဆိုတော့ ဘီလ်ချမ်းဘားစ်က...

"ဘယ်ကလာ... ဒစ်ကီ အိမ်မက် မက်တာ ဟုတ်ရမှာလဲ၊ ငါလည်း မြင်တယ်ကွ"

ဘော့ပရစ်တီးက သူ့ဘီယာခွက်ကို စားပွဲပေါ် ချွင်ခနဲ ပြန်ဆောင့်ချလိုက်ပြီး...

"အိုး မင်းလည်း မြင်သကိုး၊ ငါ့အိမ်မှာ ဘယ်သူရှိတယ်၊ ဘယ်ဝါရှိတယ် ဆိုတာတွေကို မင်းတို့နဲ့ ဘာမှ မဆိုင်ဘူးကွ၊ ဘာသဘောနဲ့ မင်းတို့က ငါ့အိမ်ကို လာချောင်းနေကြတာလဲဟေ့"

"ချောင်းတာ မဟုတ်ဘူးကွ၊ တို့သွားရင်း လာရင်းနဲ့ တွေ့တာ၊ မင်းအိမ်ကို ချောင်းတယ် ထင်ရအောင် မင်းက ဘာမဟုတ်တာတွေ လုပ်နေလို့လဲကွ"

ဘီလ်ချမ်းဘားစ်က ပြန်နံ့တော့ ဘော့ပရစ်တီးကလည်း ဆတ်ဆတ် ထိမခံ...

"ဘာလုပ်လုပ်ပေါ့ကွ၊ မင်းတို့နဲ့ မဆိုင်ရင် ဝင်မရှုပ်နဲ့၊ မင်းတို့ကိစ္စ ဆိုရင်လည်း ငါ ကင်းကင်းနေနေတာပဲ မဟုတ်လား"

သည်တော့ ဘီလ်ချမ်းဘားစ်က ကျုပ်တို့ အားလုံးကို မျက်စိဝေ့ကြည့်လိုက်ပြီး...

"ဒီလိုကွ၊ တစ်နေ့က ငါအိမ်အပြန် ဘော့ပရစ်တီး အိမ်ရှေ့က ဖြတ်အသွား အိပ်ခန်း ပြတင်းပေါက်ဝမှာ အဘိုးကြီးတစ်ယောက်ရဲ့ မျက်နှာကို တွေ့လိုက်ရတယ်။ ဘယ်သူများပါ လိမ့်လို့ ငါတွေးနေလို့မှ မဆုံးသေးဘူး၊ တကတည်း လက်ကြီးတစ်ဖက် ထွက်လာပြီး အဘိုးကြီးကို ဆွဲသွင်း သွားတယ်ကွ၊ အဲဒီလက်ကြီးကလည်း ညစ်ပတ် လိုက်တာ လွန်ပါရော၊ သေသေချာချာမြင်ရတာ"

သည်တော့ ဒစ်ကီဝိဒ်ကလည်း...

"နောက်ပြီး အဲဒီအဘိုးကြီးဟာ ချောင်းခြောက် တဟုန်းဟုန်း ဆိုးနေတာလည်း ငါ သေသေချာချာ ကြားရတယ်ကွ"

ဘော့ပရစ်တီးဟာ ဒစ်ကီဝိဒ်ဘက် ဆတ်ခနဲ လှည့်လိုက်ပြီး...

"ဟာ မင်းက ကြားတတ်လှချေလားကွ၊ အေး... နောက်ကို မင်း မကြား ချင်တာတွေ ကြားမနေရဖို့ဘဲ သတိ ထားပေတော့ ကိုယ့်လူ" လို့ ဒေါနဲ့ မောနဲ့ ပြောပြီး ကုလားထိုင်ကို ဖနောင့်နဲ့ ဝုန်းခနဲ နောက်ပြန်ကန်ပြီး ဆိုင်ထဲက ထွက်သွားတော့တယ်။ သူ ဘာကြောင့် သည်လောက် စိတ်ဆိုး သွားတယ်ဆိုတာ ကျုပ်တို့ မတွေးတတ်အောင်ပဲ။ ပိုပြီး အံ့ဩစရာကောင်းတာက ဘော့ပရစ်တီးဟာ သူ့ဘီယာခွက်ထဲက ဘီယာတွေ တစ်ဝက် ကျော်ကျော်ကြီး ချန်ထားခဲ့တာပဲ။

ဆမ်ဂျုံးက ဘော့ပရစ်တီးရဲ့ ကျောပြင်ကြီးကို ကြည့်ပြီး...

"ဒီကောင် မဟုတ်တာ တစ်ခုခုတော့ လုပ်နေပြီကွ၊ မင်းတို့ စောင့်ကြည့် ကြပေတော့၊ ငါ ထင်လိုက်ရင် မလွဲဘူး"

နောက်ရက်တွေမှာတော့ ဘော့ပရစ်တီးရဲ့ အိမ်ဟာ လူတစ်ကာရဲ့ ချောင်းကြည့် ကွင်းကြီး ဖြစ်နေတော့တာပေါ့။ သူ့အိမ်ရှေ့ ဖြတ်သွားတဲ့ လူတိုင်းဟာ ပြတင်းပေါက်ကို လှမ်းမကြည့်တဲ့ သူရယ်လို့ မရှိတော့ဘူး။ ကလေးတွေဆိုတာ ထူးဆန်းတဲ့ အဘိုးကြီးကို မြင်ရနိုးနဲ့ တစ်နေကုန် ဘော့ပရစ်တီးရဲ့ အိမ်ရှေ့မှာ ဆော့ကစားနေကြတယ်။

တစ်ခါတော့ အဘိုးအိုဟာ ပြတင်းပေါက်ဝမှာ ရုပ်တုကြီး တစ်ရုပ်လို တောင့်တောင့်ကြီး ထိုင်နေတာ တွေ့ကြရသတဲ့။

နောက်ပြီး အဲသည် အဖိုးအိုဟာ ဘော့ပရစ်တီးက လမ်းမှာတွေ့လို့ ခေါ်ယူကျွေးမွေး ထားတဲ့ အိမ်ခြေရာခြေမဲ့ တစ်ယောက် ဖြစ်တယ်လို့လဲ ပြောကြတယ်။

ဘော့ပရစ်တီးက ဒီအဘိုးအိုကို စိတ်စေတနာကောင်းနဲ့ ကျွေးမွေးထားပေမဲ့ လူတွေက သူ့ကို အကောင်း မထင်ဘဲ ကဲ့ရဲ့သဂြိုလ်ကြမှာ စိုးလို့ ဖွင့်မပြောတာတဲ့။ သို့သော် ဒါတွေကို ဘယ်သူမျှ မယုံပါဘူးလေ။

ယုံစရာလည်း မရှိပါဘူး။ အဘိုးအိုဟာ တစ်ခါတစ်ခါ ရွာထဲထွက် လမ်းလျှောက်ဖူးပါရဲ့၊ ဒါပေမဲ့ ဘော့ပရစ်တီး ဒါမှမဟုတ် သူ့မိန်းမက အမြဲ နောက်က ကပ်ပါနေတာပဲ။

အဘိုးကြီးကို စကားစမြည် ပြောမည်ကြံရင် သူတို့လင်မယားက အဘိုးအိုနားထိုင်နေလို့ ဘာမှမကြားဘူး၊ ဘာညာနဲ့ ကာဆီးကာဆီး လုပ်ပြီး အမြန်ဆွဲခေါ်သွားကြတယ်။

အဲ... တစ်ညနေတော့ ပန်းဂေါ်ဖီမှာ လူစုံတုန်း ဒစ်ကီဝိဒ်ဟာ အမောတကောနဲ့ ရောက်လာပြီး လူအများ အသက်ရှူ မှားစေမယ့်သတင်းကို ပြောတော့တယ်။

"ဟေ့လူတွေ၊ ကျုပ်ခုပဲ စာတိုက်က လာခဲ့တာ၊ စာတိုက်မှာတော့ ဘော့ပရစ်တီးအိမ်က အဘိုးကြီးအတွက် စာတစ်စောင် ရောက်နေတာ တွေ့ရတယ်ဗျို့"

"မင်းကလည်း ဒါများ အဆန်းလုပ်လို့၊ အထတ်တလန့် ပြောနေရသေးတယ်"

ဟင်နရီဝေါ့ကားက လှမ်းပြီး အပြစ်ပြောတော့ ဒစ်ကီဝိဒ်က...

"ဟေ့ ဟင်နရီ၊ ငါ့ကို သောက်ရမ်း အပြစ်မတင်နဲ့ကွ၊ ဆန်းမဆန်းတော့ မသိဘူး၊ စာအိတ်ပေါ်က လိပ်စာက မစ္စတာ ဂျော်ရှူးဝါးကား ဆိုတာတော့ ငါ သေသေချာချာ မျက်စိနဲ့ တပ်အပ် မြင်ခဲ့ရတာပဲ မောင်ရေ၊ ကဲ မင်းဘာပြောဦးမလဲ"

အောင်မယ်လေး... သည်တော့မှ ဟင်နရီဝေါ့ကားဟာ တစ်ခါတည်း ဆွေ့ဆွေ့ ခုန်တော့တာပဲ။ စေ့စေ့တွေး ရေးရေးပေါ်ဆိုတာ ခုမှ ဘော့ပရစ်တီးရဲ့ အကြံကို ကွင်းကွင်း ကွက်ကွက်ကြီး သဘော ပေါက်ကြတော့တာကိုး၊ အဲဒီနား ထိုင်းနေတဲ့ အဘိုးကြီးဟာ ဟင်နရီဝေါ့ကားရဲ့ ဘကြီး ဂျော်ရှူးဝါးကား။

ဘော့ပရစ်တီးက သူ့ကိုယ်သူ ဟင်နရီဝေါ့ကားရယ်လို့ ပုံမှားရိုက်ပြီး အဘိုးကြီးကို အပိုင် စီးထားတာပေါ့။

ဟင်နရီဝေါ့ကားဟာ မျောက်မီးခဲ ကိုင်မိသလိုလို ခုန်ဆွခုန်ဆွလုပ်ပြီး ငါ့ဘကြီးကို ခိုးထားတဲ့လူ ကာလနာ တိုက်ပါစေ၊ သေခြင်းဆိုးနဲ့ သေပါစေ၊ တစ်မျိုးလုံး တစ်ဆွေလုံး ဝမ်းရောဂါ ကျပါစေ၊ ဘာညာနဲ့ စုံလို့၊ သူ့ပါးစပ်ထဲ တွေ့ပသမျှ ဆဲလိုက် ဆိုလိုက်၊ ဆူလိုက်၊ ပူလိုက်တာ ဆိုင်ရှင်စမစ်က သူ့ကို တိတ်တော့ တိတ်တော့လို့ လေးခါတိတိတောင် သတိပေးတာ၊ မရတော့လို့ ဆိုင်အပြင် ဆွဲထုတ်ပြီး တိတ်တိတ်မနေမချင်း ဆိုင်ထဲ ပြန်မဝင် ခဲ့နဲ့လို့ အမိန့် ထုတ်ပြစ်ရသည် အထိပါပဲ။

ဟင်နရီဟာ အပြင်မှာ ၅ မိနစ်လောက် နေပြီးမှ ဆိုင်ထဲ ပြန်ဝင်လာခဲ့ပြီးတော့ သနားစရာ လူတကာကို ဘာလုပ်ရမယ် ဆိုတာ လိုက်ပြီး အကူအညီ တောင်းနေတယ်။

သည်တော့ ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် ကောင်းနိုးရာရာ အကြံဉာဏ် တွေ ဝိုင်းပေး လိုက်ကြတော့ တစ်ဆိုင်လုံး ဆူညံလာပြန်တော့ ဆိုင်ရှင် စမစ်က စိတ်မရှည် နိုင်တော့ဘဲ သည်လိုသာ စည်းကမ်းမရှိ ဆူညံနေကြရင် ဆိုင်ကို စောစော ပိတ်မယ်လို့ ခြိမ်းခြောက် နေတုန်းမှာပဲ ဆိုင်အပြင်ဘက်က တရှိရှိ လေချွန်သံ ကြားရပြီး ခွေးမသာ ဘော့ပရစ်တီးဟာ ဆိုင်ထဲ ဘွားခနဲ ပေါ်လာတော့တယ်။

သူဟာ ဆိုင်ထဲ ခြေတစ်လှမ်း ချမိတယ် ဆိုရင်ပဲ ဟင်နရီက ပျစ်ပျစ်နှစ်နှစ် ဆဲတော့ တာပါပဲ။ ဘော့ကတော့ သူ့ကို အားရပါးရ ဆဲနေတဲ့ ဟင်နရီကို အင်မတန် အံ့အားသင့်တဲ့ မျက်နှာထားနဲ့ ကြည့်နေရင်း ...

"ဟ... ကောင်ရ၊ ဘာဖြစ်နေတာလဲ၊ အဆဲရောဂါထပြီး ရူးများနေသလား"

"ဟဲ့... ခွေးသူခိုး၊ ငါ့ ဘကြီး ပြန်ပေး"

ဟင်နရီက အာခေါင်ခြစ်ပြီး အော်တယ်၊ ဒါပေမဲ့ ဘော့ပရစ်တီးက အေးအေးပဲ။

"မင်းမှားနေပြီ ဟင်နရီ၊ မင်း ဘကြီးကို ငါ ဘယ်လိုလုပ် ခိုးရမှာတုံး"

"ဒါဖြင့် မင်းအိမ်က ဂျော်ရှူးဝါးကားဆိုတာ ဘယ်သူလဲဟေ့"

"ဩ... ဒါလား နာမည်သာတူတာပါ၊ ဒီကမ္ဘာပေါ်မှာ ဂျော်ရှူးဝါကားတွေ အများကြီး ရှိနိုင်ပါတယ်ကွ၊ ငါ့အိမ်က ဂျော်ရှူးဝါးကားက မင်းဘကြီး မဟုတ်ပါဘူး။ တခြား အဘိုးကြီး တစ်ယောက်ပါ၊ ငါ လိမ်မပြောပါဘူး"

ဟင်ါနရီက ဝုန်းခနဲ ထရပ်ပြီး ...

"အိုး... နားမလည်ဘူး၊ ငါ ခုသွားမေးမယ်၊ နောက်ပြီး ငါ့ဘကြီးကို မင်းဟာ ဘယ်လိုကောင်လဲ ဆိုတာကို သေသေချာချာ ရှင်းပြရလိမ့်မယ်"

"ဒီအချိန်ဆို သူအိပ်နေပြီကွ၊ သွားပြီး မနှောင့်ယှက်ပါနဲ့"

ဘော့ပရစ်တီးက လူကြီးလူကောင်း လေသံနဲ့ ဟန့်တားတော့ ...

"ဒါဖြင့် မနက် မိုးလင်းလင်းချင်း ငါလာမယ်"

"အိုး... ငါ့အိမ်တော့ မင်း လာစရာ မလိုပါဘူး၊ ဘယ့်နှယ် ငါ့ကို ရစရာမရှိအောင် ဆဲဆို ထားပြီးတော့မှ ငါ့အိမ်ရိပ်တောင် မင်း မနင်းပါနဲ့တော့၊ ငါဟာ ဆင်းရဲသား တစ်ယောက်ပါ၊ ဒါပေမဲ့ မာနတော့ ရှိပါသေးတယ်ကွ၊ နောက်ပြီး တစ်ခု ထပ်ပြောရဦးမယ်၊ ဒီအဘိုးကြီးဟာ အားကိုးစရာ မရှိလို့ ငါက စေတနာထားပြီး အိမ်မှာ ခေါ်ယူ ကျွေးမွေး ထားတဲ့ လူပါ။ မင်းနဲ့ ဘာသွေးသားမှ မတော်စပ်ဘူး။ ဒီတော့ မင်း ဒီသေခါနီး အဘိုးကြီးကို အနှောင့်အယှက် မပေးပါနဲ့"

"မင်းကို ဒီအဘိုးကြီးက တစ်ပတ် ဘယ်လောက် ပေးထားသလဲ ဘော့"

ဘီလ်ချမ်းဘားစ်က မေးတော့ ဘော့ပရစ်တီးက မကြားချင်ယောင် ဆောင်နေ တယ်။

"တနင်္ဂနွေက ဘုရားရှိခိုးကျောင်းမှာ မင်းမိန်းမက ဦးထုပ်အသစ် စက်စက်ကို ဆောင်းလို့ ဆိုပါလား၊ မင်းမိန်းမဟာ မင်းနဲ့ညားပြီးကထဲက တစ်ခါမှ ဦးထုပ်သစ် မဝယ် နိုင်ဘူး၊ ခုမှပဲလို့ ငါ့မိန်းမက ပြောတယ်ကွ"

"နို့ပြီး မင်းအိမ် ပြတင်းပေါက် ခန်းဆီးအသစ်တွေကော ဘယ်က ရတာလဲ"

ပီတာဂါးဘင်းက မေးပြန်တယ်။ ဒီတော့ ဘော့ပရစ်တီးက သူ့သောက်လက်စ ဘီယာကို အကုန်လုံး မော့ချလိုက်ပြီး ဘာတစ်ခွန်းမှ မပြောဘဲ ခြေသံပြင်းပြင်းနဲ့ ထွက်သွား တော့တယ်။ ဒီတော့ ဘီလ်ချမ်းဘားစ်က အင်မတန် ခံပြင်းတဲ့မျက်နှာနဲ့ ...

"မင်းဘကြီးကို သူ့အိမ်မှာ အကျဉ်း ချထားတာကွ ဟင်နရီ၊ မင်း ဘကြီးပုံကို ကြည့်ရ တာလည်း အသက်ကြီးလှပြီကွ၊ သူငယ်တောင် ပြန်နေရော့မယ်၊ ဘာမှ

မှတ်မိပုံလည်း မရဘူးကွ၊ ဒီတော့ ဘော့ပရစ်တီးက မင်း ဟန်ဆောင်ပြီး အဘိုးကြီးဆီက ငွေတွေ အုပ်နေမှာ သေချာတယ်"

သည်စကားကြားတော့ ဟင်နရီဝေါ့ကားဟာ ဒေါသကြောင့် အရူးတစ်ပိုင်း ဖြစ်နေတာပဲ။ နေ့စဉ်နေ့တိုင်း ဘော့ပရစ်တီး အိမ်ရှေ့မှာ နာရီပေါင်းများစွာ လမ်းသလားရင်း အဘိုးကြီးနဲ့ စကားပြောခွင့်ကို စောင့်တယ်။ ဒါပေမဲ့ ဘော့ပရစ်တီးက အလစ်ကို မပေးဘူး။ တစ်ရွာလုံးက ဟင်နရီဘက်က နာပြီး ဘော့ပရစ်တီးကို စိတ်ဆိုးကြပေမဲ့ သူတို့လည်း ဘာမှ မတတ်နိုင်ဘူး။

ဒီလိုနဲ့ ကံကောင်းချင်တော့ မမျှော်လင့်ဘဲ ဟင်နရီအတွက် အခွင့်အရေးကောင်း ရလာတယ်။ ကျုပ်တို့တစ်တွေက ညနေ ပန်းဂေါ်ဖီမှာ သောက်ရင်းစားရင်း ဟင်နရီဘကြီးအကြောင်း ပြောနေကြတုန်း ပြုန်းဆို အဘိုးကြီးကိုယ်တိုင် ဆိုင်ထဲ ဝင်လာတာပဲဗျို့။ တစ်ခန်းလုံးဟာ ရုတ်တရက် တိတ်သွားပြီး အဘိုးကြီးကိုပဲ ကြောင်ကြည့်နေကြတယ်။

သူကတော့ စားပွဲတစ်လုံးမှာ ဝင်ထိုင်ပြီး ဂျင်နဲ့ဘီယာ တစ်ခွက်ကို မှာသောက်နေတော့တယ်။ ကျုပ်တို့အထဲမှာ ပထမဆုံး ဟင်နရီကို သတိ ရတာကတော့ ဘီလ်ချမ်းဘားစ်ပဲ၊ သည်အချိန်မှာ ဟင်နရီကလည်း ဆိုင်ကို မရောက်သေးတာနဲ့ ဘီလ်ဟာ ဟင်နရီကိုခေါ်ဖို့ ဆိုင်ထဲက အမြန်ဆုံး ထွက်သွားတော့တယ်။

မကြာခင်မှာပဲ နှစ်ယောက်သား ဟောဟဲလိုက်ပြီး ပေါက်ချ လာတော့တယ်။ ဘီလ်ဟာ အဘိုးကြီးကို လက်ညှိုးထိုးပြရင်း "ဟောဟိုမှာ မင်းဘကြီး" ဆိုတော့ ဟင်နရီခမျာ ဝမ်းသာလွန်းလို့ တစ်ကိုယ်လုံး တုန်ယင်ပြီး အချိုသာဆုံး အပြုံးမျက်နှာနဲ့ အဘိုးကြီးအနားကို မဝံ့မရဲလေး ကပ်သွားခဲ့ပြီး...

"နေကောင်းလား ဘကြီး" လို့ နှုတ်ဆက်တော့ အဘိုးကြီးက ခပ်စိမ်းစိမ်းပင် ပြန်ကြည့်ပြီး အော်တယ်။

"ဘာပြောတယ်"

"ဩော်... နေကောင်းလားလို့ မေးတာပါ"

ဒီတော့ အဘိုးကြီးက သူ့နားတစ်ဖက် လက်ဝါးနဲ့ကာရင်း ...

"ကျယ်ကျယ်ပြောပါကွ၊ ငါက နားသိပ်မကြားရဘူး"

သည်တော့ ဟင်နရီက အသံခပ်ကျယ်ကျယ်နဲ့ ...

"ဘကြီး နေကောင်းလား၊ ကျွန်တော် ဘကြီးတူ ဟင်နရီဝေါ့ကားလေ"

"အိုး... မင်းကို၊ ဘော့ပရစ်တီးက မင်းအကြောင်းတွေ အကုန်ပြောပြပါရဲ့"

"ဟင်... ဒီကောင်က ဘာတွေပြောသလဲ၊ သူ့စကားတော့ နားမယောင်လိုက်ပါနဲ့ ဘကြီးရယ်၊ ဘော့ပရစ်တီးက ဘုရားစာတောင် မှန်မှန်ကန်ကန် ဆိုတဲ့ လူမျိုးမဟုတ်ပါဘူး"

"မသိဘူးလေကွာ၊ သူကပြောတော့ မင်းဟာ ငါ့ငွေတွေကို မျှော်မှန်းနေတယ်ဆို"

"ဒါဟာ သူ့ထွင်လုံးပဲ ဘကြီး၊ သူကသာ ဘကြီးငွေတွေကို ချူမယ့်သူအစစ်၊ သူ့အိမ်မှာ ဘကြီးနေဖို့လည်း မသင့်ပါဘူး၊ အင်မတန် ကျက်သရေ ယုတ်တဲ့ မိသားစုပါ။ မယုံရင် ဟောဒီတစ်ရွာလုံး မေးကြည့်၊ သူ့အကြောင်းဆို ပါးစပ်သန လွန်းလို့ ပြောတောင် မပြောချင်ကြဘူး"

အဘိုးကြီးက တစ်ဆိုင်လုံးမှာရှိတဲ့ လူတွေကို မယုံသင်္ကာ မျက်လုံးနဲ့ ကြည့်လိုက်ပြီး

"လူတိုင်းဟာ ငွေ့ပိုက်ဆံတွေ ရဖို့ ကြံစည် နေကြတာပဲ၊ တစ်ယောက်မှ မကောင်းဘူး"

"ကျွန်တော် ဒီလိုလူစား မဟုတ်ပါဘူးဆိုတာ ဘကြီး ကျွန်တော့်အိမ် လိုက်နေရင် မကြာခင် သိပါလိမ့်မယ်။ ဘကြီး ဘီယာ ယူဦးမလားဟင်"

ဟင်နရီက အဘိုးကြီးဘေးက ကုလားထိုင် အသာဝင်ထိုင်ရင်း မေးတော့ အဘိုးကြီးက ဆိုင်ရှင် စမစ်ကို လှမ်းကြည့်ပြီး ခပ်မာမာပဲ...

"ဂျင်နဲ့ဘီယာ နောက်တစ်ခွက်၊ ခုနတုန်းကလို ဂျင်မခိုးနဲ့ကွ၊ ငါ မကြိုက်ဘူး"

စမစ်က သူ့ဆိုင်ဟာ ဘယ်တော့မှ ဒါမျိုး မလုပ်ဘူးလို့ ဒေါပွပွနှင့် ပြန်ပြောပေမဲ့ အဘိုးကြီးက နားလေးတော့ မကြားဘူးပေါ့။

ဟင်နရီက စမစ်ကို စိတ်မဆိုးဖို့ ချော့မော့ပြောပြီး အဘိုးကြီးခွက်ထဲမှာ ဂျင်ကို ပိုပိုမိုမိုကလေး ထည့်ပေးစေတယ်။ အဘိုးကြီးက သူ့ခွက်ထဲကဟာ တစ်ငုံလောက် သောက်ပြီးမှ ကျေနပ်ပုံပေးသွားလို့ ဟင်နရီ စကားစမြည် ပြောရတော့တယ်။

"ဘကြီး... ကျွန်တော့်ဆီ ဘာ့ကြောင့် လာမနေတာလဲ၊ ကျွန်တော့်အိမ်မှာဆို ဘာမှ လိုလေသေးမရှိအောင် ဘကြီးကို ပြုစုမှာပါ"

"ဘော့ပရစ်တီးက မင်းဟာ ငွေ့အမွေတွေကို ချိန်နေတယ်ဆိုတော့ ဘယ်မှာ လာနေ ဝံ့မှာလဲကွ၊ ငါ့ကို မြန်မြန်သေအောင် မလုပ်ဘူးလို့ ဘယ်သူ ပြောဝံ့မှာတဲ့လဲ"

"ဒါဟာ ဘကြီးနဲ့ ကျွန်တော့်ကို သက်သက် ရန်တိုက်တာပါဗျာ"

"ဒါဖြင့် မင်းက ဘာ့ကြောင့် ဒါလောက်တောင် ငါ့ကို ခေါ်နေတာလဲ"

"ဩော်... ဘကြီးက ကျွန်တော့် သွေးသားအရင်းကြီး မဟုတ်လားဗျာ၊ အရေးကြီးတော့ သွေးနီးမှုဆိုတယ် မဟုတ်လား၊ ကျွန်တော့်အိမ်ဟာ ဘကြီးအိမ် ဖြစ်ရမှာပေါ့"

"ဒါဖြင့် မင်း ငါ့ဆီက ငွေမလိုချင်ဘူးပေါ့"

အဘိုးကြီးက ဟင်နရီကို စေ့စေ့ကြည့်ပြီးမေးတယ်။

"ဘုရားစူးစေ့၊ မလိုချင်ပါဘူးဗျာ"

"ဒါဖြင့် မင်းအိမ်မှာ ငါနေရင် ဘော်ဒါခ တစ်ပတ် ဘယ်လောက် ပေးရမလဲ"

"ဟာ... ဘကြီးကလဲဗျာ၊ ကိုယ့်တူအိမ် ကိုယ်နေတာ ဘယ်မှာ ဘော်ဒါခ ပေးနေရမှာလဲဗျာ၊ ဒီလို စိမ်းစိမ်းကားကားကြီး မပြောပါနဲ့ ဘကြီးရယ်"

သည်တော့ အဘိုးကြီးက သူ စဉ်းစားဦးမယ်လို့ ပြောတယ်။ ဟင်နရီကလည်း အခွင့် သာတုန်းမို့ ရင်းနီးသွားအောင် သူ့အဖေအကြောင်း၊ သူ့အမေအကြောင်း၊ သူ့အဖေနမ ဒေါ်လေး မာရီယာအကြောင်း၊ ဆွေကြောင်း၊ မျိုးကြောင်းတွေ ပြောပြနေတော့ အဘိုးကြီးက "တော်တော့ သည်ဝေါ့ကား မိသားစုတွေ အကြောင်း သူ နောက်ထပ် မကြားချင်ဘူး" လို့ ငေါက်တော့ ဟင်နရီခမျာ သည့်ပြင်စကား လမ်းကြောင်းလွှဲပြီး ဩစတြေးလျ အကြောင်း၊ ဘကြီးမှာ သိုးတွေ ဘယ်လောက်များကြောင်း သွားမေးမိကာမှ

ပိုဆိုးတော့တယ်၊ အဘိုးကြီးဟာ ထိုင်ရာက ဂုန်းခနဲထပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ဟင်နရီ ဒီလိုမေးတာ သူ့ပစ္စည်းတွေ လိုချင်လို့ ဆိုပြန်တယ်။

ဟင်နရီ ခမျာ အဘိုးကြီးကို တရိုတသေ ချော့မော့ တောင်းပန်ရင်း နောက်ထပ် ဂျင်နဲ့ ဘီယာတစ်ခွက် အမြန် မှာပေးလိုက်ရတယ်။

သည်တော့မှ အဘိုးကြီး စိတ်ဆိုးပြေသွားပြီး ဟင်နရီဆီမှာ ခဏတစ်ဖြုတ် လိုက်နေကြည့်မယ်၊ ကြိုက်ရင် ဆက်နေမယ်၊ မကြိုက်ရင် မနေဘူး၊ သူနေစဉ်အခါမှာ ဘော်ဒါခလည်း တစ်ပြားမှ မပေးဘူးလို့ ခပ်မာမာပဲ ပြောတယ်။ ဟင်နရီဟာ ပြောမပြ နိုင်လောက်အောင် ဝမ်းသာသွားပြီး ပျားရည်နဲ့ သကာ ရောထားတဲ့မျက်နှာနဲ့...

"ဟာ... ဘကြီးကပေးတာတောင် ကျွန်တော် မယူပါဘူးဗျာ၊ ဘကြီး ခုပဲ ကျွန်တော့်အိမ်ကို လိုက်ခဲ့မယ် မဟုတ်လားဟင်"

အဲသည်လို မေးလို့မှ စကားမဆုံးသေးဘူး အရက်ဆိုင်တံခါး ဂုန်းဒိုင်းနဲ့ ပွင့်လာပြီး ဘော့ပရစ်တီး ပျာတီးပျာယာနဲ့ ဝင်လာတယ်။ သူဟာ ဟင်နရီ မျက်နှာကို တစ်ချက် လှမ်းကြည့်ရင်း အဘိုးကြီးဆီ လျှောက်သွားပြီး သူ့လက်တစ်ဖက်ကို အဘိုးကြီးပခုံးပေါ် ပိုင်စိုးပိုင်နင်း တင်လိုက်တယ်။ ပြီးတော့ အင်မတန်မှ စိုးရိမ်လှတဲ့ လေသံနဲ့...

"အောင်မယ်လေး... ကျုပ်မှာရှာလိုက်ရတာ မစ္စတာဝေါ့ကားရယ်၊ ဘယ်ဆီရောက်လို့ ဘာတွေ ဖြစ်နေပြီလဲလို့"

အဲသည်အခါမှာ...

"မင်းကိုယ်မင်း ဒုက္ခ ရှာမနေနဲ့တော့ ဘော့၊ ဦးကြီးက ဒီညကစပြီး ငါ့အိမ်မှာ လာနေတော့မှာတဲ့"

ဟင်နရီက ကြွားကြွားဝင့်ဝင့် မျက်နှာပေးနဲ့ ပြောလိုက်တော့ ဘော့ပရစ်တီးက အဘိုးကြီးလက်မောင်းကို ဆတ်ခနဲ ဖမ်းဆွဲလိုက်ပြီး…

"ဟား… ဒီလိုလုပ်လို့ ရမလားကွ၊ သူက ငှါးဘော်ဒါပဲ၊ ခုပဲ ပြန်ခေါ်သွားရမယ်"

ဆိုပြီး အဘိုးကြီးကို ဆွဲခေါ်တယ်။ အဘိုးကြီး ကန့်လန့် ကန့်လန့်နဲ့ ပါအသွား ရုတ်တရက် ဘာလုပ်ရမှန်း မသိဖြစ်နေတဲ့ ဟင်နရီဟာ ထိုင်ရာက ဝုန်းခနဲ ဝမ်းလျားထိုးပြီး အဘိုးကြီး ခြေထောက်ကို တအားသိမ်းဖက် လိုက်တာ ခြေတစ်ချောင်းကို ဆွဲမိတယ်။

သည်တော့ ဘော့ပရစ်တီးက အဘိုးကြီးညာလက်၊ ဟင်နရီက အဘိုးကြီး ဘယ်ခြေထောက်၊ ကတ်ကြေးလို ကားယားကြီး ဖြစ်နေတုန်း ဘော့ပရစ်တီက ဟင်နရီကို မျက်ထောက်နီကြီးနဲ့ ကြည့်ရင်း…

"ဟေ့ကောင် ငှါးဘော်ဒါကို လွှတ်လိုက်ကွ"

ဟင်နရီက…

"အံမာ ငါ့အင်မတန်ချစ်တဲ့ ငှါးဘကြီးကို ငှါးအိမ် ခေါ်သွားရမယ်ကွ"

ဆိုပြီး အဘိုးကြီးကို သူတို့နှစ်ယောက် တအားဆွဲကြတော့ အဘိုးကြီး ကိုယ်ဟာ တော်တော်နာပြီး…

"ဟဲ့… အသူရကယ်နစ်ကောင်… ငှါးကိုများ သံမဏိနဲ့ လုပ်ထားတယ် မှတ်နေကြသလား၊ နစ်ပိုင်း ပြတ်တော့မယ်ဟဲ့၊ လွှတ်ဆို ခု လွှတ်ကြ"

ဒါပေမဲ့ ဘယ်သူကမှ မလွှတ်ကြဘူး၊ အဲသည်လို ရှန်းရင်းဆန်ခတ် ဖြစ်နေကြတော့ ဆိုင်ရှင်စမစ်က သည်းညည်း မခံနိုင်တော့ အားလုံးကို ဆိုင်ထဲက ထွက်သွား၊ အပြင်မှာ ဖြစ်ချင်သလို ဖြစ်ကြဆိုတော့ ဘော့ပရစ်တီးက...

"ဒီအဘိုးကြီးဟာ ကျုပ်ဘော်ဒါဗျ၊ သူသွားမယ်ဆိုရင် ထုံးစံအတိုင်း ကြိုတင်နို့တစ် ပေးရမယ်၊ အနည်းဆုံး တစ်ပတ်စာ လျော်ကြေးပေးရမယ်"

သည်တော့ ဟင်နရီက ...

"ဟော့... မင်းတစ်ပတ်စာ လျော်ကြေးက ဘယ်လောက်လဲကွ"

"ဆယ်သျှီလင်"

အဲသည်မှာ ဟင်နရီအိတ်ထဲ လေးသျှီလင်ထဲပါလို့ ဆိုင်ရှင်စမစ်က ခြောက်သျှီလင် ချေးပေး လိုက်ရတယ်။ သည်လို အပေးအယူ လုပ်ပြီးတော့ ဘော့က ဟင်နရီကို ဘာထင်တယ်၊ ညာထင်တယ်နဲ့ ပြောဆိုရေရွတ်ပြီး ပြန်သွားတယ်။

ဟင်နရီကတော့ အဘိုးကြီး သူ့ရလာပြီမို့ ဝမ်းသာလွန်းလို့ ခုန်ဆွခုန်ဆွနဲ့ အဘိုးကြီး လက်ကိုဆွဲပြီး သူ့အိမ်ကို ခေါ်သွားတယ်။ ဟင်နရီဝေ့ါကား မိန်းမလဲ သူ့လင် ကောက်ရလာတဲ့ ရွှေထုပ်ကြီးကို ဂရုတစိုက် ကျွေးမွေးလိုက်တာ မိဘရင်းထက်တောင် ပိုပါသေးတယ်။ အဘိုးကြီးကလဲ ချော့မှန်းသိလေ ကမ်းတက်လာလေ ဆိုတဲ့ ကလေး ဆိုးကြီးလိုပဲ၊ လိုလားချက်တွေ အမျိုးမျိုးတောင်းပြီး ဗိုလ်ကျနေတော့တာပေါ့။

ဟင်နရီရဲ့ ကလေး ဒါဇင်ဝက်လောက်က (မျက်နှာလို မျက်နှာရ မိဘများ သင်ပေးတဲ့ အတိုင်း) ညအိပ်ခါနီး လာပြီး သူ့ကို နမ်းရှုတ် နှုတ်ဆက်တာ မကြိုက်ဘူး၊ မလုပ်ရ။ သူ ဝက်အူချောင်းတွေ မြိန်ရေယှက်ရေ စားနေတုန်း ကလေးတွေ လာမကြည့်ရ။

သူ့အိပ်ဖို့ကိုလည်း ဟင်နရီဝေါ့ကား အိပ်ခန်းကို ဖယ်ပေးရပြီး ဟင်နရီက သားသုံးယောက်နဲ့ တစ်ခန်း၊ ဟင်နရီကတော်က သမီးသုံးယောက်နဲ့ တစ်ခန်း လင်မယားချင်း ခွဲအိပ်ကြရတယ်။

အဘိုးကြီး ဟင်နရီတို့အိမ် ရောက်ပြီး နောက်တစ်နေ့မှာပဲ ဘော့ပရစ်တီးဟာ သော့ခလောက် ခတ်ထားတဲ့ သေတ္တာတစ်လုံးကို လာပို့တယ်။ အဘိုးကြီး ပစ္စည်းပေါ့။ သည်သေတ္တာ လာပေးရင်းနဲ့ ဘော့ဟာ အဘိုးကြီးကို အင်မတန်မှ ရိုသေလေးစားနဲ့ စကား ပြောဆို နေတာကို ကြည့်ပြီး ဟင်နရီစိတ်ထဲ သည်ကောင် အဘိုးကြီး သူ့အိမ် ပြန်လာ ချင်အောင် ဆွယ်တရား ဟောနေတာပဲလို့ မခံချင် ဖြစ်မိနေသေးတယ်လေ။ ဘော့ပရစ်တီး ပြန်သွားတော့ သေတ္တာကို ဟင်နရီက အပေါ်ထပ် ယူသွားပြီး အဘိုးကြီး ခုတင်အောက်ကို သွားထား ပေးလိုက်တယ်။ ဒါက အရေးကြီးဆုံး ပစ္စည်းပေါ့။

အဘိုးကြီးဟာ ဒီသေတ္တာကို အနီးအနားမှာ ဘယ်သူမှ မရှိတဲ့ အချိန်ကျမှ ဖွင့်လေ့ ရှိတယ်။ ဟင်နရီဝေါ့ကား မိန်းမဆိုတာ သည်သေတ္တာထဲ ဘာတွေ ရှိသလဲဆိုတာ သိချင် လွန်းလို့ တစ်ပိုင်းကို သေနေတာပဲပေါ့။ တစ်ခါတော့ ဟင်နရီက အဘိုးကြီးကိုမေးတယ်။

"ဘကြီး… ဟိုကောင် ဘော့ပရစ်တီး အိမ်မှာနေတုန်းက သည်သေတ္တာထဲက ပစ္စည်းတွေများ သူ နှိုက်ယူ ထားသေးသလား မသိဘူး"

သည်တော့ အဘိုးကြီးက …

"ဘာရမလဲကွ… ငါက ငါ့သေတ္တာကို အမြဲသော့ခတ် ထားတာပဲ"

"ဟုတ်မှာပါလေ။ သေတ္တာပုံ ကြည့်ရတာက ဩစတြေးလျလုပ် ဆိုတော့ သော့တုလုပ် ဖွင့်ရမှာမှ မဟုတ်ဘဲ" လို့ ဟင်နရီက စကားနိုက်ကြည့်တော့ အဘိုးကြီးက မျက်နှာထားကြီးနဲ့…

"ဟော့ကောင်… မင်း နောက်ထပ် ဒီဩစတြေးလျအကြောင်း မင်းပါးစပ်ထဲက တစ်ခွန်း ဟရင်ဖြင့် မင်းအိမ်က ငါ ချက်ချင်းထွက် အသွားပဲ၊ ပိုက်ဆံလည်း တစ်ပြားမှ ပေးခဲ့မှာ မဟုတ်ဘူး မှတ်ထား"

ဒါကြောင့် ဟင်နရီ ဩစတြေးလျအကြောင်း နောက်ထပ် မဟဝင့်တော့ဘူး။ အဘိုးကြီး စာတို စာရှည် ရေးနေတာတွေလည်း ဘာညာရေးလည်း မမေးဝံ့ဘူး။

အဘိုးကြီးကလည်း သူ့ဆီလာတဲ့ စာတွေကို ဟင်နရီဝေါ့ကားမိန်းမ စပ်စုမှာစိုးလို့ ဆိုပြီး ဘော့ပရစ်တီးက တစ်ဆင့် ပို့ခိုင်းတယ်လေ။

အဘိုးကြီးဟာ မနက်တိုင်း ဘော့ပရစ်တီး အိမ်ကို သွားပြီး သူ့အတွက် စာတို့ ဘာတို့ ရောက် မရောက် စုံစမ်းလေ့ရှိတယ်။

အဘိုးကြီးဟာ အဲသည်လိုချည်း နေခဲ့တာ ၃ လလောက်ရှိသည့် တိုင်အောင် ချူးတစ်ပြားမှ မထွက်ခဲ့ဘူး၊ ဟင်နရီဝေါ့ကားတို့ စာရင်းဇယား တွက်ကြည့်တော့ တော်တော် ဘတ်ဂျက်ထိခိုက်နေပြီ။

သူစားချင်တာ၊ သောက်ချင်တာတွေ ကျွေးမွေးရတဲ့ အပြင် အပိုကုန်ခန်းရတာက ရှိသေးတယ်။

ဟင်နရီတို့ အိမ်က ပစ္စည်းတွေကို အဘိုးကြီးက ယူယူပြီး ဝေဿန္တရာ လုပ်ပစ်တာပဲ။

ဥပမာ ပြရမယ်ဆိုရင် တစ်နေ့ မနက်စာ စားပွဲမှာ ဟင်နရီကတော်က သူ့ကြက်မတွေ ဥမှန်မှန် ဥနေလျက်သားနဲ့ ကြက်ဥတွေ ခါတိုင်းလောက် မရတဲ့အကြောင်း၊ ဥခါနီး ကြက် မတမ်းမ နှစ်ကောင်လည်း အခိုးခံရကြောင်း စိတ်ပျက်လက်ပျက်နဲ့ ပြောတော့ အဘိုးကြီးက သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို ဆောင့်ချပြီး...

"အဲဒါတွေ အခိုးခံရတာ မဟုတ်ဘူးဟေ့၊ မနေ့မနက်က ငါ ဘော့ပရစ်တီးကို သွားပေးလိုက်တာ"

ဆိုတော့ ဟင်နရီမယား အသက်ရှုမှားသွားပြီး...

"ဟင် ဘော့ပရစ်တီးကို သွားပေးတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ သူက တောင်းလို့ပေါ့ကွ၊ အံမာ နင်က ငါ့ကို ဘာပြုလို့ ဒီလိုကြည့်ရတာလဲ... မကျေနပ်ဘူးလား"

အဲသည်လို ဂျစ်ကန်ကန်ပြောရင်း ဟင်နရီမိန်းမကို ဘုကြည့်ကြည့်ပြီး ဟင်နရီကို သူ့ဦးထုပ် သွားယူပေးဖို့ ပြောတယ်။ သည်တော့ စိတ်လိုက်မာန်ပါ ထွက်သွားမှာ စိုးလို့ လင်မယား နှစ်ယောက်သား ချော့လိုက် တောင်းပန်လိုက်ရတာ ဟင်နရီဆိုတာ မျက်ရည်ဝဲလို့၊ သည်တော့ အဘိုးကြီးက ဒါမျိုး သည်တစ်ခါပဲ သည်းခံမယ်၊ နောက်ထပ် မဖြစ်ပါစေနဲ့လို့ ပြောသတဲ့။

အဲသည်နောက်တော့ အဘိုးကြီးဟာ ဟင်နရီတို့ ပစ္စည်းတွေကို ထင်တိုင်းပေးကမ်း စွန့်ကြဲ နေတော့တာပဲ။ ဘော့ပရစ်တီးကလည်း အားမနာတမ်း ယူ၊ ဟင်နရီတို့ လင်မယား ခမျာ သည်အတိုင်း လက်ပိုက်ကြည့်နေရ ရှာတယ်၊ အဘိုးကြီး ပစ္စည်း ထုကြီး ထည်ကြီး ရမှာမို့ မျိုးစေ့ချနေတဲ့ သဘောပေါ့လေ။

အဲသည်တုန်းက ရင်ဘတ် မီးနဲ့မြှိုက်သလို အသည်းနလုံး ပူစရာ ဖြစ်လာတာက အဘိုးကြီးက သူ့ရှိသမျှ ပစ္စည်းတွေကို ဘော့ပရစ်တီးကိုပဲ လွှဲပေးတော့မလိုလို သတင်းကို ဘီလ်ချမ်းဘားစ်က ကြားခဲ့ရတယ်လို့ ဟင်နရီကို ပြောပြသတဲ့။

သည်လိုနဲ့ အဘိုးကြီးဟာ ဟင်နရီနဲ့ နေခဲ့တာ ၁၈ လလောက် အကြာ တစ်ညမှာ အိပ်ရင်းက သေသွားပါလေရော။ အဘိုးကြီးမှာ နလုံးရောဂါ ရှိတယ်ဆိုတာ တစ်ခါ နေမကောင်းလို့ သွားပြတာ ရွာဆရာဝန်က ပြောဖူးတယ်။

အဲသည်ကတည်းက သည်အဘိုးကြီး ဘယ်နေ့ သေမလဲဆိုတာ လင်မယား နှစ်ယောက် မျှော်နေခဲ့ရတာ။ ဟော... အခုတော့ သူတို့ ဆန္ဒပြည့်ကြပြီ၊ ဟင်နရီက နှပ်တရှုတ်ရှုတ် လုပ်ရင်း၊ သူ့မိန်းမက အဝတ်ခါးပုံစနင့် မျက်စိကို နာနာပွတ်ရင်း နှစ်ဦးသား ခေါင်းချင်း ဆိုင်ပြီး သူတို့ ဘယ်လောက်များ အဘိုးကြီးပစ္စည်းတွေ ရတော့မယ်လို့ မသာရှင် အပူရုပ်နဲ့ ဝမ်းသာနေကြတယ်။

သည်အဘိုးကြီး သေဆုံးတဲ့ သတင်းဟာ ၁၀ မိနစ်အတွင်းမှာပဲ ကလေးဖြူရီ တစ်ရွာလုံး ပျံ့နှံ့သွားလို့ ဟင်နရီတို့အိမ်မှာ အသုဘရှု ပရိသတ်တွေ ပြည့်လျှံ သွားတော့ သပေါ့။

လူတိုင်း လူတိုင်းလည်း ဟင်နရီတို့ လင်မယားတော့ ပွပြီလို့ ပြောကြတယ်။ အဲသည် တုန်းမှာပဲ ဘော့ပရစ်တီးဟာ ဆောင့်ဆောင့်နဲ့ မသာအိမ်ပေးတက်လာပြီး ခရီးရောက်မဆိုက ဟင်နရီကို...

"ဘယ်လိုလဲကွ၊ အဘိုးကြီးတော့ သွားရှာပြီကိုး၊ ငါထင်တဲ့ အတိုင်းပါပဲ၊ အဘိုးကြီးကိုလည်း ငါ သတိပေးခဲ့တယ်။ မင်းနဲ့ သွားနေရင် အသက်ရှည်မှာ မဟုတ်ဘူး၊ မြန်မြန် ကိစ္စချောမှာပဲလို့"

သည်တော့ ဟင်နရီက တင်းမာတဲ့ မျက်နှာထားနဲ့။ သေတဲ့ အဘိုးကြီးရဲ့ သေတ္တာသော့ကို သူ့လက်ထဲမှာ တင်းတင်းဆုပ်လို့။

"ဟေ့ကောင်... ငါ့အိမ်ပေါ်က ခု ဆင်းသွားလိုက်စမ်း၊ မင်းအတွက် ဘာမှ မပြောခဲ့ဘူး၊ မျှော်လင့်မနေနဲ့"

ဘော့ပရစ်တီးက စိတ်ပျက်ပျက်နဲ့ ခေါင်းကိုယမ်းရင်း...

"အောင်မယ်လေး... မမျှော်လင့်ပါဘူးဗျာ၊ မင်းဘဲ သဘောရှိ ယူပါ၊ ဒီအဘိုးကြီးကို မင်းခေါ်သွားတုန်းကလည်း မင်းကို ငါက ဘယ်လိုမှ အာဃာတ မထားခဲ့ပါဘူး၊ ဩော်... သွေးမတော်စပ်ဘဲ ဘဝကုသိုလ် အလျောက် ကျွေးတုံ့ ကျွေးလှည့် မွေးတုံ့ မွေးလှည့် ရှိလို့ပဲ အောက်မေ့ပါတယ်"

"ဘာ ငါနဲ့ သွေးသား မတော်စပ်ရမှာလဲ၊ ငါ့ဘကြီး အရင်းကြီးကို"

"ဟ... ဒါ မင်းဘကြီး မဟုတ်ဘူးလို့ ငါ ဘယ်နှစ်ခါ ပြောပြီးပြီလဲ၊ ဟောဒီလူတွေ အကုန်အကြားပဲ"

လို့ သည်အချိန်မှာ မသာအိမ်ကို လူစုံရောက်နေတဲ့ ကျုပ်တို့တစ်တွေကို လက်ညှိုး ထိုးပြီး သက်သေထူသဗျ၊ သည်တော့ ဟင်နရီဝေ့ါကား မျက်နှာ ပျက်စပြုပြီ။

"နို့ ဒါဖြင့် သူ ဘယ်သူလဲ"

"ငါ့မိန်းမရဲ့ ဘိုးအေကြီးပါကွာ"

"ဘာ မင်းမိန်းမရဲ့ ဘိုးအေကြီး"

"ဟုတ်ပါတယ်၊ ခများကြီး မရှိ ဆင်းရဲရှာလို့ ငါက အိမ်ပေါ်ခေါ်တင် ကျွေးထားတာပါ။ သူ့မှာ ဘာမှ မရှိရှာဘူး။ အခု မင်းလက်ထဲ ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ သော့နဲ့ သူ့သေတ္တာကို ဖွင့်ကြည့်ပါ"

ဟင်နရီဝေ့ါကားက ဘော့ပရစ်တီးကို မယုံကြည်နိုင်တဲ့ မျက်နှာထားနဲ့ ကြည့်ပြီး သေတ္တာကို သွားယူ ဖွင့်ကြည့် လိုက်တော့ ဘယ် အပေါင်ဆိုင်ကမှ လက်ခံတော့မယ် မဟုတ်၊ မီးဖိုချောင်ထဲ လက်နှီးသုတ်လောက်သာ အသုံးဝင်တော့မယ့် အဝတ်ဟောင်းတွေသာ တွေ့ရ ပါတော့သဗျာ။

❄ ❄ ❄ ❄ ❄

## တစ်ရွာလုံးနဲ့တစ်ယောက်

ကလေးဖြူရီရွာ၏ ဘိုးသက်ရှည်သည် မှန်ပြတင်းမှ ရပ်လျက် အပြင်ဘက် လောကဓာတ် ပတ်ဝန်းကျင်တွင် တဖွဲဖွဲ တသဲသဲ ကျနေသော ဆီးနှင်းပွင့်များကို ကြည့်နေ၏။

ပန်းဂေါ်ဖီတံဆိပ် ဆိုင်းဘုတ်သည်ပင် သဲသဲကွဲကွဲ မမြင်ရတော့ဘဲ နှင်းပွင့် နှင်းဖတ်များအောက်ဝယ် ပျောက်ကွယ်မတတ် ရှိနေတော့သည်။

တစ်လောကလုံးတွင် ဆိုင်အနီးရှိ နှင်းကာ တဲအောက်၌ ရပ်ထားသော ခရီးသွား ဧည့်သည်၏ ရထားက မြင်းနှစ်ကောင်သာ လှုပ်လှုပ်ရွရွ ရှိလျက် သူတို့နှာခေါင်းမှ မှုတ်ထုတ်သော အငွေ့များ ထောင်းထောင်းထနေသည်။

"ကျုပ်တို့ရွာက ခြောက်ကပ်ကပ်နဲ့ ပျင်းစရာကြီးလို့ ခင်ဗျားပြောတာ မှန်ပါတယ်"

အဘိုးအိုက ဆီးနှင်းထုကြီးကို ကြည့်နေရာမှ ပြတင်းက ခွာခဲ့ကာ မီးလင်းဖိုအနီး ဆိုဖာ တစ်လုံးပေါ်တွင် ကိုယ်ကို မြုပ်အောင်ထိုင်ကာ ဝီစကီကို ဖိမ်နဲ့သောက်ရင်း နပ်နေသော ခရီးသည်အနီး လျှောက်လာရင်းက ပြောလိုက်သည်။

"ကလေးပြူရီ ရွာသားတွေဟာ မနက်မိုးလင်းက မိုးချုပ်သည့်တိုင် ကိုယ့် လုပ်ငန်းနဲ့ကိုယ် နားရ အားရတယ် မရှိတော့ ပျော်မှု ရွှင်မှုရယ်လို့ ထူးထူးခြားခြား မရှိကြပါဘူးဗျာ။ အဲ... တစ်ခါတော့ ဘီလ်ချမ်းဘားစ်ဟာ တစ်ရွာက ဝယ်လာတဲ့ ဝက်သိုးကြီးတစ်ကောင်ကို ဖေးသင်းရာမှာ ခြေလက်တွေ နိုင်နိုင်မတုပ်မိလို့ ဝက်သိုးလွတ်ပြီး လိုက်ကိုက်တာ သူ့ခများ မြဲထဲ လှည့်ပတ်ပြေးရင်း ရွှံ့တွေ ဗွက်တွေထဲ တဗိုင်းဗိုင်းလဲတော့ အနီးပတ်ဝန်းကျင်က လူများ ကူညီဖို့လာတဲ့ အချိန်မှာ ဘီလ်နဲ့ဝက်ဟာ ခွဲခြားလို့ မရတော့ဘူး။ အဲဒါမြင်လို့ ကြုံတောင့်ကြုံခဲ ရယ်ကြရတဲ့ ရွာသားတွေလည်း ဘီလ်ရဲ့ ဒေါသတကြီး ပျစ်ပျစ်နစ်နစ် ဆဲတာ ခံရလို့ စိတ်ဓာတ်ကျပြီး ကြာကြာ မရယ် လိုက်ကြ ရပါဘူးဗျာ။ ဘီလ်က တော်တော် အဆဲအဆို ပက်စက်တဲ့လူဗျ"

အဘိုးအိုက ထိုသို့ပြောရင်း စားပွဲပေါ်တွင် သောက်ပြီးသား ဘီယာမတ်ခွက်များထဲသို့ မျက်လုံးကို ဖြဲကာဖြဲကာ တစ်စုံတစ်ခုကို ရှာသလို ကြည့်နေတော့ ခရီးသည်က ဘာများ ရှာနေတာလဲလို့ မေးတယ်၊ သည်တော့ အဘိုးအိုက...

"ဩော်... တစ်ခါတစ်လေ တချို့ခွက်ထဲမှာ ဘီယာ အကတ်အသတ်ကလေးများ ကျန်တတ်တယ်ဗျ"

သည်စကားကြားရတော့ ခရီးသည်က အင်မတန် သနားသွားကာ သူ့လက်ကိုင် တုတ်ကောက်နဲ့ သုံးချက် ခေါက်လိုက်သည်၌ ရေ့ခေတ် အင်္ဂလိပ်ကျေးရွာ သင်္ကေတ အတိုင်း ဆိုင်ရှင်စမစ်က အဘိုးအိုရှေ့မှာ ဘီယာတစ်ခွက် လာချပေးတယ်။

ယင်းကို အဘိုးအိုက ကောက်ကိုင်လိုက်ကာ ခရီးသည်အား ကျေးဇူးတင်သော မျက်နှာနှင့် ကြည့်လိုက်သောအခါ၌ အင်မတန် ယဉ်ကျေး သိမ်မွေ့သော ခရီးသည်က...

"ကျုပ် ဒီဆိုင်ထဲကို ဝင်မယ်လုပ်တော့ အပြင်ဘက်မှာ တွေ့တဲ့ လူတစ်ယောက်က ဒီဆိုင်မှာ ဆေးလိပ်တို့၊ အရက်တို့ လုံးဝ မသောက်တဲ့ အဘိုးကြီးတစ်ယောက် ရှိသဗျလို့ ပြောလိုက်တော့ ကျွန်တော့်စိတ်ထဲ အဘလို့ပဲ အောက်မေ့ပြီး စောစောက လောကွတ် မပြုမိတာ ခွင့်လွှတ်ပါခင်ဗျ"

"အင်း... အင်း ကြည့်စမ်း၊ အဲဒါ ဘော့ပရစ်တီး ဆိုတဲ့ကောင်ပေါ့၊ ခင်ဗျားနဲ့ ဆိုင်ဝမှာ စကားပြောနေတာတော့ ကျုပ် မြင်လိုက်သားပဲ။ ဒီကောင် မုသာဝါဒလေနဲ့ အသက်ရှူပြီး လူဖြစ်နေတဲ့ သတ္တဝါဗျ၊ ဒီနယ်တစ်ဝိုက်မှာတော့ အလိမ်အညာကတော့ ထိပ်တင် လိမ်ညာဘုရင်ပဲ၊ ဘယ်သူ့ကိုမှ ဘယ်တုန်းကမှ ကောင်းကျိုးပေးတဲ့ အကောင် မဟုတ်ဘူး"

ထိုသို့ပြောပြီးနောက် အဘိုးကြီးသည် ဘီယာတစ်ခွက်ကို တစ်ချက်တည်းနှင့် အကုန် မော့ချလိုက်ကာ ဒဏ်ခံသူ ခရီးသည်အား ကျေးဇူးတင်ကြောင်း ဦးညွှတ်ပြလျက် မတ်ခွက်ကို ဖင်ပြန်ခေါင်းပြန် ကြည့်ရင်း...

"ဟင်... ဘီယာကလည်း သောက်လိုက်ရတယ်တောင် မအောက်မေ့မိဘူး၊ ကုန်ပြီ၊ စမစ်ဟာ ဘီယာကို ယူလာတုန်းက တစ်ဝက်လောက် ဖိတ်ကျခဲ့တယ် ထင်ပါရဲ့"

သည်တော့ အလိုက်သိသော ခရီးသည်က နောက်တစ်ခါ စားပွဲကို တုတ်နဲ့ သုံးချက် ခေါက်လိုက် ပြန်သဖြင့် အဘိုးအိုရှေ့ ဘီယာ နောက်တစ်ခွက် ရောက်လာ ပြန်သည်။

သည်တစ်ခါတော့ အဘိုးအိုဟာ ဘီယာကို ချက်ချင်း မသောက်သေးဘဲ သူ့အရိုးရှည် မြေအိုးဆေးတံကြီးကို ဆေးဖြည့်နေရင်းက...

"ခင်ဗျား နောက်တစ်ခါ ခုနက ဘော့ပရစ်တီး ဆိုတဲ့ အကောင်ကိုများ တွေ့ရင် ခရစ္စမတ်မဲတောင်းကြီး ဘယ်လိုဖြစ်သွားသလဲလို့ မေးကြည့်စမ်းပါ။ ဒီကောင်ဟာ ကျုပ်တို့ ရွာသားတွေကို အမျိုးမျိုးလိမ်ပြီး ဒုက္ခပေးတဲ့အထဲမှာ အဲဒီ မဲတောင်းကြီးကိစ္စဟာ အဆိုးဆုံး ပါပဲဗျာ။ ခင်ဗျား မဲတောင်းကြီး အကြောင်းကို မကြားမိသေးဘူးနော်၊ ပြောရမှာ ရှက်စရာတောင် ကောင်းပါရဲ့"

အစချီပြီး သကာလ...

သည်ပြဿနာကို စတင် အကောင်အထည် ဖော်သူကတော့ ဟင်နရီဝေါ့ကား ဆိုတဲ့ လူပဲ၊ သူဟာ မြို့ပေါ်မှာနေတဲ့ သူ့မိန်းမဘက်က ဦးလေး တစ်ယောက်ဆီ ရွာထွက် ပစ္စည်းတွေနဲ့ လင်မယားနှစ်ယောက် ကန်တော့ဖို့ သွားကြတယ်။

အဲသည် ဦးလေးက လူပျိုကြီး၊ ပိုက်ဆံကလည်း ချမ်းသာသတဲ့။ သေရင် အမွေ ပေးရမယ့် လူလည်း မရှိဘူး။ အနီးစပ်ဆုံး အမွေစား အမွေခံဆိုလို့ သွေးတော်တော်ဝေးတဲ့ ဟင်နရီမိန်းမပဲ ရှိတယ်ဆိုတော့ မျှော်လင့်ချက်နဲ့ ပေါ့လေ။

အဲဒီဦးလေး ဟင်နရီကို ပြောပြလိုက်တဲ့ အကြောင်းကိစ္စ တစ်ခုကို အခြေပြုပြီး ဟင်နရီက ရွာပြန်လာတဲ့ အခါမှာ အကောင်အထည် ဖော်တာပါပဲဗျာ။

သူ့ဟာက ဘာလဲဆိုတော့ ကျုပ်တို့ရွာမှာ ရှိတဲ့ အိမ်ထောင်တိုင်းဟာ တစ်ပတ်ကို နှစ်ပဲနိစီ ခရစ္စမတ် ပွဲတော် တိုင်သည်အထိ အစုငွေ ထည့်ဝင် ထားကြရတယ်။ အဲ... ခရစ္စမတ်ပွဲ ရောက်တဲ့အခါမှာ ရတဲ့ငွေတွေနဲ့ ကြက်ဆင်တစ်ကောင်၊ ငန်းတစ်ကောင်၊ ဝီစကီ၊ ဘရန်ဒီ၊ ရမ်၊ ဂျင် စသည်ဖြင့် ဝယ်ပြီး တောင်းကြီးတစ်လုံးထဲ ထည့်၊ အစုရှင်တွေ မဲနှိုက်၊ ရတဲ့လူက ယူပေါ့။

ဒါဟာ အများ ကောင်းစာဖို့ တစ်ယောက်အား မဟုတ်ဘဲ တစ်ယောက် ကောင်းစားဖို့ အများအားပေါ့လေ။ လူတိုင်း ကုသိုလ် ဖြစ်ကြမယ်။ လူတစ်ယောက်တည်း အတွက် လူအများကြီး ကုသိုလ်ရမယ့် ကိစ္စလို့ ဟင်နရီမိန်းမရဲ့ ဦးလေးက ပြောလိုက် သတဲ့ဗျာ။

ဒါကို ဝါဒဖြန့်လိုက်တော့ ကျုပ်တို့ ရွာသားတွေကလည်း ဒါမျိုး ဝါသနာခပ်ပါပါမို့ တယ်ပြီး မတိုက်တွန်းလိုက် ရပါဘူး၊ ၄ ရက်အတွင်းမှာ အိမ်ထောင်စု ၂၃ စုအနက် ၂၂ ဦးက ကျသင့်တဲ့ အစုငွေ ပေးပြီးနေပြီ။

သည်အသင်းမှာ ဟင်နရီက အတွင်းရေးမှူး၊ ပန်းဂေါ်ဇီဆိုင်ရှင် စမစ်က ဥက္ကဋ္ဌ၊ အစု ငွေတွေကို စမစ်ကပဲ သိမ်းထားရတယ်။

တစ်ညနေတော့ ဘော့ပရစ်တီးဟာ ပန်းဂေါ်ဇီကို ရောက်လာပြီး ဆိုင်ရှင် စမစ်ကို ပိုက်ဆံ နှစ်ပဲနိ လှမ်းပေးရင်း သူလည်း ပါမယ်လို့ ပြောတယ်။

သည်တော့ ဘော့ပရစ်တီး ပါလာရင် ကူလီကူမာတွေ ဖြစ်တတ်လွန်းလွန်းလို့ လူတွေက ပွစိပွစိ ဖြစ်ပြီး အသင်းထဲက ဟိုလူထွက်မယ်၊ သည်လူထွက်မယ် ဖြစ်ကုန် ကြပါလေရော၊ အဲသည်အခါမှာ အသင်းဥက္ကဋ္ဌ ဆိုင်ရှင် စမစ်က...

"ခင်ဗျားတို့ စိတ်ချလက်ချ နေကြစမ်းပါဗျာ၊ ငွေတွေကို ကျုပ်ပဲကိုင်တာ၊ ပစ္စည်းလည်း ကျုပ်ပဲ ဝယ်မယ်၊ မဲနှိုက်ဖို့လည်း ကျုပ်ကိုယ်တိုင်ပဲ စီမံမှာပါ။ လူတိုင်း တရား မျှတမှု ရှိစေရပါမယ်။ ဘာမှ မစိုးရိမ်ကြပါနဲ့လို့ တော်တော် နားချယူရတယ်။ သည်တော့ ဘီလ်ချမ်းဘားစ်က ဘော့ပရစ်တီးကို စေ့စေ့ကြည့်ရင်း...

"ဒီကောင်မပါရင် ကျုပ်တို့ စိတ်ချမ်းသာမယ်၊ ခင်ဗျားတို့ သိကြတဲ့အတိုင်းပဲ ဘော့ပရစ်တီးနဲ့ ပတ်သတ်လာရင် ကျုပ်တို့က ခံရတာချည်းပဲ"

သည်တော့ ဘော့ပရစ်တီးက ခေါင်းတယမ်းယမ်းနဲ့...

"မင်း... ဒီလိုတော့ မပြောသင့်ဘူး ဘီလ်၊ မင်းတို့ကို ငါ မတော်မတရား လုပ်တယ်ဆိုတာ လက်ဆုပ်လက်ကိုင် ပြနိုင်လို့လား၊ မသေချာဘဲနဲ့ လူတစ်ယောက်ကို စွပ်စွဲနေတာတော့ မကောင်းပါဘူးကွာ"

"ဟော့... ပါပေ့စေ ဘီလ်၊ ငါက သူတစ်ကာ ပိုက်ဆံထက် ဘော့ပရစ်တီး ပိုက်ဆံကို ပိုလိုချင်တာကွ၊ မစွတာစမစ်လည်း ရှိသားပဲ၊ ဒီတစ်ခါ ဒီကောင် လိမ်ကွက် ညာကွက် ရှိမှာ မဟုတ်ဘူး"

ဂျော့ချ်ကဲဘားလ်က ပြောတော့ ဘော့ပရစ်တီးက အင်မတန်နိမ့်ချတဲ့ လေသံနဲ့...

"အေးပါ၊ ငါကလည်း ငါတတ်နိုင်သလောက်လေးနဲ့ ဒါနပြုချင်လို့ ဒီအသင်းထဲ ဝင်တာပါကွ၊ မဲပေါက်မှ ပေါက်စေသဘော မဟုတ်ပါဘူး"

ဂျော့ချ်ကဲဘားလ်က ကျုပ်တို့မျက်နှာတွေကို ကြည့်ပြီး မျက်စိတစ်ချက် ပစ်၊ မျက်စိတစ်ချက် မှိတ်ပြရင်း...

"ခိုးလို့ရတဲ့ ငွေဖြစ်ပါစေ၊ လိမ်လို့ရတဲ့ ငွေဖြစ်ပါစေ... ပိုက်ဆံဟာ ပိုက်ဆံပါပဲ၊ ဒီတော့ ဘော့ကို အသင်းဝင်အဖြစ်နဲ့ လက်ခံလိုက်ကြပါကွယ်"

လို့ မချိုမချဉ် မျက်နှာထားနဲ့ ပြောတယ်။ သည်တော့ ဘယ်တော့မှ သူများ အတင်အစီး မခံတတ်တဲ့ ဘော့ပရစ်တီးကလည်း ချက်ချင်းပဲ...

"အေး... မင်းလို ကိုယ်ချင်းစာတတ်တဲ့လူ တို့ရွာမှာ များများရှိဖို့ လိုတယ်ကွဲ"

လို့ ပြန်ပတ်ရင်း သူ့ဘီယာခွက်ကို သူ သွက်သွက်မော့ပြီး ခပ်သုတ်သုတ် ပြန်သွားလေရဲ့။ သာသာနဲ့ နာနာနက်သွားတဲ့ ဘော့ပရစ်တီးရဲ့ စကားကို ဂျော့ချ်ကဲဘားလ်ဟာ ချက်ချင်း နားမလည်သေးဘူး။ သည်ကောင် ဘာအဓိပ္ပာယ်နဲ့ သည်စကား ပြောသွားပါလိမ့်ဆိုတာ ကျုပ်က ရှင်းပြတော့မှ သူတော်တော် ဒေါသထွက်ပြီး ရုက်ရက်နဲ့ အိမ်ပြန်သွားတယ်။ တစ်နေ့ သိစေ့မယ်ပေ့ါလေ။

သည်လိုနဲ့ အပတ်စဉ် ငွေစု လာလိုက်ကြတာ ခရစ္စမတ် မတိုင်မီ တစ်ပတ်လောက်အလိုကျတော့ စမစ်က တော်လောက်ပြီ၊ ငွေပြည့်စုံပြီ ဆိုပြီး မြို့ကပေါ်ကို ဈေးဝယ်ဖို့ တက်သွားတယ်။

အကြိုနေ့ မတိုင်မီ နှစ်ရက်အလိုမှာ မဲနှိုက်ရမှာမို့ ကျုပ်တို့တစ်တွေ ပန်းဂေါ်ဖီဆိုင်ကို သွားကြတယ်။ ဆိုင်ရဲ့ အလယ်တည့်တည့်မှာ စားပွဲကြီး တစ်လုံးထားပြီး မဲတောင်းကြီးက စားပွဲကြီးပေါ်မှာ အခန့်သား။

ရောင်စုံ ပန်းစက္ကူတွေနဲ့ ခရစ္စမတ်ပွဲတော်ရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ သံလွင်ရွက်ကလေးတွေနဲ့ လှလှပပ ပြင်ဆင်ထားတယ်။

တောင်းကြီးထဲမှာ ကြက်ဆင်လှလှကြီး တစ်ကောင်၊ ငန်းဝဝကြီး တစ်ကောင်၊ ဝက်အူချောင်းက သုံးပေါင်၊ ဝီစကီပုလင်း၊ ဘရမ်ဒီပုလင်း၊ ရမ်ပုလင်း၊ ဂျင်ပုလင်း၊ ဝိုင်ပုလင်းတွေ သိုက်သိုက်မြိုက်မြိုက်ကြီး ဝိုင်းရံထားတယ်။

မြင်ရတာနဲ့ သွားရေကျစရာကြီးပါ။ လူတွေကလည်း သူတို့နှိုက်ရမယ့် ပစ္စည်းကို ဟိုကိုင်ကြည့် သည်ကိုင်ကြည့်ပေါ့နဲ့လေ။ ကြာတော့ ညစ်ပေကုန်မှာစိုးလို့ ဆိုင်ရှင်စမစ်က ပေးမကြည့်တော့ဘဲ တောင်အဖုံးကို ပိတ်ထားလိုက်တော့တယ်။

"မဲက ဘယ်လို နှိုက်ရမှာတုံးဗျ"

ရွာရဲ့ တစ်ဦးတည်းသော ပန်းပဲဆရာကြီး ဂျွန်ဘစ်က မေးလိုက်တော့ စမစ်က ပြန်ဖြေတယ်။

"တို့ရွာက အိမ်ထောင်စု ၂၃ စုအတွက် စာရွက်ကလေးတွေ ၂၃ ရွက် ဖြတ်ရမယ်။ စာရွက် တစ်ခုစီပေါ်မှာ နံပါတ် တစ် ကနေပြီး နှစ်ဆယ့်သုံးအထိ ဂဏန်းရေးရမယ်။ ရေးပြီး စာရွက်ကို ကျုပ်ကိုယ်တိုင် လိပ်မယ်။ ပြီးတော့ ဟောဒီ စက္ကူအိတ်ထဲမှာ ထည့်မယ်၊ အိတ်ကို ကျုပ်ကိုယ်တိုင် ကိုင်ထားပြီး အိမ်ထောင်တစ်စု အတွက် မဲလိပ်တစ်လိပ်စီ နှိုက်ရမယ်။ အဲဒါ မဲလိပ် နံပါတ် တစ်ကို ရသွားတဲ့လူဟာ မဲပေါက်တာပဲ။ ဒါပဲ။ သဘော ပေါက်ကြရဲ့လား"

အားလုံးကပဲ သဘောပေါက်ပါတယ်၊ လက်ခံပါတယ်။

ဒါကြောင့် ဆိုင်ရှင်စမစ်က စက္ကူစ ၂၃ စ ကတ်ကြေးနဲ့ ဖြတ်၊ ခဲတံကို တံတွေး ဆွတ်ပြီး နံပတ်တွေ အစဉ်အတိုင်း ထင်ရှားအောင် ရေးတယ်။ ဘေးလူတွေကလည်း အမှားအယွင်း မရှိအောင် သေသေချာချာ ဝိုင်းကြည့်နေကြတယ်။

နံပါတ်တွေ အားလုံးရေးပြီး တစ်ခုစီ မဲလိပ် လိပ်တယ်။ အားလုံးလုပ်ပြီးတော့ ထပ်ရေ သေးတယ်။ အဲဒီတော့မှ စမစ်က မဲလိပ်ထည့်မယ့် စက္ကူအိတ်ကို အထဲမှာ ဘာမှ

မရှိကြောင်း အားလုံးကို ပြသေးတယ်။ ပြီးမှ မဲလိပ် ၂၃ လိပ်ကို အဲသည် အိတ်ထဲ ထည့်ပြီး အသံ ကျယ်ကျယ်နဲ့...

"ကိုင်း... ကျေနပ်ကြပြီလား၊ မကျေနပ်ရင် ခုကတည်းက ပြောကြနော်၊ နောက်မှ စာရင်း မရှုပ်ကြနဲ့"

အားလုံးကပဲ ကျေနပ်ကြောင်း ပြောတယ်။ သည်တော့ စမစ်က မဲလိပ်တွေကို အိတ်ထဲထည့် လက်နဲ့ ထိုးမွှေပြီးတော့...

"နံပတ် ၁ ရတဲ့လူ မဲပေါက်တယ်နော်၊ သေသေချာချာ မှတ်ထားကြ၊ ကဲ... ဘယ်သူ စ နှိုက်မလဲ၊ လာကြ လာကြ"

အဲသလိုဆိုကာမှ အနားဝိုင်းနေတဲ့ လူတွေဟာ ရုတ်တရက် နောက်ကို ရှဲခနဲ ဆုတ်သွားကြတယ်။ သူတို့ဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သူ အရင် နှိုက်နိုး၊ ငါအရင် နှိုက်နိုးနဲ့ စောင့်နေကြတယ်။ အများကြီးထဲက နှိုက်တာထက် မဲလိပ် နည်းနည်း ကျန်မှ နှိုက်တာက ပေါက်မဲနဲ့ နီးစပ်မယ် ထင်နေကြတယ်။

"ကဲ... လာ နှိုက်ကြလေ၊ တစ်ယောက်ယောက်က စပြီး နှိုက်ရမယ့် ဥစ္စာ နှိုက်လိုက် ရောပေါ့"

ဘော့ပရစ်တီးက သူ့ကို နိမ်ထားတဲ့ ဂျော့ချ်ကဲဘားလ်ကိုကြည့်ပြီး...

"သွားနှိုက်လေ ဂျော့ချ်၊ မင်း မဲပေါက်တယ်လို့ ငါ ညကတောင် အိမ်မက် မက်သေးတယ်"

"မင်းဟာမင်း သွားနှိုက်ပါလားကွ၊ မင်း ငါ့ကို ဆရာလုပ်စရာ မလိုပါဘူး"

ရှော့ချ်က ပြန်ဟောက်တော့ ဘော့ပရစ်တီးက ခေါင်းတွင်တွင် ယမ်းရင်း...

"မဲနှိုက်တဲ့ နေရာမှာ ငါက ကံမရှိဘူးကွ၊ ဒါဖြင့် ဒီလိုလုပ်ကွာ၊ ဟင်နရီဝေ့ါကား အရင်နှိုက်၊ ဒါက သူအကြံပြုတဲ့ ကိစ္စ၊ သူပြီးရင် ငါ နှိုက်မယ်၊ လုပ်ကွာ... လုပ်ကွာ မြန်မြန်ပြီးအောင်"

ဟင်နရီဝေ့ါကားက လာကိုင်တဲ့ ဘော့ပရစ်တီးရဲ့ လက်ကို ခါထုတ်လိုက်ပြီး...

"မြန်မြန်ပြီးချင်ရင် မင်း အရင်ဆုံး နှိုက်ပါလားကွ၊ ဘာ သူများ လာတိုက်တွန်း နေရတာလဲ"

သူ့ကို ဘယ်သူကမှ စကားအကောင်း မပြောကြပေမဲ့ ဘော့ပရစ်တီးက စိတ်ဆိုးဟန် မပြဘဲ ရယ်ကျဲကျဲ လုပ်နေတယ်။

မဲအိတ်ကိုလည်း ဘယ်သူကမှ စ မနှိုက်ကြဘူး။ အားလုံးကပဲ (သူတို့ မလုပ်ချင်တဲ့ အလုပ်) ဘော့ပရစ်တီးကို စ နှိုက်စေချင်ကြတယ်။

သည်ကောင် မြန်မြန်နှိုက်၊ သူ မပေါက်မှန်း မြန်မြန်သိပြီး မြန်မြန် သည်ကနေ ထွက်သွားလေ ကောင်းလေဘဲလို့ သဘော ထားနေကြတယ်။

နောက်ဆုံးတော့ ဘော့ပရစ်တီးကပဲ အလျှော့ပေးပြီး သူပဲ စ နှိုက်မယ်လို့ သူ့အိတ်ထဲက လက်ကိုင်ပဝါ တစ်ထည် ဆွဲထုတ်လိုက်ပြီး ဆိုင်ရှင်စမစ်ကို ကမ်းပေးရင်း ပြောတယ်။

"ကိုင်း... ကောင်းပြီလေ၊ ကျုပ်ပဲ စ နှိုက်မယ်၊ ဒီလက်ကိုင်ပဝါနဲ့ ကိုယ့်မျက်လုံးကို စည်းပေးပါ"

သည်တော့ ဆိုင်ရှင် စမစ်က...

"မျက်နှာစည်းဖို့ မလိုတော့ဘူး၊ အိတ်ထဲ မင်းမြင်ရတာမှ မဟုတ်ဘဲ၊ မြင်ရလည်း ဘယ်မဲလိပ် ပေါက်မဲနံပတ် ၁ ဆိုတာ မင်း သိနိုင်မှာမှ မဟုတ်ဘဲ"

"အိုး... စည်းမှာသာ စည်းပေးပါ၊ မစ္စတာစမစ်ရာ၊ ဒါမှ သင်းတို့ကျုပ်ကို မဟုတ်တမ်းတရမ်း ပြောချင်နေတဲ့ အကောင်တွေ အပြစ်ရှာလို့မရအောင်"

စမစ်ဟာ ဘော့ပရစ်တီး ဆန္ဒအတိုင်း သူ့မျက်နှာကို စည်းပေး လိုက်ရတော့တယ်။ အဲသည်အခါ ဘော့ပရစ်တီးက အိတ်ထဲက မဲတစ်လိပ် နှိုက်လိုက်တယ်။

လူတွေဟာ တစ်ယောက် အသက်ရှူသံ တစ်ယောက် ကြားနေရတယ်။ ဘော့ဟာ သူနှိုက်လိုက်တဲ့ မဲလိပ်ကို စမစ်ကို လှမ်းပေးလိုက်ရင်း...

"ဖွင့်ကြည့်ပေးပါ မစ္စတာစမစ်၊ ဘိတ်ချေးနံပတ် ၂၃ နေရာမှာပဲ ထင်ပါရဲ့ဗျာ၊ ကျုပ်က မဲနှိုက်လို့တော့ ဘယ်တုန်းကမှ မပေါက်ခဲ့ဘူးပါဘူး"

ဆိုင်ရှင်စမစ်က ဘော့ရဲ့မဲလိပ်ကို တဖြည်းဖြည်းချင်း ဖြေကြည့်တယ်။ မဲလိပ် ပြန့်သွားပြီး အထဲက နံပါတ် ဂဏန်းကို မြင်ရတယ် ဆိုရင်ဘဲ သူ့မျက်နှာ သွေးဆုတ်သလို ဖြူဖွေးသွားပြီး မျက်လုံးတွေဟာ ကဏန်းမျက်စိတွေလို ပြူးထွက် လာတော့တယ်။ သူ့လည်မျိုကို တစ်ယောက်ယောက် ညှစ်ထားတဲ့ အတိုင်းပဲ။ သူ့အသံကလည်း မထွက်တစ်ထွက် အက်တက်တက်နဲ့။

"နံပါတ်မှာ တစ်... တစ် ပေါက်သွားပြီ၊ ဘော့ပရစ်တီး ပေါက်သွားပြီ၊ ဘော့ပရစ်တီး ပေါက်သွားပြီကွဲ့"

ကြောကွဲ ဝမ်းနည်းသံကြီးနဲ့ ပြောလိုက်တော့ လူနာ အသက်ငင်နေတုန်း လူတွေဟာ ငြိမ်ကြည့် နေကြပြီး အသက်လည်း ထွက်သွားရော ဖြဲခနဲ အားလုံး ဝိုင်းငို ကြသလို တကတည်း ကျုပ်တစ်သက်မှာ သည်လောက် ဆူညံတဲ့ အသံမျိုး ကျုပ်တစ်ခါမှ မကြား ဖူးပါဘူးဗျာ။ လူတိုင်းလူတိုင်းဟာ သူ့ထက်ငါ အသံကုန်ဟစ်ပြီး ဘာတွေ ပြောနေကြမှန်း မသိပါဘူး။

ဘီလ်ချမ်းဘားစ်ဆိုတာ တစ်ခါတည်း စိတ်ဖောက်ပြန်သွား သလိုပဲ။ တစ်ခန်းလုံး အနှံ့ လျှောက်ပြော နေလေရဲ့။ ဆိုင်ရှင်စမစ်ဟာ ကြံရာ မရဖြစ်ပြီး နောက်ဆုံးတော့ စားပွဲတစ်ခုပေါ် ခုန်တက်ကာ ...

"တိတ်ကြ တိတ်ကြ၊ ကျုပ်ဆိုင်နာမည် အပျက်မခံနိုင်ဘူး၊ ဘော့ပရစ်တီးဟာ မှန်မှန်ကန်ကန် ပေါက်တာ အားလုံးအမြင်ပဲ၊ ဘာလို့ ဒါလောက်တောင် ဆူဆူညံညံ ဖြစ်နေရတာလဲ၊ ရှက်ဖို့ကောင်းရော"

ဘော့ပရစ်တီးက သူမဲပေါက်တယ် ဆိုတာကို ယုံတောင် မယုံနိုင်ဘူးတဲ့၊ လူတွေက သူ့ကိုဝိုင်းပြီး မသမာတဲ့ စိတ်ထားနဲ့ ကစားနေကြတယ်လို့ ထင်မိသတဲ့။

ဆိုင်ရှင် စမစ်က မဲပေါက်တဲ့ စာရွက်ကို မျက်စိအောက် ထိုးပြတာတောင် မကြည့်ဝံ့ဘဲ လက်ကိုင်ပဝါနဲ့ ဖုံးထားတယ်။ နောက်ပြီး ဝမ်းနည်း ပန်းနည်း လေသံနဲ့...

"ခင်ဗျားတို့ ကျုပ်ကို ကျီစားနေကြတာ ကျုပ် သိပါတယ်ဗျာ၊ ဒါပေမဲ့ လက်လုပ်မှ ပါးစပ် လှုပ်ရတဲ့ ကျုပ်လို ဆင်းရဲသားလေးကို ဒီလောက်ထိတော့ မရွတ်နောက်သင့်ပါဘူး"

မစ္စတာစမစ်ဟာ ဘော့ပရစ်တီး မဲပေါက်တယ် ဆိုတာကို သူယုံအောင် သေသေချာချာ ပေါက်မဲပြပြီး မနည်း ပြောယူရတယ်။ သည်တော့လည်း ဘော့ပရစ်တီးရဲ့

မျက်နှာ ယောင်တိယောင်တောင် ဖြစ်နေတာမျိုးလည်း ကျုပ်တစ်ခါမှ မတွေ့ဖူးဘူး။ သူဟာ မျက်လုံးကို ပုတ်ခတ် ပုတ်ခတ်လုပ်လိုက် လက်ထဲက မဲစာရွက်ကို ကြည့်ပြီးတော့ ခေါင်းခါခါ၊ လည်ခါခါ လုပ်လိုက်နဲ့ ဖြစ်နေတော့ ဆိုင်ရှင် စမစ်က စိတ်မရှည်နိုင်တော့ဘဲ သူ့ကျောကို နာနာတစ်ချက် ပုတ်ပြီး ဘရန်ဒီတစ်ခွက် တိုက်လိုက်တော့မှ သူဟာ ပြုံးတိ ပြုံးကြောင် ရှက်ကိုးရှက်ကန်းနဲ့ ဆိုင်ရှင်စမစ်ကို သည်လို တရားမျှတစွာ စီမံပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ဘာညာနဲ့ မိန့်ခွန်းခြွေပြီး မဲပေါက်တဲ့တောင်းကြီး ပခုံးပေါ် ပင့်တင်ရင်း ကျုပ်တို့တစ်တွေကို ဝင့်ကြွားစွာကြည့်ပြီး...

“အမယ်လေး... လေးလိုက်တာဗျာ၊ အိမ်ကိုမှ ရောက်အောင် သယ်နိုင်ပါ့မလား မသိဘူး၊ အားလုံးပဲ ကျေးဇူးတင်ပါတယ်... သွားပြီဗျို့”

လို့ နှုတ်ဆက်ခဲ့သေးသဗျ။ သည်တော့ အပေါက်ဝမှာ စိတ်ဓာတ်အကျကြီး ကျပြီး ရပ်နေတဲ့ ပွတာဂါးတင်းက...

“မင်း... မဲပေါက်တဲ့ ပုလင်းတွေထဲက တစ်လုံးနှစ်လုံးလောက် ကရုဏာကြေး အဖြစ် ကျုပ်တို့ကို တိုက်ကျွေးပစ်ခဲ့ဖို့ ကောင်းတာပေါ့ဗျ” လို့ လှမ်းပြောလိုက်တော့ မကြား ချင်ယောင်ဆောင်ပြီး ထွက်သွားတယ်လေ။ ဒါပေမဲ့ အပေါက်ဝ ကျော်တော့မှ လှည့်ကြည့်ပြီး တစ်ခန်းလုံးရှိ လူတွေကို မျက်နှာကျော တင်းတင်းနဲ့ ကြည့်ရင်း...

“ခင်ဗျားတို့မို့လို့ ကျုပ်ကို ခွေးပြော ဝက်ပြော ပြောပြီးကြတော့မှ ခုလိုအရက်မရှိ တောင်းဝံ့တာများ အံ့ဩဖို့ ကောင်းတယ်ဗျာ၊ ကျုပ်ဟာ ခင်ဗျားတို့ ပြောသလို တစ်ပြားမှ မတန်ပေမဲ့ လူ့မာနတော့ ရှိပါသေးတယ်ဗျ၊ ခုကိစ္စဟာလည်း ဘယ်သူမှ မဲအိတ်ကို အရင် မနှိုက် ချင်ကြဘူးဆိုလို့ ကျုပ် နှိုက်လိုက်ရတာပါ။ ခင်ဗျားတို့အားလုံးက ကျုပ်ကို စေတနာ မရှိသလိုပဲ ခင်ဗျားတို့ အားလုံးကို ကျုပ်က စေတနာမရှိဘူးဗျ”

လို့ ပြောပြီး လေးလေးပင်ပင် ရှိတဲ့ တောင်းကြီး တအိအိထမ်းပြီး သူ့အိမ် အမြန် လှမ်းသွားလေရဲ့။

ဘီလ်ချမ်းဘားစ်က မစားရ ညှော်ခံဆိုသလို ထိုင်ရာက ထပြီး တံခါးပေါက်က လှမ်းမျှော် ကြည့်နေသေးတယ်။ ကျန်ရစ်ခဲ့တဲ့ လူတွေအားလုံးဟာ ငူတူတူ ငိုင်တိုင်တိုင် ကြီးတွေနဲ့ ကြက်နာကြီးတွေ ပိုးထိထားသလို ဖြစ်နေကြတယ်။

ဩော်… သူတို့ရဲ့ ချွေးနည်းစာလေးတွေ လပေါင်းများစွာ စုဆောင်းပြီး တစ်ရွာ လုံးရဲ့ မေတ္တာအိုးကြီး ဘော့ပရစ်တီးကို ပူဇော် လိုက်ရပေသကိုး။ အဆိုးဆုံး ယူကျုံးမရ ဖြစ်ရ တာကတော့ သည်မဲလိပ်တွေကို တစ်ယောက်မှ မနှိုက် လိုက်ရဘဲနဲ့ စတယ် ဆိုကတည်းက ဒေါက်ခနဲ ဆော်ထည့် သွားတာ။ သူတို့ဟာ ထီခနဲဆို ကွဲကျန်ရစ် ခဲ့ကြတာပဲ။ သည်လောက် မြန်မြန်ကြီး ဘော့ပရစ်တီး လက်ထဲ ရောက်သွားတာဟာ မကျေနိုင် မချမ်းနိုင် ဖြစ်စရာ အကောင်းဆုံးပေါ့။ ဒါတွေကို မြင်ရတော့ ဆိုင်ရှင်စမစ်က သူတို့ကို တတ်နိုင်သလောက် ဖျောင်းဖျ နှစ်သိမ့်ရှာပါတယ်။

"ဒါတော့လည်း ဘယ်တတ်နိုင်မလဲ၊ မင်းတို့ထက် သတ္တိရှိလို့ ဘယ်သူမှ စ မနှိုက်ဝံ့တဲ့ ဟာကို သူက နှိုက်သွားတာပဲ။ မင်းတို့ကို အရင် နှိုက်ပါလို့တောင် ခမျာက ပြောရှာသားပဲ။ ဟော့… ဟင်နရီဝေါ့ကားနဲ့ ဂျော့ချ်ကဲဘားလ် ငါပြောတာ ဟုတ်တယ် မဟုတ်လား"

ဟင်နရီဝေါ့ကားက စိတ်ထိခိုက် လွန်းလို့ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ပေမဲ့ ဂျော့ချ်ကဲဘားလ်ပါးစပ်က မကြားဝံ့ မနာသာတွေ ပြောဆို အော်ဟစ်နေတော့ စမစ်က သူ့ကို သုံးကြိမ်တိုင်တိုင် တိတ်ခိုင်းပေမဲ့ မတိတ်တဲ့အတွက် ဆိုင်အပြင်ဘက်ကို ဆွဲထုတ် ခံရတယ်။

အဲသည်လို ဖြစ်နေကြတုံးမှာ ထင်းရှူးသေတ္တာ တစ်လုံးပေါ်မှာ ငုတ်တုတ် ထိုင်နေတဲ့ စက်ချုပ်သမား ဒစ်ကီဝိဒ်ဟာ လက်ဝါးပေါ် မေးတင်ပြီး နက်နက်နဲနဲ စဉ်းစား နေရာက သူ့တင်ပါးကို ကင်းထိုးလိုက်သလို ဟားခနဲအော်ပြီး ထိုင်ရာက အလန့်တကြား ခုန်ထလိုက်တဲ့ အတွက် ဆိုင်ရှင်စမစ်က...

"ဟေ့လူ ဘာဖြစ်တာလဲ"

ဒစ်ကီဝိဒ်က မျက်စိကို စုံမှိတ်ပြီး နှစ်ချက်သုံးချက် ခုန်လိုက်ရင်း

"ငါသိပြီကွ၊ ငါသိပြီ၊ ဘယ်မလဲ ဟိုအိတ်"

"ဘာအိတ်လဲ"

စမစ်က မေးတော့...

"ဟို မဲလိပ်တွေ ထည့်တဲ့ စက္ကူအိတ်လေဗျာ"

သည်တော့ ဘီလ်ချမ်းဘားစ်က မီးလင်းဖိုဘက် မေးထိုးပြပြီး...

"ဘော့ပရစ်တီးကို ထည့်ပစ်ဖို့ကောင်းတဲ့ ဟိုအထဲမှာပေါ့"

"ဘာပြောတယ်၊ အဲဒါမှ သေသေချာချာ နာပြီဟေ့၊ နာပြီကွ"

ဒစ်ကီဝိဒ်က ဗလုံးဗထွေး ပြောတော့ ဘီလ်ချမ်းဘာစ်က ဒေါပွပွနဲ့

"ဟိတ်ကောင် အင်္ဂလိပ်စကားကို အင်္ဂလိပ်နားလည်အောင် ပြောစမ်းပါကွ၊ ဘာနာတာလဲ"

ဒစ်ကီဝိဒ်က တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်ပြီး သူ့လက်ဖဝါးကို သူ့လက်သီးနဲ့ ထုကာ ထုကာ…

"ပြောမယ်ကွ ပြောမယ်… မဲလိပ်စက္ကူအိတ်ကို ဘယ်မအေ့လင်က မီးဖိုထဲ ပစ်ချ လိုက်ရတာလဲ၊ ဘယ်သူက ခိုင်းလို့လဲကွ ဟေ… ကဲ ခုတော့ သိပ်နောက်ကျသွားပြီ"

"ဘာနောက်ကျတာလဲ ဒစ်ကီ၊ ရှင်းရှင်း ပြောစမ်းပါဟ"

"ကိုင်း… လထူလထိုင်းတွေ သေသေချာချာ နားထောင်၊ ငါ ပြောပြမယ်၊ ဘော့ပရစ်တီးဟာ မဲလိပ်စက္ကူအိတ်ထဲ နှိုက်လိုက်တယ် ဆိုတာကတည်းက သူ့လက်ထဲမှာ မဲလိပ်တစ်ခု ပါပြီးသားကွ၊ နံပတ်ဝမ်းလို့ အချောင်းတစ်ချောင်းထဲ ရေးထားတဲ့ မဲလိပ်၊ တို့တစ်တွေ မစ္စတာစမစ် မဲလိပ် လိပ်နေတာ ဝိုင်းကြည့် နေကြတုန်း ဒီကောင် သူ့မဲလိပ် သူရေးပြီး လက်ချောင်းနှစ်ခုထဲ ကပ်ထားတာကွ၊ နားလည်ကြပြီလား နွားတွေ"

သည်တော့ နားလည် ကြပြီးတော့ လူမိုက်နောက်မှ အကြံရကြပြီး လက်ချောင်း တွေ မီးလောင်မှာတောင် ဂရု မစိုက်နိုင်ကြတော့ဘဲ ဘာအဓိပ္ပာယ်လဲ ကိုယ့်ဟာကိုယ်မသိ၊ မီးထဲမှာ မဲလိပ်စက္ကူတွေကို ယက်ပြီး ရှာကြတယ်။ မဲလိပ်ခြောက်ခုတော့ ပြန်ရပါရဲ့။ ဒါပေမဲ့ နံပတ်တစ် ပါတဲ့ဟာတော့ မဟုတ်ဘူး။ သည်တော့ကာ အားလုံး သံပြိုင် ဆူကြ ပူကြပြီးတော့ ဘော့ပရစ်တီးကို ဘာလုပ်မယ်၊ ညာလုပ်မယ်နဲ့ ပြောကြ ကြိမ်းကြတယ်။ သည်တော့ ဆိုင်ရှင် စမစ်က…

"မင်းတို့ သူ့ကို ဘာမှ သွားလုပ်လို့ မရဘူးကွ၊ မင်းတို့မှာ ဘာလက်ဆုပ် လက်ကိုင်မှ သက်သေ ပြနိုင်စရာ မရှိကြဘဲ၊ နောက်ပြီး အခုဟာက ဒစ်ကီဝိဒ်ရဲ့ အတွေးသက်သက်ပဲ ဥစ္စာ"

လူတွေက စမစ်ပြောတာ လက်မခံနိုင်ဘဲ ငြင်းကြ ခုံကြသေးတယ်။ ဒါပေမဲ့ ဘီလ်ချမ်းဘားစ်က သူတို့ကို မျက်စိတစ်ဖက် မှိတ်ပြပြီး တိတ်တိတ်နေကြဖို့ လက်ရိပ်ပြတယ်။ အားလုံးငြိမ်တော့ ဆိုင်ရှင်စမစ်က အိမ်ထဲ ဝင်အသွားမှာ ဘီလ်က တိုးတိုး ကျိတ်ပြောတယ်။

"ကိုယ့်လူတို့ စိတ်မပျက်ကြနဲ့၊ ကျုပ်တို့ မဲတောင်းကြီးကို ဘော့ပရစ်တီးဆီက ရတဲ့ နည်းနဲ့ ပြန်ယူမယ်။ စမစ်မသိစေနဲ့၊ သူက သူ့လုပ်နည်း မှန်တယ် ထင်နေတာ"

"ဒါဖြင့် အခုပဲ သွားယူကြမယ်၊ တို့လူသိုက်က အများကြီး၊ ဒင်း ခံနိုင်မလား"

စစ်ပြန် ရဲဘော်ဟောင်းကြီး ပီတာဂါးတင်းက မဟုတ်မခံချင်စိတ်နဲ့ ပြောတော့ ဒစ်ကီဝိဒ်က ခေါင်းခါပြီး...

"ဒီလို လုပ်လို့မရဘူးလေ၊ တို့ကို သူက တရားဥပဒေနဲ့ ကိုင်မှာပေါ့ကွ၊ ဒင်းက ဒါမျိုး အကျပ်ကိုင်ဖို့က ဝါသနာပါသနဲ့"

သူတို့ဟာ ဆိုင်ပိတ်ချိန် ရောက်တဲ့အထိ ဘယ်လို လုပ်ရကောင်းမလဲလို့ ခေါင်းချင်းဆိုင် တိုင်ပင်ကြပေမဲ့ အဖြေမရဘူး။ ဆိုင်ပိတ်တော့ ဆိုင်အပြင်ဘက်မှာ ဆက်ပြီး ဆွေးနွေး ကြသေးတယ်။ စိတ်မရှည်တဲ့လူတွေ၊ စိတ်ပြေလွယ်တဲ့ လူတွေကတော့ တစ်ယောက်တည်း၊ နှစ်ယောက် တစ်တွဲ၊ သုံးယောက်တစ်တွဲ စသည်ဖြင့် တစ်စ တစ်စ အိမ်ပြန် ကုန်ကြတော့ နောက်ဆုံး လူလေးယောက်ပဲ ကျန်တော့ခါမှ ဟင်နရီဝေါ့ကားက အင်မတန် ပညာသားပါတဲ့ အကြံတစ်ခု ရလာတယ်။

"ဟေ့... မနက်ဖြန် ညနေကြရင် တို့အထဲက တစ်ယောက်လောက်က ဘော့ပရစ်တီးကို ဒီဆိုင်ရောက်အောင် ခေါ်ခဲ့ပြီး တစ်ပုလင်း ထောင်ပေးထားလိုက်ကွ၊

နောက် နစ်ယောက်က ဘော့ပရစ်တီး ဒီမှာ ရှိနေတဲ့ အချိန်မှာ သူ့အိမ်ရှေ့သွားပြီး ရန်ဖြစ် သတ်ပုတ်နေဟန် ဆောင်ရမယ်၊ ဒီတော့ အင်မတန် စပ်စုတတ်တဲ့ ဘော့ပရစ်တီးမယားနဲ့ သားသမီးတွေ အိမ်ရှေ့ထွက်လာပြီး မင်းတို့ ရန်ဖြစ်တာကို ကြည့်နေတုန်းမှာ ကျန်တဲ့ တစ်ယောက်က သူတို့အိမ် နောက်ဖေးပေါက် ဝင်ပြီး မဲတောင်းကြီးကို သုတ်ခဲ့ရုံပဲ၊ ကဲ... မကောင်းဘူးလား"

ဟင်နရီရဲ့ အကြံကို ဘီလ်ချမ်းဘားစ်က သဘောကျလွန်းလို့ ချီးမွမ်းလိုက်တာ ဟင်နရီဟာ မျက်နှာတောင် ဘယ်လိုထားရမှန်း မသိဘူး ဖြစ်သွားသတဲ့။

"မဲတောင်းကြီးကို ပြန်ရလာလို့ တို့ ဘာလုပ်ကြမလဲဟေ့"

ဝမ်းသာလုံးဆို့ အသံကြီးနဲ့ ဆမ်ဂျူးက မေးတော့...

"မဲပြန်နှိုက် မှာပေ့ါကွ၊ ဒါပေမဲ့ ဘော့ပရစ်တီး မသိစေဘဲ တိုးတိုးတိတ်တိတ် လုပ်ရမှာပေ့ါ"

သည်တော့ ဆမ်ဂျူးက ခဲမှန်ဘူးတဲ့ စာသူငယ်လို တစ်စုံတစ်ခု စဉ်းစားမိပြီး...

"ငါ့သဘောကတော့ တောင်းကြီးကို မီးရှို့ပစ်ပြီး အထဲက ဟာတွေကို တစ်ခုစီသတ်သတ် မဲနှိုက်ရရင် ကောင်းလိမ့်မယ်။ တစ်ယောက်တည်း စုပြီး ရတာထက် ထိုက်တဲ့လူ တစ်ယောက်စီ တစ်ခုစီ ရတာက ပိုကောင်းတာပေ့ါကွာ၊ ဒီတုန်း ဘော့ပရစ်တီး လာဦးတော့ ဒါတွေဟာ သူ့ပစ္စည်းပါလို့ ဘာပြောနိုင်တော့မှာလဲ၊ တို့မေးလည်း မသိဘူးပေါကွ"

သည်အကြံကို အားလုံးလက်ခံပြီး ကျေနပ်စွာနဲ့ အဲသည်ည အိမ်ကိုပြန်ကြတယ်။ နောက်တစ်နေ့ မနက်မှာလည်း ကိုယ်နီးစပ်ရာ လူကို သည်ကိစ္စ အသိပေးကြတယ်။

ဟင်နရီကတော့ လူအများဆီ ပေါက်ကြားတာကို မလိုလားဘူး။ နောက်ဆုံး ဒီကိစ္စကို အကောင်အထည်ဖော်ဖို့ တာဝန် အသီးသီး ချကြရာမှာ ပီတာဂါးတင်းက ဘော့ပရစ်တီးကို ဆိုင်ခေါ်လာပြီး အရက်တိုက်ဖို့ တာဝန်ကျတယ်။

ထစ်ခနဲဆို စိတ်တိုတတ်တဲ့ နေရာမှာ လူသိများတဲ့ တက်ဒ်ဘရောင်းနဲ့ ဂျိုးစမစ်က ဘော့ပရစ်တီး အိမ်ရှေ့မှာ သတ်ပုတ်ရမယ်၊ အစီအစဉ်ကတော့ အရာရာမှာ အံဝင် ခွင်ကျပါပဲ။ ဘော့ပရစ်တီးက နှစ်ခွန်း ပြောစရာတောင် မလိုပါဘူး။ အလွယ်တကူပဲ ပါလာတယ်။

နေဝင်ရီတရော အချိန်မှာ ဘော့ပရစ်တီးဟာ သူ့အိမ်ရှေ့ တံခါးကိုမှီပြီး စတိုင်နဲ့ ဆေးတံ ခဲနေတုန်း ပီတာဂါးတင်းက အိမ်ရှေ့ကဖြတ်သွားရင်း လမ်းကြုံသလိုနဲ့ ဆေးလိပ်မီး တောင်းတယ်။

ပြီးတော့ ပီတာက ဘယ်သူတွေ ဘာပြောပြော ဘော့ပရစ်တီးဟာ မဲအရင်ဆုံး နှိုက်ဝံ့တဲ့ သတ္တိရှိလို့ မဲတောင်းကြီး ပေါက်တာကို သူ့အနေနဲ့ အင်မတန် ချီးကျူးကြောင်း ပြောပြလေ ဘော့ကလည်း ရင်ကော့ပြီး သူဟာ ဗြိတိန်လူမျိုးပဲ၊ သတ္တိရှိတာပေါ့လို့ ပြန်ပြောသတဲ့။

သည်တော့ ပီတာက ဘော့ကို ဂုဏ်ပြုတဲ့အနေနဲ့ ပန်းငေါ်ဖီမှာ တိုက်ပါရစေ ပြောတော့ နှစ်ယောက်သား ညီရင်းအကိုပမာ တစ်ယောက်ပခုံး တစ်ယောက်ဖက်ပြီး အရက်ဆိုင် ရောက်တော့ လအများက (ဇာတ်တိုက် ထားကြတဲ့အတိုင်း) ဘော့ပရစ်တီးကို ဆီးပြီး ကလေးပြုရီရွှာရဲ့ သူရဲကောင်းကြီးပမာ ထောပနာပြုကြ၊ ဒကာ ခံကြပေါ့နဲ့လေ။ ဘီလ်ချမ်းဘားစ်ကတော့ ဘော့ပရစ်တီး ကျောကုန်းကို အသာအယာလက်နဲ့ သပ်ပြီး ကုသိုလ် ထူးလို့ မဲတောင်းကြီးပေါက်တာ ဘယ်သူ ဘာတတ်နိုင်မှာလဲလို့ ပြောတော့

ဘော့ပရစ်တီးကလည်း မျက်နှာကိုမော့ပြီး ဟုတ်တယ်ဟေ့… ဘယ်သူ ဘာတတ်နိုင်မှာလဲလို့ ပြန်ပြောသတဲ့။

အဲသည်အချိန်မှာ လူတွေဟာ ရန်ဖြစ်သံ ဆူဆူညံညံ ဘယ်တော့ ကြားရမလဲလို့ လည်တဆန့်ဆန့်နဲ့ ပေါ့လေ။ တစ်ပုလင်းကုန်လို့ ဘော့က အိမ်ပြန်မယ်လုပ်တော့ ဘီလ်က နောက်တစ်လုံး ဒကာ ခံပါရစေဆိုပြီး ဆွဲထားတယ်။

နောက် တစ်ပုလင်းကတော့ ဆမ်ဂျူး၊ အဲဒါကုန်လို့ နောက်တစ်ကြော့ပြန် ဘီလ်ချမ်းဘားစ်က တိုက်မယ် လုပ်ပြန်တော့ ဘော့ဟာ တားမရတော့ဘူး။

သူ့မိန်းမ မျှော်နေရော့မယ် ဖြစ်တဲ့အတွက် ပြန်ရမယ်လို့ ပြောပြီး သူ့အင်္ကျီစကို ဆွဲထားတဲ့ ဘီလ်ရဲ့ လက်ကို ပုတ်ထုတ်လိုက်ပြီးတော့ စားပွဲပေါ်တင်ထားတဲ့ ဆမ်ဂျူးရဲ့ ဆေးလိပ်ကို သူ့ဟာလို ကောက်ထည့်ပြီး ထွက်သွားတော့တယ်။ ဘော့ပရစ်တီး ဝေးဝေး ရောက်သွားတော့မှ ဘီလ်ချမ်းဘားစ်က အခန်းထဲက လူတွေကို…

"ဟေ့… ဒီကောင်ပြန်လာပြီး သူ့မဲတောင်းကြီး ပျောက်သွားတယ် ဘာညာပြောရင် ဘယ်သူမှ မသိဘူးလို့ ပြောကြနော်"

"အေးပါကွာ၊ ဟင်နရီကသာ တောင်းကြီး ချောချောမောမော ရခဲ့ပါစေ ဆုတောင်းရတာပဲ၊ ဒါမှ တို့ သေနာကောင်ကို အရက် ပသ လိုက်ရတာတွေ အလဟဿ မဖြစ်မှာ"

"ဒါနဲ့ ဟင်နရီက ဘယ်တော့လာမှာလဲကွ"

ဒစ်ကီဝိဒ်က မေးတော့ ဘီလ်ချမ်းဘားစ်က…

"လာတော့မှာပါကွ၊ ရောက်ဖို့တော့ သင့်နေပြီ"

သူတို့အဲသည်လို ပြောကြပြီး ၅ မိနစ်လောက်အကြာမှာ ဟင်နရီဟာ ဆိုင်ထဲကို ယိုင်တိ ယိုင်တိုင်နဲ့ ပန်းလျလျ ဝင်လာတယ်။ ဦးထုပ်က ခေါင်းပေါ်မှာ ရွဲ့ရွဲ့စောင်းစောင်း၊ မျက်နှာမှာလည်း သွေးသံရဲရဲ အစင်းသုံးချောင်းနဲ့ သူဟာ ဘီလ်ရှိရာ စားပွဲရှေ့ ကမန်းကတန်း လာရပ်ပြီး ခုနလေးတင်မှ ဖြည့်ထားတဲ့ ဘီယာခွက်ကို တအား ကောက်မော့ လိုက်တယ်။ ဘီလ်က သူ့ကို တအံ့တသြ မော့ကြည့်ရင်း…

"ဘယ်… ဘယ်လိုဖြစ်တာလဲ ဟင်နရီ၊ မဲတောင်းကြီး မရခဲ့ဘူးလားကွ"

ဟင်နရီ သူ့ဦးခေါင်းကို လက်နှစ်ဖက်နဲ့ မေးကိုင်လိုက်ပြီး စိတ်ပျက် ညှိုးငယ်စွာနဲ့ ညည်းညူရင်း ခေါင်းခါပြတယ်။ ဘီလ်က သူ့ကို အပြစ်တင်တော့ စိတ်ဆိုးမာန်ဆိုးနဲ့

"တိတ်စမ်း၊ မင်းတို့က ဒီမှာ အခန့်သားထိုင်ပြီး အရက်ကလေး တမြမြနဲ့ အပြစ် ပြောနေ၊ ငါလည်း တတ်နိုင်သလောက် အကောင်းဆုံး ကြိုးစားတာပါပဲ၊ အစတုန်းကတော့ အားလုံး အဆင်ပြေတယ်ကွ၊ တက်ဒ်ဘရောင်းနဲ့ ဂျိုးစမစ် သူတို့အိမ်ရှေ့မှာ သတ်ကြ ပုတ်ကြတယ် ဆိုရင်ပဲ ဘော့မိန်းမရယ်၊ သူ့ခယ်မနဲ့ ကလေးတွေရယ် အိမ်ရှေ့ ပြေးထွက် လာပြီး ကြည့်ကြတယ်။ သူတို့လည်း အိမ်ရှေ့ထွက်သွားရော ငါလည်း နောက်ဖေးပေါက်က အသာ ကုန်းဝင်ပြီး မီးဖိုချောင်ထဲမှာ မဲတောင်းကြီး ရှာနေတုန်း အိမ်ရှေ့က ပြန်လာတဲ့ ခြေသံတွေ ကြားရတယ်။ ငါလည်း ဘာလုပ်ရမှန်း မသိဖြစ်ပြီး မီးဖိုချောင်ထဲလည်း ပုန်းစရာ နေရာ မရှိတာနဲ့ အနီးဆုံး အိပ်ခန်း တစ်ခန်းထဲ အင်မတန်နံတဲ့ ခုတင်တစ်လုံးအောက် ဝင်ပုန်း နေရတာပေါ့"

ဟင်နရီက ပြောရတာမောတော့ ခဏနားတယ်။

"ဒီတော့ ဘာဖြစ်သလဲ"

ဘီလ်က သိချင်ဇောနဲ့ တွန်းမေးတော့ ဟင်နရီဟာ နံဘေးက လူတွေကို ရှက်ကိုးရှက်ကန်းနဲ့ ကြည့်ပြီး...

"ဟိုမိန်းမတွေ အိမ်ပေါ် တက်လာကြတယ် ဆိုရင်ပဲ တစ်ခါတည်း အိပ်ခန်းထဲ ဝင်လာကြတာကွ၊ ဘော့မယားဟာ ခုတင်အောက် ငုံကြည့်ပြီး ငါ့မြင်တယ် ဆိုရင်ပဲ ငယ်သံပါအောင် အော်ပြီး တကနည်း ငါ့မျက်ခွက်ကို လက်သည်းနဲ့ ဆွဲကုတ်တော့တာပဲ"

အားလုံးက သွေးရဲနေသော ခြစ်ရာများနှင့် သူ့မျက်နှာကို ကြည့်၍

"မင်းလုပ်ပုံက ဇာတ်တော့ ရှုပ်ကုန်ပါပြီကွာ"

ဘီလ်က ထိတ်ထိတ်ပြာပြာနှင့် ပြောတော့ ဟင်နရီက...

"အံမယ်... မင်းကော ငါ့နေရာမှာဆိုရင် ဘယ်လိုလုပ်မလဲ"

"တစ်ခုခုတော့ ပြဿနာရှင်းအောင် လုပ်ရမှာပေါ့ကွ၊ နို့ မင်းဟာ ဘယ်သူလဲ ဆိုတာကော ဘော့မိန်းမက သိသလား"

"ဟ... မသိဘဲနေမလားကွ၊ တစ်ရွာတည်းသားချင်းတွေပဲ... ငါ့စိတ်ထင်တော့ ငါတို့ အကြံကို ဒင်းတို့က အားလုံး ကြိုသိ နေလိမ့်မယ်ကွ၊ ဒါကြောင့် ဘာဖြစ်ရင် ဘာလုပ်မယ် ဆိုတာ သူတို့မှာလည်း အစီအစဉ် ရှိနေပုံ ပေါ်သကွ"

"အေးလေ... ဒါဖြင့် မင်းပြဿနာ မင်း ရှင်းပေါ့"

"ဟိုး သဘောကျသကွာ၊ ခုမှ ကိုယ်လွတ် ရုန်းထွက်ဖို့ စိတ်ကူးမနေနဲ့တော့ ကိုယ့်လူတို့၊ ဒီကိစ္စမှာ ကျုပ်တို့အားလုံး တစ်လှေတည်းစီး တစ်ခရီးတည်း သွားတာချည်းပဲ"

ဘီလ်ချမ်းဘားစ်က စိတ်ရှုပ်ရှုပ်နဲ့ ခေါင်းကို တပြင်ပြင်း ကုတ်နေတုန်း ဆိုင်အပြင်က ဘော့ပရစ်တီးရဲ့ အသံစာစာကို ကြားလိုက်ရပြီး မကြာမီပဲ ဘော့ဟာ ဆိုင်ထဲကို ဒေါနဲ့မောနဲ့ ဝင်လာတယ်။

သူဟာ လူသတ်တော့မယ့် မျက်နှာထားနဲ့ ဆိုင်ထဲကို မျက်လုံးဝေ့ကြည့်ရင်း...

"ဟင်နရီဝေါ့ကား ဘယ်မလဲ" လို့ အသံကျယ်ကျယ်ကြီးနဲ့ မေးလိုက်တယ်။

ဘော့ပရစ်တီးအသံ ကြားကထဲက ကုပ်ကုပ်ကလေး ဘီယာစုပ်နေတဲ့ ဟင်နရီဟာ ပြေးမလွတ်တော့မှန်း သိတာနဲ့ ဘီယာခွက်ကို အသာအယာချပြီး ညောင်နာနာအသံနဲ့...

"ဘာလဲ သူငယ်ချင်း၊ ငါ ဒီမှာလေ"

"မင်း ငါ့အိမ်ထဲ ဘာလာလုပ်တာလဲ"

"မင်း ရှိမလားလို့ လာရှာတာပေါ့ကွ"

"ဩော်... ဒါကြောင့် ငါ့ခုတင်အောက်မှာ တွေ့တာပေါ့၊ မှန်မှန်ပြောတာ လိုချင်တယ် ဟင်နရီ၊ နို့မဟုတ်ရင် ကဒ်ဖို့မြို့ကို သွားပြီး ပုလိပ်ခေါ်ရလိမ့်မယ်"

သည်တော့ မထူးတော့တာမို့ ဟင်နရီလည်း အားတင်းလိုက်ပြီး ခပ်တည်တည်ပဲ ပြန်ပြောလိုက်တယ်။

"အေး... အမှန်သိချင်ရင် ပြောရမှာပေါ့ကွ၊ မင်းအိမ်ကို မဲတောင်းကြီး ပြန်ယူရအောင် သွားတာဟ၊ မင်း မနေ့က ကလိမ်ညာဆင်ပြီး ယူသွားတဲ့ မဲတောင်းကြီးလေ၊ ကဲ... သိပြီလား"

သည်တော့ ဘော့ပရစ်တီးဟာ အခန်းထဲရှိ လူအားလုံးကို လက်ငှေ့ပြပြီး...

"ကဲ ခင်ဗျားတို့တစ်တွေ သူပြောတာ ကြားကြတယ် မဟုတ်လား၊ အားလုံး သက်သေပဲနော်၊ ဟင်နရီက ကျုပ်အိမ်ထဲ ဝင်ပြီး တရားဝင်ပိုင်ထားတဲ့ မဲတောင်းကြီးကို ခိုးဖို့ ကြံစည်တယ်၊ သူ မရခဲ့ဘူး။ ဒါကြောင့် ဒီမဲတောင်းကြီးကို မနက်တုန်းကပဲ ရှီလင်သုံးဆယ်နဲ့ သွားရောင်း လိုက်ရပါတယ်"

"ဒါဖြင့်လည်း ပြီးရောပေါ့၊ အကျယ်အကျယ် မငြိမ်းဖွယ်တွေ လုပ်မနေနဲ့တော့၊ ကိုယ့်ပစ္စည်းလည်း ဆုံးရှုံးတာမှမဟုတ်ဘဲ"

ဘီလ်ချမ်းဘားစ်က ခပ်တည်တည် ဖျန်ဖြေ စကားပြောတော့ ဘော့ပရစ်တီးက လက်ကာပြရင်း...

"စကားဆုံးအောင် နားထောင်ဦးလေ၊ ကျုပ် ညနေက အပြင်ထွက်တော့ မဲတောင်း ရောင်းလို့ရတဲ့ ငွေတွေကို ခေါင်းရင်းက စင်ပေါ်မှာ တင်ထားခဲ့တယ်။ ငွေက တစ်ပေါင်၊ ကရောင်းပတ်က နှစ်ခု၊ နှစ်ရှီလင်စေ့ နှစ်စေ့နဲ့ ပဲနိစေ့က ခြောက်စေ့၊ အဲသလို သေသေချာချာ မှတ်မှတ်သားသား ထားခဲ့တယ်၊ ကျုပ်မိန်းမနဲ့ ခယ်မလည်း သိတယ်"

"အေးလေ... အဲဒါ ဘာဖြစ်သလဲ"

ဆမ်ဂျူးက သူ့ကိုစေ့စေ့ ကြည့်ပြီးမေးတော့...

"ဘာဖြစ်ရမလဲကွ၊ ငါ့မယားက ဟင်နရီကို မျက်ရည်စက်လက် ဒူးထောက် တောင်းပန်ပြီး အသက်တော့ ချမ်းသာပေးပါ၊ လိုချင်တာ ယူသွားပါဆိုတော့ ဒီကောင်လည်း ပြန်သွားရော စင်ပေါ်က ငါ့ပိုက်ဆံလည်း မရှိတော့ဘူး"

ဟင်နရီက ဒီစကား ကြားရတော့ ခြေကားယား လက်ကားယားနဲ့ ထိုင်ရာက ယိုင်တိယိုင်တိုင် ထလာပြီး...

"မင်း... မင်းက ငါခိုးတယ်လို့ ဆိုလိုသလား"

"ဆိုတယ်လေ၊ မင်းပဲ အခုန ဟောဒီ ပရိသတ်ရှေ့မှာ ပြောခဲ့တယ် မဟုတ်လား၊ ငါ့အိမ်လာပြီး ဒီတောင်းကြီးကို ခိုးတယ်ဆို၊ ဒီမဲတောင်းကြီး မရတော့တာနဲ့ ဒီတောင်း ရောင်းရတဲ့ ပိုက်ဆံယူတာ ဘာဖြားနားသလဲ"

ဟင်နရီဟာ ဘာပြန်ပြောရမှန်း မသိဘဲ ကြောင်တောင်တောင် ဖြစ်နေတယ်။ သည်တော့ ဘော့ပရစ်တီးကပဲ ဆက်ပြီး...

"ကျုပ်မိန်းမဆို ခုအိမ်မှာ ငိုကြီးချက်မနဲ့ ထားခဲ့ရတယ်၊ ပျောက်တဲ့ငွေ နမြော လို့တော့ မဟုတ်ဘူး။ ခမျာ စိတ်သဘောက ကောင်းရှာတော့ ဟင်နရီ ကျုပ်တို့ကို ဒီလို လုပ်ရက်တာ၊ ဒါကြောင့် ထောင်ထဲ သွားနေရမှာ တွေးတွေးပြီး စိတ်မချမ်းသာ လွန်းလွန်းလို့ တဲ့၊ နို့ပြီး သူ ကြောက်အား လန့်အားနဲ့ ကုတ်လိုက်မိတာလည်း သနားပါတယ်တဲ့"

ဟင်နရီက တွေဝေးနေရာမှ...

"မင်း ပိုက်ဆံ ငါ ထိတောင် မထိဘူး၊ မင်းတို့လည်း ပိုက်ဆံ ရှိတယ်ဆိုတာ ငါ ယုံဘူး"

"ဒါကတော့ မင်း သဘောပေါ့လေ၊ ငါကတော့ ဒီနေ့ ကဒ်ဖို့ကို လိုက်သွားပြီး ပုလိပ် တိုင်မှာပဲ၊ ငါ့မယားရယ်၊ ငါ့ခယ်မရယ်၊ မင်းကို ငါ့ခုတင်အောက်မှာ တွေ့တယ်၊ မင်း မျက်နှာလည်း ငါ့မိန်းမ ကုတ်ထားတဲ့ ဒဏ်ရာရှိတယ်၊ နောက် ပျောက်သွားတယ်၊ အခု အားလုံး အမြင်ပဲနော်"

"ဘော့ရာ မင်းကလည်း ပြီးတာပြီးရော ထားပါတော့ကွယ၊ ကိုယ့်မှာ ဘာမှ နစ်နာတာမှ မဟုတ်တာ၊ အချင်းချင်းတွေပဲ"

"အိုး… ဘယ်ဖြစ်မလဲကွ၊ သူတို့ကမှ ငါ့အပေါ် မညှာတာပဲ၊ ငါကကော ညှာရမလား၊ အေး ဒါပေမဲ့ တစ်ခုတော့ ရှိတယ်၊ တစ်သက်လုံး တစ်ရေတည်းသောက်၊ တစ်မြေတည်း နေတဲ့ လူချင်းမို့ ခွင်းချက်တော့ ထားပေးလိုက်မယ်။ ငါ့ခုတင် ခေါင်းရင်း စင်ပေါ်က ပျောက်သွားတဲ့ သျှိုလင် သုံးဆယ်ကို ပြန်ရမယ် ဆိုရင်တော့ အမှု မလုပ်တော့ဘူး။ ဒါ အတတ်နိုင်ဆုံး သက်ညှာတာပဲ"

ဆိုပြီး ခေါင်းတစ်မော့မော့ ခပ်ကြော့ကြော့နဲ့ ပြန်သွားလေရဲ့၊ အခန်းထဲက လူတွေဟာ ဟင်နရီကို သနားကြပေမဲ့ ဘာမှလည်း မတတ်နိုင်ကြဘူး၊ ဆမ်ဂျုံးကတော့ အတော်ကြာ စဉ်းစားနေပြီးမှ…

"ဒင်း ဘယ်စင်မှာမှ ပိုက်ဆံ တင်မထားဘူး ဆိုတာ ငါ ကျိန်ပြောဝံ့တယ်။ မင်းလည်း သိတယ်၊ အားလုံး သိကြတယ်၊ ဒီတော့ ဒင်း ဆင်တဲ့ အကွက်ထဲကို မဝင်နဲ့ ဟင်နရီ၊ ထောင်သာ သွားအကျ ခံလိုက်ပါကွာ"

မြို့အုပ်မင်းတို့ ဝိုင်း၍ စောင်မကြသည်။ နောက် တစ်ယောက်ကလည်း…

"အင်းလေ… ဒင်း ညစ်မှန်းသိပေမဲ့ တို့ဘက်က ဘာမှ မတတ်နိုင်ဘူး မဟုတ်လား"

ဟင်နရီဝေ့ါကားမှာတော့ သူတို့စကားကို နားမဝင်နိုင်၊ အများကြောင့် ဝေက်ဒဏ် ခံရမှာလည်း မကျေနပ်။ ဒါကြောင့် သူက ဘော့ပရစ်တီး တောင်းတဲ့ သျှိုလင်သုံးဆယ်ကို အားလုံး စုပေါင်းပေးရမယ်။

လက်ထဲမှာ ငွေမရှိရင် သည်ကိစ္စကို ဘော့ပရစ်တီး ဝင်မယ် ဆိုတုန်းက တရားမျှတ ပါစေ့မယ်လို့ အာမခံတဲ့ ဆိုင်ရှင်စမစ်က ချေးပေးရမယ်လို့ ဆိုတော့ ဘယ်သူကမှ သဘော မတူကြဘူး။ ဒါပေမဲ့ သမာသမတ်ရှိတဲ့ စမစ်ကပဲ ဒီလိုမှ မလုပ်ရင် ဟင်နရီ တစ်ယောက်တည်း မဟုတ်ဘူး၊ အားလုံး ကြံရာပါ အဖြစ်နဲ့ ထောင်ထဲ ရောက်သွားကြလိမ့်မယ်။ ပြောတော့မှ စိတ်မပါတပါနဲ့ မလွှဲသာလို့ လက်ခံလိုက်ကြတယ်။

ဘော့ပရစ်တီးဆီကို ငွေပေးရအောင် သူတို့တစ်သိုက်ကြီး သွားကြတော့ ဘော့က ပုလိပ်ဆီ သွားဖို့ အိမ်ပေါ်က ဆင်းလာခိုက် ဖြစ်တယ်။ သူသွားဖို့ ပြင်ဆင်ပြီးသား ဖြစ်နေလို့ ငွေကို လက်မခံတော့ဘူးလို့လည်း ငြင်းသေးတယ်။

သည်မှာတွင် ငွေပေးရင်း ဒင်းကို ဘယ်လိုကောင်စား၊ ဘာထင်တယ်၊ ညာ ထင်တယ်နဲ့ ပျစ်ပျစ်နစ်နစ် ဆဲဆိုကြိမ်းဝါးဖို့ မောင်းတင်လာကြတဲ့ ဟင်နရီတို့ လူစုဟာ ဘော့ပရစ်တီး နောက်က တကောက်ကောက် လိုက်ပြီး ငွေကို ယူဖို့ အကြောင်း ရှိခိုးဦးတင် ပြောရသေးသဗျ။ နောက်ဆုံးမှ ဘော့ပရစ်တီးက တစ်ရွာတည်းသားတွေ အချင်း မဖြစ်ချင်ပါဘူး။ ဟင်နရီဝေါ့ကားကို သနားလို့ဆိုပြီး ငွေကို လက်ခံတော်မူလိုက်သဗျ။

❊ ❊ ❊ ❊ ❊

## သေနတ်မှန်အာမခံကလပ်

“ပန်းဂေါ်ဖီ” ယမကာဆိုင်ရှေ့ အရိပ်ကောင်းသော သစ်ပင်ကြီး အောက်ရှိ စားပွဲ တစ်လုံးတွင် ခရီးသည် လူစိမ်း နှစ်ယောက်သည် နေခိုရင်း အအေးစိမ် ဘီယာကို တမြုံ့မြုံ့ စုပ်နေကြ၏။

ဒါကို မနီးမဝေး ခုံတန်းရှည်ပေါ် ထိုင်နေသော ကလေးပြုရီရှာ၏ ဘိုးသက်ရှည်က အင်မတန် အားကျစွာ ငေးကြည့်ရင်း သူ၏ ဖြူသော ဦးခေါင်းထဲမှ ဘီယာအေးလေး တစ်ခွက်လောက် အလကား သောက်ဖို့ရာ ဉာဏ်နီဉာဏ်နက်တွေ ထုတ်နေ၏။

မကြာပါချေ။ သူ၏ ရှုံ့တွသော မျက်ခွက်ကြီးသည် တိမ်ကြားမှ ပေါ်ထွက် လာသော လမင်းကြီးကဲ့သို့ ဝင်းလက်လာပြီး ခရီးသည်နှစ်ဦးနှင့် နီးသည်ထက် နီးရန် တစ်ဖက် ထိုင်ခုံ စွန်းသို့ ဖင်တရွေ့ရွေ့ဖြင့် တိုးကပ် လာပြီးသည့်နောက် သူ့နားကို လက်ဝါးဖြင့် ကာလျှက်...

“ငါ့တူတို့... စောစောက ဘကို ဘာများ ပြောလိုက်ပါလိမ့်၊ ဘတို့မှာတော့ အသက်က ထောက်လာပြီမို့ နားမျက်စိက မကောင်းတော့ပါဘူးကွယ်၊ ဟောဟို လောက်ဆွ ကများတော့ မင်းတို့က ယဉ်ကျေးသမှုနဲ့ ဘကို ဘီယာလေး တစ်ခွက်

လောက်များ သောက်ဖို့ ခေါ်မယ်ဆိုရင်တောင် ဘတို့နားက ကြားမယ် မဟုတ်တော့ဘူး ကွယ့်၊ အဲဒါကြောင့် ရိုင်းတယ် ထင်သွားကြမှာစိုးလို့ ဘ ဒီနားရွှေ့လာတာ၊ စိတ်မရှိကြပါနဲ့နော်”

ဤတွင် ကြင်နာတတ်ဟန် တူသော ခရီးသည် တစ်ယောက်က ခုလို နွေလယ်ကောင် ပူလောင်လောင် အချိန်မှာ ဘီယာ ဝတ်ရသည့် ဒုက္ခကို စာနာတတ်သည့် သဘောနှင့် အနီးသို့ ရောက်လာသော ဆိုင်ရှင်စမစ်အား အဘိုးအိုအတွက် ဘီယာတစ်ခွက်ကို မှာ၍ ဒါနပြုလိုက်၏။

အဘိုးအိုက သူ့ရှေ့လာချသော ဘီယာခွက်ကို ကုန်သွားမှာ စိုးသည့်အလား တခြည်းခြည်းချင်း မျှဉ်းစုပ်ရင်း နှုတ်ခမ်းပါးနားသို့ သူ့လက်ဖမိုး ရှုံ့တွတွကြီးနှင့် ပွတ်သက်ကာ အားရ ကျေနပ်သွားဟန် သက်မကြီးချလိုက်ပြီး…

“ဟင်း… ကောင်းပ့ါ ကောင်းပ့ါ၊ ဘီယာဆိုတာ ဘရဲ့အသက်ပဲကွဲ့၊ ဒါကလေးကို မှီဝဲ လိုက်ရရင် ကျုပ်ဟာ နေကောင်းထိုင်သာ ဖြစ်လာပြီး စိတ်လက် ပေ့ါပါးသွားရုံမက ငယ်မူငယ်သွေးတွေတောင် ပြန်ပေါ်လာရော့သလား အောက်မေ့ရသကွာ၊ ဒီတော့ ကျုပ်တို့ငယ်စဉ်က အတွေ့အကြုံ ရှေးဟောင်းနှောင်းဖြစ်တွေ သတိရပြီး လူတွေကို ပြန်ပြောင်း ပြောပြချင်တယ်”

ယင်း၌ တစ်ဦးသော ခရီးသည်က အန္တရာယ်ကို အနံ့ရသော သားကောင်ကဲ့သို့ သူ့အဖော်ကို ပျာယီးပျာယာ လှမ်းကြည့်လိုက်ပြီး မျက်ရိပ်မျက်ခြည်ပြကာ…

“ဂျက်… တို့များ သွားဖို့ အချိန်တော်ပြီထင်တယ်”

ဟု ဆိုလိုက်တော့ ဒုတိယလူက ဆေးတံထဲ ဆေးသိပ်ရင်း…

"နေစမ်းပါဦးကွ၊ ဒီဆေးအိုးတစ်ဆုံလောက် သောက်ပါရစေဦး၊ နေလည်း ပြင်းပါသေးတယ်"

သို့သော် အဘိုးအိုကတော့ ဘာမှ အရိပ်အကဲ သိပုံမပေါ်ဘဲ သူပြောချင်ရာကို ဆက်၍ ပြောတော့တယ်။

"ခုက မင်းတို့ တောလိုက်တဲ့အကြောင်း ပြောသံများ ကြားလိုက် မိသလားလို့၊ ဟောဒီ ကလေးမြူရီရွာ တစ်ဝိုက်မှာရှိတဲ့ တောဟာ တို့ခေတ်တုန်းကများ တောကောင် မျိုးစုံနဲ့ အင်မတန် ကျက်သရေ ရှိနေပြီး တောလိုက်လို့ သိပ်ကောင်းခဲ့တဲ့ နေရာပေါ့ကွယ်။ နောက်တော့ ဟိုလူ့မလွန်သား ဘော့ပရစ်တီး ဆိုတဲ့ကောင်ကြောင့် တခြားက လာတဲ့ လူကြီး လူကောင်းတွေ ဒီတောမှာ အမဲ မလိုက်ဝံ့တော့လို့ ရွာမှာ စီးပွားရေး၊ လူမှုရေးက အစ ထိခိုက် ကျဆင်း ကုန်ကြတာပေါ့။ ဘော့ပရစ်တီးအကြောင်း မင်းတို့ ကြားဘူးသလား မသိဘူးကွဲ့၊ ဒီလိုကွဲ့... ဒီကောင်က တို့ရွာမှာ သူများ မျက်ခုံးမွေးပေါ် စကြ်န် လျှောက်နေတဲ့ ကောင်၊ တို့ရွာရဲ့ ဂုဏ်သိက္ခာဟာ ဒင်းကြောင့် ကျဆုံး ခဲ့ရတာချည်းပဲ။ အဖြစ်က ဒီလိုကွဲ့... အဘတို့ရွာက မြေပိုင်ရှင်ကြီး "ရော့က်" ဟာ နိုင်ငံခြားကို တစ်နှစ်လောက် ခရီးထွက်မယ် ဖြစ်တော့ သူ့အိမ်ကြီးကို အလဟဿ မထားခဲ့ဘဲ လန်ဒန်မြို့ပေါ်က ကြေးရတတ် "စုတန်" ကို တစ်နှစ် စာချုပ်နဲ့ ငှားခဲ့တယ်။ ဒီလူချမ်းသာ စုတန်ဟာ စိတ်သဘောလည်း ကောင်းတယ်၊ အပေါင်းအသင်းလည်း ခင်မင် ရက်ရောတယ်။ ဒါနဲ့ အင်္ဂလန်မှာ ရာသီဥတု သာယာတဲ့ အောက်တိုဘာလ ရောက်တော့ အဘတို့ရွာမှာ နာမည်ကြီးတဲ့ ယစ်ငှက် ကြီးတွေ ပစ်ရအောင် လန်ဒန်မြို့က သူ့မိတ်ဆွေတွေကို ဖိတ်ခေါ်လိုက်တယ်။

ဒီမြို့ကြီးသားတွေဟာ တောလည်း တစ်ခါမှ မလိုက်ဘူးကြတော့ ငှက်တွေကို ပစ်လို့ ရဖို့ထက် ခြောက်လှန့်သလို ဖြစ်နေတော့ ပထမနေ့မှာ တော်လိုက်လို့ကို အပေါက်အလမ်း မတည့်ကြဘူး။

ဒါနဲ့ ဒုတိယနေ့မှာ ဘီလ်ချမ်းဘားစ်နဲ့ အပေါင်းအပါ ဆယ်ယောက်လောက်ကို ငှားပြီး တောခြောက်ခိုင်းတော့ အသင့်အတင့် ရကြတာမို့ လူကြီးမင်းများ တော်တော် ပျော်ကြတယ်။

ဒါပေမဲ့ ညနေစောင်းကြတော့ လူကြီးမင်းတစ်ယောက်ရဲ့ သေနတ်ကျည်ဆန်က ချော်တော ငေါ့သွားတာ ကံဆိုးသူ ဘီလ်ချမ်းဘားစ်ရဲ့ လက်ပြင်ကို သေနတ် ရှပ်မှန် သွားတယ်”

ဘီလ်ချမ်းဘာစ်ခမျာ အော်လိုက်တာ ငက်သံကို ပေါက်ကရော၊ သူဟာ မြေကြီး ပေါ်မှာ ဆန့်ဆန့်ကြီး လဲနေပြီး မျက်လုံး စုံမှိတ်ရင်း အော်ဟစ် ညည်းညူနေတယ်။

ကြာတော့ ဟင်နရီဝေါ့ကားက အမြင်ကတ်ကတ်နဲ့ သူ့ကို ယောက်ျားမပီသဘူး၊ မိန်းမလျှာ လားလို့ ပြောတော့ နည်းနည်း ငြိမ်သွားတယ်။ သူ့ကို လူလေးယောက်က ထမ်းစင်နဲ့ ထမ်းပြီး အိမ်ပြန်ပို့ရတယ်။

ဒီ့ကြောင့်လက်ပြင် ရှပ်မှန်တာနဲ့ လမ်း မလျှောက်နိုင်အောင် အဖြစ်သည်းပုံ များတော့ ပြောမယုံ ကြုံဘူးမှ သိမယ်ဆိုတာမျိုးပေါ့။ လမ်းမှာ ပီတာဂါးတင်းက သူ့ဝသီ အတိုင်း လေချွန်မိတာနဲ့ ဘီချမ်းဘားစ်က ငါ သေလုမြောပါး ဖြစ်နေတာတောင် မင်းက လေ တချွန်ချွန်နဲ့ အသည်းနှလုံးမရှိတဲ့ အကောင်လို့ ဟောက်သဗျ။

မြန်မြန်လျှောက်ကြတော့ သူ့ကို သေအောင် လုပ်ကြသလားတဲ့။ ဖြည်းဖြည်း သွားပြန်တော့ တစ်ခါ သေနာတွေ အိပ်ပျော် နေကြသလားတဲ့။ ဘယ်ဘက်ကမှ မလွတ်တမ်း တောက်တီး နေတော့တာပေါ့။

ဘီလ်ချမ်းဘားစ်က သေနတ်မှန်တဲ့ ဒဏ်ရာနဲ့ အိပ်ရာထဲမှာ တစ်ပတ်လောက် လဲနေတယ်။

ကြေးရတတ် စူတန်ဟာ တော်ရှာပါတယ်။ သူ့မိတ်ဆွေကြောင့် ဖြစ်ရတယ်ဆိုပြီး ဘီလ်အတွက် သူကိုယ်တိုင် ဆရာယန်ခေါ်ပေးတဲ့ အပြင် နစ်နာကြေးဆိုပြီး ဆယ်ပေါင် ကြီးများတောင် ပေးတယ်။

ဘီလ်ကို ဆရာဝန်က နောက်ထပ် တစ်ပတ်လောက် အိပ်ရာထဲမှာ ငြိမ်ငြိမ်နေဖို့ ပြောတယ်။ ဒါပေမဲ့ ဆယ်ပေါင်ဆိုတဲ့ ငွေကြီးများတောင် လုံးခနဲ ရနေတော့ ဘီလ်ဟာ ဒုတိယပတ်ရဲ့ ပထမနေ့မှာပဲ ပန်းဂေါ်ဖီ ရမကာဆိုင်ကို ရောက်လာခဲ့တော့တယ်။

သူ့ကျော်ပြင်မှာလည်း ပတ်တီးနဲ့၊ လမ်းလျှောက်တော့လည်း ထော့နဲ့ထော့နဲ့၊ စကားလည်း ကောင်းကောင်း မပြောနိုင်ဘူး၊ ဆိုင်ရှင်စမစ်က သူထိုင်ဖို့ ပက်လက်ကုလား ထိုင်ကို ကပျာကသီ ယူပေးရတယ်။ ခြေတင်ဖို့ ကူရှင်တုံးလေး လေးလုံးလောက် သွားသယ် ပေးတယ်။

ဒင်းက သူ့ကိုယ်သူ ဘုရင်ကြီးတစ်ဆူလို အခန့်သားကြီးထိုင်လို့ သူ့သေနတ် မှန်စဉ်က အဖြစ်အပျက်ကို သူရဲကောင်းကြီး တစ်ယောက်လို ခရေစေ့တွင်းကျ ပြောပြ နေလေရဲ့။ ဘီယာဟာ သူ့အတွက် ဆရာယန်ဆေးထက် စွမ်းတယ်ဗျ၊ လာစဉ်က လေးဘက် ထောက်မတက် ဖြစ်နေတဲ့ ဘီလ်ဟာ ည ၉ နာရီလောက်ရှိတော့ တကတည်း စားပွဲပေါ်တောင် တက် ကနေပြီး ဖန်ခွက် သုံးလေးခုလည်း ခွဲပြီးနေပြီ။ ဘီယာနစ်ချိုင့်ကို တိုက်မိလို့ ဖိတ်ကုန်တဲ့ အတွက်လည်း သူ့အိတ်ထဲက ငွေတွေကိုထုတ်ပြီး သူ့ဌေးစတိုင်နဲ့ ခပ်တည်တည်ပဲ လျော်လိုက်တယ်။

သူ့အိတ်ထဲက ငွေတွေ တစ်ထပ်ကြီး ထုတ်ပြပြီးတော့...

"နောက်ထပ် လျော်ဦးမယ်ကွ၊ ငါ့ပိုက်ဆံနဲ့ငါ ဘယ်သူ့ ဂရုစိုက်ရမှာလဲ" လို့ အာပြဲကြီးနဲ့ ရယ်သေးတယ်။

အဲသည်မှာ ပီတာဂါးတင်းက ဘီလ်လက်ထဲက ငွေတွေကို လိုချင်မျက်စိနဲ့ ကြည့်ပြီး စဉ်းစဉ်းစားစား မေးတယ်။

"ဒီလိုဆိုတော့ သေနတ်မှန်ခံရတာ ကောင်းသားပဲ" တဲ့။

အဲသည်တော့ ဘော့ပရစ်တီးက ပီတာ့ကျောကိုပုတ်ပြီး... "မပူပါနဲ့ ပီတာ၊ လန်ဒန်က လာတဲ့ ဧည့်သည်တွေ လက်စွမ်းနဲ့ ဆိုရင် မင်းတို့ တောခြောက်ပေးရတဲ့ လူတွေ အကုန် သေနတ်မှန်ခံရမှာ သေချာတယ်"

သည်တော့ စက်ချုပ်သမား ဒစ်ကီဝိဒ်က...

"မင်းပြောပုံ မဟုတ်သေးပါဘူး ဘော့ရာ... လူတစ်ယောက်ထိပြီးမှ သူတို့လည်း သတိထားတော့ မှာပေါ့ကွ"

ဘော့ပရစ်တီးက ဒစ်ကီကို နှာခေါင်းရှုံ့ပြလိုက်ပြီး...

"မပြောတတ်ဘူးလေ၊ ငါကတော့ ဆင်းရဲသား ကျေးတောသားပဲ၊ သေနတ်လည်း တစ်ခါမှ မကိုင်ဘူးလို့ မသိဘူး၊ ဒါပေမဲ့ ငါသာဆိုရင် ဒီလို လူတွေနဲ့ ဘယ်တော့မှ တောခြောက် မလိုက်ဘူး၊ ငါ့မယား မုဆိုးမ အဖြစ် မခံနိုင်ဘူးကွ"

"အား... ဘာပဲပြောပြော နောက်ထပ် မတော်တဆ သေနတ် မှန်တာတွေတော့ ရှိတော့မှာ မဟုတ်ပါဘူးကွာ"

"အေးလေ... ငါတို့လည်း တောခြောက်တဲ့နေရာမှာ သတိထားမှာပေါ့ကွ၊ အအတွေမှ မဟုတ်ဘဲ"

သည်တော့ ဘော့ပရစ်တီးက ရှုံးရှုံးရှားရှား ဖြစ်သွားပြီး...

"မှန်ကို မှန်ရဦးမယ်၊ ငါက လောင်းတောင် လောင်းလိုက်ချင်သေးတယ်"

သည်တော့ ဆမ်ဂျုံးက ကျုပ်တို့ တစ်တွေကို မျက်စ လှမ်းပစ်ပြပြီး...

"ကဲ... ဒါဖြင့် မင်း ဘယ်လောက် လောင်းချင်သလဲပြော"

"အမယ် မင်း မျက်စပစ်တာ ငါ မြင်ပါတယ် မောင်၊ ငါက လောင်းတာထက် သေချာတဲ့ အလုပ်ကို လုပ်ချင်တယ်ကွ၊ မင်းတို့နဲ့ လောင်းရတာက နောက်တော့ လောင်းကြေးကို ပေးချင်မှ ပေးကြမှာ၊ ခု ငါလုပ်မှာက မင်းတို့ တောခြောက် နေသမျှ ကာလပတ်လုံး မင်းတို့ကို ငါက တစ်ပတ် ၆ ပဲနီ ပေးမယ်။ သေနတ် မမှန်မချင်းပေါ့။ ကဲ... မှန်ရင်တော့ မှန်တဲ့အကောင်က သူ့လျော်ကြေးရတဲ့ ငွေတွေထဲက ငါ့ကို တစ်ဝက် ပေးရမယ်၊ ကဲ ဒီထက် သင့်မြတ်တဲ့ လောင်းကြေး ရှိပါဦးမလား။ ဘော့ပရစ်တီး သေနတ်မှန် အာမခံကလပ် ဆိုပါတော့ကွာ၊ ဘယ့်နှယ်လဲ"

သည်တော့ ဟင်နရီဝေါ့ကားက ထိုင်ရာမှ ခုန်ထလာပြီး...

"ဟော့... ငါ့ကိုလည်း ၆ ပဲနီပေးမလား"

"ပေးမှာပေါ့ကွ၊ မင်းတင်မကဘူး၊ ငါနဲ့ လောင်းကြေးထပ်ချင်သူ ဘယ်သူဖြစ်ဖြစ် ပေးမှာပဲ၊ ကြိုက်ပေးမယ်၊ ကဲ... ခုပဲ ၆ ပဲနီ ပေးမယ်လေ၊ ဘယ်သူ ယူမလဲ"

ကျုပ်တို့ ကလေးပြူရီရွာက လူတွေဟာ ပိုက်ဆံကို အလကားရမယ်ဆိုရင် ဘယ်တော့မှ နောက်တွန့်တဲ့ လူတွေမဟုတ်ဘူး။ ဒါကြောင့် သူ့ထက်ငါ ဝိုင်းအုံလာကြတော့ ဘော့ပရစ်တီးကလည်း ခေါင်းတုံးပေါ်က ဂျင်ပဲ၊ ဘာရမလဲ... ပထမဦးဆုံး ဆိုင်ရှင် စမစ်ဆီက စက္ကူတဲ့ ကလောင်တစ်ချောင်း တောင်းပြီး သူ့ဆီက ၆ ပဲနိယူ လောင်းကြေး ထပ်မယ့် လူတွေရဲ့ နာမည်တွေကို သူတို့ထဲမှာ တစ်ဦးတည်းသော စာတတ်ပေတတ်ဖြစ်တဲ့ ဆိုင်ရှင် စမ်ကိုပဲ အသေအချာ စာရင်းဇယားနဲ့ စာချုပ်တစ်ခါတည်း လုပ်စေတယ်။ ပြီး ဆိုင်ရာ ဆိုင်ရာ နာမည်တွေရဲ့ ဘေးမှာ ကာယကံရှင်တွေရဲ့ လက်မှတ်ကို ထိုးစေတယ်။

ပထမဦးဆုံး လက်မှတ်ထိုးတဲ့လူက ဟင်နရီဝေါ့ကား၊ နောက်အစဉ် တစိုက် ကတော့ ဆမ်ဂျုံး၊ ပီတာဂါးတင်း၊ ရက်သောမ်ဆမ်၊ ဂျမ်ဟောလ်၊ ဝေါလ်တာဘဲလ်။

သည်ခြောက်ယောက်ပြီးတော့ ဘော့ပရစ်တီးက နောက်ထပ် လက်မခံတော့ဘူး။ သည်လောက်ဆို တော်ပါပြီဆိုပြီး သူတို့ကို ၆ ပဲနိစီ ပေးလိုက်တယ်။

နောက်ပြီး သင်တို့အားလုံး ကံကောင်းထောက်မ ပါစေသား လို့လည်း ဆုတောင်း ပေးလိုက် သေးသဗျ၊ ကံမကောင်းလို့ သေနတ် မှန်ခံရရင် နာလည်းနာသေး၊ နံလည်း နံသေး ဆိုတာလို ကိုယ့်အသားလည်းနာ၊ လျော်ကြေးငွေကလည်း ဘော့ပရစ်တီးကို ထက်ဝက် ခွဲပေးရဦးမယ် မဟုတ်လား။

ကျုပ်သိရ သလောက်တော့ သူတို့ဟာ ဘော့ပရစ်တီးဆီက ၆ ပဲနိကို မက်လှ လို့တော့ မဟုတ်ဘူး။ ဒင်းရဲ့ အကျင့်အကြံကို မခံချင်ကြလို့။ အဲသည်ထဲက ပန်းဂေါ်ဖီ ဆိုင်မှာ သူတို့ဟာ ဘော့ပရစ်တီးကို အမျိုးမျိုး နောက်ကြ၊ ရယ်ကြလို့ ကြာတော့ ဘော့ဟာ စိတ်ကောက်ပြီး ဘီယာတောင် မသောက် နိုင်တော့ဘဲ ဆောင့်ဆောင့်နဲ့ အိမ်ပြန် သွားတော့တယ်။

နောက်သုံးလေးရက်လည်း ပန်းဂေါ်ဖီကို မလာဘူး၊ တချို့ပြောတော့ ဘော့ဟာ ဝိခ်ဟိမ်းမြို့ကို သွားတာ တွေ့လိုက်ရသတဲ့။

အဲ... နောက်တစ်ခါ တောခြောက်ကတော့ ဟင်နရီဝေါ့ကားကို သေနတ် မှန်ပါလေရောဗျို့၊ မှန်ပေမပေါ့ သေနတ်ပစ်တဲ့ လူတွေလည်း ကြည့်ဦးလေ။ ယုန်ကလေး တစ်ကောင် ကြောက်လန့်ပြီး ပြေးတာကို ဝိုင်းပစ်ကြသတဲ့။ သည်တော့ ချုံတစ်ခုနောက်မှာ ရောက်နေတဲ့ ကံဆိုးသူ ဟင်နရီကို မှန်သွားတော့တာပေါ့။

ဟင်နရီက သူ့ခြေတစ်ဖက် လက်နဲ့ဆုပ်ကိုင်ရင်း တပြဲပြဲနဲ့ အော်နေတယ်။ သူ့ကို အိမ်ပြန် သယ်လာကြတဲ့ ဘီလ်ချမ်းဘားစ်တို့ လူစုကိုလည်း မဆီမဆိုင် ထမ်းစင်ပေါ်ကနေ ဆဲလိုက်တာလည်း ရစရာမရှိဘူး။

သူ့ပါးစပ်က ထွက်တဲ့ အယုတ္တ အနတ္တကို အခန်းထဲဝင်လာတဲ့ ဒေါက်တာတောင် ကြားသွားတာ တော်တော်ရှက်စရာ ကောင်းတယ်ဗျာ။

အဲသည်ညမှာပဲ ပန်းဂေါ်ဖီကို ဘော့ပရစ်တီး ရောက်လာတော့ ဟင်နရီဝေါ့ကား သတင်းကို ကြားကြားချင်းပဲ သူက အပြေးအလွှား လူနာ မေးသွားရှာပါတယ်။ ဟင်နရီဆီ ရောက်တော့ အိပ်ပျော်နေတာ တွေ့ရတယ်။ ဘယ်လိုမှ နှိုးလို့ကို မနိုးဘူးတဲ့။

သည်တော့ ဘော့ပရစ်တီးက မတော်တဆလိုနဲ့ အမှတ်တမဲ့ ဟင်နရီ ခြေထောက်ပေါ် ထိုင်ချလိုက်တော့မှ ဟင်နရီ ငယ်သံပါအောင် အော်ပြီး မျက်လုံး ဖွင့်ကြည့် လာတယ်။

သူ့ကို ပြုံးပြုံးကြီး ငုံကြည့်နေတဲ့ ဘော့ကို ပျစ်ပျစ်နစ်နစ် ဆဲမယ်လို့ စိတ်ကူးသေးတယ်။ ဒါပေမဲ့ သူ့စိတ်ကို ချုပ်တီးပြီး ဒေါသကြောင့် အခိုးတလူလူ ထွက်နေတဲ့ မျက်လုံးတွေနဲ့ ဘော့ကိုကြည့်ရင်း...

"လုပ်လိုက်ရင် ရှေ့မကြည့်၊ နောက်မကြည့်နဲ့ အရမ်းချည်းပဲ၊ အခု ဘာကိစ္စလာတာလဲ"

သည်တော့ ဘော့က ခပ်အေးအေးအသံနဲ့ပဲ ရယ်ရင်း...

"အိုး ဟိုး... သူငယ်ချင်းခြေထောက် သေနတ် မှန်တယ်ကြားလို့ လူမမာ မေးလာတာလေ ဟင်နရီ၊ မင်းဟာ ငါ့ရဲ့ လောင်းကြေး အသင်းစာရင်းမှာ ပါနေမှန်းတောင် မေ့နေတယ်ကွာ၊ စာရင်းကိုင်တဲ့ စမစ်က ပြောတော့မှ သတိရတယ်၊ ၁၀ ပေါင်အောက် တစ်ပြားမှ လျော့မယူနဲ့နော်၊ စျေးပျက်မယ် သိလား"

"အေး... ငါလည်း မင်းကိုပြောဖို့ မေ့နေတယ်ကွ၊ ဒီမနက်ပဲ မင်းအသင်းက ထွက်ဖို့ ဆုံးဖြတ်လိုက်တယ်"

"ဟာ... ဒါဆို မင်းခြေထောက် သေနတ် မမှန်ခင်က လာပြောဖို့ ကောင်းတာပေါ့ကွ"

ဘော့ပရစ်တီးက ဖြစ်မှဖြစ်ရလေ ဆိုတဲ့ မျက်နှာထားနဲ့ သူ့ခေါင်းကို ယမ်းရင်း ပြောလေတော့ ဟင်နရီက သက်ပြင်းကြီးချပြီး...

"ဒီငွေ ဆယ်ပေါင်လုံး ငါ အသုံးလိုကောင်း လိုမယ်ဘော့၊ သစ်သားခြေတုတွေ တပ်ချင် တပ်ရမှာကွ"

"ဒါတော့ နောက်တော့လည်း ယောက်ယားပေါ့ကွာ၊ ဒေါက်တာဘက်ဂရင်းက ခြေတု တပ်ရမယ်ဆိုရင် ပြောမှာပေါ့၊ တကယ် ခြေတုတပ်ရမယ် ဆိုရင်တော့ မင်းဆီက ငါ ရထိုက်တဲ့ ဟိုငွေ တစ်ဝက်ကို တစ်ပြားမှ မယူပါဘူးကွာ၊ စိတ်မပူပါနဲ့"

ဘော့က အဲသည်လိုပြောပြီး ဟင်နရီကို နှုတ်ဆက် ပြန်သွားလေရဲ့။ ဧည့်သည် ပြန်သွားလို့ ဟင်နရီဇနီးက သူ့ယောက်ျားကို သွားကြည့်တော့ ဟင်နရီဟာ ကိုယ့်မယား ကိုယ်တောင် မမှတ်မိတဲ့ ပုံမျိုးနဲ့ ငူတူတူကြီး ထိုင်နေတာ တွေ့ရတယ်၊ ဘာဖြစ်လို့လဲ မေးလို့ မရဘူး။

သည်လိုနဲ့ပဲ ဟင်နရီဟာ အိပ်ရာထဲမှာ တစ်ပတ်လောက် နေရတယ်။ သေနတ် မှန်တဲ့ ဒဏ်ရာက သိပ်ဆိုးဆိုး ရှားရှားကြီးတော့ မဟုတ်ပါဘူး။ ဘယ်သူ့ သေနတ်က မှန်တဲ့ ကျန်ဆန် ဆိုတာလည်း မစ္စတာစူဆန် ကိုယ်တိုင် တရားခံ ရှာမတွေ့ဘူး။

လူလာသမျှ ဟင်နရီ ခြေသလုံး လှန်လှန်ပြနေတာနဲ့ မြင်ရတဲ့ လူတွေကလည်း စိတ်ကုန် လှပြီ။ နောက်ဆုံးတော့ အကြင်နာစိတ်နဲ့ ကရုဏာတရားရှိတဲ့ မစ္စတာစူတန်ဟာ ဟင်နရီကို ကျေနပ်အောင် ငွေ ၁၀ ပေါင် လျော်ကြေး ပေးလိုက်ပါတယ်။

အဲသည်မှာ သူတို့ စာချုပ်အတိုင်း ငွေတစ်ဝက်ကို ရအောင် ဘော့ပရစ်တီးဟာ ဟင်နရီကို နစ်ရက်တိုင်တိုင် အာပေါက်လှမတတ် ခြိမ်းလိုက်ခြောက်လိုက်နဲ့ မနည်းကြီး တောင်းယူရတယ်။

ဒါပေမဲ့ ဒီအကြောင်းကို ဘယ်သူမှ မပြောပါဘူး။ မစ္စတာ စူတန်ကြားသွားရင် မကောင်းဘူး မဟုတ်လား။ ဘော့က ဟင်နရီကို ငွေငါးပေါင် ပေးရင်ပေး၊ မပေးရင် သူထိုးထားတဲ့ လက်မှတ်နဲ့ ပန်ဂေါ်ဇီဆိုင်ရှင် အသိသက်သေထားပြီး ဝိခ်ဟမ်းမြို့က ရှေ့နေနဲ့ တရားစွဲမယ်လို့ ပြောတယ်။

စမစ်ကလည်း ဘော့ဆီမှာ ဟင်နရီရဲ့ လက်မှတ်ထိုးထားတဲ့ စာရွက်က ရှိနေလေတော့ တရားစွဲရင် ဟင်နရီရှုံးမှာပဲ၊ ဒါတင်မက ရုံးစရိတ်နဲ့ ဘာနဲ့ဆိုရင် ငွေ ၁၀ပေါင်မက ကုန်သွားမယ် ပြောတော့ ဟင်နရီဟာ သူ့အိတ်ထဲက ငွေငါးပေါင်ကို မပေးချင် ပေးချင်နဲ့ ထုတ်ပေးပြီး ဘော့ရဲ့ မျက်နှာကို တစ်သက်လုံး မမြင်ချင်တော့ ပါဘူးလို့ ပြောလိုက်တယ်။

ဘော့ပရစ်တီးဟာ အဲသည်ညက ပန်းဂေါ်ဖီဆိုင်မှာ ဒကာခံတယ်လေ၊ ဘီယာကလေး နည်းနည်းထွေလာတော့ သူက မျက်ရည်ကလေး တဝဲဝဲနဲ့…

"ကျုပ် ဟောဒီရွာက လူတွေအပေါ်ထားတဲ့ စေတနာတွေဟာ ဝေဒနာ ဖြစ်ကုန်တယ်ဗျ၊ ခင်ဗျားတို့ဟာ ကျုပ်အပေါ် နည်းနည်းမှ မကောင်းကြဘူး၊ ပိုင်းဘော့ဖို့လောက်ပဲ သိကြတယ်။ အခုပဲ ကြည့်လေ… ရိုးရိုးသားသား အလောင်းအစား လုပ်ခဲ့ကြတာ ရှုံးတော့ ကြည်ကြည်သာသာ မပေးချင်ဘူး၊ နောက်တစ်ခါ ဒီလိုသာဆိုရင်တော့ ဘော့ပရစ်တီးရဲ့ သေနတ်မှန် အာမခံကလပ်ကို ဖျက်ပစ်လိုက်မယ် သိရဲ့လား"

သည်တော့ ဆမ်ဂျုံးက…

"ဟား ဟား ဒီလိုဆို အကောင်းဆုံးပေါ့ကွာ၊ ငါကလည်း မင်းကလပ်မှာ မပါချင်တော့ ပါဘူး၊ အခုပဲ နှုတ်ထွက်စာ ပေးတယ်ကွာ၊ ထွက်မယ်၊ ဒီတော့ ငါသေနတ်မှန်ခံရရင်လည်း လျော်ကြေးငွေကို ငါတစ်ယောက်တည်း ပြည့်ပြည့်ဝဝ ခံစားရမယ်၊ ဘယ်သူ့မှ ခွဲပေးစရာ မလိုတော့ဘူး"

"အေး… ဒီလိုဆို ငါလည်း ထွက်တယ်ကွ၊ ဘယ့်နယ် ကိုယ့်အသားအနာ ခံရလို့ ရတဲ့ ပိုက်ဆံကို ဘာကြောင့် ဘော့ပရစ်တီး တစ်ဝက် ခွဲပေးရမှာလဲ၊ ကိုယ့်မယားကိုယ် ပေးမှာပေါ့"

ပီတာဂါးတင်းကပါ ဝင်ပြောလာတော့ ကျန်သူအားလုံးကလည်း သူထွက်မယ်၊ ငါထွက်မယ်နဲ့ ဖြစ်ကုန်ကျလေရော။ သည်တော့ ဘော့ပရစ်တီးက...

"ဟော့ကောင်တွေ မင်းတို့ ဒီလိုလုပ်လို့ ရရိုးလားကွ၊ ငါ့ဆီက လောင်းကြေးငွေ ၆ ပဲနီ၊ ဒီအပတ်အတွက်ကို မနေ့ညနေကပဲ ယူထားကြတယ် မဟုတ်လား၊ ဒီတော့ မင်းတို့ ထွက်ချင်ပေမဲ့ ထွက်လို့ မရသေးဘူး၊ ဒီအပတ်ကုန်တဲ့ အထိ မင်းတို့ဟာ ငါ့ရဲ့ အသင်းဝင် တော့ ဖြစ်တည်ဆဲပဲ။ ဒါ ဥပဒေအရ ပြောတာ၊ ဗြိတိန်နိုင်ငံတော် ဥပဒေ"

"ဒါဖြင့် မင်းပိုက်ဆံ ၆ ပဲနီ ပြန်ပေးမယ်ကွာ"

တစ်ယောက်က ပြောတော့...

"အောင်မာ ဖြစ်မလားကွ၊ ပြန်ပေးမယ်ဆိုရင် မင်းတို့ ငါ့ဆီက စယူတဲ့ သုံးပတ် စလုံးအတွက် ပေးနိုင်မှ"

သည်လိုဆိုတော့လည်း ကျေးတောသား ဆင်းရဲသားတွေပဲဗျာ။ ဘယ်ကလာ သုံးပတ်အတွက် ငွေ ၁၈ ပဲနီကြီးများ သူတို့လက်ထဲ ရှိနေကြမှာလဲ။ ဒါကြောင့် အားလုံးပဲ အောင့်သက်သက်နဲ့ နေလိုက် ကြရတော့တယ်။

နောက် တစ်နေ့ကျတော့ ဆမ်ဂျုံးနဲ့ ပီတာဂါးတင်းက ဘာပဲဖြစ်ဖြစ် ဘော့ပရစ်တီးရဲ့ ကလပ်က ထွက်ကိုထွက်မယ် ဆိုပြီး ဆမ်က သူ့မိန်းမ ဦးထုပ်ကြားထဲ ဝှက်ထားတဲ့ ငွေနှစ်သျှီလင်ကို ရအောင်ရှာတယ်။

ပီတာဂါးတင်းက သူ့သားစုဘူးကို ခိုးဖောက်တဲ့အခါမှာ သုံးသျှီလင်ခွဲရတယ်။

သည်ငွေတွေ ရင်ဝယ်ပိုက်ပြီး ညကျတော့ ပန်းဂေါ်ဖီဆိုင်မှာ ဘော့ပရစ်တီးငွေ ၁၈ ပဲနိကို ဆပ်ပြီး ဒင်းမျက်နှာကို စေ့စေ့ကြည့်၊ လက်ညှိုးငေါက်ငေါက်ထိုး၊ ပိုးစိုးပက်စက် ပြောပြီး ဒင်းရဲ့ ကလိမ်ဉာဏ်ကလပ်က ထွက်မယ်ပေါ့။

ဒါပေမဲ့ အဲသည်ညမှာတော့ ဘော့ပရစ်တီးဟာ ပန်းဂေါ်ဖီကို မလာဘူး။ ဒါနဲ့ သူ့အိမ်ကို လိုက်သွားကြတော့ သူ့မိန်းမက သူ့လင်မရှိဘူး၊ ဝိခ်ဟိမ်းမြို့ကိုသွားတာ စနေနေ့ ညနေ လောက်မှ ပြန်လာမယ် ပြောတယ်။ ဒါနဲ့ သူတို့ဟာ စိတ်ပျက်ပျက်နဲ့ အဲသည် ငွေတွေကို အရက်ဝယ်သောက် ပစ်လိုက်ကြတယ်။

ဒါ အင်္ဂါနေ့ ညနေနော်။ သောကြာနေ့ကျတော့ မစ္စတာစူတန်တို့ လူသိုက် တောလိုက် ကြပြန်ရောဗျာ။ သူတို့လူစုရဲ့ ပရမ်းပတာ အိုးနင်းခွက်နင်းနဲ့ တော မကျွမ်းကျင် မှုကြောင့် တောထဲမှာ တိရစ္ဆာန် ကြက်၊ ငှက်တောင်မှ ရှာမရအောင်ဘဲ ဖြစ်လေတော့ တောခေါင်းကြီးက သူတို့ကို စနစ်တကျ တောပစ်ကြဖို့ သင်ပြပေးပါသေးတယ်။

ဒါပေမဲ့ အလကားပဲ၊ မြို့သားတွေဟာ တောရောက်ရင် သိကြတဲ့အတိုင်း ဝါးအစည်း ပြေသလို ကိုးရိုးကားရား ဝိုးတိုးဝါးတားနဲ့ အဲ... သိပ်မကြာ လိုက်ဘူးဗျာ။ ဆမ်ဂျုံးနဲ့ ပီတာဂါးတင်း နှစ်ယောက်စလုံးကို သေနတ်မှန်ပါရော။ ဆမ်က ခြေသလုံးကို သေနတ် မှန်ပါရော။ မှန်တယ်ဆိုရင်ပဲ အလူးအလဲ အော်လိုက်ဟစ်လိုက် ကြတာများဗျာ တောပစ်တဲ့ လူတွေကလည်း သူ့ထက်ငါကောင်း အလုအယက် သူမဟုတ် ရပါဘူး၊ ငါမဟုတ် ရပါဘူးနဲ့ ငြင်းချက် ထုတ်သံတွေကလည်း တစ်တောလုံး ညံလို့၊ မစ္စတာစူတန် ကတော့ ဒေါပွလွန်းလို့ ဆွေ့ဆွေ့ ခုန်နေတာပဲ။

အဲသည်နေ့ တောပစ်တာလည်း ပျက်ကရော၊ ဆမ်ဂျုံးနဲ့ ပီတာကို တောခြောက်တဲ့ သူတွေက ပွေ့သူကပွေ့၊ တွဲသူကတွဲနဲ့ သူတို့အိမ် ပြန်ပို့လိုက်ကြရတယ်။

ဆမ်နဲ့ ပီတာကလည်း ကျုပ်အထင်တော့ လျော်ကြေးရမယ်မှန်း သိလို့ သာသာ ထိုးထိုးကလေး အော်ကြ ညည်းကြတယ် ထင်ပါရဲ့။ ဒါပေမဲ့ မစ္စတာစူတန်က ဘာမှ ကြားနိုင် တော့မယ် မဟုတ်ဘူး၊ သူ့တောလိုက် မိတ်ဆွေ အပေါင်းအသင်းတွေကို ရန်ထောင် နေရတာနဲ့ပဲ ခမျာ ဖတ်ဖတ်မောနေရှာတာ။

"ဟေ့လူတွေ... ကျွန်တော် နောက်ဆုံး ပြောချင်တာက ခင်ဗျားတို့ နောက်ထပ် တောမပစ် ကြပါနဲ့တော့ဗျာ၊ ကြာရင် ဒီတစ်ရွာလုံး သေနတ် မှန်ကုန်လိမ့်မယ်"

အဲသည်တုန်းမှာ နားပါးတဲ့ တောခေါင်းက ခပ်လှမ်းလှမ်းက ချုံတစ်ခုကို လက်ညှိုး ထိုးပြရင်း...

"ဆရာ... ဟိုချုံထဲကလည်း ညည်းတွား သံကြီး ကြားရတယ်၊ သွားကြည့် လိုက်ပါဦး"

အားလုံးငြိမ်ပြီး နားစွင့်လိုက်ကြတယ်။ ဟုတ်ပါရဲ့... သေလုမြောပါး ညည်းသံကြီး ကြားရတော့ မစ္စတာစူတန်နဲ့ သူ့လူသိုက် သွားကြည့်တာ ချုံနောက်မှာ မှောက်လျက် လဲနေတဲ့ ဝေါလ်တာကို တွေ့ရတာပဲ။ ဒီတော့ မစ္စတာစူတန်က ဒေါသထွက်ထွက်နဲ့ အော်ပြီး မေးလိုက်တယ်။

"နေစမ်းပါဦး၊ ခင်ဗျားက ဘာဖြစ်လို့ ဒီမှာ ဝမ်းလျားကြီး မှောက်ပြီး အော်နေ ရတာလဲ"

သည်တော့ ဝေါလ်တာက...

"ဘာဖြစ် ရမလဲဗျ၊ ကျုပ် ဖိနပ်ကြိုး ပြတ်လို့ ကုန်းပြီး ပြန်ချည်နေတုန်း ကျုပ် တင်ပါးကို နောက်ကနေပြီး သေနတ်မှန်တာဗျ"

မစ္စတာစူတန်က မယုံနိုင်ဘဲ…

"ဟာ… ခင်ဗျားရှိတဲ့ နေရာက ကျုပ်တို့ တောပစ်နေတဲ့ နေရာနဲ့ အဝေးကြီး… မဆီမဆိုင်ဗျာ၊ ဟုတ်တယ် မဟုတ်လား တောခေါင်းကြီး"

အကူအညီတောင်းတဲ့ သဘောနဲ့ လှမ်းပြောတော့ တောခေါင်းကြီးက သူ့ခေါင်းတွင်တွင်ယမ်းပြီး…

"ဒီလိုပြောလို့လဲ မရသေးဘူး ဆရာရဲ့၊ ဆရာ့လူတွေက တစ်တောလုံး ခွေလေးပျား တောအနှံ့ လျှောက်သွား နေကြတာပဲ၊ ဆရာတို့ သေနတ်သံတွေနဲ့ မရှေးမနှောင်း ဟောဒီဘက်က သေနတ်သံတစ်ချက် ထွက်လာတာ ကျုပ်အသေအချာ ကြားလိုက်မိပါတယ်"

"ဟာ ဒါတော့ သူ့ကိုယ်သူ ပစ်တာ ဖြစ်မှာပဲ"

မစ္စတာ စူတန်က စိတ်ဆိုးမာန်ဆိုးနဲ့ ပြောတော့ တောခေါင်းကြီးက မှောက်လျက်လဲနေတဲ့ ဝေါလ်တာ တင်ပါးက သေနတ်ဒဏ်ရာကို သေသေချာချာကြည့်ပြီး…

"ဟာ ဒါတော့ ကိုယ့်ဖင်ကိုယ်ပစ်တယ် ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒီပြင်လူ ပစ်တာပဲ" လို့ဆိုပြီး ဝေါလ်တာကို ထမ်းစင်နဲ့ ခေါ်ဖို့ စီစဉ်ပေးတယ်။

ဒေါက်တာဂရင်းဟာ အဲ့ဒီနေ့ တစ်နေ့လုံး သေနတ်မှန်တဲ့ သူတွေကို တစ်အိမ်တက်ဆင်း လျှောက်ပြီး ခွဲစိတ် ကုသ နေရတော့တယ်။ ဒါကြောင့် ဆမ်ဂျုံးအိမ်ရောက်တော့ နေဝင်မိုးချုပ် နေပြီ။ ဆမ်ဂျုံးရဲ့ ခြေသလုံးခွဲပြီး ကျည်ဆန်စတွေကို ညှပ်နဲ့ ဆွဲထုတ်တော့ ဖယောင်းတိုင် မီးနဲ့ လုပ်ရပြီပေါ့။ ဆမ်ဂျုံးဇနီးက ဖယောင်းတိုင်ကို လက်တစ်ဖက်က ကိုင်ပြီး ကျန်လက်တစ်ဖက်က မျက်ရည် သုတ်နေရှာတယ်။ သည်တော့ ဆရာဝန်က လက်ငြိမ်ငြိမ်

ထားပြီး မီးပြဖို့ မကြာခဏ ပြောရတယ်။ တော်တော်ကြာတော့ ဆမ်ဂျုံးက မှောက်လျက် ဆေးကုသ ခံနေရာက...

"ဘယ်လိုလဲ၊ အောက်တိုဘာ ဆောင်းဦးပေါက် ကာလမှာတောင် ဒီလောက် ပူတာ" လို့ ညည်းတော့မှ အိပ်ရာခင်း မီးလောင်နေမှန်း သိရတော့တယ်။ အဲသည်အခါမှာ မယား မျက်ရည် ကျအောင် တစ်ချိန်လုံး သေမတတ် ညည်းညူ အော်ဟစ်နေတဲ့ ဆမ်ဂျုံးဟာ အိပ်ရာထဲက ရုန်းကန် ခုန်ထပြီး မီးကို ကမန်းကတန်း ထိုင်သတ်နေတယ်။ မီးငြိမ်း သွားတော့ သူဟာ လေ့ကားထစ်ပေါ် ထိုင်ရင်း ကုလားထိုင်ကျိုး တစ်ခုကို ကိုင်လို့ မယားကို တတွတ်တွတ် ကြိမ်းရင်း ကျန်ရစ်ခဲ့တာကို ဆရာဝန်က တွေ့ခဲ့ရသတဲ့။

သည်သေနတ်မှန်တဲ့ ကိစ္စတွေဟာ ရွာမှာတင် မကဘူး မြေပိုင်ရှင်ရဲ့ အိမ်ကြီး မှာလည်း ပွစိပွစိ ဖြစ်နေကြတယ်။ မစ္စတာစူတန်က သူ အရှက်ကွဲရတယ်လို့ သူ့မိတ်ဆွေ တွေကို ဆူပူတဲ့အခါ သူတို့လည်း မိမိတို့ကြောင့် ဖြစ်ရတာ မဟုတ်ကြောင်း အခိုင်အမာ ငြင်းကြတယ်။ ငြင်းရင်း ငြင်းရင်းနဲ့ပဲ ဒေါသအမြက်တွေ ထွက်ပြီး မစ္စတာစူတန်ရဲ့ မိတ်ဆွေ နှစ်ယောက်ဟာ ညတွင်းချင်းပဲ လန်ဒန်ကို ပြန်သွားကြတယ်။

ပန်းဂေါ်ဖီမှာလည်း ဘော့ပရစ်တီးရဲ့ ကလပ်ဝင် ၆ ယောက်အနက် ၅ ယောက် တိတိ သေနတ်မှန် ခံရတာကို မကျေမနပ်နဲ့ တရုံးရုံး ပြောဆို နေကြတယ်။ အချင်းဖြစ်ပွား တဲ့ နေ့က ဘော့ပရစ်တီးဟာ ရွာမှာမရှိဘူး။ နောက်ညနေမှ ပြန်ရောက်လာတယ်။ အဲသည် ညမှာတော့ ပန်းဂေါ်ဖီမှာ ပွကြီးပွဲကောင်းပဲ။ ဟင်နရီဝေါ့ကားက အရင်စတယ်။ ဘော့ပရစ်တီးရဲ့ မျက်နှာကို စေ့စေ့ကြည့်ရင်း...

"ဒီမှာဖြစ်တဲ့ မကောင်းသတင်းတွေကို မင်း ခုလောက်ရှိ ကြားပြီးရောပေါ့"

"ကြားပြီလားကွ၊ စိတ်မကောင်းလည်း ဖြစ်မိပါရဲ့၊ ဒါပေမဲ့ ဒီတောပစ်ထွက်လာတယ် ဆိုတဲ့ သူကောင်းသားတွေ အကြောင်း မင်းတို့ကို ငါ သတိပေးသားပဲ မဟုတ်လား။ မင်းတို့က မယုံကြဘူး၊ ကဲ ခုတော့ ဘယ့်နှယ်ရှိစ၊ ဘော့ပရစ်တီး တွေးကြည့်လိုက်ရင် တခြားလူတွေ ပြေးကြည့်တာထက် မှန်တယ်ဆိုတာ တွေ့ရပြီ မဟုတ်လား"

သည်တော့ ဟင်နရီဝေါ့ကားက တစ်ဆိုင်လုံးမှာရှိတဲ့ လူမျက်နှာတွေကို လှမ်းကြည့် လိုက်ရင်း...

"ဟင်း... ဟင်း ဘော့ပရစ်တီးရဲ့ ကလပ်ဝင်တွေကိုမှ ရွေးပြီး သေနတ်မှန်တာကတော့ မဆန်းဘူးလားဗျာ"

"ဟ... ဒါကတော့ ဘုရားသခင် အလိုတော်အတိုင်း ငါ့ကုသိုလ်ကံ ကောင်းလို့ ဆိုရမှာပေါ့။ မင်း ဒီလိုပြောလို့ ဖြစ်မလား၊ ငါဟာ အမြဲ ကံကောင်းတဲ့ သူမှန်း မင်းတို့ သိကြသားပဲ"

"အဟားဟား... မင်းကတော့ သူတို့ရမယ့် လျော်ကြေးငွေ တစ်ဝက်စီကတော့ သေချာနေပြီ တွက်မှာပေါ့နော်"

ဟင်နရီ လှောင်ပြောင် သရော်နေတယ်။ သည်တော့ ဘော့ပရစ်တီးက မျက်မှောင်ကြုတ်ကြီးနဲ့...

"တော်စမ်းကွာ၊ သူတစ်ကာတွေ ထိခိုက်ဒဏ်ရာနဲ့ အနာတရ ဖြစ်ကြလို့ ဝေဒနာခံစားနေရတဲ့ အချိန်မှာ မင်းမို့ ငွေစကား ကြေးစကား ပြောရက်တယ်၊ မင်းအစား ငါ ရှက်တယ် ဟင်နရီ"

သည်တော့ ဟင်နရီက ဘော့ပရစ်တီး မျက်ခွက်ရှေ့မှာ လက်သီးတယမ်းယမ်းနဲ့...

"မထင်နဲ့ ကိုယ့်လူ၊ မင်း ပိုင်စေ့တစ်စေ့တောင် မရစေရဘူး စိတ်ချ၊ ဒါတင်မကဘူး စစချင်း အမှန်ခံရတဲ့ ငါ့လျော်ကြေးထဲက ခွဲပေးခဲ့ရတဲ့ ငါးပေါင်လည်း ပြန်လိုချင်တယ် ဘော့ပရစ်တီး"

သည်တော့ ဘော့က ဟင်နရီကို ခပ်ပြုံးပြုံးပဲကြည့်ရင်း...

"ယုံတမ်း စကားတွေ ပြောမနေနဲ့ ဟင်နရီရယ်" လို့ ခပ်အေးအေးပဲ ပြန်ပြောတော့ ဟင်နရီက သူ့လက်သီး ဆုပ်ကြီးနဲ့ စားပွဲကို ဝုန်းခနဲ ထုလိုက်ပြီး အသံကျယ်ကျယ်နဲ့...

"မလိုချင်ဘူး၊ ငါ့ငွေ ငါးပေါင် ပြန်ပေးရမယ်၊ ဘာ့ကြောင့် ပေးရမလဲ ဆိုတာလည်း မင်း ကိုယ်မင်း သိတယ် ဘော့၊ မင်းကလပ်ဟာ ဘာလဲဆိုတာ ငါတို့အားလုံး သဘောပေါက်ပြီ။ မင်းဆင်ထားတဲ့ ကျော့ကွင်းထဲ တို့တစ်တွေ နားမလည်မိလို့ ဝင်မိကြတာကွ၊ သက်သက် နွားကျ ခံရတာပဲ"

သည်တော့ ဘော့ရဲ့ ကလပ်ဝင် မှန်ပါလျက် သေနတ်ပစ် မခံရဘဲ တစ်ယောက်တည်း ကျန်ခဲ့တဲ့ ဂျမ်ဟောလ်က သူ့ကိုပါ ဟင်နရီက ကြည့်ပြီး သိမ်းကျုံး ပြောတယ် ထင်တဲ့အတွက်...

"ဟေ့ ဟင်နရီ၊ ကိုယ်နွားကျမှန်း သိလည်း ကိုယ့်ဟာကိုယ် ခံပါ၊ ငါ့ကိုပါလာပြီး သေဖော် မညှိနဲ့ကွ"

သည်တော့ ဟင်နရီက

"အို... မဆိုင်တဲ့အပေါက် မင်းကလည်း ကလိုင်နဲ့ ခေါက်နေ ပြန်ပါပြီကွာ၊ ငါပြောတာက တခြားပါ"

ဆိုင်တစ်ခန်းလုံးကို သိမ်းကျုံးကြည့်ရင်း...

"စေ့စေ့တွေးမှ ရေးရေးပေါ် ဆိုသလို ခုတော့ အစ နှစ်စကို စပ်မိတော့ ရုပ်လုံးပေါ်လာပြီ။ ဒီကိစ္စမှာ ဘော့ပရစ်တီးဟာ တောထဲမှာ ပုန်းနေပြီး တို့ကို သူကိုယ်တိုင် သေနတ်နဲ့ ပစ်တာကွ"

ဟင်နရီ စကားဆုံးတော့ ရုတ်တရက် တစ်ခန်းလုံး ခေတ္တ တိတ်ဆိတ်သွားတယ်။ ပြီးတော့မှ အားလုံး တစ်ပြိုင်နက် သူ့ထက်ငါ ကျယ်ကျယ်လောင်လောင် ပြေကြ၊ ဆိုကြ၊ ငြင်းကြ၊ ခုံကြနဲ့ အရပ် ပျက်တော့မယ့် အတိုင်းပဲ။

အဲ... တစ်ဦးတည်း အေးအေးဆေးဆေး ဘာမှမပြောဘဲ လက်ပိုက်ပြီး ထိုင်နေတာကတော့ ဘော့ပရစ်တီးပဲ။ နောက်ဆုံးမှာ သူဟာ ဆွေ့ဆွေ့ ခုန်နေတဲ့ ဟင်နရီကို ကရုဏာ သက်သလို ခေါင်း တယမ်းယမ်းနဲ့ ကြည့်ပြီး

"ဒီကောင်ကတော့ ရူးပြီ။ ဘယ့်နှယ် စွပ်စွပ်စွဲစွဲဗျာ၊ ကျုပ်က အစ ကတည်းက သင်းတို့ အန္တရာယ်တွေ ကြုံမြင်လို့ ရွာက လူတွေကိုလည်း သတိ ပေးခဲ့တယ်။ ကိုယ့်ကိုယ်ကိုလည်း လွတ်အောင် ကျွတ်အောင် ဟိုးအဝေးကြီး ဝိခ်ဟမ်းမှာ သွားရှောင် နေခဲ့ရတယ်"

"ဟော့... ဖြီးမနေနဲ့ ဘော့ပရစ်တီး၊ မင်းဟာ ငွေရမယ်ဆိုရင် လူတောင် သတ်မယ့် ကောင်"

မတ်စ်က လှမ်းပြောတော့ ဟင်နရီက လက်ညှိုးငေါက်ငေါက်ထိုးပြီး...

"ဟော့... မင်းလိုလူရဲ့ စကားက ဘီယာတစ်ခွက်လောက်မှ တန်ဖိုး မရှိပါဘူး ဘော့ရာ၊ ဒီတော့ ငါက မင်းကို အဖက်လုပ်ပြီး စကားမပြောတော့ဘူး၊ မစ္စတာစူတန်ကိုပဲ ဒါရိုက် သွားပြောတော့မယ်"

"ဘာကို ပြောမှာလဲ"

"သေနတ်နဲ့ပစ်တာ မင်းလို့"

သည်တော့ ဘော့က ခပ်အေးအေးပဲ...

"ငါသာဆို ဒီလိုမလုပ်ဘူး ဟင်နရီ"

"အောင်မာ... ဘာ့ကြောင့် မလုပ်ရမှာလဲ"

ဘော့ပရစ်တီးမှာ စားပွဲမှ ဘီယာတစ်ခွက်ကို သူ့ဟာလိုလိုနဲ့ ကောက်မော့လိုက်ပြီး နှုတ်ခမ်း ပါးနား သုတ်ရင်း...

"မင်း ဒီလိုလုပ်ရင် အမှားကြီး မှားသွားမှာပေါ့ မောင်ရာ၊ ကဲ မင်းက မစ္စတာ စူတန်ကို သွားပြောပြီ ဆိုပါတော့၊ မစ္စတာ စူတန်မင်းတို့ကို သေနတ်မှန်တာ သူ့ အပေါင်း အသင်းတွေ လက်ချက် မဟုတ်ဘူး ဆိုတာ သိသွားရင် မင်းတို့ကို ပေးခဲ့တဲ့ သူ့ ငွေကြေး တွေကို ပြန်မလိုချင် ပေဘူးလား"

သည်စကား ကြားတော့ ဟင်နရီ တွေခနဲ ဖြစ်ပြီး ကုလားထိုင်ပေါ် ပုံခနဲ ကျသွားတယ်။ ဘော့ပရစ်တီး ဆက်လက်ပြီး...

"ဒီတော့ မင်းကို ပေးခဲ့တဲ့ ဆယ်ပေါင်ကိုလည်း ပြန်တောင်းမှာပဲ၊ အဲဒီအထဲက မင်း ငါ့ကို လောင်းကြေးအရ ၅ ပေါင် ပေးတာကိုလည်း ကျေးဇူးတင်ပါတယ် ဟင်နရီ၊ ကဲ... ဒီ ငါတို့ ရတဲ့ ၅ ပေါင်စီကို ပြန်အမ်းရမယ် ဆိုရင် မင်းလည်း မတတ်နိုင်ဘူး၊ ငါလည်း မတတ်နိုင်ဘူး၊ တို့ စားသုံး ပစ်ခဲ့ကြပြီ မဟုတ်လား၊ ဒါကြောင့် စကားဆိုတာ မလွှန်ခင် ဆင်ခြင် ရတယ်ကွ"

နာသာခံခက် ဟင်နရီက ထိုင်ရာက ဝုန်းခနဲ ထပြီး စကားပြောဖို့ ပါးစပ် ဟပေမဲ့ ပြောစရာ စကား ရှာမတွေ့တာမို့ သူ့ခေါင်းပေါ်က လေထုကိုပဲ လက်သီးတွေနဲ့ ဘယ်ဝေ့ ညာဝိုက် ထိုးရင်း ပါးစပ်ထဲ တွေ့သမျှ အယုတ္တ အနတ္တတွေနဲ့ ဘော့ပရစ်တီးကို ကလော် ဆဲပြီး ပြန်ထိုင် ချလိုက်တော့တယ်။ ဘော့ကတော့ ဟင်နရီ လုပ်သမျှတွေကို စုတ်တသပ်သပ်နဲ့ ကြည့်ပြီး…

"ဟင်နရီ… ခုတော့ မင်းစိတ်က မွန်နေလို့ပါကွာ၊ နောက်ကျ မင်းငါ့ကို ပြောမိသမျှ ပြန်ပြီး စိတ်မကောင်း ဖြစ်ရမှာပါ။ စိတ်အေးအေးထားပြီး အိမ်ပြန်ပါ။ မင်းမိန်းမလည်း မာတာ မဟုတ်၊ လုပ်ကျွေးစရာ အိမ်ထောင်ကြီးကလည်း နည်းသလား၊ သားမယား အကျိုး ကြည့်ပြီး ကိုယ် အသက်ရှည်အောင် နေရတယ်ကွ။ စိတ်တိုတယ် ဒေါသကြီးတယ် ဆိုတာ အသက် တိုစေ တတ်တယ်ကွဲ၊ မင်းစိတ်ကူးရရာ ဘာဘာ ညာညာတွေလည်း လျှောက်ပြော မနေနဲ့၊ မင်း စကား တစ်ခွန်းကြောင့် တော်ကြာ သေနတ်မှန် ခံရတဲ့ ကိုယ့်မိတ်ဆွေတွေ တစ်ပြားတစ်ချပ်မှ လျော်ကြေး မရလိုက်ဘဲ နစ်နာ သွားကြရှာဦးမယ်။ သူတစ်ပါးတွေကို ညှာတာပါ သူငယ်ချင်းရာ"

အဲသည်တော့ ကျုပ်တို့ရွာရဲ့ ပန်းပဲဆရာကြီး ဂျွန်ဘစ်က သူ့မေးစေ့ရှည်ရှည်ကြီး ကို လက်နဲ့ဆွဲရင်း…

"အင်း… ဘော့ပရစ်တီးပြောတာ ဒါတစ်ခုတော့ စဉ်းစားရမယ်ကွ၊ ဒါ မင်းဘက်က မျက်နှာသာ လိုက်ပြီး ပြောနေတာ မဟုတ်ဘူးကွ၊ ကျန်တဲ့ လူတွေအတွက် ပြောနေတာ၊ ဒီကိစ္စမှာ မင်း လူလည် လုပ်နေတာ ငါတို့က လက်ဆုပ်လက်ကိုင် မပြနိုင်တော့ ပြီးတာတွေ ပြီးပါစေ၊ သို့သော် တစ်ခုတော့ ပြောလိုက်မယ်၊ နောက်လူတွေ ရမယ့် လျော်ကြေးငွေ ထဲကတော့ မင်း တစ်ပြားမှ မရဘူး မှတ်လိုက်၊ မင်းကိုပေးမယ့် အစား မင်းရဲ့ အယုတ်တမာ ဇာတ်လမ်းကို ထုတ်ဖော် လာနိုင်တဲ့ ဟင်နရီကို ဆုချဖို့ ကောင်းတယ်"

သည်တော့ ဘော့ပရစ်တီးကလည်း မာမာပဲ...

"ဟာ... ဒီလိုလုပ်လို့ ရမလားဗျ။ သူတို့ ကျုပ်ကို စာချုပ်အတိုင်း ငွေကြေး တစ်ဝက်စီ ပေးကို ပေးရမယ်။ တရားဥပဒေ အရ မျှမျှတတ လုပ်မှာပေါ့။ ကျုပ်က ဆင်းရဲသားပါ။ နောက်တစ်ခုက ကျုပ်သာ သူတို့ကို သေနတ်နဲ့ ပစ်ရိုးမှန်ရင် ဒီလောက် ကလေး နာလောက်အောင်တော့ မလုပ်ဘူး၊ တော်တော်ကို ဆိုးဆိုးရွားရွား ဖြစ်အောင် ဆော်ထည့် လိုက်မှာပဲ။ အထူးသဖြင့် ဟင်နရီကို"

လက်သီး လက်မောင်း တန်းပြီး ထလာတဲ့ ဟင်နရီကို ဂျွန်ဘစ်က ကုပ်နှိမ် ထားလိုက်တယ်။

"ဟင်နရီ ဒင်းကို ပြိုင်ပြောမနေနဲ့၊ အလကား အာညောင်းတယ်။ ပီတာဂါးဒင်းနဲ့ ဆမ်ဂျုံးကိုသာ အကျိုးအကြောင်း သွားပြောလိုက်၊ သူတို့ ဝမ်းသာရအောင်"

"အေးအေး... ကောင်းတယ် သွားပြောလိုက်၊ ငွေဝေစု တစ်ဝက်ကို ဆက်ဆက် ပေးဖို့ မမေ့နဲ့လို့"

ဆိုပြီး ဘော့ပရစ်တီးဟာ ဆိုင်ထဲက ထွက်သွားတယ်။

အဲသည်လိုနဲ့ သေနတ်မှန် ခံရတဲ့ လူတွေဟာ သူတို့ ငွေကြေးငွေကို ခွဲမပေး ရတော့ဘူးလို့ ဝမ်းသာအားရ ဖြစ်နေကြတယ်။ နောက်ပြီး အဲ့သည် ပိုက်ဆံကို သုံးစွဲလို့ ကုန်သည်အထိ ကိစ္စကို တစ်ခွန်း တစ်ပါဒမှ မဟဘူး။ နောက်နောင် ကျတော့မှ မစ္စတာ စူတန်ကို ပြောမယ်။ အဲသည်တော့ ဘော့ပရစ်တီးကို တရားရုံးကနေ အရေးယူပြီး ဖမ်းပစေ ပေါ့။

နောက်တစ်ရက် နှစ်ရက်ကြာတော့ မစ္စတာစူတန်ရဲ့ အပေါင်းအသင်းတွေလည်း စိတ်ဓာတ်ပျက်ပြား ဇာတ်ခေါင်းကွဲပြီး ပြန်ကုန်ကြပြီ။ မစ္စတာစူတန်ကတော့ တော်ပါ ပေတယ်။

သူကိုယ်တိုင် သေနတ်ဒဏ်ရာရတဲ့ သူတွေကို လိုက်ကြည့်ပြီး သူ့ဆီကရတဲ့ လျော်ကြေးငွေတွေဟာ "အလကားရတာ အလကားဖြစ်" ဆိုသလို ပန်းဂေါ်ဖီမှာပဲ အလဟဿ ဖြုန်းတီး ပစ်တယ်လို့ ကြားရတဲ့အတွက် သူတို့အကျိုး မျှော်ကိုးပြီး လျော်ကြေး ငွေကို လုံးခန် ဆယ်ပေါင် မပေးတော့ဘဲ တစ်ပတ်ကို ဆယ်သျှီလင် (ပေါင်ဝက်) ဆီ၊ ဆယ်ပေါင် ပြည့်သည် အထိ ပေးသွားမယ်လို့ ပြောတယ်။ သည်စကားကို ကြားတော့ ဝေါ်တာဘဲလ်ဟာ မဆဲမိအောင် အိပ်ရာခင်းကို ပါးစပ်ထဲ ထိုးသွင်းပြီး မနည်းကြီး အောင့်အည်း ခံလိုက်ရသတဲ့။

ပီတာဂါးတင်းက လက်မောင်း ပတ်တီးစီးပြီး စိတ်ပျက် လက်ပျက်နဲ့ ပန်းဂေါ်ဖီမှာ ထိုင်ပြီး ညည်းညူနေတယ်။ ကျုပ်တို့လည်း ဘာမှ မတတ်နိုင်ဘူးလေ၊ သူ့ခမျာမျာ ပါးစပ်ထဲ ရောက်လုနီး အမဲသားတုံးကြီး ကျီး ဝင်သုတ်သွားသလို ခံစား နေကြ ရမှာပေါ့လေ။ ဆယ်ပေါင်ဆိုတော့ ရွှေဒင်္ဂါး ဆယ်ပြားကြီးများတောင် လုံးခန်ရတဲ့ ဥစ္စာကြီး။

"တို့ ဒီမှာ ဒီလို စားသောက်နေတယ် ဆိုတာကို သူ ဘယ်လိုလုပ် ကြားသွားသလဲ မသိဘူးနော်"

ဒစ်ကီဝိဒ်က စဉ်းစဉ်းစားစားနဲ့ ပြောလိုက်တော့ ထောင့်တစ်ထောင့်မှာ ထိုင်နေတဲ့ ဘော့ပရစ်တီးက သူ့ကို မျက်နှာလွှဲနေတဲ့ ပီတာဂါးတင်းကို ပြုံးစစနဲ့ ကြည့်ရင်း...

"ကျုပ်မိတ်ဆွေ တစ်ယောက်က စာရေး လိုက်တယ်ဗျ။ သူတစ်ပါးရဲ့ ငွေကြေးနဲ့ အလဟဿ သောက်စားပစ်နေတာ မကြည့်ရက်လို့တဲ့။ အဲဒီ မိတ်ဆွေက

ဘီလ်ချမ်းဘားစ်တို့၊ ဟင်နရီဝေါ့ကားတို့ လုပ်ပုံတွေကို ခရေစေ့တွင်းကျ ရေးပြီး အောက်က 'အမုန်တရားကို လိုလားသူ' လို့ လက်မှတ် ထိုးလိုက်တယ် ဆိုပဲ"

အဲသည်အခါမှာ ဂျွန်ဘစ်က ဘော့ပရစ်တီးကို အကြောင်သားကြည့်ပြီး...

"ဟေ့... မင်းမိတ်ဆွေက စာရေးတယ် ဟုတ်လား၊ ဘာကြောင့် ရေးတာလဲ"

"သူ့စိတ်ထဲ ဘာ့ကြောင့်လဲတော့ ကျွန်တော် မသိဘူး၊ သူက လောကကို လေ့လာနေသူပဲ။ စာရေးဖို့လဲ ဝါသနာပါတယ်၊ စာရေးလည်း ကောင်းတယ်။ ကျုပ်သာ သူ့ကို သွားမတားဘူး ဆိုရင် နက်ဖြန်လည်း သူ စာတစ်စောင် ရေးပို့ဦးမှာပဲ"

တစ်သက်လုံး ဘော့ပရစ်တီးကို စကား မပြောတော့ပါဘူးလို့ အများရှေ့မှာ ကြေညာထားတဲ့ ပီတာဂါးတင်းလည်း မနေနိုင်တော့ပါဘူး။

"ဟေ... နောက်တစ်စောင် ရေးဦးမယ် ဟုတ်လား၊ ဘာအကြောင်းတွေ ရေးဦးမှာတဲ့လဲ"

"ဘာအကြောင်းတွေ ရေးမလဲ၊ မင်းတို့ ရွှေညဏ်တော် စူးရောက်ပြီး မင်းတို့ကို ငါ သေနတ်နဲ့ ပစ်တယ်လို့ ငါ့ကို သိက္ခာ ချတာတွေကို မခံနိုင်လို့ပေါ့ကွ။ ဒီကိစ္စမှာ မင်းတို့ကသာ ငါ့ကို အမနာပ စွပ်စွဲနေပေမဲ့ တကယ်တော့ မင်းတို့ဟာ မင်းတို့ လုပ်ကြံပြီး သူ့ဆီက လျော်ကြေးငွေ လိမ်ယူတယ်လို့ မစွတာစူတန် သဘောပေါက်သွားရင် မင်းတို့ကို ရုံးတင် တရားမစွဲဘူးလို့ ဘယ်သူ ပြောနိုင်မလဲကွ"

သည်တော့ ပီတာဂါးတင်းက ဆတ်ဆတ်တုန်ရင်း...

"ဒီလိုတော့ မရေး လိုက်ပါနဲ့ကွာ"

"ဟ... ငါရေးမှာ မဟုတ်ဘူးကွ၊ ငါ့မိတ်ဆွေက ရေးမှာပေါ့၊ အေး မင်းတို့က ယောက်ျားသားပီပီ ထားခဲ့တဲ့ ကတိ စာချုပ်အတိုင်း ငါ့ကို ဝေစု တစ်ဝက်စီ ပေးကြမယ် ဆိုရင်တော့ သူ့ကို မရေးဖို့ကို ငါ သွားပြော ပေးပါ့မယ်။ သူက ငါ့စကားဆိုရင် နားထောင် တတ်ပါတယ်။ ငါနဲ့ ငယ်သူငယ်ချင်းပဲကွာ"

အစကတော့ ပီတာက တစ်ပြားမှ မပေးနိုင်ဘူး၊ ဒင်းရေးချင်တဲ့ စာ သေတဲ့ နောက်ဆုံး အထိ ရေးစမ်း ပါစေလို့ စိတ်ကူးမိပေမဲ့ တစ်ဖက်က စဉ်းစားပြန်တော့ အပတ်စဉ် ရတဲ့ငွေ ဆယ်သျှီလင်ကို လက်လွှတ်ရမှာ စိုးတဲ့အတွက် ဘော့ကို ပန်းဂေါ်ဖီဆိုင်မှ ဘယ်မှ မသွားသေးဘဲ စောင့်နေဖို့ မှာခဲ့ပြီး ဆမ်နဲ့ ဝေါလ်တာဆီသွား ခေါင်းချင်းဆိုင် တိုင်ပင် ကြတယ်။

ပီတာ ပြန်လာတဲ့ အခါကျတော့ ပထမအပတ် အတွက် သူတို့ သုံးယောက်ပေါင်း ကျသင့်တဲ့ ၁၅ သျှီလင်ကို ဘော့လက်ထဲ အပ်ရင်း ဘော့ကြောင့် ဝေါလ်တာဟာ အရူးလို လူးလိမ့် ကျန်ခဲ့ပြီး ဆမ်ဂျုံးကတော့ ဒေါသ ထွက်လွန်းလို့ သည်ညှ ကုန်အောင်တောင် အသက် ရှင်ပါ့မလား မသိဘူး။ သည်ငွေကို မင်းမို့ စားရက်တယ်ကွာလို့ စကားနာထိုးတော့ ဘော့ပရစ်တီးက...

"ဟ... ငါသာမရှိရင် မင်းတို့ ဒီလောက်ငွေကို မြင်တောင်မြင်ဘူးမှာ မဟုတ်ဘူး၊ တကယ်တော့ ငါက မင်းတို့ ကျေးဇူးရှင်ပါကွ၊ ရန်သူမဟုတ်ပါဘူး" လို့ ပြောလိုက်သတဲ့။

❋ ❋ ❋ ❋ ❋

## ကျားဆိုသောကျား

အင်္ဂလန်နိုင်ငံ 'ကလေးမြူရီ' ရွာ၏ တစ်ခုတည်းသော ကျက်သရေဆောင် ဖြစ်သည့် 'ပန်းဂေါ်ဖီ' ယမကာ ဆိုင်ရှေ့တွင် နယ်လှည့် ပန်းချီဆရာ တစ်ယောက်သည် နွေရာသီမို့ တွတ်တွတ်နီအောင် ရွက်နုတွေ ဝေ၍ အရိပ်အာဝါသ ကောင်းလှသော သစ်အယ်ပင်ကြီး တစ်ပင်အောက်၌ ခုံတန်းရှည် တစ်ခုကို ကားရားခွ ထိုင်ရာ ၎င်းရှေ့တွင် ထောင်ထားသော ရေးလက်စ ကားချပ်ဖြင့် ရှုထောင့် အမျိုးမျိုးမှ ကြည့်ရင်း မိမိ၏ အနုပညာ လက်ရာကို အလွန် နှစ်ခြိုက် အားရဟန် ရှိနေ၏။

သူ၏ စားပွဲပေါ်တွင်ကား လက်သုတ်ပဝါ တစ်ထည်နှင့် ထုပ်ထားသော နေ့လည်စာ ဖြစ်ပုံ ပေါ်သည့် ရောမ အသားညှပ် ပေါင်မုန့်ကြီး နှစ်ချပ်နှင့် ဒိန်ခဲတုံးကြီး တစ်တုံး၊ ရေငတ်ပြေ သောက်ဖို့ရာ ဆိုင်ရှင်က ဝတ်ပြုထားသည့် ဘီယာချိုင့်ကြီး တစ်ခု ရှိနေ၏။

ထိုစားပွဲ၏ ဟိုဘက်မှာတော့ ဤရွာ၏ ဖိုးသက်ရှည်က ကုလားထိုင် နောက်ကျောကို မှီလျက် စန့်စန့်ကြီး ထိုင်ကာ မြေဆေးတံ အိုကြီးကို ခဲရင်း မလှမ်းမကမ်း၌ မြေကြီးပေါ်တွင် ပိုး-ိုးပက်လက် လန်နေသော ပန်းဂေါ်ဖီ ဆိုင်းဘုတ်ကြီးကို နမြောဟန် မသာမယာ မျက်နှာနှင့် ကြည့်လျက်...

"ကျုပ်တစ်သက်တာ ဒီဆိုင်းဘုတ်အောက်မှာ ဘီယာ သောက်ခဲ့တာ နှစ်ပေါင်း ခုနစ်ဆယ် ကျော်ခဲ့ပြီ၊ ခုတော့ ကြည့်စမ်း သင်းက ကျုပ်ထက် အရင်ကြွေကျ မြေခ ရှာပြီလေ"

ပန်းချီဆရာက ပေါင်မုန့် တစ်ဖဲ့ကို ပါးစပ်ထဲ ထိုးသွင်းရင်းက ဤ ဘာမဟုတ်သည့် ဆိုင်းဘုတ် အစုတ်ကြီးကို နမြောတသ နေရှာသည့် အဘိုးအိုအား ကရုဏာ မကင်းသော မျက်လုံးများဖြင့် ကြည့်နေ၏။

ဘိုးသက်ရှည်က မီးမရှိတော့ပြီ ဖြစ်သော သူ့ဆေးအိုးကို အားရပါးရ ဖွာရှိုက်ရင်း…

"ဆိုင်ရှင်စမစ် အလိုအရ ဆိုရင်တော့ ဒီဆိုင်းဘုတ်ကို ဖြုတ်ပစ်မှာ မဟုတ် သေးဘူးကွဲ့၊ သူက အစွဲ သိပ်ကြီးတာ၊ ခုတော့ ဟိုအရင် တစ်လလောက်က ဒီရွာကို ခဏ အလည်လာတဲ့ လူစိမ်းနှစ်ယောက်က ဆိုင်ရှင်စမစ်ကို 'ခင်ဗျားက ပန်းဂေါ်ဖီ ပန်းဂေါ်ဖီနဲ့ ဘာကြောင့် ခေါ်တာလဲဗျ' မေးလို့ စမစ်က သူ့ဆိုင်မှာ ချိတ်ထားတဲ့ ပန်းဂေါ်ဖီ ပုံကိုပြတော့ အဲဒီလူက 'အောင်မယ်လေးဗျာ… ဒါပန်းဂေါ်ဖီ ပုံလား၊ ကျုပ်က စတုတ္ထမြောက် ဂျော့ဘုရင် မင်းမြတ်ပုံ မှတ်လို့' တဲ့။ ပုံက ဝိုးတဝါးနဲ့ ဆိုတော့ တူလည်း တူနေပေသကိုးဗျ"

ပန်းချီဆရာက ခွက်ထိုး ခွက်လန် ရယ်ပြီး သူ့ ဆိုင်းဘုတ်လည်း သည်လို ထင်ယောင် ထင်မှား မဖြစ်ရအောင် စေ့စေ့စပ်စပ် အချောသပ်ပြီး သကာလ စိတ်တိုင်း ကျတော့မှ သူ့ နေ့လယ်စာကို ဆက်ပြီး စားတယ်။ ဒါတွင်မက အဘိုးအို အတွက်ပါ ဘီယာတစ်ခွက် မှာပေးပြီး…

"ကဲ… အဘ ဟောဒီ ဆိုင်းဘုတ် ပေါ်ကတော့ ပန်းဂေါ်ဖီ အစစ်မှ ပန်းဂေါ်ဖီ အစစ်ပါပဲ၊ ဘာနဲ့မှ မှားစရာ မရှိပါဘူးနော်"

"ဟုတ်ပ့ါ၊ မင်း ပန်းဂေါ်ဖီ ကျတော့လည်း ခုပဲ ဆွဲ ကိုက်စားချင်စရာ ကောင်းသကွဲ့"

ပန်းချီဆရာ မနောခွေသွားပြီး သူဟာ သဘော သကာယ ကောင်းသူလည်း ဖြစ်တော့ အဘိုးအို အတွက် နောက်ထပ် ဘီယာ တစ်ခွက်မှာပေးပြီး

"ဒါနဲ့ အဘရာ ဒီဆိုင်ရှင်ကလည်း ကြံကြံ ဖန်ဖန် ဂေါ်ဖီပန်းပွင့်ကို အရက်ဆိုင် တံဆိပ် တပ်ရ သတဲ့လား။ မသကာ နွားခေါင်းတို့၊ ခြင်္သေ့ခေါင်းတို့ဆို တော်သေးရဲ့"

ခြင်္သေ့ဆိုသည့် အသံကို ကြားသည်နှင့် တစ်ပြိုင်နက် အဘိုးအိုမျက်နှာ ဝင်းခနဲ လက်သွားပြီး ပန်းချီဆရာကို ပြုံးပြုံးကြီးကြည့်ရင်း...

"ခြင်္သေ့ဆိုမှ သတိရတယ်၊ မင်းတို့ 'ကလေးပြူရီ' ရွာက ကျား အကြောင်း ကြားဖူးလား"

ပန်းချီဆရာက ဒီတစ်ပိုက်မှာ သူက လူသစ်မို့ မကြားဘူးကြောင်း အဘိုးအိုကို ဝန်မလေးဘူး ဆိုရင် သူ့အား ပြောပြဖို့ တောင်းခံပြီး သူ့ကိုယ်သူ သက်သောင့် သက်သာ ဖြစ်အောင် ကုလားထိုင် တစ်လုံးမှာ ပြောင်းထိုင်ပြီး ဆေးတံကို ဆွဲထုတ်လိုက်တယ်။

အဘိုးအိုကလည်း သည်လို ဘီယာလေး တစိမ့်စိမ့် စုပ်ရင်း သူ့ရွာအကြောင်း ရှေးဟောင်း နှောင်းဖြစ်တွေ ပြောရမယ်ဆိုရင် အင်မတန် ဝမ်းသာအားရပါပဲ။

သည်အဖြစ်က ကြာတော့လည်း ကြာပါပြီလေ။ တစ်ခါတော့ နယ်လှည့် ဆပ်ကပ် အဖွဲ့ တစ်ဖွဲ့ဟာ မီးရထားနဲ့ ကျုပ်တို့ "ကလေးပြူရီ" ရွာကို ဖြတ်ပြီး "ဝိခ်ဟိမ်း" မြို့ကို သွားတယ်။

သည်ဆပ်ကပ်မှာ ကျားတွေ၊ ဆင်တွေ၊ ခြင်္သေ့တွေ အစုံပါတာပေါ့။ တို့ရွာကို ရောက်တော့ ရထားခေါင်း စက်ပျက်လို့ စက်ပြင်တုန်း ဒီရွာမှာ တစ်ည နားရတယ်။

သည်တော့ ဆပ်ကပ်ပိုင်ရှင်က သူ့အတွက် အချိန်မပုတ် အလဟဿ မဖြစ် ရအောင် စာသင်ကျောင်းရှေ့က ကစားကွင်းကြီးထဲမှာ ရွက်ထည်တဲထိုးပြီး ဆပ်ကပ်တစ်ပွဲ ပြသွားတယ်။

ဟာ... တစ်ရွာလုံး အုတ်အုတ်ကျက်ကျက်နဲ့ သွားကြည့် လိုက်ကြတာ။ သည် အထဲမှာ ကျုပ်လဲ အပါအဝင်ပေါ့လေ။ သည်ရွာမျိုးမှာ ဆပ်ကပ် လာပြတယ်ဆိုတာ မဖြစ် နိုင်တာကြီးကိုး။ ကြုံတောင့်ကြုံခဲ ရထားခေါင်း စက်ပျက်လို့ပါပဲ။

တို့ရွာက ကလေးတွေဆိုတာ နောက်ပိုင်းမှာ ခြင်္သေ့ကြီးလို၊ ကျားကြီးလို ဆော့ ကစားကြနဲ့ပေါ့။ ဘော့ပရစ်တီးရဲ့ သားငယ်ဆိုတာ မြင်းပေါ်က ကျွမ်းထိုးကျင့်တာ လိမ့်ကျပြီး ကံကောင်းလို့ ဇက်မကျိုးတယ်။

အဲ... ဆပ်ကပ်ပွဲပြီးသွားပြီး နှစ်ပတ်လောက်ကြာတော့ ထူးထူး ဆန်းဆန်းတွေ ဖြစ်လာတော့တာပဲ။ ဆပ်ကပ်ထဲက ကျားကြီး လှောင်အိမ်က ထွက်ပြေးလို့တဲ့။

သည်သတင်းကို ပထမဦးဆုံး သယ်လာတာကတော့ ဘီလ်ချမ်းဘားစ်ပေါ့။ တစ်ညနေတော့ သူဟာ ကျုပ်တို့ စုဝေးရာဖြစ်တဲ့ သည်ပန်းဂေါ်ဖီကို သတင်းစာတစ်စောင် ယူလာပြီး ဖတ်ပြတယ်။

အဲသည်နောက်ပိုင်းမှာတော့ သည်ဆပ်ကပ်ကျားရဲ့ သတင်းဟာ ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ နားမဆန့်အောင် ကြားရတော့တာပဲဗျို့။

အစတုန်းကတော့ ကျုပ်တို့ဟာ ခပ်အေးအေးပဲ၊ ကျားလွှတ်လာပြီး ဟိုနား တွေ့တယ်၊ ဒီနားသွားတွေ့တယ်။ ဟိုချုံကွယ်မှာ ရိုးတိုးရိပ်တိတ် မြင်လိုက်ရတယ်ဆိုတဲ့ အကြောင်းတွေ ကြားရတော့ ရယ်စရာ မောစရာတွေတောင် လုပ်ကြံပြောကြသေးတယ်။

ဖရက်ဒရစ်စကောဆိုတဲ့ လူကဖြင့် ကျုပ်တို့ ညည အိမ်အပြန်မှာ ကျားကြီးဟာ ပက်လက်ကုလားထိုင်မှာ အခန့်သားထိုင်ပြီး ကလေးတွေကို ကျွတ်ကျွတ်မြည်အောင် ဝါးစားနေတာ တွေ့ရရင် ဘယ်လိုများ နေမလဲလို့တောင် ကြံကြီးစီရာတွေးပြီး ပြောသေးဗျ။

သည်တော့ များမကြာမီကမှ ဒုတိယမြောက် အမြွာကလေးမွေးထားတဲ့ ဆမ်ဂျုံးက သည်လို ပြောရမလားဆိုပြီး သိပ်ဒေါပွသွားသေးတယ်။

အဲ... ကျားကို ကျုပ်တို့ရွာနဲ့ သုံးမိုင်လောက်အကွာမှာ တွေ့လိုက်ရတယ်ဆိုတဲ့ သတင်းကို ကြားလိုက်ရတဲ့ အခါမှာတော့ ဘယ်သူမှ စိတ်မအေး နိုင်ကြတော့ဘူးဗျ။

ကျားရဲ့စားကျက်က ကျုပ်တို့နဲ့ တဖြည်းဖြည်း နီးလာပြီ မဟုတ်လား၊ သည်တော့ ပီတာဂါးတင်းက ကျုပ်တို့ တစ်ခုခု လုပ်မှ ဖြစ်တော့မယ်လို့ ထပ်ခါတစ်လဲလဲ နှိုးဆော် နေတော့တယ်။ ကျုပ်တို့ကလည်း ဘာလုပ်ရမှန်း မသိ ဖြစ်နေတုန်း ဖြုန်းဆို မျက်လုံး ပြူးစရာ တွေ့ကြုံရတော့တယ်။

အဖြစ်က တစ်ညနေမှာ ကျုပ်တို့တစ်တွေ ဟောသည် သစ်ပင်အောက် စုဝေးပြီး ထုံးစံအတိုင်း တစ်ခွက် တစ်ဖလားစီ မော့နေကြတုန်း ခပ်လှမ်းလှမ်း ရွာအဝင်ဆီက လူတစ်ယောက် ငယ်သံပါအောင်အော်ပြီး ပြေးလာနေတယ်။

အဲသည်လူဟာ အကြီမပါ၊ ဗလာကိုယ်တီးနဲ့ ညစ်ပတ်စုတ်ပြတ်နေပုံထောက်တော့ ခြေသလုံးအိမ်တိုင် တေလေကြမ်းပိုး တစ်ယောက်ပဲဆိုတာ မြင်ရုံနဲ့ သိသာတယ်။

ဒင်းဟာ ပါးစပ်က အော်လဲအော်၊ နောက်ကျော ဘက်ကိုလည်း လည်ပြန် တစ်ကြည့်ကြည့်နဲ့ သေပြေးရှင်ပြေး အားကုန် သွန်လာနေတယ်။ ကျုပ်တို့ အားလုံးလဲ ရုတ်တရက်မို့ ကြက်သေသေပြီး ငိုင်နေကြတုန်း ဘီလ်ချမ်းဘားစ်က ထိုင်ရာက ဝုန်းခနဲထပြီး ပန်းဂေါ်ဇီဆိုင်ဆီ ပြေးသွားရင်း ပါးစပ်ကလည်း "ကျားဗျို့ ကျား" လို့ အော်သွားတယ်။

သည်တော့ ဆိုင်ရှင်စမစ်ကလည်း ဆိုင်ထဲက ပြေးထွက်အလာ အပေါက်မှာ ရင်ဆိုင် တိုက်မိပြီး စမစ်ဟာ ပက်လက်လန်လဲသွားတယ်။

သူ့ခမျာ ဘီလ်ချမ်းဘားစ်နောက်က ကျား... ကျားလို့ အော်ရင်း ပြေးလိုက် သွားကြတဲ့ ကျုပ်တို့တစ်တွေအားလုံး သူ့ကိုယ်ပေါ် ကျော်ဖြတ် နင်းသွားကြတာ လူကုန်မှ လဲနေရာက ကမန်းကတန်း ထတည့်ပြီး ဆိုင် တံခါးမကြီးကို သွားပိတ်နိုင်ရှာတယ်။

ဒါပေမဲ့ တံခါးရွက်ကို စေ့မိတယ်ဆိုရင်ပဲ ပြေးလာတဲ့ ကြမ်းပိုးကောင်ဟာ ဆိုင်ဝ ရောက်လာပြီး တံခါးကို တဝုန်းဝုန်းထုရင်း မရှုနိုင် မကယ်နိုင် သူပါ အထဲဝင်ပါရစေလို့ ငိုသံပါကြီးနဲ့ ပြောတယ်။

"တံခါး ဖွင့်စမ်းပါဗျ၊ နောက်က ကျားလိုက်လာပြီဗျ"

ဆိုင်ရှင်စမစ်ကလည်း ဖွင့်မပေးဘဲ တံခါးကို ကိုယ်လုံးနဲ့ ဖိထားပြီး

"သွားစမ်းကွာ၊ တခြားသွားစမ်း"

"လုပ်ပါဗျ၊ ကျုပ်ကို ကျားစားတော့မယ်၊ မြန်မြန်ဖွင့်ပါ၊ ကျုပ်အထဲဝင်ပါရစေ"

"မဖွင့်ဘူးကွာ၊ မင်း ကျားကို တို့ဆီ ခေါ်မလာနဲ့ တခြားခေါ်သွား မင်းတစ်ယောက်တည်းကို စားပါစေ"

ဒီလို မဖွင့်ဘူး ဖွင့်ပါ ဖြစ်နေကြတုန်းမှာ ရွာရဲ့ ပန်းပဲဆရာကြီး ဂျွန်ဘစ်ဟာ အိမ်သာထဲက ထွက်လာပြီး ဘာဖြစ်နေတယ်ဆိုတာ သိရတာနဲ့ တစ်ပြိုင်နက် ထရံမှာ ချိတ်ထားတဲ့ စမစ်ရဲ့ရိုင်ဖယ် ဖြုတ်ယူပြီး…

"အေး… မင်းတို့ပဲ ကြောက်ချေးပါနေကြ၊ ငါတော့ ဒီအတိုင်း မနေနိုင်ဘူး၊ ရွာထဲမှာ ငါ့မိန်းမတွေ ကလေးတွေ ရှိသေးတယ်၊ သူတို့ကို ကယ်ရမယ်"

ဆိုပြီး စမစ်ကို တံခါး ဖွင့်ခိုင်းတယ်။ ဒီအချိန်မှာ အပြင်က ကြမ်းပိုးကောင်ကလည်း တံခါးကို အတင်းတွန်းဖွင့်နေ၊ စမစ်ကလည်း နည်းနည်းကလေးမှ အလျှော့မပေးဘဲ အထဲကနေပြီး ကလန့်ထိုးဖို့ကို ကြိုးစားနေတယ်။

အဲဒီမှာ ဂျွန်ဘစ်က စမစ်ကို ဘယ်လိုမှ တံခါး ဖွင့်ခိုင်းလို့ မရမှန်းသိတော့ ဒေါသကြီးသူပီပီ ရိုင်ဖယ်ဒင်နဲ့ စမစ်ခေါင်းကို ထုချလိုက်တာ စမစ်ပုံလျက်သား လဲကျသွားတော့တယ်။ အဲဒီတင် ဂျွန်ဘစ်က ညတံခါးကို ဆွဲဖွင့်လိုက်တော့ အပြင်က အထဲကို တွန်းဖွင့်နေတဲ့ ကြမ်းပိုးကောင်ဟာ အားလွန်ပြီး အထဲကို လေးဘက်ထောက် ကျလာတယ်။

ကျုပ်တို့လည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း ဂျွန်ဘစ်ဟာ သေနတ်ကြီးကို ရှေ့တည့်တည့်ချိန်ရင်း ဂျပိုးကောင်ကို ကျော်လွှားပြီး အပြင်ဘက်ကို ထွက်ပြေး သွားလေရဲ့။ ပါးစပ်ကလည်း ဘာတွေမှန်း မသိ အော်ဟစ် သွားလေရဲ့။ ဒီတော့မှ ကျုပ်တို့ထဲက တစ်ယောက်က လျှပ်တစ်ပြက်အတွင်း တံခါးဆီကို အရောက်သွားပြီး သေသေချာချာ ကလန့် ချလိုက်တယ်။

ကြမ်းပိုးကောင်က ထောင့် တစ်ထောင့်နား သွားပြီး ခွေခွေကလေး လှဲရင်း ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေတယ်။ အဲသည်တော့ ကျုပ်တို့က သနားတာနဲ့ သူ့ယောကျ်ား ခေါင်းကို ရေပတ် တိုက်ပေးနေတဲ့ ဆိုင်ရှင်ကတော်ဆီက ဘရန်ဒီ တစ်ခွက် တောင်းပြီး ကြမ်းပိုးကောင်ကို တိုက်လိုက်တယ်။ ဒီတော့မှ ကိုယ်တော်ချောက မျက်စိကလေး ဖွင့်လာတယ်။

"မင်း ကျားကို သေသေချာချာ တွေ့လိုက်ရသလား"

ဘီလ်ချမ်းဘားစ်က မေးတော့ ကြမ်းပိုးကောင်က ကြက်သီး တဖျန်းဖျန်း ထဟန် နဲ့...

"အမယ်လေး ဘုရား ဘုရား... တွေ့ရုံ ဘယ်ကမလဲဗျ"

လို့ပြောရင်း ဘရန်ဒီထပ်ပေးဖို့ ခြေဟန်လက်ဟန်နဲ့ ပြတယ်။ ဟင်နရီဝေါ့ကား ကလည်း ကိုယ့်ပစ္စည်း မဟုတ်တော့ သဒ္ဓါ ကြည်ဖြူစွာနဲ့ပဲ နောက်တစ်ခွက် ယူပေးလိုက်ရ တယ်။ ကြမ်းပိုးကောင်က ရေမရောဘဲ တစ်ရှိန်ထိုး မျိုချလိုက်ပြီးမှ...

"ကျားကြီးက ကျုပ်နောက်ကို တစ်မိုင်ကျော်ကျော်ကတည်းက လိုက်လာတာဗျ၊ ဟမ်မလေးလေး... ကျုမ်မလည်း ပြေးလိုက်ရတာ ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲရောလား အောက်မေ့ရတယ်"

လို့ပြောပြီး ကြောက်စရာ သက်မကြီးတစ်ချက် ချလိုက်ပြီး သတိ လစ်သွားတော့ တယ်။

ကျုပတို့လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြတာပေါ့။ နောက်ပြီး လုပ်မိလုပ်ရာ ဒင်းပါးစပ်ကို အတင်းဖြဲပြီး ဘရန်ဒီတွေ ပုလင်းလိုက် လောင်းချတယ်။ သတိ

မရသေးဘူး။ ဘရန်ဒီကုန်တော့ ဂျင်တွေလောင်းချတယ်။ ဂျင်ပုလင်းကုန်တော့ ဘီယာတွေ။ ဒါပေမဲ့ ဘယ်လောက်ပဲ အရက်တွေကုန်ကုန် ဒင်းကတော့ သတိ မရလာသေးဘူးဗျ။ သွားပါပြီ… မသာတစ်လောင်းတော့။ ပန်းဂေါ်ဖီ အချောင်ပွပြီ အောက်မေ့ရတယ်။ ဒီကောင်က လှုပ်ကို မလှုပ်ဘူး။

အရက်တွေ သူ့ပါးစပ်ထဲ လောင်းချနေတုန်း ဒင်းမျက်ခွက်ကတော့ အသုရကာယ် ဘုံမှာ ရည်းစားနဲ့ တွေ့နေတဲ့အတိုင်း ပြုံးပြုံးကြီး။ နောက်ဆုံးတော့ ဆိုင်ရှင်ကတော်က ရေ တစ်ကရား သွားယူပြီး သူ့မျက်နှာပေါ် တအားလောင်းချတော့မှ ကိုယ်တော်က သတိပြန်လည် လာတော်မူတယ်။

သူ့ပါးစပ်ထဲ ရေတွေဝင်သွားတယ် ဆိုရင်ပဲ သူ့မျက်နှာက အပြုံးဟာ ပျောက်ကွယ် သွားကာ မျက်စိဖွင့်ကြည့်ပြီး တစ်ကိုယ်လုံး ဆတ်ခနဲ တုန်ခါသွားရင်း ပါးစပ်အကျယ်ကြီး ထပြီး တကတည်း စူးစူးရှရှ အော်လိုက်တာဗျာ ကျုပ်တို့အားလုံး ကျား ဆိုင်ထဲများ ရောက်လာသလားဆိုပြီး လိပ်ပြာလွင့်မတတ် လန့်ကုန်ကြတယ်။

ဘီလ်ချမ်းဘားစ်က စိတ်ပေါက်ပေါက်နဲ့ ဒီကောင့် ကျောကုန်းကို သုံးလေးချက် လောက် ထုပေးလိုက်တော့မှ သူက သူ့အဖြစ်ကို ပြောပြနိုင်တော့တယ်။

ဒင်းက ကျုပ်တို့ရွာနဲ့ တစ်မိုင်ကျော်ကျော်လောက် အကွာမှာရှိတဲ့ လျှိုကြားထဲက စမ်းချောင်းကလေးထဲမှာ ရေချိုး အဝတ်လျှော်နေတာတဲ့။ အဲဒီတုန်း နာမှုတ်သံကြားလို့ ကမ်းပါးပေး မော့ကြည့်လိုက်တော့ ချုံတစ်ချုံထဲက ကျားခေါင်းကြီးတစ်ခု ထွက်လာသတဲ့။

သင်းဟာ လျှော်လက်စ အင်္ကျီတောင် မယူနိုင်ဘဲ တအားကြုံးပြေးခဲ့ရသတဲ့။ သူ့ ရှပ်အင်္ကျီက သူ့အသက်ကို ကယ်သွားတာပဲတဲ့။ ကျားဟာ ချောက်ကမ်းပါး ပေါ်က သူ့ကို

ကိုက်ဖို့ ဆင်းပြေးလာတော့ လူကို မတွေ့ရတော့ သူ့အင်္ကျီကိုပဲ စိတ်နဲ့မာန်နဲ့ ဆွဲဖြဲ ကျန်ရစ်ခဲ့တာမို့ ကျားလက်က သူ သီသီကလေး လွတ်လာတာပါပဲတဲ့။

သူ့ စကားဆုံးတော့ စမစ်ဟာ ဆိုင်ပေါ် တက်သွားပြီး ပြတင်းပေါက်မှ ရွာအဝင်လမ်းကို လှမ်းကြည့်ပေမဲ့ ကျားရဲ့ အရိပ်အရောင်တောင် မတွေ့ရပါဘူး။ ဒါပေမဲ့ ကျုပ်တို့ မသိလိုက်ဘဲ ဆိုင်ရှေ့ကဖြတ်ပြီး ရွာထဲ ရောက်သွားရောပေါ့။ အပြင်ထွက်သွားတဲ့ တဖောက်ကန်းလူကြီး ဂျွန်ဘစ်ကိုတောင် စားပစ်လိုက်ပြီလားပဲ။

ကျုပ်တို့တစ်တွေ တစ်ယောက်မှ ဆိုင်အပြင်ဘက်ကို မထွက်ဝံ့ကြဘူး။ မှောင်လာလေ အိမ်မပြန် ဝံ့လေဘဲ။ ညဆယ်နာရီထိုးတော့ ဆိုင်ရှင်စမစ်က ကျုပ်တို့ကို နှင်တယ်။ အရက်ဆိုင်လိုင်စင် စည်းကမ်းအမှတ် ၁၄ က ညဆယ်နာရီပဲ ဖွင့်ရမယ်။ နို့မဟုတ်ရင် လိုင်စင် ရုတ်သိမ်းမယ်ဆိုထားတော့ ကျုပ်တို့ကို လက်ခံ မထားဝံ့ဘူးတဲ့။ ကျုပ်တို့ကလည်း ဘာရမလဲ၊ ပေကပ်နေကြတယ်။ ကျားစားခံရမှာ ကြောက်တာကိုး။

ဒီတော့ စမစ်က ဘာပြောသလဲဆို...

"ခင်ဗျားတို့လဲ အိမ်မပြန်ဝံ့အောင် ဘာများ တွေးပူစရာရှိလို့လဲ၊ ကျားဆိုတာမျိုးက တစ်ခါစားရင် လူ တစ်ယောက်ထက် ပိုမစားနိုင်ဘူးဗျ၊ ခင်ဗျားတို့ အထဲက တစ်ယောက်ယောက် ကျားပါးစပ်ထဲ ပါသွားလည်း ကျန်တဲ့လူတွေ ကိုယ့်အိမ်ကိုယ် ပြန်ရောက်နိုင်သားပဲ" တဲ့။

အဲဒီညကများ ကျုပ်တို့ထဲက လူသုံးလေးယောက်လောက်ဟာ စမစ်ကို သတ်ချင်စိတ်တောင် ပေါက်သတဲ့။ နောက် သူ့မိန်းမက ဆိုင်ဆက်ဖွင့်ရင် အကြွေးပေးရမှာ စိုးလို့ ပါတဲ့။ အဲဒီဆန္ဒကိုလည်း ရှင်းရှင်းပဲ စမစ်ကို ဖွင့်ပြောတယ်။

သူ ဘာပဲပြောပြော အဲဒီညကတော့ ကျုပ်တို့အားလုံး ပန်းဂေါ်ဇီမှာပဲ ညအိပ်ကြတယ်။ အိပ်ပြီဆိုတော့လည်း တုန်းခနဲပဲ။ မနက်လေးနာရီမှာ ဘုရားရှိခိုးကျောင်းက ခေါင်းလောင်းသံ ကြားလို့ နိုးလာကြတော့ ကြမ်းပိုးကောင်ဟာ မရှိတော့ဘူး။

ဆိုင်တံခါးကြီးလည်း ဟင်းလင်းကြီးပွင့်လို့။ ကျားသာဝင်လာခဲ့ရင် အကုန်သေမှာ။ ကျုပ်တို့ဟာ တစ်ယောက်ပြီး တစ်ယောက် ဆိုင်ပေါက်ဝကနေ အသာ ခေါင်းပြူကြည့်ပြီး ဘာသံမှ မကြားမမြင်ရတော့မှ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ခပ်သုတ်သုတ် အိမ်ပြန် သွားကြတယ်။ ရွာထဲရောက်တော့ ဘယ်သူမှ ကျားဆွဲခံရတယ် မကြားမိဘူး။

ဒါပေမဲ့ အားလုံး ချောက်ချောက်ချားချားတွေ ဖြစ်နေကြပြီး ကလေးတွေကလည်း ကျောင်းမသွားဝံ့၊ လူကြီးတွေကလည်း အိမ်တံခါးပေါက်တွေ အကုန်ပိတ်ဆို့ပြီး ဘယ်သူမှ အပြင် မထွက်ဝံ့ကြဘူး။ တစ်ရွာလုံး ခြောက်ကပ် တိတ်ဆိတ်နေတာပဲ။

နေ့ခင်းလောက် ကျတော့မှ ရွာထဲမှ အသက်အကြီးဆုံး အတွေ့အကြုံအများဆုံး လယ်သမားကြီး ဖြစ်တဲ့ ဂျီးလ်ဟာ ကျားဆိုတာ နေ့လယ်နေ့ခင်း တော်ရာမှာ အိပ်နေတတ်ပြီး ညကျမှ အစာရှာထွက်တာမျိုးလို့ သူ့အိမ်က အော်ပြောတော့မှ နည်းနည်း စိတ်သက်သာရာ ရကြတော့တယ်။

အဲဒီညမှာတော့ ပန်းဂေါ်ဇီဆိုင်ကို ဘယ်သူမှ မသွားကြတော့ဘူး၊ မှောင်ထဲ မထွက်ဝံ့ကြဘူးလေ။ အဲဒီည မိုးသာလင်းသွားရော ဘာမှ မဖြစ်ပါဘူး။ ဒါကြောင့် ကျားဟာ တောပြောင်းသွားပြီလို့ ကျုပ်တို့က တွေးမိပြီး စိတ်နည်းနည်း အေးသွားကြတယ်။

ကျုပ်တို့တစ်တွေ ဒီလို ဖြစ်နေကြတာကို ဘော့ပရစ်တီးက ဟားတိုက်ပြီး ရယ်တယ်လေ။ ကျားရှိတယ်ဆိုတာ သူက မယုံဘူးတဲ့။ သူက ဘာပြောပြော ကျုပ်တို့တစ်တွေက အရေးမလုပ် ဂရုမစိုက်ပါဘူး။

ဘော့ပရစ်တီးကို သိတယ်မဟုတ်လား။ သူက ရှာချဉ်ဖတ်လေ။ အင်မတန် လိမ်တတ်၊ ညာတတ်၊ ကောက်ကျစ် စဉ်းလဲတတ်တဲ့လူပေါ့။ သူ စကားပြောလိုက်ရင် ငှါ့စကား နွားရ၊ သူက အနိုင်ချည်း ယူချင်တယ်။ ဒါပေမဲ့ ဒီကျားမရှိဘူး ဆိုတာကတော့ ဝေတိ ကြာကြာ ခေါင်းမမာနိုင်တော့ဘူး။ ဘာပြုလို့လဲဆိုတော့ နောက်တစ်နေ့မနက် လင်းအားကြီး အချိန်မှာ ဖရက်ဒရစ်ကောဟာ သူ့ကြက်ခြံသွားပြီး ကြက်စာ ကျွေးမယ်လုပ်တော့ ခြံကာ ထားတဲ့ ဝင်းထရံတွေဟာ ဖရိုဖရဲနဲ့ လဲပြိုပြီး ကြက်မွေးတွေ ဗရဗွေ ပြန့်ကြဲလို့ ကြက်ခုနစ် ကောင်လည်း ကျားဆွဲသွားသတဲ့။

ကြက်ပေါက်စ ကလေးနှစ်ကောင် ကျားတက်နင်းထားလို့ စီစီညက်ညက် ကြေနေ တယ်။ ဖရက်ဒရစ်ဆိုတာ ဆွေ့ဆွေ့ ခုန်နေတာပဲ။ အစိုးရကို သွားတိုင်မယ်ဆိုပြီး ကြက်သေလေးနှစ်ကောင်နဲ့ ကြက်မွေးတွေကို ဖလုံတစ်ခုထဲ ထည့်ပြီး လေးမိုင်လောက် ဝေးတဲ့ 'ကလမ်းဖော့တ်' ဆိုတဲ့ရွာကို သွားတယ်။ အဲဒီမှာ ပုလိပ်သားတစ်ယောက် ရှိတယ်လေ။ နာမည်က ဝီလီယံဝှိုက်တဲ့။

ဖရက်ဒရစ်ဟာ ပုလိပ်သားကို မြေခွေးနဲ့ ဝံပုလွေ ဆိုတဲ့ စားသောက်ဆိုင်မှာ သွားတွေ့တယ်။ ဖရက်ဒရစ်က သူ့ဖလုံလေးပြပြီး အကျိုးအကြောင်း တိုင်တန်းတော့ ပုလိပ်က သူ့အပိုင် မဟုတ်လို့ သူနှင့် မဆိုင်ဘူးတဲ့။ ခါးခါးသီးသီး ငြင်းတယ်။ ဒီတော့ ဖရက်ဒရစ်က...

"ခင်ဗျား အပိုင်မဟုတ်ပေမဲ့ ပြည်သူတွေရဲ့ ဒုက္ခတွေကို စာနာသောအားဖြင့် ကူညီ သင့်ပါတယ်ဗျာ။ ဒီကြားထဲမှာ ကျားကောင်ဟာ စားရမှန်းသိလို့ ကျန်တဲ့ကြက်တွေကို ဆွဲရအောင် ကျုပ် အိမ်ကို လာဦးမှာ သေချာတယ်။

ဒီတော့ ဒီကောင်ကြီးကို ကြက်ခြံထဲ ခေါင်းထိုးဝင်လိုက်တယ် ဆိုရင် သေနတ်ကြီး ကိုင်ပြီး သူ့ကို အသင့်စောင့်နေတဲ့ ခင်ဗျားကို ဘွားခနဲ တွေ့လိုက်တဲ့ အခါမှာ ဒင်း ဘယ်လောက် အံ့သြသွားမယ် ထင်သလဲ”

“ကျားအံ့သြတော့ ကျုပ်က ဘာဖြစ်ရမှာလဲ”

ပုလိပ်သားက မကျေမနပ်နဲ့ ဖရက်ဒရစ် စကားဖြတ်မေးတော့…

“ခင်ဗျားကို တစ်ရွာလုံးက ချီးမွမ်းကြမှာပေါ့ဗျာ”

“သြော်… ကျားကို အံ့သြအောင် လုပ်တတ်လို့ ချီးမွမ်းကြမယ်၊ ကဲ… ကျားကို ရယ်အောင် ကလိထိုးပေး လိုက်ရင်ကောဗျာ”

ပုလိပ်သားက တမင်အရွဲ့တိုက် မေးတာကို ဖရက်ဒရစ်က မသိရှာဘဲ

“ဟာ ဒီလိုဆို ပိုပြီး သြဘာပေးကြမှာပေါ့”

ဒီအခါမှာ ပုလိပ်သားက တည်ပြီး ကြောက်စရာမျက်နှာကြီးနဲ့…

“ဒီမှာ ခင်ဗျား ကြက်မွေးနဲ့ ဇလုံယူပြီး မြန်မြန်ထွက်သွားစမ်း၊ နို့မဟုတ်ရင် ကျုပ် ဝတ္တရား နှောင့်ယှက်မှုနဲ့ ဖမ်းပြီး ချုပ်နှောင်ရလိမ့်မယ်”

ဒီတော့ ဖရက်ဒရစ်ဟာ မကျေမနပ်နဲ့ ရွာကို ပြန်လာခဲ့ပြီး ကျုပ်တို့ကို အကြိုးအကြောင်း ပြောပြတယ်။ ညနေခင်းကျတော့ ကျုပ်တို့အထဲက အရဲရင့်ဆုံး လူလေး ငါးယောက်ဟာ ပန်းဂေါ်ဖီမှာ စုဝေးပြီး ဘာလုပ်ရရင် ကောင်းမလဲလို့ စည်းဝေးတိုင်ပင် ကြတယ်။ တော်တော်ကြီး ကြာတယ်။ ဒါပေမဲ့ အဖြေကတော့ မပေါ်ဘူး။ ဒါကြောင့် ဘာမှ မဆုံးဖြတ်ခဲ့ကြဘဲ အထူးသတိထားပြီး နေမဝင်မီ အိမ်အရောက် ပြန်ခဲ့ကြတယ်။

အဲဒီညမှာပဲ ပီတာဂါးတင်းရဲ့ ဝက်နစ်ကောင် ပါသွားပြန်ရောဗျို့။ ပီတာရဲ့ ဝက်တွေဟာ တစ်ရွာလုံးက ချီးကျူး အားထားရတဲ့ ဝက်တွေဗျ။ ချောလည်းချော၊ လှလည်းလှ၊ မျိုးကောင်း မျိုးသန့်တွေ။ ဝက်တွေကို ကျားက လာဆွဲတော့ ပီတာဟာ ဘာမှ မလုပ်နိုင် မကိုင်နိုင်ဘဲ အိပ်ရာထဲမှာ မေးချင်း တဂတ်ဂတ်ရိုက်ရင်း ဝက်တွေ ကျွီခနဲ အော်သံ၊ ကျားက ဝက်ကို တရွတ်ဆွဲသွားတဲ့ အသံတွေကို စိတ်မချမ်းသာခြင်း ကြီးစွာနဲ့ နားစွင့် နေခဲ့ရတယ်။

နောက်တစ်နေ့ မနက်ကျတော့ ကလေးပြုရီ တစ်ရွာလုံး ပီတာရဲ့ ပြိုပျက်နေတဲ့ ဝက်ခြံကို လာကြည့်ကြတယ်။ တချို့ကလည်း ကျားခြေရာကို ရှာကြတယ်။ ဒါပေမဲ့ နွေခေါင်ခေါင် ခြောက်သွေ့တဲ့ ရာသီကြီးဆိုတော့ ဘယ်ကလာ ကျားခြေရာကို ရှာတွေ့ မတုံးလေ။ လူတွေဟာ ဘယ်တော့ ကိုယ့်အလှည့် ကျမလဲလို့ တအံ့နွေးနွေးတွေးပြီး ရင်လေး နေကြတယ်။

ကျုပ်တို့အထဲက အမြော်အမြင် အရှိဆုံးလူဖြစ်တဲ့ ဆမ်ဂျုံးကတော့ သူ့ဝက်တွေကို ချက်ချင်း ပေါ်ပစ်လိုက်တော့တယ်။ အကြောင်းမဲ့သက်သက် ကိုယ်တစ်ဖတ်မှ မစား လိုက်ရဘဲ အဆုံး မခံနိုင်ဘူးတဲ့။

အဲဒီည သန်းခေါင်ယံမှာ ဘီလ်ချမ်းဘားစ်ရဲ့ ဝက်ကြီး ကြွသွားပါပဲဗျာ။ ကလေး ပြုရီရွာက အကြီးဆုံးဝက်ပဲ။ ဒါပေမဲ့ ကျားကတော့ အသာကလေး ချီသွားပုံပဲဗျ။

ဝက်အော်သံကြားတော့ ဘီလ်က ပြတင်းပေါက်ကို အသာဟပြီး ကြည့်မယ် လုပ်နေတုန်း ကျားရဲ့ ဂရူး ဂရူးနဲ့ မာန်ဖီသံကြီးက ကြောက်စရာ ကောင်းလွန်းလို့ တုတ်တုတ်မှ မလှုပ်ဝံ့ဘူးတဲ့။ နောက်တစ်နေ့ မနက်မှာ ထုံးစံအတိုင်း အုတ်အုတ် ကျက်ကျက်နဲ့ လူတွေ ဆုံမိကြတော့ အိမ်မွေး တိရိစ္ဆာန်ဆိုလို့ ဘာကောင်မှမရှိတဲ့ ဒစ်ကီဝိဒ် က ဝက်မွေး ကြက်မွေးတဲ့ လူတွေဟာ ညညကျရင် ကိုယ့်တိရိစ္ဆာန်တွေ ကိုယ့်အိမ်ထဲ

သိပ်ထားကြဖို့ အကြံပေးတော့ ပီတာဂါးတင်းနဲ့ ဘီလ်ချမ်းဘားစ်က အဲဒီ အကြံဉာဏ်ကို အပြင်းအထန် ကန့်ကွက်တယ်။ ဘာ့ကြောင့်လဲဆိုရင် ခြံထဲမှာထားရင် တိရိစ္ဆာန်ပဲပါမယ်။ အိမ်ထဲမှာထားလို့ ကျားက အိမ်ထဲ ဖြဲဝင်လာမှဖြင့် လူတွေပါ ကိစ္စ တုံးကုန်မယ်တဲ့။

ဒါ ဒစ်ကီဝိဒ်က သူတို့ကိုပါ ကျားဆွဲ သွားစေချင်လို့ မလိုမုန်းထားစိတ်နဲ့ ပြောပါတယ်ဆိုပြီး ထိုးမယ် ကြိတ်မယ်နဲ့ အရေးထဲ ရန်ဖြစ်လိုက်ကြသေးဗျ။

ခက်တာက အဲဒီ ကျား ဆိုတာကြီးကို ဟိုကြမ်းပိုးကောင်က လွဲပြီး ဘယ်သူမှ မျက်စိနဲ့ တပ်အပ်မြင်ကြတာ မဟုတ်ဘူးဗျ။ ဒါပေမဲ့ တစ်နေ့တော့ ပီတာဂါးတင်းရဲ့ သားလေး 'ချာလီ' က ကျားကို တွေ့လိုက်ပါတယ်လို့ ငိုယိုပြီး အိမ်ပြန်ပြေးလာတယ်။

နောက်တစ်နေ့ကျတော့လည်း ဒီကျားကို ဟိုကလေးတွေ၊ ဒီကလေးတွေနဲ့ ရုတ်ရုတ်သဲသဲ ဖြစ်ပြီး ကိုယ့်ကလေးကို ကျောင်း မလွှတ်ဝံ့လောက်အောင် ဖြစ်ကြရပြန်တယ်။ ရပ်ထဲ ရွာထဲမှာလည်း ကြက်တွေ၊ ဝက်တွေ ကျားစားလို့ ကုန်ရင်ဖြင့် လူတွေဘက် လှည့်လာတော့မယောင် ပြောကြဆိုကြနဲ့ပေါ့။

အဆိုးတကာ့ အဆိုးဆုံးကတော့ ဟင်နရီဝေါ့ကားကိုယ်တိုင် ကျားကို တွေ့ခဲ့တယ်ဆိုတဲ့ အခါပေါ့။ ကျုပ်တို့တစ်တွေဟာ ညနေခင်း အလုပ်သိမ်းချိန်မို့ တံစဉ်တွေ၊ ပေါက်တူးတွေ၊ ဂေါ်ပြားတွေ အသီးသီးကိုင်ပြီး ဟောဒီ သစ်ပင်အောက်မှာပဲ အမောဖြေ ဘီယာ တစ်ခွက်လောက် မော့နေကြတုန်း ဟင်နရီဝေါ့ကားဟာ ဆံပင် ဖိုးရိုးဖားရား မျက်စိပျက် မျက်နှာပျက်ပျက်နဲ့ အပြေးအလွှားဝင်လာပြီး ဘီယာတစ်ခွက် အငမ်းမရ မှာသောက်တယ်။

ပြီး တဆတ်ဆတ်တုန်နေတဲ့ လက်နဲ့ ဘီယာခွက်ကို ကိုင်ရင်း ကျုပ်တို့ကြားထဲကို ဝင်တိုးလာတယ်။ ဒီတော့ ကျုပ်တို့အားလုံးဟာ ပြောလက်စ စကားတွေကို ရပ်ပြီး ဝိုင်းကြည့် နေကြတယ်။

"ဘာဖြစ်လာတာလဲ ဟင်နရီ"

သူက ခေါင်းခါခါ လည်ခါခါနဲ့ ကျုပ်တို့ကို ပြူးတူးပြဲတဲကြည့်ပြီး ကြက်သီးမွေးညင်း ထပြရင်း...

"မပြောပါနဲ့တော့ကွာ"

"ဘာလဲ... ကျားနဲ့တွေ့ခဲ့ပြန်ပြီလား"

ဘီလ်ချမ်းဘားစ်က မေးတယ်။ ဟင်နရီဝေါ့ကားဟာ ကျုပ်တို့ကို ဘာမှ ပြန် မပြောဘဲ နေရာကထပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း တစ်ခုခုကို အကြီးအကျယ် လန့်နေသလို မျက်မှောင်ကြုတ်လိုက်၊ ပါးစပ်ဖြဲလိုက်၊ ဆတ်ခနဲ နှာခေါင်းရှုံ့လိုက်နဲ့ လုပ်နေတာ ကျုပ်တို့ဟာ သူ့ကိုကြည့်ရင်း ဘာမှန်းမသိ ကြောက်လာကြတယ်။

နောက်တော့ မတတ်နိုင်တော့ဘူး။ ဘီလ်ချမ်းဘားစ်ဟာ သူ့ကို ပခုံးကနေ ဖိပြီး ကုလားထိုင် တစ်လုံးမှာ အတင်းထိုင်ခိုင်း၊ ဂျင်တစ်ဖန်ခွက် အပြည့် သူ့လက်ထဲ ထည့်၊ ကျောကို တစ်ချက်နစ်ချက် ပုတ်လိုက်တော့မှ ဏန္ဒြေ ဆည်နိုင်သွားပြီး ကျုပ်တို့ကို သူ့အဖြစ် ပြန်ပြောပြနိုင်ရှာတယ်။

သူဟာ ရွာနားက ပလက်ရှက်ခေးတဲ့ တောထဲ ထင်းခုတ်သွားတာ တကတည်း ကျားနဲ့တိုးပြီး ကျားနဲ့ သူ သစ်ပင်ကို ပတ်ချာလှည့် ပြေးရပုံ၊ နောက်ဆုံး သစ်ပင်ပေါ် တက်ပြေးတော့ ကျားက သစ်ပင်ခြေရင်းမှာ ငုတ်တုတ် ထိုင်စောင့်နေပုံ၊ တစ်နာရီလောက် ကြာတော့မှ ကျားဟာ သူ့ကိုစောင့်ရတာ ပျင်းလာပုံနဲ့ နေရာက ချာခနဲလှည့်ပြီး ဝိခ်ဟမ်းမြို့ဘက် ထွက်သွားပုံ အစုံပါပဲ။ ဒီတော့ ဆမ်ဂျူးက...

"မင်းအဖြစ်ဟာ တော့်တော့်ကို ဆန်းတာပဲ ဟင်နရီ"

ဆိုပြီး မေးခွန်းတွေ ထုတ်လိုက်ကြတာ ကြာတော့ ဟင်နရီ ဒေါပွလာပြီး သူပြောတာ မယုံဘူးလားလို့ ဆမ် မေးတော့ စောစောကပဲ ဟင်နရီဝေါ့ကား ရှေ့ဆင့် နောက်ဆင့် ရောက်လာတဲ့ ဘော့ပရစ်တီးက...

"မယုံမရှိနဲ့ ဆမ်၊ ကျုပ်ကိုယ်တိုင် တွေ့ခဲ့တာ"

"ဘာပြောတယ်"

ဟင်နရီက ဘော့ပရစ်တီးကို မျက်လုံးပြူးကြီးနဲ့ မေးတယ်။ ဒီတော့ ဘော့ပရစ်တီး...

"မင်းနဲ့ ကျား လိုက်တမ်းပြေးတမ်း ကစားနေတာ မင်းက လက်ထဲက ခက်ရင်းနဲ့ ကျားကို တစ်ချီတစ်ချီ ပစ်ထိုးလိုက်ပုံ၊ ငါ အကုန်မြင်ပါတယ်ကွ"

ဒီတော့ လူတိုင်းကပဲ ဟင်နရီရဲ့ သတ္တိကို ချီးကျူးကြတယ်။ ဟင်နရီကတော့ သူ့ဘက်က ထောက်ခံနေတဲ့ ဘော့ပရစ်တီးကို မကျေနပ်သလို မျက်မှောင်ကုတ်ကြီးနဲ့ ကြည့်ပြီး...

"မင်းက ဘယ်ကနေ မြင်တာလဲကွ"

"ဟ... ဒီပြင် သစ်ပင်ပေါ်ကနေပေါ့ကွ၊ မင်း သေပြေးရှင်ပြေး ပြေးနေရတော့ ငါ့ကို ဘယ်တွေ့ပါ့မလဲ"

ဘော့က ပြုံးစိစိနဲ့ ပြန်ပြောတယ်။ ဟင်နရီက ဒီစကားကြားရတော့ သောက်နေတဲ့ ဘီယာတွေ သီးသွားလို့ မတ်ခွက်ကြီးကို ဆောင့်ကြီး အောင့်ကြီး စားပွဲပေါ် ချပြီး ဆောင့်ဆောင့်နဲ့ အိမ်ပြန်သွားတယ်။

သူ ဘာ့ကြောင့် စိတ်ကောက် သွားသလဲဆိုတာ ကျုပ်တို့လည်း မတွေးတတ်ဘူးလေ။ အဲဒီနောက်တော့ တစ်ရွာလုံးက မိန်းမနဲ့ ကလေးတွေဟာ အိမ်ထဲမှာပဲ နေကြတော့တယ်။

ယောက်ျားတွေကတော့ မနက် အိမ်က မထွက်ခင် ဒီနေ့အဖို့ အသက်နဲ့ကိုယ်တွဲပြီး အိမ်ပြန်ရောက်ပါ့မလားပေါ့။ တချို့ အိမ်ထောင်သက်ရင့်လို့ မယားနား သိပ်မကပ်တဲ့ လူတွေတောင်မှ အလုပ်မသွားခင် သားမယားကို နောက်ဆုံး နှုတ်ဆက်ခြင်းများ ဖြစ်မလားလို့ တအား နမ်းစုတ်သွားတဲ့ လူတွေတောင် ရှိသေးဗျာ။

အဲသည် အတွင်းမှာပဲ ညနေတိုင်း လိုလို အလုပ်ကပြန်ချိန်မှာ ကျားကို ခပ်လှမ်းလှမ်းကသော်လည်းကောင်း၊ တစေ့တစောင်း ပိုးတိုးဝါးတား ရိုးတိုးရိပ်တိတ် သော်လည်းကောင်း တွေ့ခဲ့ကြရတယ် ဆိုတဲ့ လူတွေလည်း မနည်းပါဘူး။ ကျားကလည်း 'ကလေးဖြူရီ' ဝက်တွေကို တစ်ကောင်ချင်း စိတ်တိုင်းကျ ရွေးစားနေတာပဲ။

ဘယ်သူမှလည်း ဒင်းကို မသတ်နိုင် မဖြတ် နိုင်ကြဘူးလေ။ ပတ်ဝန်းကျင်က မြို့တွေ ရွာတွေကလည်း သူတို့ဆီတော့ ကျားမလာဘဲနဲ့ ကလေးဖြူရီ တစ်ရွာတည်း နိပ်စက်ညှဉ်းဆဲ နေတယ်ဆိုတာကိုတော့တယ် မယုံချင်ကြဘူးလေ။

ခွင့်ရက်ရှည် ယူသွားပြီး မနေ့ကမှ ပြန်ရောက်လာတဲ့ ရွာက သင်းအုပ်ဆရာကိုယ်တိုင်ကလည်း ဒီလိုပြောတာပဲ။ ဒီတော့ ဟင်နရီဝေါ့ကားက သူ့မိန်းမကို နောက် ဘုရားရှိခိုးကျောင်းထဲ ခြေတစ်လှမ်းချရင် မင်း အမေအိမ် မင်းပြန်တော့လို့ ပြောသတဲ့။

သင်းအုပ်ဆရာကတော့ ပြောပေမပေါ့။ သူ့မှာက ကျားဆွဲစရာ ဝက်တို့ ကြက်တို့မှ မရှိဘဲ။ သူများ လှူစာ တန်းစာ စားနေတဲ့ဥစ္စာ။

အဖြစ်ဆိုးပုံကလဲ ဟင်နရီဝေါ်ကားက သူ့မယားကြီး သူကြိမ်းတဲ့ ညမှာပဲ သူ့အိမ်က ဝက်ကို ကျားဆွဲသွားပြန်ရောဗျို့။ တစ်ညထဲမှာပဲ 'ဂျော့ချ်ကဲလားလ်' ရဲ့ ဘဲ ခြောက်ကောင် လည်း ပါသွားတယ်။ ဂျော့ချ်ဟာ စစ်ပြန်တစ်ယောက်ဘဲ။

စကားလည်းများများ မပြောတတ်ဘူး။ အရာရာမှာ စည်းနဲ့ ကမ်းနဲ့ သေသေ သပ်သပ် နေတတ်တဲ့လူကလား။ သူ့ဘဲတွေ ပါသွားတယ်ဆိုရင်ပဲ သေနတ်ထမ်း ရွာထဲ လျှောက်ပြီး သူနဲ့အတူ ကျားပစ်လိုက်ဖို့ ဘော်လံတီယာ ပြည်သူ့တပ်ဖွဲ့လေး ဖွဲ့တော့တာပဲ။

အဲဒီ တပ်ဖွဲ့ထဲမှာတော့ ကိုယ့်အိမ်က တိရိစ္ဆာန်တွေ ပါသွားတဲ့ ဘီလ်ချမ်းဘားစ် တို့လို လူမျိုးတွေ ခက်ရင်းခွတို့၊ လှံတံတို့၊ မိုန်းတို့ ကိုင်လို့ပေါ့လေ။ အဲ... တစ်ယောက် နှစ်ယောက်မှာတော့ သေနတ်ပါကြတယ်။ ဂျော့ချ်နဲ့ အားလုံး လူ ၁၇ ယောက် ရှိတယ်။

ဂျော့ချ်က သူတို့ကို လေးယောက် တစ်တန်းစီပြီးတော့ ဘယ်ညာဘယ်ညာ အော်ပြီး တောထဲ ချီတက်သွားကြတယ်။ ကျုပ် မျက်စိထဲမှာတော့ သိပ်ကြည့်ကောင်းတာပဲ။ သူတို့ဟာ ရွာလမ်းမကြီးက ထွက်၊ လယ်သမားကြီး ဂျေးလ် လယ်ကွက်ထဲက ဖြတ်ပြီး ကျားအောင်း နေတယ်ထင်တဲ့ ပလက်ရှက် တောဘက် ချီတက်သွားကြတယ်။

အစဦးတော့ အားနဲ့မာန်နဲ့ ချီတက်သူတွေဟာ တောစပ်ရောက်လေ ခြေလှမ်း နှေးသွားလေပဲ။ နေကလည်း ဝင်တော့မှာကိုး။ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်လို့။ မှောင်ရီက သန်းစပြုလာပြီ။

နေရာတကာ ဆရာလုပ်ချင်တဲ့ ဆမ်ဂျုံးက ဒီလို အရေးထဲမှာတောင် ဘီလ်ချမ်း ဘားစ်ရဲ့ ခက်ရင်းခွက သူ့တင်ပါး လာထောက်နေလို့ လည်ပြန်လှည့်ပြီး တိုးတိုးကျိတ်ကျိတ် မာန်သေးတယ်။ ချီးခနဲ ချွတ်ခနဲ အသံကြားတိုင်း တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ပြီး ဘာသံလဲလို့ တုန်တုန်ရင်ရင် မေးကြတယ်။

ဒီလိုနဲ့ တစ်တောလုံး ပတ်ချာလှည့်ပြီးလို့ ယုန်နစ်ကောင်က လွဲပြီး ဘာမှ မတွေ့ရဘူးတဲ့။ ပန်းဘဲဆရာကြီး ဂျွန်ဘစ်နဲ့ ဂျော့ကဲလားလ်က မိုးချုပ်တဲ့အထိ တောထဲ လျှောက်နေ သေးပေမဲ့ ကျန်တဲ့လူတွေ့ အိမ်ကသားမယား စိတ်မချဘူး ဆိုပြီး နေလုံး ပျောက်တယ် ဆိုရင်ပဲ ပန်းဂေါ်ဖီဆိုင်ကို အရောက်ပြန်ခဲ့ကြတယ်။

ဆိုင်ရှင်စမစ်က သူတို့ကို ဂုဏ်ပြုသော အားဖြင့် ဘီယာ တစ်အာတာဆီ ဒကာခံတယ်။ ရပ်ရွာအကျိုး သည်ပိုးကြတဲ့လူတွေ မဟုတ်လား။

အဲသည်တုန်း အမောပြေမယ်တောင် အကြံသေးဘူး၊ ခြေတစ်ဖက် ဆာနေတဲ့ အဘိုးကြီး ပါစလေဟာ ချိုင်းထောက်နစ်ဖက် ထောက်ကာ ထောက်ကာနဲ့ ဆိုင်ထဲ ကမန်းကတန်း ဝင်လာပြီး မောကြီးပန်းကြီးအသံနဲ့...

"မင်းတို့လား ကျားရှာနေကြတဲ့ သူငယ်တွေ"

"ဟုတ်ပ"

ဂျွန်ဘစ်က ရင်ကော့ပြီး ပြန်ပြောတော့ အဘိုးကြီးက သူ့လက်နစ်ဖက် စားပွဲပေါ်တင်၊ ခေါင်းကြီးငုံ့ပြီး ချောင်းတဟွတ်ဟွတ်ဆိုးရင်း ဟိုက်ထိုးနေတဲ့ အသံနဲ့...

"ဒါဖြင့် မြန်မြန်သွားကြပါ မောင်တို့ရယ်၊ ကျားဟာ ဘော့ပရစ်တီးအိမ်ထဲ ဝင်သွားတာ ကျုပ်ဖြတ်လာရင်း မြင်ခဲ့လို့ပါ"

ဒီတော့ ဂျော့ချ်က ထောင်ထားတဲ့ သူ့သေနတ်ကို ဖျတ်ခနဲ ဆွဲကိုင်လိုက်ပြီး စစ်ပြန်ရဲဘော်ကြီးပီပီ အမိန့်တွေပေးပြီး သူ့တပ်စုလေးကို ဘော့ပရစ်တီး အိမ်ဘက်ကို အမြန်ချီတက် သွားတော့တယ်။

ချီတက်သွားတယ်ဆိုပေမဲ့ ကျားဆိုတဲ့အသံ ကြားကထဲက တွန့်ဆုတ်တွန့်ဆုတ် လုပ်နေတဲ့ လူတွေကို ဂျွန်ဘစ် အကူအညီနဲ့ သိုးအုပ်မောင်းသလို မောင်းသွားတာပါ။ သူတို့ ဖြတ်သွားရာလမ်းမှာ အိမ်တိုင်းလိုလိုဘဲ မိန်းမတွေ၊ ကလေးတွေ ထွက်ကြည့်ကြတယ်။ အကျိုးအကြောင်းလည်း သိရော သံသေးသံကြောင်တွေနဲ့ အော်ဟစ်ပြီး ကိုယ့်အိမ်ထဲ ကိုယ်ဝင်ပြေးပြီး တံခါးတွေ ပိတ်ကုန်ကြတယ်။

သူတို့တပ် ဘော့ပရစ်တီး အိမ်ရှေ့ရောက်တော့ တစ်အိမ်လုံး တိတ်ဆိတ်လို့။ အိမ်ရှေ့ ခန်းမှာ မီးအိမ်လေးတစ်လုံးပဲ ထွန်းထားတယ်။

ရှေ့ဆုံးက ဂျော့ချ်နဲ့ သေနတ်ကိုင်တဲ့ လူနှစ်ယောက်၊ သူတို့နောက်က ခက်ရင်းခွ သမားတွေ၊ နောက်ဆုံးတန်းက လှံနဲ့ တံစဉ်ကိုင်တွေ၊ အိမ်ရှေ့တံခါးမနား ရောက်တော့ သူတို့ အားလုံး ပြိုင်တူ ရပ်လိုက်ကြတယ်။ အိမ်တံခါးမကို ခေါက်ပြီး ဖွင့်ခိုင်းမလို့ လုပ်တုန်း အိမ်ထဲက လှုပ်ရှားသံကြားပြီး ပြန်းဆို တံခါးပွင့်လာတယ်။

ဘော့ပရစ်တီးဟာ အပေါက်ဝမှာ သေနတ်တွေ၊ ခက်ရင်းခွတွေကို ကိုင်ထားတဲ့ လူတွေကိုမြင်တော့ အံ့အားကြီးသင့်ပြီး...

"ဟ ဘယ်လိုဖြစ်လာကြတာလဲ"

"မင်း သတ်လိုက်ပြီလား ဘော့"

ဂျော့ချ်က စိတ်ဇောတကြီး မေးလိုက်တော့...

"ဘာကို သတ်ရမှာလဲဟ၊ ဟော့ဟော့... မင်းတို့ သေနတ်ကြီးတွေ သတိထားပါဟ၊ ငါ့ပစ်မိနေပါဦးမယ်"

ဒီတော့ ဂျော့ချ်က အိမ်ထဲကို ကျီးကန်းတောင်းမှောက် ကြည့်ရင်း လေသံနဲ့...

"ကျား မင်းအိမ်ထဲ ဝင်သွားတယ်ကွ၊ မသိဘူးလား။ မင်း ခုမှ ပြန်ရောက်တာလား"

ဒီတော့မှ ဘော့ပရစ်တီးက သူတို့ လာရင်းအကြောင်းကို သိသွားသလိုနဲ့...

"ဟေ့ ငါ့ကို ဒီလို လာမကျီစားကြနဲ့ကွာ၊ ဒို့ပြင်မှာ သွားကစားကြ သွား သွား"

"မင်းအမေ... ကစားရအောင် ငါတို့ ကလေးတွေလား၊ မင်းအိမ်ထဲ ကျားဝင်သွားတာ တွေ့တယ်ဆိုတာ တိတိကျကျ သတင်းရထားလို့ သတ်ရအောင် လာတာကွ၊ သိရဲ့လား"

တဇောက်ကန်းကြီး ဂျွန်ဘစ်က ဒေါ်ပွပွနဲ့ ပြန်ပြောတယ်။ နောက်ပြီး သူ့လူတွေဘက် လှည့်ပြီး...

"ကဲ... သူ့အိမ်ထဲ ဝင်ရှာကြကွာ"

အားလုံး လက်နက်တွေ အသင့်ပြင်ပြီး ဘော့ပရစ်တီးကို တွန်းဖယ်ပြီး ဝင်သွားကြတယ်။ သေနတ်နဲ့ ခက်ရင်းခွ သမားတွေ အိမ်ထဲရောက်ရင်ပဲ လူပြည့်သွားပြီ။ တံစဉ်သမားတစ်ယောက်ပဲ နောက်ထပ်ဝင်လို့ ရတော့တယ်။ ဂျော့ချ်က ရှေ့ဆုံးကနေပြီး မီးဖိုချောင် တံခါးကို အသာ တွန်းဖွင့်လိုက်တယ်။

ပြီးတော့ အားခနဲ အလန့်တကြားအော်ရင်း နောက်ဆုတ်လိုက်တာ တစ်ပြုံလုံး လန့်သွားတာမို့ နောက်ဆုံးက တံစဉ်သမားဟာ တစ်ခါတည်း အိမ်ပေါ်က ခုန်ဆင်း လိုက်ရတယ်။ ဟင်နရီဝေါ့ကားလည်း သူနဲ့အတူ ရောပါသွားတယ်။

ကျားတွေပြီ မှတ်ကြတာပေါ့လေ။ သို့သော်ရော့ချ်က စကားမပြောနိုင်ဘဲ မီးဖိုထဲ လက်ညှိုး ထိုးပြလို့ အားလုံး မရဲတရဲနဲ့ ခေါင်းကလေးတွေ ပြူကြည့်ကြတော့ အားလားလား... မီးဖိုထဲမှာ သံချိတ်တွေနဲ့ တို့လို့တွဲလောင်း ချိတ်ချိတ်ထားလိုက်တာ ဝက်တစ်ကောင်လုံးမှာ လေးစိတ်ခြမ်းထားတဲ့ ရှေ့လက်ပိုင်းတွေ၊ နောက်ပေါင်ပိုင်းတွေ၊ နို့ပြီး စားပွဲပေါ်၊ စင်တွေပေါ်မှာလည်း တုံးလုံးပက်လက်နဲ့ အမွေးနှုတ်၊ အူနှုတ်၊ အသည်း ထုတ်ပြီးသား ကြက်တွေ၊ ဘဲတွေ၊ ငန်းတွေ၊ ကြက်ဆင်တွေ အသားရေးဆိုင်ကြီးများ အလား အောက်မေ့ရတယ်။

အဲသည်တော့ ဘော့ပရစ်တီးက စကားထစ်ထစ်ငေါ့ငေါ့နဲ့...

"ဘာသဘောနဲ့ ကျုပ်အိမ်ထဲ အခွင့်မရှိဘဲ ဝင်လာကြတာလဲ၊ ပြောစမ်းပါဦး"

ဘယ်သူမှ စကား ပြန်မပြောကြဘူး။ ဒါပေမဲ့ သူတို့ဝက်တွေ ကြက်တွေ။ ဘဲတွေ ကိုတော့ အမှတ် သညာများ တွေ့လိုတွေ့ညား စေ့စေ့စပ်စပ် ကြည့်နေကြတယ်။ ဟင်နရီဝေ့ါကားက ခုမှ အိမ်ပေါ် ဒေါ်နဲ့ မောနဲ့ ပြန်တက်လာပြီး သူ့ရှေ့က လူတွေကို တွန်းဖယ်ပြီး ဘော့ပရစ်တီးကို လက်ညှိုးငေါက်ငေါက်ထိုးလို့...

"အဘိုးကြီး ပါစလေပြောတဲ့ ကျားဆိုတာ လက်စသတ်တော့ ဒီကောင်ပဲကိုးကွ"

လူအုပ်ထဲက အသံ။

"တစ်ယောက်ယောက် ပုလိပ်သား ဝှိက်ကို သွားခေါ်ကွာ"

ဒီတော့ ဘော့ပရစ်တီးက ခပ်တည်တည်ပဲ။

"အမယ်လေး... မြန်မြန်သွားခေါ်ကြပါ။ ဒါမှ ကျုပ်အိမ်ထဲ ပိုင်နက်ကျူးလွန်မှုနဲ့ ခင်ဗျားတို့တစ်တွေကို ပုလိပ်လက်ထဲ အကုန်အပ်နိုင်မှာ"

ပန်းပဲဆရာကြီး ဂျွန်ဘစ်က ဝက်သားတွေကို လက်နဲ့ ဖော့ပြရင်း...

"မင်း ဒီဟာတွေ ဘယ်ကရတာလဲ"

ရော့ချ်က ကြက်တွေ၊ ဘဲတွေကို မေးငေါ့ပြပြီး...

"ဒါတွေကော"

ဘော့ပရစ်တီးက သတို့မျက်နှာတွေ စေ့စေ့ကြည့်ပြီး...

"ဟ... ဒါ ငါ့အလုပ်ပဲ၊ ငါ ကြက် ဝက် ဘဲ ကန်ထရိုက်သွင်းဖို့ အလုပ်ရနေတာ မင်းတို့ မသိဘူးလား။ ငါ တောဆင်းပြီး ဝယ်တာတွေပေါ့ကွ၊ ဒါဆန်းလား။ ကဲ... ကဲ ကြက်သား၊ ဝက်သား ဝယ်ဖို့ လာကြတာမဟုတ်ရင် ပြန်ကြပေတော့၊ အလကား မျက်စိရှုပ်တယ်၊ ငါ အလုပ်ပျက်တယ်"

ဟင်နရီဝေါ့ကားရဲ့ ကိုယ်လုံးကြီးဟာ ဒေါပွလွန်းလို့ ဖားခုံညင်းကြီးလို ဖောင်းပွလာပြီး...

"မင်းဟာ သူခိုးပဲ ဘော့ပရစ်တီး၊ ဒါတွေဟာ တို့ရွာက မင်းခိုးထားတာချည်းပဲ"

"မင်း စကားပြောရင် ကြည့်ပြောနော်ဟင်နရီ၊ အသရေဖျက်မှုနဲ့ တရားစွဲခံချင်သလား"

ဘော့ပရစ်တီးက ပြန်ဟောက်တယ်။

"ဟင်နရီပြောတာ ဟုတ်တယ်၊ မင်း ငါ့ဝက်ကိုလည်း ခိုးတယ်"

ဟားဘတ်စမစ်က ပြောတော့ ဘော့ပရစ်တီးက ဝက် လက်တစ်ဖက်ကို ကောက်ကိုင်ပြရင်း…

"ဟား… ဟုတ်လိုက်လေကွာ၊ ဒါ မင်းဝက်လို့ သက်သေပြနိုင်သလား"

'ငါ့ဝက်က ဒီအရွယ်ဘဲကွ"

"အိုး… ဒီလိုပြောလို့ ရစတမ်းလား၊ စားလောက် သောက်လောက် ဝက်မှန် ဒီအရွယ်ချည်းပေါ့ကွ၊ နောက်ပြီး တစ်ခါတည်း အပြတ်ပြောလိုက်မယ်၊ ဟောဒီက ကြက်တွေဘဲတွေကော သေသေချာချာ ကြည့်စမ်းပါ၊ ဒီရွာမှာ ဒီလောက် ဆူဖြိုးတဲ့ ကြက်၊ ဘဲ ရှိခဲ့သလားကွ။ တခြားအရပ်က ဝယ်ခဲ့တာချည်းပဲ။ ဘယ့်နှယ် လူတစ်ယောက် ကောင်းရောင်းကောင်းဝယ် လုပ်စားနေတာ မတော်မတရား စွပ်စွဲ နေကြတယ်လို့ပဲ။ မနေ့ညကပဲ ကျားဟာ ငါ့အိမ် ပြတင်းပေါက်က ဝင်လာပြီး ဝယ်လာပြီးသား ဝက်အူချောင်းတစ်ပေါင်လောက် ဆွဲသွားသေးတယ်။ ဒါပေမယ့် မင်းတို့လို မညည်းညူပါဘူး။ ဒိပြင်လူတွေကို သူခိုးလို့လည်း မစွပ်စွဲခဲ့ပါဘူး။ ကိုယ်ပေါ့လျော့လို့ဆို ကိုယ့်ဟာကိုယ် ကျိတ်ခံတာပဲ"

ဟင်နရီဝေါ့ကားက စားပွဲပေါ်က လင်ပန်းထဲမှာ ထည့်ထားတဲ့ ဝက်ဝေးဥ တစ်စုံကို သူ့ဝက်ရဲ့ ဝေးစေ့ဖြစ်မှာပဲလို့ ကောက်ကြည့်ရင်း…

"တော်စမ်းပါ ဘာကျားလဲ… ကျားအယောင်ဆောင်နေတဲ့ မင်းပဲ ရှိတယ်"

"ဘာပြောတယ် ဟင်နရီ၊ ကျားမရှိဘူး ဟုတ်လား၊ မင်းကိုယ်တိုင်ပဲ ကျားကို တွေ့လို့ သစ်ပင်ပေါ် သေပြေးရှင်ပြေး တက်ပြေး ခဲ့ရသေးလို့ ပန်းဂေါ်ဇီမှာ ပြောတယ်

မဟုတ်လား။ သုံးရက်ပဲ ရှိပါသေးတယ်ကွ၊ မေ့ပလား။ ငါကတောင် မင်းခက်ရင်းနဲ့ထိုးတာ မြင်တယ်လို့ ပြောသေးလေ”

သူ့အဖြီးနဲ့သူ ဟင်နရီဝေါ့ကား ဘာပြောရမှန်း မသိတော့ပဲ ပါးစပ်ကို ဖွင့်လိုက် ပိတ်လိုက်လုပ်ပြီး ဘာတစ်ခွန်းမှ မဟနိုင်တော့ဘဲ အပြင်ဘက် ထွက်သွားတော့တယ်။ ဒီတော့ ဘော့ပရစ်တီးက တဖြဲဖြဲနဲ့...

“ဆမ်ဂျုံးလဲ တွေ့တယ်၊ မဟုတ်ဘူးလား ဆမ်”

သူများယောင်လို့ ယောင်ခဲ့သော ဆမ်ဂျုံးလဲ ဘာမှ ပြန်မပြောနိုင်တော့။ ဒီတော့ ဘော့ပရစ်တီးက လူအုပ်ကြီးကို လက်ညှိုးထိုးပြရင်း...

“ဟောဒီအထဲက ချာလီဟောက်တို့၊ ဂျက်စ်မင်းတို့လည်း တွေ့တာပဲ၊ ဒါတွေ ထားပါတော့လေ၊ ငါကိုယ်တိုင်တောင် မြင်ခဲ့ရသေးတယ်၊ ကိုယ့်မျက်စိတော့ ကိုယ် ယုံလောက်ပါတယ်နော်”

ဤတွင် ဆမ်ဂျုံးက အံကိုတင်းတင်းကြိတ်ပြီး...

“အေး... မင်းသတိထားနေ၊ မင်းကို ငါ တရားဥပဒေအရ အရေးယူမှာပဲ”

“အို... ကြိုက်သလို လုပ်ကြ။ မင်းတို့ကို ငါ တစ်ခု ထည့်ပြောလိုက်မယ်။ ဟောဒီ အသားတွေအတွက် ငါဝယ်တဲ့ ပြေစာလက်မှတ်တွေ ငါ့လက်ထဲမှာ အပြည့်အစုံရှိတယ်။ နောက်ပြီးမှ ဖြစ်ရင်လည်း မင်းတို့ဟာ တရားရုံးမှာ ကျားတွေ့ခဲ့တယ်ဆိုတာ ကျမ်းကျိန် ပြောရမှာပဲ”

လူတွေ ဘာပြန်ပြောရမှန်း မသိဘဲ ငိုင်နေကြတော့ ဘော့ပရစ်တီးက ဆက်လက်ပြီး...

"ကဲ...ဝက်ပေါင်ခြောက် အကောင်းစားနဲ့ ကြက်ဘဲ ဆူဆူဖြိုးဖြိုးတွေ စားချင်ကြရင် တစ်ရှာတည်းသားချင်းတွေ လျှော့ဈေးနဲ့ပေးမယ်၊ တစ်ခါစားဖူးရင် ကလေးဖြူရှီရှာသားတွေ လျှာလည် သွားစေမယ်။ ဘယ့်နယ်လဲ ဝယ်ရင်လည်း ဝယ်ကြ၊ မဝယ်ရင်လည်း သွားကြတော့၊ ကျုပ် အလုပ်ပျက်မခံနိုင်ဘူး"

လောလောဆယ် ညကမှ ဘဲခြောက်ကောင် ပါသွားတဲ့ စစ်ပြန်ကြီး ဂျော့ချ်ကဲလား ဟာ အဆီတစ်ဝင်းဝင်းနဲ့ စားပွဲပေါ်မှာ ကော့ကန်ကားဖြစ်နေတဲ့ ဘဲတွေကြည့်ပြီး ရှူးရှူး ရှဲရှဲနှင့် အိမ်ပေါ်က ဆင်းသွားတော့ သူ့တပ်ဖွဲ့လည်း နောက်ကပါသွားရတာပေါ့။ ဘယ်သူက ဘာတတ်နိုင်ဦးမှာလဲ။ ဝက်တို့ ကြက်တို့ဆိုတာ အမွေးအမှင် မရှိတော့ရင် အားလုံး အတူတူပဲ မဟုတ်လား။

နောက်များမကြာမီမှာ ကျုပ်တို့ဟာ ဘော့ပရစ်တီးနဲ့ ပန်းဂေါ်ဖီထဲ ပြေးဝင်လာခဲ့တဲ့ ခြေသလုံးအိမ်တိုင် ကြမ်းပိုးကောင် တစ်ကျိတ်ထည်း တစ်ဉာဏ်တည်းဆိုတာ ရိပ်မိကြပါရဲ့။ ဒါပေမယ့် ကျားအန္တရာယ်က နောက်ထပ် ဘာမှ မကြားရတော့ တဖြည်းဖြည်းနဲ့ အေးသွား ကြတော့ တာပါပဲ။

❄ ❄ ❄ ❄ ❄

## မျက်လှည့်ဆရာ

အင်္ဂလန်ပြည်တောင်ပိုင်း ဝိမ်ဟမ်းမြို့နယ်ရှိ ကလေးဖြူရီရွာ၏ တစ်ခုတည်းသော ပန်းဂေါ်ဇီ ယမကာဆိုင် စားသောက်ခန်း၌ အဝတ်အဆင် ထည်ထည်ဝါဝါနှင့် လူရွယ် တစ်ယောက်သည် ငွေကြေး အတော်အတန် သုံးဖြုန်းနိုင်ပုံ ပေါ်ပေသည်။

ပန်းဂေါ်ဇီ၏ အကောင်းဆုံး အဟာရများကို ဖောဖောသီသီ ဖွယ်ဖွယ်ရာရာ စားသောက်လျက်ရှိ၏။ ထိုစဉ် ကလေးဖြူရီရွာ၏ ဘိုးသက်ရှည်သည် ထိုင်ခုံ မနီးမဝေးရှိ မီးလင်းဖိုနံဘေး၌ ထိုင်ကာ ဆေးတံကို သူ့ရှေ့ချလျက် ယင်းစည့်သည်ထံမှ စားပေါက်ကို မည်သို့ ချူရမည်နည်းဟု စဉ်းစားလျှက်ရှိသည်။

ယင်းသို့ဖြင့် ကိုရွှေဧည့်သည် စားသောက်ပြီး၍ စားပွဲမှထကာ အစာပိတ်နိုင်ရန် ဘီယာခွက်ကိုကိုင်လျက် အဘိုးအိုရှိရာ မီးလင်းဖို အနီးသို့ လာထိုင်ပြီး သူ့ဆေးတံ ဆေးအိုး ထဲသို့ ဆေးထည့်၊ ဆေးပြည့်သည်နှင့် တစ်ပြိုင်နက် အဘိုးအိုက သူ့မီးခြစ်ကို ရှဲခနဲခြစ်ပြီး ဝတ်ပြုရှာ၏။

လူရွယ်က ကျေးဇူးတင်ကြောင်း ပြောပြီး ဆေးတံကို အားရပါးရ ရှိုက်ရင်း ကုလား ထိုင်ကို ကျကျနန ကျော်မှီလျက် မျက်လုံးတို့ကို စုံမှိတ်ကာ ဇိမ်ယစ် နေတော့သည့်

အဘိုးအိုက ဒီနစ် ဆောင်းရာသီ ဆီးနှင်းတော်တော် ဆိုးဆိုးဝါးဝါး ကျကြောင်း စကား စသည်။ ညှော်သည်ကတော့ ပါးစပ်က အင်းလိုက်ရုံမျှပင် မျက်လုံးမျှ မဖွင့်ဘဲ ဇိမ်ထိုးလျှက်။ အဘိုးအိုကမူ အလျှော့မပေး။

"ဆောင်းလယ်လောက်ဆို ပိုဆိုးမှာ သေချာတယ်။ ဒါပေမဲ့ မိတ်ဆွေလို ငွေကြေး ဖောပြီး စားချင်တာစား၊ သောက်ချင်တာ သောက်နိုင်တဲ့ လူမျိုးတွေအဖို့တော့ ရာသီဆိုးရွား သော ဘာသော ညာသော ဘာဂရုစိုက်စရာ လိုသလဲဗျာ မဟုတ်ဘူးလား… ဒါနဲ့ စကား မစပ် ခင်ဗျားဟာ လန်ဒန်ကလာတဲ့ မျက်လှည့်ဆရာတော့ မဟုတ်ပါဘူးနော်"

လူရွယ်က ခေါင်းခါပြသည်။

"ကျုပ်ကတော့ ခင်ဗျားကို မျက်လှည့်ဆရာ ဖြစ်စေချင်တယ်ဗျာ"

အဘိုးအိုက စကားဆက်သည်။ ထိုလူကတော့ တုတ်တုတ်မှမလှုပ်။

"ခင်ဗျားသာ မျက်လှည့်ဆရာဖြစ်ခဲ့ရင် ကျုပ်အတွက် အသုံးဝင်မယ့် ကိစ္စလေးတွေ ကျေးဇူး ပြုချင်းချင်လို့ဗျာ။ တကယ်ဆိုတော့ မျက်လှည့် ဆရာတွေဟာ ဘယ်သူ့ ကောင်းကျိုးမှ ကျေးဇူး မပြုနိုင်ကြပါဘူး"

"ဒါပေမဲ့ ကျုပ် စိတ်ထဲမှာတော့ ဖြစ်လိုဖြစ်ငြား ဆိုပြီးတော့ (သူ့ရှေ့ရှိ ပောင်းလောင်း ဖြစ်နေသော ဆေးအိုးနှင့် ဘီယာခွက်ကို မျက်စိဝဲပြ၍) ဟောဒီ ဆေးအိုးထဲ ဆေးတွေ အလိုလို ရောက်လာစေချင်တယ်။ ဒီဘီယာခွက်ထဲ အမြုပ်တွေ ပြည့်ဝလာစေ ချင်တယ်။ လောကမှာ အဲသလို ဆင်းရဲသား အဘိုးကြီးကိုများ ကုသိုလ်ကောင်းမှု ပြုတတ် တဲ့ မျက်လှည့်ဆရာ တစ်ယောက်တော့ မသေခင် တွေ့ချင်စမ်းလှသဗျာ"

ထိုအခါတွင်တော့ ခရီးသည် လူရွယ်သည် အဘိုးအိုစကားကြောင့် သဒ္ဓါတရား ပွားလာလို့လား (သို့မဟုတ်) နားငြီးလာလို့လားမသိ၊ မိန်းနေရာက ပါးစပ်မှ ဆေးတံကို ချွတ်ကာ စားပွဲကို ခပ်နာနာ သုံးချက်ခေါက်ပြီး ဆိုင်ရှင်စမစ်ကို မျက်ရိပ်ပြလိုက်သည်။

မကြာမီ၌ အဘိုးအိုရှေ့သို့ ဆေးတံဆေးတစ်ထုပ် ရောက်လာပြီး ဘီယာခွက် လည်း ပြည့်လျှံသွား၏။ အဘိုးအိုသည် ဘီယာကို နှစ်နှစ်ခြိုက်ခြိုက် သုံးလေးကျိုက် သောက်လိုက်ပြီး သူ့ဆေးအိုးကို ဆေးဖြည့်ရင်း...

"ခင်ဗျားကို မျက်လှည့်ဆရာလားလို့ မေးမိတာ စိတ်မရှိပါနဲ့နော်၊ တစ်ခါတုန်းက ကျုပ်တို့ ရွာက ဟောဒီပန်းဂေါ်ဖီဆိုင် ခန်းမထဲမှာ မျက်လှည့်ဆရာတစ်ယောက် မျက်လှည့် ပြသွားဘူးတယ်ဗျ၊ အဲဒီလူက ခင်ဗျားနဲ့ တော်တော် တူတယ်၊ ခင်ဗျားမှာ မျက်လှည့်ပြတတ် တဲ့လူ ညီအစ်ကိုများ ရှိသလား"

လူရွယ်က တစ်ယောက်မျှ မရှိကြောင်း မဖြေချင့်ဖြေချင်နှင့် ဖြေသည်။ အဘိုးအိုက တော့ သူ့ဗိုက်ထဲ ဘီယာရောက်သွားပြီမို့ လေ ရသွားလေပြီ။

"ကျုပ်တို့က သင်းကို မျက်လှည့် ဆရာမှန်း အစက မသိပါဘူး။ သင်းက ဝိခ်ဟမ်းမြို့မှာ ပွဲတော်ရှိလို့ အဲဒီပွဲမှာ မျက်လှည့်ပြပြီးတော့ ဘေးဘီက ရွာတွေမှာ မျက်လှည့် ဆက်ပြရင်း ဒီရွာကို ရောက်လာတာတဲ့။

တွေ့တွေ့ချင်းတော့ သူ့ကို မျက်လှည့်ဆရာမှန်း ကျုပ်က မသိသေးပါဘူးလေ။ အဲ... တစ်ညနေတော့ ဒီအရက်ခန်းထဲမှာ ဘီလ်ချမ်းဘားစ်ကို စကားစရှာပြီး ရာသီဥတုအကြောင်း ဘာညာပြောကြည့်တယ်။

ဒါပေမဲ့ စကားနည်းတဲ့ ဘီချမ်းဘားစ်က သူပြောတာတွေ မကြားသလိုနေတော့ သူက ဘီလ်လက်ထဲ အရက်ခွက်ကို ငုံကြည့်ပြီး လက်ညှိုးလက်မနဲ့ ဖျတ်ခနဲ နှိုက်လိုက်ရင်း 'ခွင့်ပြုပါခင်ဗျာ၊ ဟောဒီမှာ ဘာကြီးလဲ မသိဘူး' ဆိုပြီး သူ့လက် ပြန်ရုတ်လိုက်တော့ ဖားအရှင်လေးတစ်ကောင်က ကားရားလေး ပါလာတယ်ဗျ။

ဘီလ်ဟာ လယ်သမား ဆင်းရဲသားပေမဲ့ အင်မတန် အသန့်အပြန့် ကြိုက်တာ ကလား။ အဲဒီလို သူ့ အရက်ခွက်ထဲက ဖားတစ်ကောင်ထွက်လာတော့ သူ့မှာ အော့ရင်း အန်ရင်းက ဆိုင်ရှင်စမစ်ကို ပြောလိုက် ဆိုလိုက်တာများ ရစရာ မရှိဘူး။ နားရှက်ဖို့တောင် ကောင်းတယ်။ ဒီတော့ စမစ်က နားအပူ သက်သာစေဖို့ ခွက်အသစ်လဲပြီး အရက်လဲ လျော်ကြေး ပေးလိုက်တယ်။ ပြီးတော့ ကြေရာကြေကြောင်း ဖားဟာ ဘီလ်ခွက်ထဲ အိပ်ပျော်နေတာ သူ မသိပါဘူးလို့ ပြောရတာတောင် ဘီလ်က မကြည်သေးဘဲ...

'ခင်ဗျားကိုယ်တိုင် အရက်ရောင်းရင်း အိပ်ပျော်နေလို့ ဖြစ်မှာပေါ့' လို့ ထပ်တွန့် လိုက်သေးသဗျ။ ပြီးတော့ ပုလင်းကိုဖွင့်၊ ခွက်ထဲ လောင်းထည့်မယ် ကြံပြန်ရော။ မျက်လှည့် ဆရာက ခွင့်တောင်းပြီး ဘီလ်ခွက်ထဲက ကြွက်သေတစ်ကောင် ဆွဲပြပြန်တယ်။ ဘီလ်ဟာ အရက်ခွက်ကို ကြောက်အားလန့်အားနဲ့ လွှတ်ချလိုက်ပြီး ထခုန်တယ်။ ရှိသမျှ ပိုးမွှား တိရစ္ဆာန်တွေဟာ ဘီလ် အရက်ခွက်ထဲ စုနေ ကြသလိုပဲ။ မျက်လှည့် ဆရာကတော့ ခပ်အေးအေးပဲ ဘီလ်ကို ကြည့်ရင်း...

"ခင်ဗျားကို တိရစ္ဆာန်တွေ တော်တော် နှစ်သက်ပုံရတယ်၊ ဟော... ကြည့်စမ်း ခင်ဗျား အိတ်ထောင်ထဲမယ် လှုပ်လှုပ်ရွရွနဲ့ ဘာကောင်များပါလိမ့်... မှန်း"

ဆိုပြီး ပြောပြောဆိုဆိုနဲ့ ဘီလ်အိတ်ထဲက မြွေစိမ်းသေ တစ်ကောင် ဆွဲထုတ် လိုက်ပြန်တယ်။ ဒါတင်မကသေးဘူး၊ ဘီလ်ဘောင်းဘီ အိတ်ထဲက ပုတ်သင်ညိုတစ်ကောင် ထွက်လာပြန်တယ်။ ဒီတော့ ဘီလ်ဟာ မျက်လုံးကြီးတွေ ပြူတ်ထွက်မတတ် ပြူးပြီး

တစ်ကိုယ်လုံး အကြောဆွဲသလို ဆတ်ခနဲ တွန့်ခနဲ ဖြစ်နေတော့ ကိုရွှေမျက်လှည့်ဆရာက အားမရသေးဘဲ...

"တဆိတ် ငြိမ်ငြိမ်လေး နေပါဦးခင်ဗျာ၊ ခင်ဗျားကိုယ်ထဲမှာ နောက်ထပ် ထွက်စရာတွေ ရှိပါသေးတယ်"

လို့ လုပ်ပြန်တော့ ဘီလ်ဟာ အနားမှာရှိနေတဲ့ လူတွေ လိပ်ပြာလွင့်ကုန်အောင် ကြောက်စရာ အသံကြီးနဲ့ အော်ပြီး သူ့ကိုယ်မှာဝတ်ထားတဲ့ အယတ်တွေ ကမန်းကတန်း ဆွဲချွတ်နေတော့တယ်။

သူ့တစ်ကိုယ်လုံး အောက်ခံ ဘောင်းဘီလေး တစ်ခုတည်း ကျန်တော့တဲ့ အခါမှာ သူ့ခြေရင်း စုပုံနေတဲ့ အဝတ်တွေပေါ် ခြေစုံခုန်ပေါက် တက်နင်းနေတယ်။ ဒါကိုကြည့်ပြီး မျက်လှည့်ဆရာက သက်မလေး မသိမသာချရင်း

"အင်း... ဒီလူ့ကြည့်ရတာ ပိုးမွှားတိရိစ္ဆာန်ကို သိပ်ချစ်ဟန် မတူဘူး" ဆိုပြီး သူ့ လက်ကို ရင်ညွန့်ပေါ် ပရိတ်သတ်ဘက်လှည့် ဦးညွှတ်လိုက်တယ်။ ပြီးတော့ အလွန် ယဉ်ကျေးစွာ သဘင်သည်ဟန်မျိုးနဲ့...

"လူကြီးမင်းများ ခင်ဗျာ တတ်သည့်ပညာ မနေသာဆိုသလို ကျွန်တော့် ကိုယ်စွမ်း ကိုယ်စ အနည်းငယ်ကိုတော့ အမြည်း ပေးခဲ့ပြီးခဲ့ပါပြီ။ ဒါ နမူနာပဲ ရှိပါသေးတယ် ခင်ဗျ။ ဒီထက်မကတဲ့ အင်မတန် နက်နဲတဲ့ ဆန်းကြယ်တဲ့ လောကီပညာများကို ပြသဖို့ အများကြီး ရှိပါသေးတယ်။ ဒါကြောင့် စိတ်ပါဝင်စား ကြသူများအတွက် မနက်ဖြန် ညနေ ၇ နာရီ တိတိမှာ ဟောဒီ ခန်းမဆောင်ထဲ ကြွရောက်ကြပါ။ မျက်လှည့်အတတ် ပဥ္စလက်များကို ကျွန်တော်များ ထူးထူးဆန်းဆန်း ပြသပါမယ်။ ရုံဝင်ခ တစ်ယောက် သုံးပဲနိပါ"

ကျုပ်တို့တစ်တွေလည်း အူကြောင်ကြောင်နဲ့ ဒီကောင် ဘာတွေ လာပြောနေသလဲ ဆိုတာ ရုတ်တရက်တော့ နားမလည် ကြသေးဘူးဗျ။ နောက် သဘောပေါက်ကြတော့မှ တဆတ်ဆတ် တုန်နေတဲ့ ဘီလ်ချမ်းဘားစ်ကို အခန်းထောင့် တစ်နေရာခေါ်သွားပြီး သူ့ အဝတ်တွေ ပြန်ဝတ်ပေးကြရင်း 'ခုနဟာတွေ တကယ်မဟုတ်ဘူး မျက်လှည့်ပြတာပါ' လို့ ရှင်းပြကြရတယ်။ ဒီတော့ ဘီလ်ချမ်းဘားစ်ဟာ သူ့မှရွေးပြီး ပညာစွမ်း ပြရမလားဆိုပြီး မကျေနိုင် မချမ်းနိုင် မျက်လှည့်သမားကို ဆော်မယ် တီးမယ်နဲ့ တကဲကဲပါပဲ။ ဆိုင်ရှင် စမစ်က သူ့ဆိုင်မှာ ဆူညံဆူညံဖြစ်အောင် လုပ်တဲ့လူကို နောက်ထပ် ဒီဆိုင် အလာ မခံတော့ဘူး ဆိုတော့မှ ငြိမ်ကျသွားတယ်။

အဲ… နောက်ကျတော့ ဒါမျိုးဆို အင်မတန် ကြည့်ချင်ကြတဲ့ ကျုပ်တို့ရွာသားတွေ ဝသီအတိုင်း ပန်းဂေါ်ဇီ ခန်းမကြီးမှာ ရုံလျှံပါပဲခင်ဗျာ။ ရုံဝင်ခ သုံးပဲနီ လွယ်လွယ်မရှိတဲ့ လူတွေလည်း ရရာက ရှာကြံချေးငှားပြီး လာကြတယ်။

မျက်လှည့်ဆရာ ပြသတာတွေဟာလည်း ကျုပ်တို့တောသားတွေအဖို့ အံ့ဖွယ်သူရဲ လွန်ထူးကဲတွေပါပဲ။ ဒါပေမဲ့ တစ်လွဲတစ်ချော် ဖြစ်တာလေးတွေတော့ ရှိသပေါ့ဗျာ။

ဥပမာ… မျက်လှည့်ဆရာက လက်ကိုင်ပဝါ တစ်ထည်ပေးရင် ယုန်အဖြူ တစ်ကောင် လုပ်ပြမယ်ဆိုတော့ ဟင်နရီဝေါ့ကားက သွားပြီးပေးတယ်။

ယုန်တော့ ဖြစ်ပါရဲ့။ ဒါပေမဲ့ အဖြူသက်သက် မဟုတ်ဘဲ အနက်ကွက်ကွက်တွေနဲ့ ဖြစ်နေတော့ ဟင်နရီဝေါ့ကားဟာ သူ့နေရာမှာ အတော်ကြာ ထိုင်စဉ်းစားပြီး နေပြီးတော့ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ထပြန်သွားတယ်။ ဘာကြောင့်လဲမသိဘူး။

ဒီနောက် မျက်လှည့်ဆရာက ဆမ်ဂျုံးရဲ့ ဦးထုပ်ကို တောင်းပြန်တယ်။ သူ့ဦးထုပ် ကို ပက်လက်လှန်ပြီး ငုံ့ကြည့်လိုက်ရင်း အလွန်အံ့သြဟန် ပြလေတော့ ဆမ်ဂျုံးက ဒေါပွပြီး

ဘာဖြစ်တာလဲ၊ ဒီလို ဦးထုပ်မျိုး မမြင်ဘူးလို့လားမေးတော့ မျက်လှည့်ဆရာက ခေါင်းညိတ်ပြရင်း...

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒီလို ဦးထုပ်မျိုး တစ်ခါမှ မတွေ့ဖူးသေးပါဘူး" ဆိုပြီး ဦးထုပ်ထဲက မိန်းမဝတ် ဂါဝန်ကြီး တစ်ထည်နဲ့ ဒေါက်ဖိနပ်တစ်ရံ ဆွဲထုတ်လိုက်တယ်။ ဒါတင် မကသေးဘူး။ အာလူး အစိတ်သားလောက်နဲ့ ပေါင်မုန့် အပဲ့အရွဲ့တွေ၊ ဒီပြင် ဟာတွေလည်း တော်တော် များများပဲဗျ။ ကျုပ်လဲ လုံးစေ့ပတ်စေ့ မမှတ်မိတော့ဘူး။ နောက်ဆုံး ဆမ်ဂျုံးရဲ့ ဦးထုပ်ကို ပြန်ပေးတဲ့အခါမှာ မျက်လှည့်ဆရာက ဆမ်ဂျုံးကို "ခင်ဗျား ဦးထုပ်ထဲမှာ ဒီလိုသာ တွေ့ကရာ လျှောက်ထည့် ထားမယ်ဆိုရင် ဒီဦးထုပ်ပုံတော့ မြန်မြန် ပျက်လိမ့်မယ်ဗျ" လို့ ပြောသေးဗျ။ ပရိသတ် ပွဲကျတာပေါ့လေ။

အဲဒီ နောက် အစီအစဉ်ကတော့ တစ်ယောက်ယောက်က နာရီတစ်လုံးငှားဖို့ ပြောတယ်။ နာရီ မပျောက်မရှစေရဘူးလို့လဲ ကတိပေးတယ်။ ဒီတော့ နေရာတကာ ဖိုးပါချင် ဖြစ်တဲ့ စက်ချုပ်ဆရာ ဒစ်ကီဝိဒ်က သူ့ဘိုးစဉ်ဘောင်ဆက် အမွေရထားတဲ့ အိတ်ဆောင်ရွှေနာရီကို ထုတ်ပေးလိုက်တယ်။

ဒစ်ကီဝိဒ်ဟာ သူ့နာရီကို အင်မတန် မြတ်နိုးတာကလား။ သူ့ရွှေနာရီကို မျက်လှည့် ဆရာက ဆုံးတစ်ခုပေါ် တင်ပြီး သံချောင်း တစ်ချောင်းနဲ့ ရိုက်ခွဲလိုက်တော့ ဒစ်ကီကို လူသုံးယောက်က မနည်း ဝိုင်းချုပ်ထားရတယ်။ မျက်လှည့်ဆရာကတော့ ဣန္ဒြေမပျက် လက်နှစ်ဘက်ကို ပွတ်သပ်ပြီး ချောင်းတွေဘာတွေ ဟန့်လိုက်လို့။

"အဟမ်း... အခုပြတဲ့ ဥစ္စာကတော့ တော်တော်ခဲရာခဲဆစ် လုပ်ပြရမှာပဲ။ လမိုင်း ကပ်တဲ့အခါ အောင်မြင်ပေမဲ့ တစ်ခါတစ်လေတော့ ဆယ်ခါရဲ့ တစ်ခါ ဆိုပါတော့လေ မအောင်မြင်တတ်ဘူးဗျ၊ အဲ... အပက အနှောင့်အယှက် အဖျက်အဆီး ရှိတဲ့အခါ ဆိုပါ တော့ဗျာ။ အရင်တစ်ခါတုန်းက အဲသလိုပဲ အနှောင့်အယှက် ရှိခဲ့လေတော့ နာရီကို

ပြန်ကောင်းအောင် လုပ်မပေးနိုင်လို့ ၁၀ ပဲနီနဲ့ ဘီယာတစ်ပုလင်း အလျော်ပေးလိုက်ရတယ်။

ဒီစကားကြားတော့ ဒစ်ကီဝိဒ်ဟာ စိတ်ကို မနည်း ချုပ်တီးထားရတဲ့ တုန်တုန်ရင်ရင် အသံနဲ့...

"ဟာ... ကျုပ်နာရီကို နဂိုအတိုင်း ပြန်မလုပ် ပေးနိုင်ရင်တော့ ပေါင် ၂၀ လျော်ပေးရမှာပဲ။ ဒါက ရွှေနာရီဗျ၊ ရွှေအစစ်နဲ့ လုပ်ထားတာ အပေါစား မှတ်လို့လား"

ဒီတော့ မျက်လှည့်ဆရာက အလွန်ထိတ်လန့်သွားတဲ့ ဟန်နဲ့...

"ဘာ... ဗျာ၊ ဘယ်လောက်... ပေါင် ၂၀ တောင် ဟုတ်လား၊ ဒီအတိုင်း အဖိုးတန်ဆိုရင်လည်း နာရီ ကျုပ်ကို မပေးခင် စောစောက ကြိုပြောထားပါလားဗျ၊ ၁၀ ပဲနီဟာ ကျုပ်ပေးနိုင်တဲ့ ဈေးပဲ။ မျက်လှည့်ပြတာပဲ ပေါပေါဟာပဲ ပြနိုင်တော့မပေါ့ဗျ၊ ခင်ဗျားဟာ ကျုပ်က သတ္တုရွှေရည်စိမ်ကြီး မှတ်လို့"

လို့ ဒစ်ကီဝိဒ်ရဲ့ နာရီအကွဲအစတွေကို လက်ညှိုးနဲ့ မွှေရင်း စိတ်ပျက်လက်ပျက်နဲ့ ပြောတယ်။ နောက်ပြီး...

"ဒီလို ခေတ်မမှီတော့တဲ့ ရှေးဟောင်းနာရီကိုလည်း ဒီတစ်ခါပဲ ကျုပ်စမ်းသပ်သေးတာဗျ။ ဘာပဲပြောပြောလေ တကယ်လို့ ကျုပ်ရဲ့ပြကွက် ဆုံးရှုံးသွားရင်လည်း ခုတစ်ညလုံးမှာ ဒီတစ်ခါပဲ ဆုံးရှုံးရတာမို့ လူကြီးမင်းများ မေတ္တာရှေ့ထားပြီး ခွင့်လွှတ်တော်မူကြပါရန် အသနားခံအပ်ပါတယ် ခင်ဗျား။ သို့သော် လူကြီးမင်းတို့ အထဲက နောက်ထပ် ခေတ်ပေါ် နာရီတစ်လုံးကို စမ်းသပ်ခွင့် ပေးမယ်ဆိုရင် မပျက်မကွက် ရစေအောင် ကျွန်တော် ကြိုးစားပြပါ့မယ်"

နောက်ထပ်နာရီ ဘယ်သူမှ မပေးရုံမက ဒစ်ကီဝိဒ်ဟာ ဒင်းကို ပျစ်ပျစ်နစ်နစ် ဆဲရင်း စားပွဲပေါ်က သူ့ရွှေနာရီရဲ့ အစအနတွေကို သွေးစုတ်နေတဲ့ မျက်နာနဲ့ စိုက်ကြည့်နေတယ်။

အဲဒီတုန်းမှာ မျက်လှည့်ဆရာကတော့ ဘာမျှမမှုသလိုပဲ၊ သူ့လွယ်အိတ်ထဲက သေနတ်တစ်လက်ကို ထုတ်လိုက်တယ်။ သူ့သေနတ်ရဲ့ ပြောင်းက နဲအော်လံကြီး စွတ်ထားသလိုပဲ အဝကားကားကြီး။ မျက်လှည့်ဆရာဟာ အဲဒီသေနတ်ကြီး မောင်းချုံးပြီး ယမ်းမှုန့်တွေ ထည့်တယ်။

ပြီးတော့ နာရီကွဲရဲ့ အစအနတွေ ကျုံးပြီး သံချောင်း တစ်ချောင်းနဲ့ သေနတ်ပြောင်းထဲ ထိုးသိပ်ပြန်တယ်။ အဲသလို သံချောင်းနဲ့ ထိုးသိပ်လိုက်တာ နာရီ အစအနတွေရဲ့ ဂျိုးဂျိုးဂျွတ်ဂျွတ် မြည်သံတွေဟာ ကျုပ်တို့နားမှာ အတိုင်းသား ကြားရတယ်။ ပြီးတော့ မျက်လှည့်ဆရာက အဲဒီသေနတ်ကို ကျုပ်တို့တစ်တွေ အားလုံးမြင်ရအောင် လျှောက်ပြီး လှည့်ပတ်ပြတယ်။ ဒစ်ကီဝိဒ်ဆီရောကြီးတော့ သူက…

"ခင်ဗျား နာရီအတွက် စိတ်မပူပါနဲ့ဗျာ၊ နာရီအစအနတွေ ပြောင်းထဲသွင်းကတည်းက ဒီပြကွက် အောင်မြင်လိမ့်မယ် ဆိုတာ ကျုပ် အလိုလို သိနေပါတယ်"

လို့ ပြောပြီး သူ့နေရာသူ ပြန်သွားတယ်။ အဲဒီနောက် သေနတ်ကို မြှောက်ပြီး ပရိသတ်ကို ပြောတယ်။

"ကျွန်တော် အခု သေနတ်ကို ပစ်ပြပါမယ်။ ဒီလိုပစ်ခြင်းအားဖြင့် ပေါက်ကွဲမှုဟာ နာရီ အစအနတွေကို ပြည်လည်ပေါင်းစည်းမှု ဖြစ်စေပါမယ်။ တွန်းကန်အားကြောင့် လွင့်ထွက် သွားတဲ့ အစအနတွေဟာ နာရီဆရာက တပ်ဆင်လိုက်သလို နဂိုအတိုင်း

အံ့ဝင်ဂွင်ကျ ပြန်ဖြစ်ပြီး မူရင်းအကောင်း ပကတိ သေနတ်အပြစ် ခံရသူရဲ့ အိတ်ထောင် ထဲကို ရောက်သွားမယ် ဖြစ်ပါတယ် ခင်ဗျာ”

အဲသလို ပြောဆိုပြီး မျက်လှည့်ဆရာဟာ ရှေ့ဆုံးမှာ ကြည့်နေတဲ့ ကျုပ်တို့ထဲက လူတစ်ယောက်ကို သေနတ်နဲ့ ပစ်မယ်လို့ ချိန်လိုက်ပါတယ်။ အဲဒီလူက ပျာပျာသလဲ သူအပစ် မခံနိုင်ပါဘူးလို့ ကန့်ကွက်တာမို့ နောက်တစ်ယောက်ကို ချိန်ပြန်တယ်။

အဲဒီ နောက်လူကလည်း လက်မခံပြန်ဘူး။ ဒီလိုနဲ့ တစ်ယောက်ပြီးတစ်ယောက် ချိန်လာလိုက်တာ ဘယ်သူမှ လက်မခံလို့ ဘီလ်ချမ်းဘားစ်ဆီ ရောက်တော့ သူ့ကို ဖား၊ ကြွက်၊ မြွေစိမ်းတွေနဲ့ အကျီစား ခံထားရတဲ့ ဘီလ်ချမ်းဘားစ်ဟာ ကန့်ကွက်ရုံမက အားရပါးရ ဆဲတော့တယ်။

အဲဒီ ပရိသတ်ထဲမှာ သူ့ကို ပစ်ချင်ပစ်လေ ဆိုပြီး မကန့်ကွက်တာကတော့ တစ်ယောက် တည်းပဲ ရှိတော့တယ်။ အဲဒါကတော့ ဘော့ပရစ်တီးပါပဲ။ ဘော့ပရစ်တီး ဆိုတာ သိကြတယ် မဟုတ်လား၊ ကျုပ်တို့ရွာက လူလိမ်၊ လာညာ၊ လူလည်ကြီးလေ၊ သူဟာ မျက်လှည့် စ ပြကတည်းက တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ စုံနေအောင် မျက်လှည့်ဆရာကို ကဲ့ရဲ့ ရှုတ်ချနေခဲ့တယ်။

ဒီမျက်လှည့်ဆရာဟာ အလကား ဖွတ်ကျားအရှော်စားပါ။ ဒီထက် အရာအထောင် မက သာတဲ့ မျက်လှည့်မျိုးကို သူ အစုံကြည့်ခဲ့ဘူးကြောင်း ဘာညာနဲ့ အာဘောင်အာရင်း သန်သန် ကြွားလည်း ကြွားနေသေးသဗျ။

အဲဒီတုန်းက သေနတ်ပြောင်းက သူ့ဘက် လှည့်လာတော့ သူက မခန့်ပြုံးကြီး ပြုံးလိုက်လို့ လက်ပိုက်ရင်းက...

"ပစ်လေ ပစ်စမ်းပါ၊ ကျုပ်က လူတစ်ကာကို တော်ရုံတန်ရုံ ဖြိုတဲ့ အကောင်စား မဟုတ်ပါဘူး။ ခင်ဗျား ကျုပ်ကို ထိအောင် ပစ်ဝံ့မလား"

စိန်ခေါ်လိုက်သေးတယ်။ ဒီတော့ မျက်လှည့်ဆရာဟာ ဘော့ပရစ်တီးကို သေသေချာချာချိန်ပြီး ပစ်လိုက်တော့တယ်။ ဒိုင်းခနဲ မြည်သံနှင့်အတူ ဘော့ပရစ်တီးရဲ့အသံဟာ စူးစူးဝါးဝါး ကြောက်ခမန်းလိလိ ထွက်လာတယ်။ ကျုပ်တို့ တစ်တွေဟာ အလန့်တစ်ကြား ဖြစ်ပြီး သူ့ကိုကြည့်လိုက်တော့ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ဘယ်ထိသွားသလဲ၊ ဘာညာနဲ့ မေးတာကို ပြန်တောင်မဖြေနိုင်ဘဲ အော်ရင်းဟစ်ရင်းနဲ့ သူ့အိမ်ကို ထွက်ပြေးသွားတော့တယ်၊ ဒီတော့ ဘီလ်ချမ်းဘားစ်ဟာ မျက်လှည့်ဆရာကို လက်ညှိုးငေါက်ငေါက်ထိုးပြီး...

"ကိုင်း... ဘယ့်နယ်ရှိစ ကိုယ့်ဆရာ၊ ခင်ဗျားတော့ ဒုက္ခလှလှကြီး ရောက်ပြီ မဟုတ်လား၊ သူများ ဒုက္ခရောက်တာ ဝဝကြီးကြည့်ပြီးရင် မောင်ရင့်အလှည့် လာတော့ မှာပေါ့။ ဒါမှပဲ အေးတော့တယ်။ ဘော့ပရစ်တီးခမျာ တစ်သက်လုံး မျက်လုံးကန်းရှာ ရော့မယ်"

ထိုအခါ မျက်လှည့်ဆရာက...

"ဟာ... ဟိုဆရာ လန့်ပြေးသွားတာဗျာ၊ မဖြစ်နိုင်ပါဘူး"

"ဘာ... လန့်ပြေးတာ ဟုတ်ရမှာလဲ၊ ခင်ဗျားက ဒစ်ကီဝိဒ်ရဲ့ နာရီတစ်လုံးလုံး သူ့မျက်နှာတည့်တည့် ပစ်ထည့်လိုက်တာပဲဗျ"

"ဘာမှမဖြစ်ဘူး ဆိုနေမှဗျာ၊ သူ အလန့်ပြေသွားရင် သူ့အိတ်ထောင်ထဲ နာရီရောက်နေတာ တွေ့လိမ့်မယ်ဗျ၊ မယုံကြည့်နေ"

အဲဒီအခါမှာ ဒစ်ကီဝိဒ်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ကြမ်းပေါ်မှာ တစ်ချက် နှစ်ချက်ခုန်ရင်း ဒေါသတကြီးမေးတယ်။

"ဘာ... ဘာပြောတယ်ကွ၊ ငါ့နာရီ ဘော့ပရစ်တီး အိတ်ထောင်ထဲ ပါသွားပြီ ဟုတ်လား"

"ဟုတ်တယ်လေ"

မျက်လှည့်ဆရာက ဘာမှ မဖြစ်သလို အေးအေးဆေးဆေးဘဲ ပြန်ပြောတော့ ဘီလ်ချမ်းဘားစ်က...

"ဒါဖြင့် ဘော့ပရစ်တီး သူ့အိတ်ထောင်ထဲ နှိုက်မကြည့်မီ သူ့ဆီ အရောက်သွားမှ တန်ကာ ကျလိမ့်မယ် ဒစ်ကီ"

ဒစ်ကီဝိဒ်ဟာ ဘီလ်ချမ်းဘားစ် စကားမဆုံးမီဘဲ ဖနောင့်နဲ့ တင်ပါးတစ်သားတည်း ကျအောင် ပြေးနှင့်ပြီလေ။ ကျုပ်တို့တစ်တွေလည်း ထုံးစံအတိုင်း ဘယ်လိုများ ဖြစ်လိမ့် မလဲလို့ ဒစ်ကီနောက်တော်ပါးက ပြေးလိုက် သွားကြတယ်။ ကျုပ်တို့ ဘော့ပရစ်တီး အိမ်ရောက်တော့ ဝင်းတံခါး အတွင်းက ချက်ချထားတယ်။ ဒစ်ကီက အသံကုန် ဟစ်အော်တော့ အိမ်ပေါ်က ပြတင်းတစ်ပေါင် ပွင့်လာပြီး ဘော့ပရစ်တီးမိန်းမက သူ့ပါးစပ် လက်ညှိုးကပ်ပြီး...

"အိုး... ဒီမှာ ဆူညံဆူညံ လာမလုပ်နေကြနဲ့ သွားကြ" လို့ နှင်ထုတ်တယ်။ ဒီတော့ ဒစ်ကီဝိဒ်က...

"ကျုပ်... ဘော့နဲ့ တွေ့ချင်တယ်"

"တွေ့လို့မရဘူး သူ့မျက်နှာ ခိုက်မိလာတာ ရှင်တို့ မသိကြဘူးလား၊ ကျုပ် ခုပဲ ဆေးကြော ဆေးထည့် ဆေးတိုက်လုပ်ပြီး သိပ်ထား လိုက်ရတယ်။ သူ့ခမျာ နာလွန်းလို့ ညည်းနေတာ ရှင်တို့ မကြားဘူးလား၊ အလကား ကရုဏာတရား မရှိတဲ့လူတွေ"

တကယ်ပါပဲဗျာ၊ ကျုပ်တို့ရောက်စက ဘာသံမှ မကြားရပါဘူး။ ဒီမိန်းမအဲ့ဒီလို ပြောလိုက်တော့မှဘဲ ဘော့ပရစ်တီးရဲ့ ခိုညည်းသံလို ညည်းလာတဲ့ အသံကြီးကို ကြားရတော့တယ်။ တကယ့် အမင်္ဂလာအသံကြီး။ အဲ့ဒီတော့ သူ့မိန်းမက ပြတင်းပေါက် မျက်နှာပြူရာက အတွင်းဘက်လှည့်လိုက်ပြီး...

"တော်ကြာ သက်သာသွားမှာပေါ့ မောင်ရယ်၊ အိပ်ပျော်အောင် အိပ်လိုက်ပါ" လို့ ချော့မော့တောင် နေသေးဗျ။ ဒစ်ကီဝိဒ်ခမျာမှာတော့ မျောက်မီးခဲ ကိုင်မိသလို ငိုရမလို ရယ်ရမလိုနဲ့ "ကျုပ် လာပြီး ပြုစုပါရစေ" လို့ ပြောလိုက်မိတော့ သူ့မယားက "ကျေးဇူး တင်ပါတယ်ရှင်၊ ဒုက္ခမရှာပါနဲ့၊ ဘော့က ကျွန်မကလွဲပြီး သူ့ကိုယ်ကို ဘယ်သူ ကိုင်တွယ်တာမှ မကြိုက်ဘူးရှင့်၊ မနက်ဖြန်ကြတော့ အခြေအနေ ဘယ်လိုနေသလဲ ဆိုတာကို ကျွန်မ ရှင်တို့ဆီ အကြောင်းကြားလိုက်ပါ့မယ်။ ခုတော့ ပြန်ကြပါဦး"

ဒီတော့ ဘီလ်ချမ်းဘားစ်က ဒစ်ကီဝိဒ်နားကပ်ပြီး ပညာပေးတယ်။

"သူ့ ကုတ်အင်္ကျီကို ရတဲ့နည်းနဲ့တောင်း ဒစ်ကီ။ စုတ်ပြဲနေတဲ့ ဟာကို ဖာပေးမယ် ဘာညာ ပြောပေါ့ကွာ"

ဒစ်ကီက လည်ပင်းကလေး မော့ပြီး ပြောတယ်။

"ကဲ... အိမ်ထဲ ဝင်ပြီး မကူညီရရင်လည်း အပြင်ကပဲ တတ်နိုင်သလောက် ကူညီ ပါရစေဗျာ၊ သူ့အင်္ကျီမှာ စုတ်ပြဲနေတာ မြင်လိုက်ရလို့ ကျုပ်က ဖာပေးမယ် ပြောထားတယ်။

အဲဒါ တစ်ဆိတ်ကလေး ပစ်ချလိုက်ပါဗျ။ ချုပ်ခ မယူပါဘူး။ မိတ်ဆွေ အချင်းချင်း ကူညီ မစ တာပါ”

ဒီတော့ ဘော့မိန်းမက...

“အို... ဟုတ်လား ဒါဖြင့် ခဏစောင့်ဦးနော်၊ သူ့အိတ်ထဲက ပစ္စည်းတွေ ထုတ်ထားပြီး ပစ်ချလိုက်မယ်”

မြို့အုပ်မင်း စောင်မမှ ထောင်ကျရတော့မယ် အဖြစ်ကြောင့် ဒစ်ကီဝိဒ်ဟာ ဘီလ်ချမ်းဘားစ်ကို ဇက်ပိုး အုပ်လိုက်ပြီး နောက်တစ်လုံး ငါ့ကို ဘယ်တော့မှ အကြံဉာဏ် မပေးနဲ့တော့လို့ ပြောသဗျ။

နာရီကို နမြောတဲ့ဇောနဲ့ ဒစ်ကီဟာ တုန်တုန်ရင်ရင် ဖြစ်နေရှာတယ်။ ဘယ်လို လုပ်ရ ကောင်းမလဲ ခေါင်းကလေး တကုတ်ကုတ်နဲ့ စဉ်းစားမရ ဖြစ်နေတုန်း ဘော့ပရစ်တီး မယားက ပြတင်းပေါက်မှာ လာရပ်ပြီး စုတ်ပြတ်သက်နေတဲ့ ကုတ်အင်္ကျီတစ်ထည်ကို ဒစ်ကီခေါင်းပေါ် ပစ်ချပြီး...

“ဘော့အပေါ် အခုလို စေတနာထားတာ ရှင်တစ်ယောက်ပဲ တွေ့ဖူးသေးတယ်။ သူလည်း ဒီကုတ်အင်္ကျီကို သိပ်မြတ်နိုးတာမို့ ကောင်းကောင်းလေးတော့ ချုပ်ပေးနော်” လို့ ညှာလိုက်သေးသဗျ။

ဒစ်ကီဝိဒ်က သူ့ခေါင်းပေါ်ကျလာတဲ့ ဘော့ပရစ်တီးရဲ့ ဆိုးရွားလှတဲ့ အနံ့အသက် တွေကို ရှူရှိုက်ရင်း ဘာမှ ပြန်မပြောနိုင်တော့ဘူး။ ဘော့ရဲ့ မိန်းမက တံခါးပေါက်ကို ပိတ်မယ် လုပ်ပြီးမှ ကျုပ်တို့ ဆွဲခေါ်လာတဲ့ မျက်လှည့်ဆရာကို မြင်သွားတော့ သူ့ ယောကျ်ားကို သေနတ်နဲ့ ပစ်တာ ဘာသဘောလဲ၊ အခု ဘယ့်နှယ် လုပ်မလဲလို့

ခပ်ထန်ထန်ပဲ မေးတယ်။ ဒီတော့ မျက်လှည့်ဆရာက ပြတင်းပေါက်ကို မော့ကြည့်ပြီး ခေါင်းခါခါ လည်ခါခါနဲ့...

"သေနတ် မှန်တယ်ဆိုတာ ဟုတ်ကို မဟုတ်ဘူး၊ အဲ... မှန်တာတစ်ခုတော့ ကျုပ်ပြောမယ်၊ အဲဒီနာရီဟာ သူ့အိပ်ထဲ ရောက်သွားတာပဲ။ ကျုပ် သေသေချာချာ မြင်လိုက်တယ်။ သေနတ် တကယ်မှန်တယ်ဆိုရင် သူ ဘာ့ကြောင့် ဆရာဝန် မခေါ်သလဲ"

အဲသည်မှာ ဒစ်ကီဝိဒ်က "အိုယယယ ရှုပ်တယ်ဗျာ၊ ဒါတွေ ကျုပ် မသိဘူး၊ ကျုပ် နာရီပဲ ကျုပ် ပြန်လိုချင်တယ်၊ ဒါမှ မဟုတ် နာရီဖိုး ပေါင်နှစ်ဆယ်ပဲ" ဆိုတော့ မျက်လှည့်ဆရာက လက်ဝါးကလေး ဖြန့်ကာ ဖြန့်ကာနဲ့

"ခုတော့ ကျုပ်မှာ ခင်ဗျားကို အလျော်ပေးစရာ ငွေ မပြည့်သေးဘူးဗျ၊ ဒီလို လုပ်ဗျာ... ဒီရွာမှာ တနင်္လာနေ့ကျ ပွဲရှိတယ် မဟုတ်လား။ ရွာနီး ချုပ်စပ်ကလည်း လာကြမယ်။ ဒီတော့ ကျုပ်မျက်လှည့် ထပ်ပြဦးမယ်။ ဒီနေ့ စနေနေ့ ဆိုတော့ နောက်တစ်ရက်ပဲ လိုတော့တာ။ ကျုပ် မျက်လှည့် ကိရိယာတွေကို ယူထားပေ့ါ။ ကျုပ် ထွက်မပြေးနိုင်ပါဘူး။ ဒါပေမဲ့ နေစရာ စားစရာတော့ ခင်ဗျားတို့ စီမံပေးရလိမ့်မယ်"

ဒစ်ကီဝိဒ်ဟာ ဒီပြင်နည်းလမ်း မမြင်တော့တာနဲ့ ဒီတိုင်းပဲ သဘောတူလိုက်ရတယ်။ သူဟာ တစ်ညလုံး သူ့မိန်းမရဲ့ ဆူညံပူညံကို ခံခဲ့ရပြီး သူ့မိန်းမ အကြံပေးတဲ့အတိုင်း နောက်တစ်နေ့ မနက်မှာ ဘော့ပရစ်တီးအိမ် လူမမာ သွားမေးရတယ်။ ဟိုရောက်တော့ ဘော့ပရစ်တီး မိန်းမ အိမ်အောက်မှာ အဝတ်လှမ်းနေတာ တွေ့လို့ သူ လူမမာ မေးရအောင် လာတယ်ပြောတော့ သူ့ကို အိမ်အောက်မှာ ခဏ စောင့်ခိုင်းထားပြီး ဘော့ပရစ်တီးက သူ့ကို တွေ့နိုင် မတွေ့နိုင် သွားမေးဦးမယ် ဆိုပြီး အိမ်ပေါ်တက်သွားတယ်။ တော်ကြာတော့မှ ပြန်ဆင်းလာပြီး ဘော့ဆီ ခေါ်သွားတယ်။ ဘော့ဟာ မျက်နှာကို ပတ်တီးစည်းပြီး

အိပ်ရာပေါ်မှာ ထိုင်နေတာ တွေ့ရတယ်။ ဒစ်ကီကို မြင်တော့ ဘော့ဟာ အင်မတန် ဝမ်းသာအားရနဲ့...

"လာဗျာ... ကျုပ်ကို ခုလို စောစောစီးစီး ကျီးမနိုးခင် ဂရုတစိုက်မေးဖော်ရတာ သိပ်ဝမ်းသာတယ်။ ဟောဒီရွာမှာ ခင်ဗျား တစ်ယောက်ဘဲ ကျုပ်အပေါ် ကြင်နာသမှု ပြမယ့်လူရှိတယ်။ ကျေးဇူးတင်ပါတယ် ဒစ်ကီ"

ဒစ်ကီဟာ မလုံမလဲနဲ့ ချောင်းတစ်ချက်ဟန့်ပြီး ရှုပ်ပွ စုတ်ပြတ်နေတဲ့ အိမ်ခန်းတစ်လျှောက်မှာ သူ့နာရီကို တွေ့လိုတွေ့ငြား ကျီးကန်း တောင်းမှောက် မျက်စိနဲ့လျှောက်ကြည့်တယ်။ နာရီ အစအနကိုမှ မမြင်ရတော့ သူ့မိန်းမ သင်ကြားပေးလိုက်တဲ့အတိုင်း...

"ဟား... ဘော့ရာ မင်းအိပ်ခန်းဘက်ကလည်း ရှုပ်ပွနေတာပဲ၊ မင်းမိန်းမကလဲ အိမ်အလုပ် တစ်ဖက်နဲ့ မင်းကို ပြုစုရတာ တစ်ဖက်နဲ့ဆိုတော့ မရှင်းအားဘူးနဲ့တူတယ်၊ ငါရောက်တုန်းရောက်ခိုက် အလဟဿ ထိုင်နေမဲ့အစား ရှင်းလင်းပေးခဲ့မယ်ကွာ။ ကဲ... ဘယ်မလဲ တံမြက်စည်း"

ပြောပြောဆိုဆို အခန်းထောင့်မှာရှိတဲ့ တံမြက်စည်းသွားယူတယ်။

ဒီတော့ ဘော့ပရစ်တီးက တစ်လုံးတည်း ဖော်ထားတဲ့ မျက်စိနဲ့ အခန်းထဲမှာ လှည်းကျင်း သုတ်သင်နေတဲ့ ဒစ်ကီကို မြတ်ခြေမပြတ် ကြည့်နေတယ်။ ဘော့ပရစ်တီး အခန်းကလည်း ငှက်သိုက် ကျနေတာပဲ။ ဒီအိမ်မှာ နေသာနေ တစ်ခါမှ တံမြက်စည်းလှည်းဟန် မတူဘူး။ ဒစ်ကီဟာ ချောင်ကြိုချောင်ကြားမကျန် ချွေးတပြိုက်ပြိုက်နဲ့ နိုက်နိုက်ချွတ်ချွတ် တံမြက်စည်းလှည်း ရှာဖွေပေမဲ့ သူ့နာရီကို အရိပ်အယောင်မှ မတွေ့လို့ ဒေါ်ပွနေရတဲ့ အထဲ ဘော့မိန်းမက ဟိုနားမှာ အမှိုက်နည်းနည်း ကျန်သေးတယ်၊ ဒီနားမှာ

အမှိုက် နည်းနည်း ကျန်သေးတယ်၊ ဒီနားလေး နည်းနည်း ရှင်းပါဦးနဲ့ အစေခံခိုင်းသလို အခန့်စားကြီး ကုလားထိုင်မှာ ထိုင်ပြီး ခိုင်းနေတော့ ဒစ်ကီဝိဒ်ဟာ လူသတ်ချင်စိတ်တောင် ပေါက်လာသတဲ့။ ဘော့ပရစ်တီးကတော့ အားနာသလိုနဲ့ သူ့မိန်းမကို...

"ဟော့... သူ့ဟာသူ လုပ်စမ်းပါစေကွာ၊ သူ ဘာလုပ်နေတယ်ဆိုတာ သူ့ဟာသူ သိပါတယ်။ ဒါနဲ့ ငါ့မျက်နှာ ဆေးထည့်တုန်း ဇာဂနာနဲ့ ဆွဲနုတ်တဲ့ နာရီအစအနလေးတွေ ကောကွာ"

"ဘယ်သိမလဲတော်... ကျုပ်က ရှင့်အနားမှာပဲ ဂရုစိုက်နေရတာ၊ ဒါတွေ ဘယ်သတိ ထားမိမှာလဲ"

"ဒါဖြင့် တနေရာရာမှာတော့ ရှိမှာပေ့ါ၊ ဒစ်ကီ အဲဒီနာရီ အစအနတွေများ မင်း တွေ့လို့ လိုချင်ရင် ပြန်သာ ယူသွားကွာ၊ အဲဒါ မင်းနာရီက ဥစ္စာတွေပဲ"

ဒစ်ကီက မနည်း အောင့်အီးသည်းခံပြီး အိမ်ကိုပြန်လာခဲ့ရတယ်။ အိမ်ရောက်တော့ နာရီ ပါမလာလို့ မယားက ဆီးပြီး ဆူသေးတယ်။ ဒစ်ကီရဲ့ နာရီဟာ တကယ်ပဲ ဘော့ပရစ်တီး ဆီမှာ မရှိဘူးလား။ ဒါမှမဟုတ် ရှိလျက်သားနဲ့ ဒီကောင် တိုထားတာပဲလား။ မျက်လှည့်ဆရာကပဲ သေနတ်ထဲ ထည့်ပစ်ချင်ယောင်ဆောင်ပြီး လက်လှည့် ယူထား လိုက်တာပဲလား ဆိုတာ ကျုပ်တို့ ဘယ်သူမှ မပြောနိုင်ကြဘူး။ ဒစ်ကီကတော့ သူ့နာရီကို နောက်ထပ် သူ့တစ်သက်မှာ မြင်မသွားရရှာဘူး။

အဲ... တနင်္လာနေ့ ကျတော့ ပန်းဂေါ်ဇီ ခန်းမမှာ ရွှေပွဲလာရိသတ်တွေနဲ့ ပြည့်လျှံ ကြပြန်ပါရော။ ရှိသမျှ ပြတင်းပေါက် တံခါးမှန်သမျှလည်း အထဲပိုက်ဆံပေး မဝင်ကြတဲ့ လူတွေ ကြိတ်ခဲ နေတာပဲ။ ဆိုင်ရှင် စမစ်ကလည်း ရုံပြည့်ဝင်တဲ့ လူတွေဆီက ကော်မရှင် ရနေပြီပဲ။ အဲဒီ ချောင်းကြည့်တဲ့ ပရိသတ်တွေကို မတားမြစ်ပါဘူး။ ဟိုညက နာရီမျက်လှည့်

သေနတ်ထဲ ထည့်ပစ်တာကို သတင်း ပြန့်သွားတော့ ရှာနီးချုပ်စပ်ဖြစ်တဲ့ 'ကစ်ဖော့' နဲ့ 'မောင့်ရမ်း' ရွာက လူတွေလည်း လာကြသကိုးဗျ။ ခုညမှာလည်း အဲဒီနာရီ မျက်လှည့်ကိုပဲ လူတွေက တောင့်တနေကြတယ်။

အဲဒီပွဲမှာ ဘော့ပရစ်တီးက ရှေ့ဆုံးကလေ။ သူဟာ စကားစပ်မိတဲ့ လူတိုင်းကို ဒီ မျက်လှည့်ဆရာ အညာအဖြီးသမား၊ မယုံတဲ့ အကြောင်း၊ မဖြစ်နိုင်တဲ့ ဘက်က လောင်းချင်ကြောင်း၊ သူ အခုလာတာက မျက်လှည့်ကြည့်ဖို့ မဟုတ်၊ သူ့မျက်နှာ ရုပ်ပျက် ဆင်းပျက် ဖြစ်အောင်လုပ်တဲ့ မျက်လှည့်ဆရာဆီက လျော်ကြေးတောင်းဖို့ လာခဲ့ကြောင်း၊ သူ့မျက်လုံး တစ်ဖက်အုပ်၊ ပတ်တီးစီးထားတဲ့ မျက်နှာကြီးနဲ့ ပြောပြတယ်။

မျက်လှည့်ဆရာက သူ့ပညာတွေ တစ်မျိုးပြီးတစ်မျိုး ပြသွားတော့ လူတွေ အုတ်အုတ် ကျက်ကျက်ပေါ့လေ။ အဲ... နောက်ဆုံးကျတော့ မျက်လှည့်ဆရာက သူ့အထူး ပြကွက် ဖြစ်တဲ့ နာရီသေနတ်နဲ့ မျက်လှည့်ကိုပြဖို့ လုပ်ပါတော့တယ်။ သူ ချောင်းတွေ ဘာတွေ ဟန့်၊ လည်စည်းတွေ ဘာတွေ ဆွဲစန့်ပြီး...

"ရွှေပွဲလာ ပရိသတ်ကို အထူး ဂါရဝတရားနဲ့ မိတ်ဆက်စကား ပြောပါရစေခင်ဗျာ၊ အရင်ညက ကျွန်တော်များ ဟောဒီ ပန်းဂေါ်ဇီ ခန်းမဆောင်ကြီးထဲမှာ ခုပြမဲ့ နာရီ ပဥ္စလက် ပြကွက်ကို ထူးထူးခြားခြားကြီး ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ (သူ့ရှေ့တည့်တည့်မှာ အနီးကပ် ထိုင်နေတဲ့ ဘော့ပရစ်တီးကို မမြင်ဟန်ပြုပြီး) ပြကွက်ရဲ့ အနှစ်သာရ ဖြစ်တဲ့ နာရီပျက်ကို သေနတ်ထဲ ထည့်ပြီး အကောင်းပကတိ ဖြစ်အောင် ပြန်လုပ်တဲ့ အခါမှာ လူမသမာ တစ်ယောက်ဟာ နာရီ သူ့အိတ်ထောင်ထဲ ရောက်သွားတာနဲ့ တစ်ပြိုင်နက် သူ့မျက်နှာကို သေနတ် မှန်ပါတယ်လို့ ဒဏ်ရာ ရသယောင်ဆောင်ပြီး နာရီကို ယူပြေးသွားပါတယ်"

သည်တော့ ဘော့ပရစ်တီးက မခံမရပ်နိုင် နေရာက ဝုန်းခနဲ ထပြီး

"ဟော့... မျက်လှည့်ကောင်... မင်းဟာ လူညာပဲကွ"

သည်တော့ သူ့စကားမဆုံးခင် မျက်လှည့်ဆရာက

"ဩော်... ကျွန်တော်ညာသလား၊ ခင်ဗျားပဲ ညာသလားဆိုတာ သိရအောင် ခင်ဗျား မျက်နှာက ပတ်တီးကို ဖြေလိုက်စမ်းဗျာ"

"ဘာလုပ် ဖြေရမှာလဲ၊ ကျုပ်က လူတကာ ဩဇာခံတဲ့ကောင် မဟုတ်ဘူး"

မျက်လှည့်ဆရာကတော့ ခပ်အေးအေးနဲ့ပဲ....

"ဖြေသာဖြေပါ၊ ခင်ဗျားမျက်နှာမှာ သေနတ်မှန်ရာလေး တစ်ချက်တွေ့ရင် ရွှေဒင်္ဂါး နှစ်ပြား ပေးမယ်ဗျာ"

"ကျုပ်အနာက လေသလပ်ခံလို့ ဖြစ်တာမဟုတ်ဘူးဗျ"

ဒင်းတို့နှစ်ကောင် ဒီလို အငြင်းပွားနေဆဲ ရှာရဲ့ ပန်းပဲဆရာကြီး ဂျွန်ဘစ်က ဘော့ပရစ်တီးရဲ့ နောက်ကြောဘက် ကပ်သွားပြီး ဝက်ပေါင်လောက် ရှိတဲ့ သူ့လက်ကြီး နှစ်ဖက်နဲ့ ဘော့ရဲ့ ပခုံးတစ်ဖက်တစ်ချက် ချုပ်ကိုင်လိုက်ပြီး...

"ဟော့ ဘော့၊ မင်းပတ်တီး ဖြေသာဖြေကွ၊ ဘာမှ မစိုးရိမ်နဲ့၊ မင်းမဖြေရဲရင် တစ်ယောက်လာပြီး ဟောဒီကောင် စည်းထားတဲ့ ပတ်တီးကို ဖြေလှည့်စမ်း၊ ကျုပ် သူ့ကို ချုပ်ထားပေးမယ်"

ဘော့ပရစ်တီးဟာ အစတော့ ရုန်းလိုက် ကန်လိုက်တဲ့ ဖြစ်ခြင်း၊ နောက်တော့မှ အားမတန် မာန်လျော့ဖြစ်ပြီး သူ့မျက်နှာက ပတ်တီးကို လူနှစ်ယောက်က ဝိုင်းခွာနေတာကို ငြိမ်ခံ နေရတော့တယ်။

ပတ်တီး နောက်ဆုံးအလွှာ ကွာသွားတယ်ဆိုရင်ပဲ မျက်လှည့်ဆရာက သူ့မျက်နှာကို လက်ညှိုးနဲ့ထိုးပြပြီး…

"ကဲ… ကြည့်ကြစမ်းပါ၊ ဒင်းမျက်နှာမှာ ဘာအမာရွတ်တစ်ခုမှ မရှိတာ မြင်ကြတယ် မဟုတ်လား"

သည်တော့ ဘော့ပရစ်တီး ကိုယ်တိုင်က မယုံကြည်ဟန် မျက်နှာနဲ့ မျက်လှည့်ဆရာကို…

"ဘာအမာရွတ်မှ မရှိဘူး ဟုတ်လား… တကယ်…"

"အောင်မာ… ခင်ဗျားကို ကျုပ်က ဘာလို့ မဟုတ်တာ ပြောနေရမှာလဲ" ဆိုတော့ ဘော့က ဝမ်းသာအားရနဲ့ လက်ခုပ်လက်ဝါးတီးပြီး…

"ဟယ်… ဝမ်းသာ လိုက်တာဗျာ၊ ကျုပ်ဖြင့် ဒီတစ်သက်မှာ ငါ့မျက်လုံး တစ်ဖက်တော့ ပျက်ပါပြီ အောက်မေ့နေတာ၊ မှန်လေးများပါတဲ့ လူရှိရင် တဆိတ်လောက် ပေးစမ်းပါဗျာ။ ကိုယ့်မျက်နှာကိုယ် ကြည့်စမ်းပါရစေ။ ကျုပ်ဖြင့် မယုံနိုင်လိုက်အောင်ပါပဲ"

ပန်းပဲဆရာ ဂျွန်ဘစ်က ဘော့ကို စူးစူးရဲရဲကြည့်ပြီး…

"ဟော့ကောင် မှန်တွေဘာတွေ လုပ်မနေစမ်းပါနဲ့၊ မင်းကို အစကတည်းက ငါ မယုံသင်္ကာ ဖြစ်နေတာ။ ဒစ်ကီဝိဒ်ရဲ့ နာရီဟာ မင်းဆီမှာ ရှိတယ်။ မင်းဟာ သူခိုးပဲ၊ မင်း ငြင်းချင်သလား"

သည်တော့ ဘော့ပရစ်တီးက မခံဘူးဗျို့။

"အောင်မာ ကျုပ်ကိုများ စွပ်စွပ်စွဲစွဲ။ ဘယ်မလဲ သက်သေပြလေ။ အဲဒီညက မျက်လှည့်ကောင် ကိုယ်တိုင် ဝန်ခံတယ် မဟုတ်လား။ သူ့ပြကွက် မအောင်မြင်လို့ ဒီမလာခင်ကလေးတင် လူတစ်ယောက်ကို ရှစ်ပဲနီ လျော်ခဲ့ရတယ်ဆိုတာ"

မျက်လှည့်ဆရာက...

"ဒါ သက်သက် နောက်ပြောတာပါဗျာ၊ ဒီပြကွက်ကို ကျုပ်အမြဲ ပြနေကျပဲ။ မယုံရင် အခု ပြဦးမယ်။ တစ်ယောက်ယောက်သာ နာရီငှားမယ်ဆိုရင် ပေါ့လေ"

ဒင်းက အဲဒီလိုပြောပြီး တစ်ခန်းလုံးရှိတဲ့ ပရိသတ်ကို လိုက်ကြည့်တယ်။ ဒါပေမဲ့ နာရီ ငှားမယ့်လူ မရှိဘူး။ တစ်ယောက်တစ်လေသာ သူ့နာရီပေးလိုက်ပါလား၊ ငါ့နာရီ ပေးလိုက် ပါလားနဲ့ တွန်းတွန်းထိုးထိုး လုပ်နေကြတယ်။ မျက်လှည့်ဆရာကလည်း အားမလျော့ဘဲ...

"လုပ်ကြပါဗျာ၊ ခုလို ပရိသတ်ဆုံတုန်း ကြုံတုန်းမှာ ကျွန်တော့်ပညာကို လှလှ ပပကြီး ပြသွားပါရစေ။ မယုံမရှိကြပါနဲ့ ခင်ဗျားတို့နာရီဟာ ကိုယ့်အိတ်ကပ်ထဲ ထည့်ထား သလိုပဲ စိတ်ချ ရပ့ါစေ့မယ်။ နောက်ပြီး ဘယ်သူဟာ လူလိမ် လူညာဖြစ်တယ်ဆိုတာ သဲသဲကွဲကွဲ သိကြရအောင်လို့ပါ"

သည်တော့ ဘော့ပရစ်တီးကို တွယ်ချင်နေတဲ့ ပန်းပဲဆရာကြီးဂျွန်ဘစ်က သူ့ အိတ်ဆောင် ငွေနာရီကို ထုတ်ပေးလိုက်တယ်။ မပေးခင် ဘယ်လို အကြောင်းနဲ့မှ ဘော့ပရစ်တီးဆီ သေနတ်နဲ့ မပစ်ပါဘူးလို့ ဝန်ခံကတိ တောင်းသေးတယ်"

ဒီတော့ မျက်လှည့်ဆရာက "ဘယ်... တစ်ခါက နှစ်ခါ အမိုက်ခံတော့မလဲဗျာ၊ နောက်တစ်ခါ အမှာအယွင်း မရှိအောင် ဟောဒီနာရီကို အသေအချာ ကြည့်ထားကြပါ"

ဆိုပြီး တစ်ယောက်ပြီး တစ်ယောက် ရှေ့ကဆုံးက ပရိသတ်ထဲကို လျှောက်ပြပြီးတဲ့နောက် မျက်လှည့်ဆရာဟာ နာရီကို စားပွဲပေါ်က တုံးကလေး တစ်ခုပေါ် တင်လိုက်တယ်။ အဲဒီအခါမှာ မျက်လှည့်ဆရာက သူ့ကို ရှေ့မှာထားပြီး မပြဘဲ ကျော်သွားတဲ့အတွက် ဘော့ပရစ်တီးက မကျေမနပ်ဖြစ်ပြီး...

"အံမယ်... ကျုပ်ကလည်း ကြည့်ရဦးမှာပေါ့။ ဘယ့်နှယ် ကျုပ်ကို မဟုတ်တရုတ် စွပ်စွဲ ထားကြတာ... ကျုပ်က ဒီအတိုင်း လွှတ်ပေးလိုက်လို့ ဘယ်ဖြစ်မလဲ"

ဆိုပြီး နာရီကို ကောက်ယူ သေသေချာချာ နားနားကပ်ပြီး စက်သံကို နားထောင်ကြည့်တယ်။ ပြီးတော့မှ ပြန်ချလိုက်ပြီး...

"အဲ... ဟိုသံချောင်းက နာရီခွဲဖို့လား" မေးတော့ မျက်လှည့်ဆရာက သူ့ကို ဘုကြည့်ကြည့်ပြီး...

"ဟုတ်တယ်လေ၊ သံချောင်းလည်း ခင်ဗျား စစ်ဆေးလိုက်ဦး"

ဘော့ပရစ်တီးက သံချောင်းကို ကောက်ယူပြီး ဖင်ပြန်ခေါင်းပြန် ကြည့်တယ်။ ပြီးတော့မှ ခေါင်းတညိတ်ညိတ်နဲ့...

"အင်း... သံချောင်းမှာ အခေါင်းမပါဘူး။ ဂင်းပိတ်ပဲ။ နာရီ ရိုက်ခွဲဖို့တော့ ပထမတန်းပဲ" လို့ ပြောပြောဆိုဆိုနဲ့ သံချောင်းမြှောက်ပြီး နာရီကို ခွက်ခနဲ ရိုက်ခွဲလိုက်တယ်။ မျက်လှည့်ဆရာက ကပျာကယာ သူ့လက်ကို လှမ်းဆွဲ လိုက်ပေမဲ့ မမီလိုက်ဘူး။ ဒီတင်ပဲ မျက်လှည့်ဆရာက မျက်ကလဲ ဆန်ပြာဖြစ်သွားပြီး ပန်းဘဲဆရာကြီး ဂျွန်ဘစ်ကို အော်ပြောလိုက်တယ်။

"ခင်ဗျားနာရီကို သူ ထုခွဲလိုက်ပြီ၊ ဘယ့်နှယ် လုပ်မလဲ"

ဂျွန်ဘစ်ဟာ ဇဝေဇဝါ ဖြစ်သွားပြီး...

"နို့ နာရီကို ခွဲတော့ ခွဲရမှာပဲ မဟုတ်လား"

သူကလည်း တောသားပီပီ အူကြောင်ကြောင်ပဲ။

မျက်လှည့်ဆရာက ဆောက်တည်ရာမရ ခုန်ဆွခုန်ဆွလုပ်ရင်း

"ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ သူခွဲရမှာ မဟုတ်ဘူး၊ ကျုပ်က ခွဲရမှာ။ ကဲ... ခုတော့ စည်းပေါက်သွားပြီ၊ ကျုပ်ဘာမှ မတတ်နိုင်တော့ဘူး"

ဒီစကားကြားတော့ ဂျွန်ဘစ်က ဝုန်းခနဲထပြီး အင်္ကျီနှစ်ဖက်ကို ပင့်တင်ရင်း ဟော့... ဘာ မတတ်နိုင်ရမှာလဲ၊ မင်းမျက်လှည့် မင်းဆက်ပြပြီး ငါ့နာရီကို အကောင်း ပကတိ ဖြစ်အောင် ပြန်လုပ်ပေးပါ၊ ဒါပဲ"

ဒီတော့ မျက်လှည့်ဆရာက...

"ခင်ဗျားတို့လူ ဝင်နှောက်လို့ စည်းပေါက်သွားပြီ ပြောပါပကော၊ ဒီလူ ဒီလောက် လူတတ် လုပ်ချင်တော့ သူ့ပဲ ခိုင်းတော့၊ ကျုပ် ဒါပဲ ပြောတတ်တော့တယ်"

ဂျွန်ကတော့ ဒေါသတကြီးနဲ့...

"မလိုချင်ဘူး၊ မင်းပဲ ပြန်လုပ်ပေးရမယ်။ မင်းတို့ တစ်ယောက်တစ်ယောက် လွှဲချနေလို့ ဘယ်ရမလဲ၊ ဒင်း ထုမချအောင် တားပါလား"

"အိုး… ဒီလူ ဒီလို လုပ်လိမ့်မယ်လို့ မထင်လို့ပေါ့ဗျ။ အဲ့ဒီကိစ္စ ခင်ဗျားတို့ ရွာသားချင်းပဲ ရှင်းကြပေတော့။ ကျုပ်အနေသာကြီးပဲ" ဂျွန်ဘစ်က ဘော့ပရစ်တီးဘက် လှည့်ကြည့်လိုက်တော့ ငတိက အေးအေးပဲ။

"ကျုပ်လုပ်ခိုင်းရင် ဒင်းလုပ်သလို နာရီ အစအနတွေ သေနတ်ထဲ ထည့်ပစ် လိုက်ရုံပဲ"

ဂျွန်ဘစ်က အစိတ်စိတ် အမွှာမွှာကွဲရှနေတဲ့ နာရီကို စိတ်မချမ်းသာစွာနဲ့ ကြည့်ပြီး မျက်လှည့်ဆရာကို နဂိုအတိုင်း မဖြစ်ဖြစ်အောင် လုပ်ပေးရမယ် ပြောနေတယ်။ မျက်လှည့်ဆရာကလည်း ခါးခါးသီးသီး ငြင်းတယ်။

"မဖြစ်နိုင်တော့ဘူးဗျ၊ ဒါမျိုးက ပဥ္စလက်ဆိုတဲ့အတိုင်း ပညာသည်ရဲ့ ဟောဒီ လက်ငါးချောင်းက လွဲလို့ ဒိပြင်လူ ထည့်ကိုင်သွားရင် စည်းပေါက်ပြီး ပညာပျက်ပြယ် သွားပြီဗျ၊ ခုန ခင်ဗျားတို့က ဟောဒီ နာရီအစအနတွေ သေနတ်ထဲထည့် ပစ်မယ်ဆိုလည်း ပစ်ပြပေါ့မယ်။ ဒါပေမဲ့ ဘယ်လို အကျိုးအမြတ်တွေ ဖြစ်လာမယ်ဆိုတာတော့ ကျွန်တော် တာဝန် မယူနိုင်ဘူး"

"ကဲ… ဒီလိုဆိုရင် ဂျော့ချ်ကဲလားလ်ကို ပစ်ခိုင်းဗျာ၊ စစ်ပြန် တစ်ယောက်ဆိုတော့ သေနတ်ကောင်းကောင်း ပစ်တတ်တယ်၊ လက်လည်း ဖြောင့်တယ်"

ဘီလ်ချမ်းဘားစ်က ပြောလိုက်တော့ ဂျော့ချ်ကလည်း နစ်ခါ မတိုက်တွန်းရဘဲ အများရှေ့ အဲ့လို ချီးမွမ်း ခံရတော့ မျက်နှာတောင် တင်းပြောင်လာပြီး ရှေ့ကို ထွက်လာ တယ်။

သူဟာ ဟိုတစ်နေ့က မျက်လှည့်ဆရာ လုပ်သလိုပဲ သေနတ်ပြောင်းထဲ ပထမ ယမ်းမှုန့်တွေ ထည့်တယ်။ နောက်ပြီးတော့ နာရီ အစအနတွေ သံချောင်းနဲ့ ထိုးတယ်။ သူ့လုပ်ပုံတွေ ကြည့်ပြီး ဘော့ပရစ်တီးက အလန့်တကြား အော်တယ်။

"ဂျော့ချ်... ငါ့ကိုတော့ မပစ်ပါနဲ့နော်၊ တစ်ခါပဲ နာမည် အပျက် ခံပါရစေ၊ နောက်ထပ် သူခိုး အစွပ်စွဲ မခံပါရစေနဲ့ကွာ"

မျက်လှည့်ဆရာကတော့ မျက်စိမျက်နှာပျက်ပြီး...

"အဲဒီသေနတ်ကို ချထားလိုက်ပါ မိတ်ဆွေ၊ တော်ကြာ ဒုက္ခတွေ များကုန် ပါလိမ့်မယ်"

ဂျော့ချ်က သေနတ်ကို တမြှောက်မြှောက်နဲ့။

"ဘယ်သူ့ကို ပစ်ရမလဲပြောလေ" တကဲကဲလုပ်နေတော့ ဘော့ပရစ်တီးက...

"ဘယ်သူ ရှိရဦးမလဲ၊ မျက်လှည့်ဆရာကိုပဲ ပစ်ပေါ့။ သူ့ပညာ မှုမှန်ရင် နာရီ သူ့ အိတ်ထောင်ထဲ ရောက်သွားရမှာပေါ့"

ဒီတော့ မျက်လှည့်ဆရာ သုတ်ခနဲထပြီး ပြေးမယ်လုပ်ပေမဲ့ လက်မြန်တဲ့ ဘီလ်ချမ်းဘားစ်က ဖမ်းဆွဲ ထားလိုက်တယ်။ ခမျာ ကြောက်အား လန့်အားနဲ့ အော်ပါ လေရောဗျာ။

ဂျော့ချ်က...

"ဘာလို့ ဒီလောက်တောင် အော်နေရတာလဲ၊ ခင်ဗျား ဘော့ပရစ်တီးကို ပစ်တုန်းကတောင် ဘာမှမဖြစ်ပဲနဲ့"

"သူများကြတော့ လုပ်ပြီး ကိုယ့်ဟာကိုယ်တော့ ကြောက်နေရသေးသလား"

နံဘေးက လူတွေကပါ ဝင်ပြောတော့ မျက်လှည့်ဆရာမှာ မျက်ကလဲ ဆန်ပြာနဲ့...

"သေနတ်ကို ချလိုက်ပါ။ ချလိုက်ပါ၊ ဒီသေနတ်က၊ ဒို့ပြင် သေနတ်နဲ့ တူတာ မဟုတ်ဘူး၊ နံဘေးက လူတွေကိုပါ ဝင်ပြီး မှန်နိုင်တယ်"

"ဟေ့ ဒီလိုဆိုရင် မင်းသေနတ်ကို သေသေချာချာ သူ့ကို ချိန်နော် ဂျော့ချ်၊ ဟာ... အကောင်းဆုံးကတော့ သူ့ကို ကွက်လပ်ထဲမှာ သက်သက် ကုလားထိုင် တစ်လုံးနဲ့ ထိုင်ခိုင်းပြီး ပစ်ကွာ"

အဲသလိုလည်း ပြောရော...

"အေး... ဟုတ်ပြီ၊ ဟုတ်ပြီ" ဆိုကြပြီး မျက်လှည့်ဆရာကို လူသုံးလေးယောက် ဝိုင်းချုပ်၊ ဆိုင်ရှေ့ ကွင်းပြင်ထဲထုတ်၊ ကုလားထိုင် တစ်ခုချပြီး အတင်းထိုင်ခိုင်း၊ မျက်လှည့်ဆရာက ခြေထောက်တွေ ယက်ကန်ယက်ကန်နဲ့ အတင်းရုန်း၊ ဒီတော့ ဂျွန်ဘစ်က စိတ်မရှည်တော့ဘဲ...

"ခင်ဗျား ငြိမ်ငြိမ်နေလေ၊ ဘယ်လိုဖြစ်နေတာလဲ၊ ဂျော့ချ်က ခင်ဗျား အိတ်ထောင်ကို ချိန်ပစ်မှာဗျ၊ သူဟာ ကျုပ်တို့ ကလေးပြူရီ ရွာတစ်ဝိုက်မှာ လက်အတည့်ဆုံး လူပါဗျ၊ စစ်ပြန်ရဲဘော်ဗျ၊ ခင်ဗျားအသားကို မထိစေရပါဘူး"

ဒါလည်းမရဘူး။ မျက်လှည့်ဆရာက အရမ်းအော် အရမ်းရုန်းပဲ။

"ကယ်တော်မူကြပါဗျို့၊ ဟောဒီမှာ လူသတ် နေကြပါတယ်။ ဒီပြကွက်က ကျုပ်ကလွဲပြီး ဒို့ပြင်လူ လုပ်လို့ရတာ မဟုတ်ဘူးဗျ"

"နို့ မင့် ခိုင်းတော့လည်း မလုပ်နိုင်ဘူး ဆိုသကိုးကွ"

"လုပ်လို့ မဖြစ်တော့ပါဘူး ဆိုနေဗျာ"

"ဟေ့အေး... မဖြစ်ဖြစ်အောင် လုပ်ရမယ်၊ မင်း ပညာစွမ်း ပြချင်တာနဲ့ ငါ့နာရီ အဆုံးမခံနိုင်ဘူး၊ ကြာတယ်ကွာ... မင်းကို ကုလားထိုင်မှာ ကြိုးနဲ့ချည်"

ဂျွန်ဘစ်က ဖွတ်ကိုင်မယ်လုပ်တော့ မျက်လှည့်ဆရာ စိတ်ပျက်အားလျော့စွာနဲ့...

"ကဲ ဒါဖြင့် ကြိုးနဲ့တော့ ချည်မနေပါနဲ့ဗျာ၊ ကျုပ်ဘာသာကျုပ် ထိုင်နေပါ့မယ်။ သို့သော် မဆိုင်တဲ့လူတွေ အထိအခိုက် မရှိရအောင် ကျုပ်နဲ့ ဝေးဝေးနေပါစေ"

သည်တော့ အားလုံးပဲ သူ့အနီးက ရှဲသွားကြတယ်။ မျက်လှည့်ဆရာဟာ သွေးမရှိတဲ့ မျက်နှာနဲ့ ကုလားထိုင်ပေါ် ထိုင်ချလိုက်ပြီး...

"ပရိသတ်က ကိုယ့်ဘေးက လွတ်အောင် သေနတ်သမားရဲ့ နောက်ကနေပြီး ကြည့်ကြပါဗျာ။ ဒီမှာဆရာကြီး ကျုပ်က တစ်၊ နှစ်၊ သုံး ဆိုတော့မှ ပစ်နော်။ ဩော်... ဟိုမှာ နာရီတောင် သေနတ်ထဲက ကျလာပြီ မတွေ့ဘူးလား" ဆိုပြီး မြေကြီးတစ်နေရာကို လက်ညှိုးနဲ့ ထိုးပြတော့ အားလုံး ပရိသတ် ဦးခေါင်းတွေဟာ သူပြတဲ့ နေရာကို တညီတညွတ်တည်း ချာခနဲ လှည့်သွားကြတယ်။

အဲဒီစက္ကန့် ပိုင်းလေးအတွင်းမှာပဲ မျက်လှည့်ဆရာဟာ ထိုင်ရာက သုတ်ခနဲ ခုန်ထပြီး မိုးပြိုပဟေ့ဆိုတဲ့ ယုန်ကလေးလို အဟုတ်မနေးနဲ့ ခြေကုန်ပြေးတော့တယ်။

မြန်လွန်လွန်းလို့ ရုတ်တရက် ဘာဖြစ်တယ်ဆိုတာ ဘယ်သူမှ မသိလိုက်ကြဘူး။ ဒင်း လိမ်တာပဲလို့ သူတို့ သတိမမူကြတော့ မျက်လှည့်ဆရာဟာ တော်တော်ဝေးဝေးကြီး ရောက်နေပြီလေ။ ဂျော့ချ်လည်း မတတ်နိုင်တော့ဘူး။

ဟယ်ခန် ပါးစပ်ကြီး အဟောင်းသားနဲ့ ပရိသတ်ကြီးဟာ မျက်လှည့်ပြတာထက် ထူးဆန်းစွာ အဝေးမှာ တဖြည်းဖြည်းချင်း မှုန်ဝါးပျောက်ကွယ်သွားတဲ့ မျက်လှည့်ဆရာကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြတယ်။

အဲဒီလို အပ်ကျသံ မကြားလောက်အောင် အံ့သြ ငြိမ်သက်နေကြတဲ့ ပရိသတ်ကြီး ထဲမှာ ရှေးဦး စကား ပြောလိုက်သူကတော့ ဘော့ပရစ်တီးပဲ။ သူက ဂျွန်ဘစ်ရဲ့ ကျောကို သပ်ပြီး…

"တော်သေးတာပေါ့ဗျာ၊ ခင်ဗျားနာရီက ရွှေမဟုတ်လို့၊ ကျုပ်တို့ ရွာသားတွေက လည်း အချင်းချင်းကြတော့ ဘယ်တော့မှ မယုံကြဘူး။ သူစိမ်း လူကို ပုံအပ်လိုက်ကြတာပဲ၊ ကြားထဲက ကျုပ် နာမည်ပျက်တာ အဖတ်တင်တယ်၊ အစကတည်းက ကျုပ်စကား နားထောင်ရင် ခင်ဗျားတို့ ဒီလို မဖြစ်ဘူး" တဲ့။

ဘိုးသက်ရှည်ဟာ စကားပြောရတာ အာခြောက်သွားလို့ ခွက်ထဲက လက်ကျန် ဘီယာကို တစ်ချက်တည်း မော့သောက် ပစ်လိုက်တယ်။ ဒီတော့ ခရီးသည် လူရွယ်က သူ့ဆေးတံနဲ့ စားပွဲကို ခေါက်လိုက်ပြီး အဘိုးအိုရှေ့ ဘီယာရောက်မလာခင်…

"နို့ သူပြောတာလည်း အဟုတ်သားပဲ အဘရဲ့၊ ဒီကိစ္စမှာ သူ့နာမည် ပျက်ရတာ ကိုးကွ"

"ငါ့တူက ဘော့ပရစ်တီး အကြောင်း မသိဘဲကိုးကွ၊ နောက်တစ်နေ့ကျတော့ ဘော့ဟာ မြို့ပေါ်မှာ ကိစ္စရှိလို့ ဆိုပြီး သွားလိုက်တာ ပြန်လာတော့ သူ့အတွက် ဘယ်တုန်းကမှ မဝယ်နိုင်တဲ့ ပစ္စည်းတွေ တော်တော်များများ ဝယ်နိုင်ခဲ့သကွဲ့၊ မျက်လှည့်ဆရာနဲ့ သူက ပါတနာကွ"

❄ ❄ ❄ ❄ ❄

## ဘော့ပရစ်တီးကိုမိအောင်ဖမ်းစမ်း

ကလေးဖြူရီရှာ၏ ဘိုးသက်ရှည်သည် ထုံးစံအတိုင်း 'ပန်းငေါ်ဖီ' အရက်ဆိုင်၏ အပြင်ဘက် သစ်ရိပ်ကောင်းကောင်း အောက်၌ ခင်းထားသော ခုံတန်းရှည်ပေါ်တွင် ဟန်ကျ ပန်ကျထိုင်လျက် သူများ ဒကာ ခံထားသည့် ဆေးတစ်ဆုံကို အငွေ့ တထောင်းထောင်း ထအောင် မြိန်ရည်ယှက်ရည် ဖွာရင်း အဖြူတစ်ရစ် အပြာတစ်ရစ် ဘီယာမတ်ခွက်ထဲမှ အမြှုပ်တစီစီ ထနေသော ဘီယာကို ကျေနပ်နှစ်သိမ့်စွာ ကြည့်နေ၏။

သူ၏ ခရီးကြုံဒကာ လူရွှယ်နှစ်ယောက်မှာမူ အေးမြသော သစ်ရိပ်အောက်တွင် ပက်လက် ကုလားထိုင် တစ်လုံးစီနှင့် ချွေးသိပ် နေခဲ့ကြရင်း အဘိုးအို ပြောသမျှ စကားများကို အားနာပါးနာ မကြားတစ်ချက် ကြားတစ်ချက်နှင့် ငိုက်မျဉ်းနေကြ၏။

အဘိုးအိုမှာ ယခုလို ဆေးတံဖွာလိုက် ဘီယာ စုပ်လိုက်နှင့်သာ နေရမည်ဆိုပါက တစ်နေကုန် ပါးစပ် မညောင်းတမ်း စကားပြောနိုင်သူ ဖြစ်၏။ သူ့မှာ ပြောစရာ စကားတွေကလည်း မကုန်မခမ်းနိုင် အဆင်သင့် ရှိနေ၏။

ယခုနှစ် နင်းများလွန်း၍ မုန်လာခင်းများ ပျက်စီးရသည့်အကြောင်းက အစ မြင်း သံခွာ ရိုက်ဖို့ သံရှားသည့်အဆုံး သူမသိတာ ဘာမျှမရှိ။

ထိုစဉ် ကြက်ဖက လိုက်သဖြင့် ကြောက်အားနှင့် ပြေးလာသော ကြက်မတမ်း ကလေးက မှိန်းနေသော ခရီးသည် လူရွှယ်၏ ရင်ဘတ်ပေါ် ခုန်တက် လိုက်သည်ကို ထိုလူက အလန့်တကြား လက်နှင့်ပုတ်ထုတ်ရင်း...

"အဘိုးတို့ဆီမှာ ကြက်တွေ ငှက်တွေ ဒီလိုပဲ ပေါက်လွှတ်ပဲစား ထားကြတာ အပျောက်အရှ မရှိကြဘူးလားဗျ" ဟု မေးလတ်သော် အဘိုးအိုမှာ စကားအစ ရသွားလေသည်။

"ပျောက်တဲ့အခါလည်း ပျောက်တာပေါ့ကွယ်၊ အခုန... ဒီဆိုင်ထဲက ထွက်သွားတဲ့လူ သတိ ထားလိုက်မိလား၊ အဲဒီလူ နာမည်က ဘော့ပရစ်တီးတဲ့၊ 'ကလေးပြူရီ' ခေါ်တဲ့ ဟောဒီကျုပ်တို့ ရွာတစ်ဝိုက်မှာတော့ သူ့လောက် လိမ်လည်ကောက်ကျစ်တဲ့ လူ မရှိဘူး။ သူ့တစ်သက်တာမှာ တစ်ခါမှ သမ္မာ အာဇီဝနဲ့ အသက်မွေးတာ မရှိဘူး။

အဲ... ရွာထဲမှာ ကြက်၊ ငှက်၊ ဝက် ပျောက်ပြီဆိုရင် ဘော့ပရစ်တီး လက်ချက်ပဲ ဆိုတာ ပေဒင်မေး မနေနဲ့တော့၊ ဒါပေမဲ့ သူ့ကို လက်ဆုပ်လက်ကိုင် ဖမ်းမိဖို့ဆိုတာ ငါးရှဉ့်ဆီဆွတ် ဖမ်းရသလိုပဲ။ ရှောခနဲ ရှောခနဲ လွတ်ထွက်သွားတာ ချည်းပဲ။

စကားစပ်မိတုန်း ပြောရဦးမယ်၊ ကျုပ်တို့ရွာက မြေပိုင်ရှင်ကြီး မစ္စတာဘရောင်းသေတော့ သူ့မြေယာတွေကို လန်ဒန်မြို့ပေါ်က လူချမ်းသာ မစ္စတာရော့ကတ် ဆိုသူက ဝယ်လိုက်တယ်ဗျ။ အဲဒီလူက သူပိုင်တဲ့ တောထဲမှာ ရစ်ငှက်တွေ အကြီးအကျယ် မွေးတော့တာပဲ။

အဲဒီမှာ ဘော့ပရစ်တီးတို့ ပွပေါက် တိုးတော့တာပေါ့။ မြေပိုင်ရှင် ရော့ကတ် မွေးသမျှ ရစ်ငှက်တွေဟာ တိုးပွားတယ် မရှိဘဲ တစ်နေ့တစ်ခြား ပျောက်ပြီးရင်း ပျောက်လို့သာ နေတော့တယ်။ ပျောက်ပုံကလည်း ခြေစလက်စ ရှာမတွေ့တာနဲ့ မြေပိုင်ရှင်ရဲ့ လူငှားနှစ်ယောက်ဟာ တော်တော်ဦးနှောက် ခြောက်ကုန်တယ်။

ဒီတော့ မြေပိုင်ရှင်ဟာ ကျုပ်တို့ရွာက လူတွေကို နှစ်ပြား မတန်အောင် ပြောတယ်။ ရွာက လူတိုင်းဟာလည်း ဒါတော့ ဘော့ပရစ်တီးနဲ့ သူ့အပေါင်းအသင်းတွေ လက်ချက်ပဲ ဆိုတာ တပ်အပ်သိပြီး ငါးခုံးမ တစ်ကောင်ကြောင့် တစ်လေ့လုံး ပုပ်ရတာကို အားကြီး စိတ်ဆိုး နေကြတာပေါ့။ လက်ဆုပ် လက်ကိုင်ကလည်း မပြနိုင်။ နောက်ဆုံးတော့ မြေပိုင်ရှင်ကြီးဟာ သူ့လူ နှစ်ယောက်ကို ဘော့ပရစ်တီး သွားလေရာ နေ့ညမပြတ် မျက်စိ အောက်က မပျောက်ရအောင် နောက်ယောင်ခံ လိုက်ခိုင်းတယ်။

သူ့နောက်ကို ဒီလို လိုက်နေကြတယ် ဆိုတာ ရွာသားတွေက ပြောတော့ ဘော့ပရစ်တီးက မယုံဘူးလေ။ သူ့နောက်လိုက်တာ ဟုတ်မယ် မထင်ပါဘူး။ ခရီးကြုံလို့ ဖြစ်ပါလိမ့်မယ်၊ ဘာညာနဲ့ ဒါပေမယ့် ဒီကောင်က လူပါးလူညစ် မဟုတ်လား၊ တစ်ခါ တစ်လေ ညကြီးသန်းခေါင် အိပ်ရာထပြီး ရွာလယ်လမ်းမကြီးမှာ ခေါက်တုန့်ခေါက်ပြန် လျှောက်လိုက်၊ တိုင်းထွာကြည့်မယ်ဆိုရင် ဆယ့်ငါးမိုင်လောက် ရှိတယ်ဗျ။

သူ့နောက်ကို အလှည့်ကျ နောက်ယောင်ခံ လိုက်ရတဲ့ မြေပိုင်ရှင်ရဲ့ လူဟာတော့ သေချင်စော် နံရောတဲ့။ ဒါနဲ့လည်း ရစ်ငှက်တွေက ပျောက်မြဲပျောက်နေတာမို့ မြေပိုင်ရှင်က ဘော့ပရစ်တီးနောက် တကောက်ကောက် လိုက်နေရတဲ့အတွက် အစောင့် တစ်နေရာမှာ အမြဲ ဟာနေတာမို့ ရစ်ငှက်တွေ အခိုးချောင်တယ် ဆိုပြီးတော့ ဘော့ပရစ်တီးနောက် လိုက်ချင်းကို ရပ်ဆိုင်းလိုက်ရတယ်။

ဒါပေမဲ့ ဘော့ပရစ်တီးရဲ့ လှုပ်ရှားမှုကိုတော့ မျက်ခြေ မပြတ် စေရဘူး။ တစ်နေ့တော့ ဘော့ပရစ်တီးဟာ လွယ်အိတ် တစ်လုံးနဲ့ မစ္စတာဂရေးရဲ့ လယ်ကွက်ကို ဖြတ်လာတော့ မြေပိုင်ရှင်ရဲ့ လူငှား မစ္စတာလူးဝစ်နဲ့ မစ္စတာစမစ်ဟာ ပြုန်းခနဲ ချုံပုတ် တစ်ခု ထဲက ခုန်ထွက်လာပြီး ဘော့ပရစ်တီးရဲ့ လက်မောင်းကို ဖမ်းဆွဲထားရင်း သူ့

လွယ်အိတ်ထဲ ဘာပါသလဲလို့ မေးတော့ ဘော့ပရစ်တီးက လူးဝစ်ရဲ့လက်ကို ပုတ်ထုတ်လိုက်ပြီး…

“ကျုပ် လွယ်အိတ်ထဲက ဘာပါပါ၊ ခင်ဗျားနဲ့ မဆိုင်ပါဘူးဗျ”

မစ္စတာစမစ်က ဘော့ပရစ်တီး လွယ်အိတ်ထဲ စမ်းကြည့်တော့ ပျော့စိစိနဲ့ အရာကို စမ်းမိသတဲ့။ ဒီတော့ ဘော့ပရစ်တီးက စိတ်ဆိုးမာန်ဆိုးနဲ့…

“မင်းတို့ လက်ပုပ်ကြီးတွေနဲ့ ငါ့လာမကိုင်ကြနဲ့၊ ကျုပ်ဟာ အင်မတန် ရှုံ့တတ်တယ်ဆိုတာ မသိကြဘူးလား” ဆိုပြီး အတင်း ရုန်းထွက်တယ်။ ဟိုနှစ်ယောက်ကလည်း တစ်ယောက်က ဆွဲ၊ တစ်ယောက်က အိတ်ထဲ နှိုက်ထုတ်လိုက်တော့ ရစ်ပေါက်နှစ်ကောင် ထွက်လာတယ်။

“ကဲ ဘော့ပရစ်တီး၊ ဒီတစ်ခါတော့ မင်းကို သေသေချာချာ ကွင်းခနဲ မိနေပြီ၊ ငြင်းလို့ မရတော့ဘူး။ လာ တို့နဲ့ လိုက်ခဲ့ပေတော့” ဆိုပြီး တစ်ဖက် တစ်ယောက် ဆွဲခေါ် သွားကြတယ်။ ဘော့ပရစ်တီးကလည်း နှစ်ယောက်နဲ့ တစ်ယောက်မို့ ရုန်းရင်း ကန်ရင်းနဲ့ပဲ ပါသွားရတယ်။ သူတို့ဟာ ၄ မိုင်လောက်ဝေးတဲ့ ‘ကာဒ်ဖို့’ ဆိုတဲ့ မြို့ကိုသွားတယ်။

အဲဒီရောက်တော့ ပုလိပ်သား မစ္စတာဝိုက်လက်ထဲ အကြိုးအကြောင်း ပြောပြပြီးတော့ ဘော့ပရစ်တီးကို အပ်တယ်။ ပုလိပ်ကြီးကလည်း ဘော့ပရစ်တီးဟာ သူ့ကို လက်တစ်လုံးခြား လုပ်လုပ်သွားတာ များပြီမို့ အခု ခိုးရာပါ ပစ္စည်းနဲ့ လက်ဆုပ်လက်ကိုင်မိတယ်ဆိုတော့ သိပ်ဝမ်းသာ သွားသပေါ့။

ဒီတော့ ဘော့ပရစ်တီးက သူလည်း ပုလိပ်သား မစ္စတာဝိုက်ကို တွေ့ရတဲ့အတွက် သိပ်ဝမ်းသာပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဟောဒီ လူနှစ်ယောက်ဟာ သူ့ကို အတင်း

အခမ္ဘ အနိုင်ကျင့်ပြီး သူ့ ရစ်ငှက်နစ်ကောင်ကို လုယူတာ အမှုတိုင်ချင်လို့ ပြောသတဲ့။ ဒီတော့ အစောင့်နစ်ယောက်ဟာ ဟားတိုက်ရယ်တယ်။ အင်မတန် ကြွေ သိက္ခာကြီးတယ် ဆိုတဲ့ ပုလိပ်သားကြီးတောင် နည်းနည်း ပြုံးမိသွားသတဲ့။ ဒီတော့ ဘော့ပရစ်တီးဟာ သူ့ ခေါင်းကို ဆတ်ခနဲမော့ပြီး ထီမထင်တဲ့ အမူအရာနဲ့။

"ဒါ ရယ်စရာ မဟုတ်ဘူးဗျ။ ကျုပ်လို ရိုးရိုးသားသားနဲ့ ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက် နေရတဲ့ လူတစ်ယောက်ကို သားမယားစားဖို့ ကြက်ငှက်ကလေးမှ အေးအေးသက်သာ မယူရဘဲ လမ်းက ဖြတ်လုကြတော့ ရပ်ရွာ အေးချမ်းရေးကို ဖျက်ဆီးရာ ရောက်မနေ ဘူးလား။ ဒါကို ဘုရင်မင်းမြတ်သိရင် ဘယ့်နယ်နေမလဲ"

"အဲဒီ ရစ်ငှက်နစ်ကောင်က ခင်ဗျားအိတ်ထဲ သူတို့ဘာသာ သူတို့ ခုန်ဝင်ကြတာ ထင်ပါရဲ့" လို့ ပုလိပ်သားကြီး မစ္စတာဝိုက်က ရိတယ်။ ဒီတော့ ဘော့ပရစ်တီးက...

"ကျုပ်က ခင်ဗျားတို့ကို ဘာလိမ်ပြောစရာ ရှိသလဲ၊ ဒီရစ်ငှက်နစ်ကောင် ကျုပ်ဝယ်ပြီး အိတ်ထဲ ထည့်ခဲ့တာ ဆိုင်ရှင်ဆီက ငွေရပြေစာဖြတ်ပိုင်း၊ ဟောဒီ ကျုပ်အင်္ကျီ အပေါ်အိတ်ထဲမှာ မယုံနိုက်ကြည့်ကြ"

"ဘာ ပြေစာဖြတ်ပိုင်း ဟုတ်လား"

သူ့အား မစ္စတာစမစ်နှင့်အတူ တွဲခေါ်လာသူ မစ္စတာ လူးဝစ်က မယုံနိုင်သလို စေ့စေ့ကြည့်ပြီး မေးတယ်။

"ဟုတ်သလေ၊ ဝိခ်ဟမ်းမြို့က ကြက်ငှက်ရောင်းတဲ့ မစ္စတာမီး(န်)သိတယ် မဟုတ်လား။ သူ့လက်မှတ်ကြီးနဲ့ ငွေကြေး ပြေစာပါခင်ဗျာ။ ကျုပ်က ကိုယ့်ချွေးနဲ့စာလေးနဲ့

တစ်ခါမှ ရစ်သား မစားဘူးသေးတဲ့ ကျုပ် သားမယားကို စားစေချင်လွန်းလို့ ဝိဓ်ဟမ်းမြို့ပေါ် တကူးတက သွားဝယ်ရတာပါ”

ပြောပြောဆိုဆို ရစ်နှစ်ကောင် ဝယ်လာတဲ့ ပြေစာကို ထုတ်ပြတယ်။ သူ့နွဲ့ခေါ် လာတဲ့ မြေရှင်ရဲ့ လူငှား နှစ်ယောက်နဲ့ ပုလိပ်သားကြီးမှာ ဘော့ပရစ်တီးဟာ သူတို့ကို ကသိကအောက် ဖြစ်စေချင်လို့ သမင်သက်သက် မြို့တက်ပြီး ရစ်ငှက်နှစ်ကောင် သွားဝယ် လာတယ်။ ဒီတစ်ချီလည်း သူတို့ပဲ ပယ်ပယ်နယ်နယ် ခံလိုက် ရပြန်ပြီဆိုပြီး ဒေါသတွေ ထွက်ကြတယ်လေ။ ဥပဒေအရ ဘာမှ မတတ်နိုင်ကြတော့ဘူးလေ။ ဘော့ကတော့ တကယ့် အရိုးခံ ပုံစံနဲ့ပဲ...

“ဩော်... ကျုပ်တို့ ရွာမှာက ရစ်ရစ်နဲ့ တစ်ရစ်တည်း ရစ် တစ်ပျောက်တည်း ပျောက်နေတော့ ဒီလောက်တောင် ဖြစ်လှတာ ဒီရစ်သားက ဘာများ အရသာ ထူးလို့ ပါလိမ့်ဆိုတဲ့ စူးစမ်းချင်တဲ့ သဘောနဲ့ ဝယ်လာတာပါ။ ကျုပ်မိန်းမ တောသူမ အူအအက ဒီကောင်တွေ ဘယ်လို ချက်ရမှန်းတောင် သိမှာ မဟုတ်ပါဘူး”

အကွက်မိနေတဲ့ ပုလိပ်သားဟာ ဘော့ပရစ်တီးကို အင်မတန်ချဉ်တဲ့ မျက်နှာလေးနဲ့ စူးစူးဝါးဝါးကြည့်ပြီး...

“ကိုင်း... ခင်ဗျား သွားတော့ဗျာ”

“ဟာ... ခင်ဗျားက ကျုပ်ကို ဖမ်းချုပ်မလို့ဆို၊ ဟောဒီနှစ်ယောက်က ပြောတာ၊ ဒီလိုဆို ဒီခရီး အသွားအပြန် ၈ မိုင်ကြီးကို အလကား လျှောက်သွား နေရသလို ဖြစ်နေပြီ ပေါ့”

ပုလိပ်သားက ရစ်နှစ်ကောင်ကို သူ့လက်ထဲ အတင်းထိုးထည့်ပြီး...

"သွားဆိုသွားကွာ၊ စကားရှည်မနေနဲ့တော့"

"ကောင်းပြီ၊ ဒီလိုဆို ဟောဒီ လူနစ်ယောက်ဟာ ကျုပ်ကို မတရား ဖမ်းဆီး ခေါ်ဆောင်ပြီး ကျုပ်ရဲ့ ရစ်နစ်ကောင်ကို အဓမ္မ လုတယ်ဆိုတာ ခင်ဗျားသက်သေပဲ။ မှတ်တမ်း တင်ထားလိုက်ပါ။ သူတို့ကို ဘယ်လို အရေးယူမယ်ဆိုတာ ကျုပ်ရှေ့နေနဲ့ သွားတိုင်ပင်လိုက်ဦးမယ်"

ဘော့ပရစ်တီးက ခေါင်းမော့မော့ ရင်ကော့ကော့နဲ့ ဝုံကြွားစွာ ထွက်ခွာသွားတော့ တယ်။ အိမ်ရောက်တော့ သူ့ရဲ့ မူလတန်းကျောင်းသား သားကြီး ဩရသကို မြေရှင်ကြီးဆီ သတိပေးစာ ရေးခိုင်းတယ်။ အခုလို အဖြစ်မျိုးသူ ဒီတစ်ခါသာ သည်းခံနိုင်မယ် နောက် ဆိုရင် တရားဥပဒေအရ အရေးယူမယ် ဘာညာပေါ့။

အဲဒီ နောက်ပိုင်းမှာတော့ ဘော့ပရစ်တီးရဲ့ လေသံဟာ 'ပန်းဂေါ်ဖီမှာ သဲသဲညံ့ နေတော့တယ်။ သူ့ကို တုဖက်ပြီးလည်း ပြောမနေ ချင်ကြတော့တာနဲ့ ဆိုင်လာတဲ့ လူတွေ ဟာ နားငြီးငြီးနဲ့ပဲ သည်းခံနေရတော့တယ်။

ဘော့ပရစ်တီးက တစ်ဖက်၊ မြေရှင်ကြီးကတစ်ဖက်၊ ကြားထဲမှာ နေရတဲ့ ခြံစောင့် နစ်ယောက်ဟာ လူ့ပြည်မှာ နေချင်စိတ်တောင် ကုန်ခန်းရောဆိုပဲ။ အဲဒီမှာ မြေရှင်ကြီးဟာ အစောင့် နစ်ယောက်နဲ့ မလုံလောက်ဘူး ယူဆပြီး ဒီမြို့နယ်မှာ သူခိုးဖမ်း အလွန် တော်တယ်လို့ နာမည်ကြီးနေတဲ့ မစ္စတာကတ်ဆိုသူကို ထပ်ငှားပြီး ရှိရင်းစွဲ နစ်ယောက်ရဲ့ ခေါင်းဆောင်အဖြစ် ခန့်ထားလိုက်ပါတယ်။

မစ္စတာကတ်ရှိတဲ့ နယ်မြေမှာဆိုရင် ရစ်ငှက်တွေဟာ လူနေအိမ်တွေထဲကိုတောင် မကြောက်မရွံ့ဝင်ကြသတဲ့။ ဒါတောင် အပျောက်အရှ လုံးဝမရှိဘူးဆိုပဲ။

အဲဒီလူဟာ ပိန်ပိန်ရှည်ရှည်၊ မျက်နှာချွန်ချွန်၊ ပါးမြိုင်းမွေး နီနီနဲ့ မျက်မှောင်ကို အမြဲ ကုပ်ထားတယ်။

မြေရှင်ကြီး အိမ်သူရောက်ပြီး၊ ဒုတိယနေ့ ညနေပိုင်းမှာ သူဟာ 'ပန်းဂေါ်ဖီ'ကို ရောက်လာပြီး ဘီယာတစ်ခွက် မှာသောက်ရင်း ဆိုင်ထဲမှာ ရှိတဲ့လူတွေ မျက်နှာရိပ် မျက်နှာကဲကို သူ့ရဲ့ စူးရှထက်မြက်တဲ့ မျက်လုံးတွေနဲ့ လိုက်ကြည့်တယ်။ ဆန်းတာက ဘယ်သူမှ သူ့မျက်လုံးကို မျက်စိချင်း ဆိုင်မကြည့်ဝံ့ကြဘူး။ ဘောပရစ်တီး တစ်ယောက်ဘဲ သူ့ကို လူထူးလူဆန်း တွေ့ရသလို ပြုံးတုံးပြုံးတဲ လိုက်ကြည့်နေတယ်။ မစ္စတာကတ်ဟာ တစ်ဆိုင်လုံးကို သိမ်းကျုံး ကြည့်ပြီးတော့မှ ဆိုင်ရှင်စမစ်ကို ခပ်တည်တည်နဲ့ လှမ်းမေး တယ်။

"ကျုပ်ကြားတော့ ဒီရွာမှာ သူခိုး တော်တော်ပူ ဆိုပါလား"

"ကျုပ်လည်း ကြားတော့ ကြားမိပါရဲ့"

ဆိုင်ရှင်စမစ်က အဝေးကို ငေးကြည့်ရင်း ပြန်ပြောတယ်။

"ဟင်း... ဟင်း... ကျုပ်ရောက်ပြီး နောက်ပိုင်းမှာတော့ ပူစရာ မလိုတော့ပါဘူးလေ၊ ကျုပ်ဟာ ဒီကိုမလာခင် နယ်သုံးနယ်မှာ ကြက်သူခိုး၊ ငှက်သူခိုး တစ်ကောင်မကျန် ဖမ်းခဲ့ တာဗျ။ ကျုပ်မှာ ဘယ်သူနဲ့မှ မတူတဲ့ သူခိုး ဖမ်းနည်းရှိတယ်။ သူခိုးမှန်ရင် ကျုပ်လက်ထဲမှာ စွန်က ကြွက် သုတ်သလို ခံသွားရမယ်မှတ်ပါ"

"ဘယ်လိုဖမ်းသလဲ၊ လူထောင်ချောက်နဲ့ ဖမ်းသလား"

ဆိုင်ရှင်စမစ်က အမြင်ကပ်ကပ်နဲ့ မေးတော့ မစ္စတာကတ်က ခေါင်းကို ဖြေးဖြေး ရမ်းရင်း...

"ဒါ ပြောလို့ မဖြစ်ဘူးလေ" လို့ ကြွားဝါစွာ ပြန်ပြောသတဲ့။

ဒီတော့ ဘော့ပရစ်တီးက သောက်လက်စ မတ်ခွက်ကို မြှောက်လိုက်ပြီး "ချီးကျူးပါတယ်ဗျာ၊ သူခိုးတွေ များများမိပါစေ၊ ကျုပ်သိသလောက် ပြောရရင်တော့ ဒီရွာမှာ သူခိုးတွေ တော်တော်များများ ရှိပါတယ်။ အားလုံး ဖမ်းမိ နိုင်ပါစေလို့ ကျုပ် ဆုတောင်းလိုက်ပါတယ်"

"အို... စိတ်ချ၊ တစ်ကောင် တစ်မြီးမှ မလွတ်စေရဘူး"

"ဒါဖြင့် မောင်မင်းကြီးသား သက်တော်ရာကျော်ရှည်ပါစေ၊ ဒီလိုဆို ကလေးဖြူရီ ရွာမှာ ခင်ဗျားလိုလူမျိုး ရှိသင့်တာကြာပြီပေါ့"

မစ္စတာကတ်ဟာ ဘော့ပရစ်တီးဘက် ဆတ်ခနဲ လှည့်လိုက်ပြီး

"တော်စမ်း၊ ခင်ဗျား ကျုပ်ကို ရိမြှောက်မနေနဲ့၊ ခင်ဗျားအကြောင်း ကျုပ်ကြားပါတယ်၊ ကောင်းသတင်းတော့ မဟုတ်ဘူး၊ ဒါကြောင့် သတိသာထားနေပေတော့"

ဘော့ပရစ်တီးက စပ်ဖြဲဖြဲနဲ့ ဒို့ပြင်လူတွေကို မျက်စပစ်ပြရင်း...

"အို... သတိ ထားလွန်းလိုက်တာမှ မပြောနဲ့တော့၊ သူခိုးသူဝှက်တွေ တွေ့မှာ ကြောက်လွန်းလို့၊ ညမှောင်ရင် ဒီအပြင်တောင် ကျုပ်မထွက်ဘူး"

ပီတာဂါးတင်းနဲ့ ဆမ်ဂျုံးက ဘော့ပရစ်တီး ပြောပုံကို သဘောကျပြီး ရယ်ကြတယ်။ ဒီတော့ ဘော့ပရစ်တီးက မျက်နှာတည်တည်နဲ့...

"ရယ်မနေကြနဲ့လေ၊ ကိုယ့်ရပ်ကိုယ့်ရွာမှာ လူဆိုးသူခိုး ပူတယ်ဆိုတာ အရပ်နာမည် ပျက်တယ်။ ဒါ့ကြောင့် ပောဒီ သူခိုး ရှင်းလင်းရေးအဖွဲ့ ဥက္ကဋ္ဌကြီးကို ခင်ဗျားတို့ ကျေးဇူးတင်ဖို့ ကောင်းတယ်" ဆိုပြီး မစ္စတာကတ်ဘက်သို့ လှည့်၍...

"ခင်ဗျား အကူအညီလိုရင်လည်း ပြောဗျာ၊ ကျုပ်ကတော့ အဆင်သင့်ပဲ"

အဲသလို ဆက်ပြောတော့ မစ္စတာကတ်က...

"ခင်ဗျား ကူညီနိုင်တာ တစ်ခုပဲရှိတယ်။ အဲဒါ ကျုပ်နဲ့ ဝေးဝေးနေရုံပဲ"

"ကောင်းပါပြီဗျာ၊ ဒါမှ ကျုပ်မျက်နှာက ခင်ဗျားမျက်နှာလို အဖုအပိန့် ဒဏ်ရာဒဏ်ချက်တွေနဲ့ မဖြစ်မှာ၊ ကျုပ်မိန်းမက မျက်နှာ မလှရင် မကြိုက်ဘူးဗျ"

"ဘယ်ကမှ ကျုပ်မျက်နှာ ဒဏ်ရာဒဏ်ချက် မရှိဘူး။ ခင်ဗျား ဘာတွေ ပြောနေတာလဲ"

မစ္စတာကတ်က စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလေတော့ ဘော့ပရစ်တီးက အင်မတန် အားနာသွားဟန်နှင့်...

"အို... မေးရာပါလား၊ ဒီလိုဆိုလည်း မသိလို့ပါဗျ။ စိတ်မရှိပါနဲ့နော်"

မစ္စတာကတ်မျက်နှာ တစ်ခါတည်း မည်းခနဲဖြစ်ပြီး ဘော့ကို စားတော့မလို ဝါးတော့ မလိုကြည့်ရင်း...

"တွေ့ကြသေးတာပေါ့ကွာ၊ ကျုပ်မျက်နှာ သေသေချာချာ မှတ်ထားလိုက်ပါ"

"အောင်မယ်လေး၊ ခင်ဗျား မျက်နှာကြီး လမိုက်ညမှာ မိုင်တစ်ထောင်လောက်ကမှ မှတ်မိပါရဲ့"

"အေး... အသက်ရှည်အောင်သာ ကြိုးစားထား၊ ဒါမှ လောကအကြောင်း ကောင်းကောင်း နားလည်သွားမယ်"

"အို ကျုပ်အတွက်တော့ ခင်ဗျား မျက်ခွက်ကြီးကို မြင်ဖူးကတည်းက သေပျော် နေပါပြီ၊ အသက်မရှည်ချင်လည်း နေပါစေတော့၊ ဟုတ်ဘူးလား ဘီလ်ရာ"

သူများထက်ကို မခံချိ မခံသာအောင် ကလိတဲ့ နေရာမှာ နှစ်ယောက်မရှိတဲ့ ဘော့ပရစ်တီးက သူ့အနီးမှာရှိတဲ့ ဘီလ်ချမ်းဘားစ်ကို သူခိုးသေဖော် ညှိလိုက်သေးတယ်။ ဘီလ်ကတော့ မစ္စတာကတ်ကို အားနာပါးနာ မျက်စိကလေး ဝေ့ကြည့်ရင်း ပါးစပ်ကို လက်နဲ့အုပ်ပြီး ချောင်းဆိုးဟန် ပြုလိုက်တယ်။ အဲဒီအခါ မစ္စတာကတ်က သောက်လက်စ ဘီယာကို အကုန်မော့ပြီး ခွက်ကိုဆောင့်ချပြီး ထွက်သွားတော့တယ်။

အဲဒီနောက်ပိုင်းမှာ မစ္စတာကတ်နဲ့ သူ့လူနှစ်ယောက်ဟာ ဘော့ပရစ်တီးကို နေ့ညမပြတ် သဲကြီးမဲကြီး ချောင်းတော့တယ်။ ဒီလို မြတ်ခြေမပြတ် စောင့်ကြည့်နေတဲ့ အထဲက ရစ်ငှက်တွေဟာ လေထဲ အငွေ့ဖြစ်ကုန်သလား ထင်ရအောင် တစ်နေ့တခြား လျော့ပါး လာတယ်။

မြေရှင်ကြီးရဲ့ ဆူသံပူသံဟာလည်း နေ့ညမစဲဘဲ ဘော့ပရစ်တီးနဲ့ သူ့မယား သားသမီးများကတော့ တစ်နေ့တခြား ဆူဖြိုး တောက်ပလာတယ်။ မစ္စတာကတ်ဟာ အံ တခဲခဲနဲ့ ဖွဲမလျော့ပဲ ပုံလေသည့်ငှက်ခါး နားတော့ သိစေမပေါ့ဆိုပြီး သေနင်္ဂဗျူဟာ အမျိုးမျိုးပြောင်းပြီး ချောင်းတယ်။

တစ်ခါတစ်လေ တောအုပ်ထဲမှာ၊ တစ်ခါတစ်လေ လယ်ကွင်းထဲမှာ တစ်ယောက် တစ်လှည့် စောင့်ကြတယ်။

တစ်ညတော့ မစ္စတာကတ်ကိုယ်တိုင် ဘော့ပရစ်တီးနဲ့ အိမ်ချင်းကပ်လျက် ဖရက်ဒရစ်ကော့ ဆိုတဲ့ လူရဲ့ ခြံထဲက နှင်းဆီချုံတွေရဲ့ နောက်မှာ ပုန်းနေပြီး ဘော့ပရစ်တီး ထွက်လာလေ မလားလို့ နောက်ယောင်ခံပြီး စောင့်နေတယ်။

သန်းခေါင်တိုင်တော့ ဘော့ပရစ်တီးဟာ သူ့အိမ်ထဲက ထွက်လာပြီး ဘေးဘီကို ကြီးကန်းတောင်းမှောက် မျက်စိနဲ့ လျှောက်ကြည့်ပြီး လမ်းလျှောက်သွားတယ်။

မစ္စတာကတ်ဟာ သူပုန်းနေရာ နှင်းဆီချုံတွေရှေ့မှာ ဘော့ပရစ်တီး လျှောက်သွား တော့ အသက်တောင် မရှူပဲ အောင့်နေလိုက်ပြီး ခဏအကြာ ဘော့နောက်လိုက်မယ်လို့ အသာ ထရပ်လိုက်ရုံဘဲ ရှိသေး၊ ဘော့ဟာ လမ်းသွားနေရာက ရုတ်တရက် ရပ်လိုက်ပြီး တရှူးရှူးနဲ့ လေသံပြင်းပြင်း ရှူရင်း နောက်ကြောင်း ပြန်လှည့်လာတယ်။

မစ္စတာကတ် ဆတ်ခနဲ ပြန်ထိုင်အချလိုက်မှာ ဘော့ဟာ နှင်းဆီချုံတည့်တည့် ရောက်လာပြီး တစ်ရွာလုံးကြားလောက်တဲ့ အသံကျယ်ကြီးနဲ့ အသက်ကို တရှူးရှူး ရှူရှိုက်ရင်း...

"အား... မွှေးလိုက်တဲ့ နှင်းဆီနံ့ဗျာ" ဆိုပြီး နှင်းဆီချုံနား ကပ်ရင်း သေသေချာချာ ကြည့်တယ်။ ပြီးတော့ "ဟင် နှင်းဆီပန်းလည်း တစ်ပွင့်မှ မတွေ့ပါလား၊ အေးလေ နှင်းဆီ ပွင့်ချိန်လည်း လွန်သွားကမင့်ဟာ။ တန်တော့ ဒီဟာ နှင်းဆီနံ့ မဟုတ်ရင်၊ အင်မတန် သူခိုးဖမ်း ကောင်းတယ်ဆိုတဲ့ မစ္စတာကတ်ရဲ့ အနံ့ပဲဖြစ်ရမယ်"

အဲသလိုပြောပြီး ခြံစည်း ရိုးအတွင်းဘက် ခါးကိုင်းကာ မစ္စတာကာတ်ကို ထင်ထင်ရှားရှား မြင်ရဟန်နဲ့...

ဘယ့်နယ် ဥက္ကဌကြီး ညအခါ လသာသာမှာ အညောင်းအညာ ဆန့်သလားဗျာ၊ ဒါမှမဟုတ် ဖရက်ဒရစ်စကော့ရဲ့ ကြီးတော်ကြီးနဲ့များ ချိန်းထားသလား"

မစ္စတာကာတ်ဟာ ခိုးစားတုန်း လူမိသလို စကားတစ်ခွန်းမှ မပြောနိုင်ဘဲ ပုန်းအောင်း နေရာက ပြုန်းခနဲ ထလာပြီး ဘော့ပရစ်တီးရဲ့ မျက်နှာရှေ့မှာ လက်သီး တယမ်းယမ်း လုပ်ပြရင်း ဆောင့်ဆောင့်နဲ့ ထွက်သွားတော့တယ်။

ဒီအတောအတွင်းမှာ ဘော့ပရစ်တီးဟာ အထူးကံလိုက်နေတယ် ဆိုရမယ်။ သူ့ကို နောက်ယောက်ခံ လိုက်နေရတဲ့ လူနှစ်ယောက်အနက် မစ္စတာလူးဝစ်ဟာ နေ့ညမအား၊ နင်းမိုးထဲ မရှောင်၊ မနားမနေ လိုက်ရလွန်းလို့ အဆစ်အမြစ်တွေ ရောင်ပြီးဖျားလို့ ဆရာဝန် ခေါ်ကု နေရတယ်။ မစ္စတာကာတ်ကိုယ်တိုင်က ဘော့ပရစ်တီးကို ချောင်းရင်း မြောင်းရင်းနဲ့ ဝင်းထရံပေါ်က လိမ့်ကျလို့ ခြေတစ်ဖက် ကျိုးသွားတယ်။

ဒါကြောင့် ရှိသမျှ အလုပ်ဝတ္တရားတွေဟာ အစောင့် မစ္စတာစမစ် တစ်ယောက် အပေါ်မှာပဲ စုပုံကျလေတော့ သူဟာ ကမ္ဘာပေါ်မှာရှိတဲ့ အဆစ်ရောင် ရောဂါသည်နဲ့ ခြေကျိုး တွေကို နေ့ညမပြတ် ကျိန်ဆဲနေတော့သတဲ့။

သူတစ်ယောက်တည်း မလုပ်နိုင်ဘူးရယ်လို့ မြေရှင်ဆီမှာ နောက်ထပ်အကူ လူတောင်းပေမဲ့ မြေရှင်က မပေးပဲ ငြင်းဆန်ပြီး "ဟိုနှစ်ယောက် မလုပ်နိုင်တဲ့ အလုပ်ကို မင်းတစ်ယောက်တည်း လုပ်ပြလိုက်စမ်း။ ဘော့ပရစ်တီးကို မင်းတစ်ယောက်တည်း ဖမ်းလို့ မိတယ်ဆိုရင် မင်းဟာ လူကြားထဲမှာ လက်မ တထောင်ထောင်နဲ့ နေနိုင်မှာ"

ဒါပေမဲ့ မစ္စတာစမစ်ဟာ လူကြားထဲ လက်မထောင်ဖို့ မခက်ပါဘူး။ အိပ်ရေး ဝဝ သာ တစ်ရက်လောက် အိပ်လိုက်ချင်ပါတယ်လေ။ တစ်နေ့သူဟာ မောမောနဲ့ ပန်းဂေါ်ဇီထဲ ဝင်လာပြီး ဘီယာ တစ်ခွက်မှာတယ်။ ဘီယာရောက်တော့ ကုလားထိုင်ပေါ်မှာ တခေါခေါနဲ့ ဟောက်တောင်နေပြီ။ ဒီလောက်ဆို သူ့အခြေအနေ သိလောက်ပြီပေါ့။

ဘော့ပရစ်တီးကတော့ ခုတစ်လော သိပ်သဘော သကာရကောင်းပြီး အူရွှင် နေတယ်။ လူတကာကို စကား ချိုချိုသာသာနဲ့ ပြေပြေလည်လည် ဆက်ဆံတယ်။ ဒါဟာ ဘော့ပရစ်တီးဆီက အင်မတန် ရှားရှားပါးပါး ထွက်ခဲတဲ့ အကျင့်ပဲ။ ဒါကြောင့် ဘီလ်ချမ်းဘားစ်က...

"ဟေ့ကောင် မင်း ခုတစ်လော တယ် အူရွှင် လှချည်လားကွ။ အကြံအဖန်တွေ ဟန်နေတယ်ပေါ့ ဟုတ်လား" လို့ မေးတော့ ဘော့က ရယ်ကျဲကျဲနဲ့ "ဟောင့်ကြည့်ပေါ့" လို့ ပြန်ပြောတယ်။ နောက်တစ်နေ့ ညနေမှာပဲ ဘီလ်ချမ်းဘားစ်ရဲ့ စကားဟာ အကောင် အထည် ပေါ်လာတော့တယ်။

ဘော့ပရစ်တီးဟာ အဲဒီညက အိတ်ကြီး တစ်လုံးကို ပခုံးပေါ်မှာ ထမ်းပြီး လေကလေး တချွန်ချွန်တဲ့ လယ်သမားကြီး မစ္စတာဟောလ်ရဲ့ လယ်ကွက်ထဲဖြတ်ရင်း အေးအေးလူလူပဲ လမ်းလျှောက်လာတယ်။

တစ်နေရာရောက်တော့ ဆေးတံမီးညှိဖို့ ခဏ ရပ်လိုက်တဲ့အခါမှာ ဖြုန်းခနဲ ဆူးချုံကြီး တစ်ခုနောက်က လူသုံးယောက် သူ့ဆီ ပြေးလာကြတယ်။ ဘော့ပရစ်တီးဟာ သူတို့ကို မြင်တော့ ညှိလက်စ ဆေးတံကို လက်ထဲက လွှတ်ချလိုက်ပြီး တစ်ခါတည်း မြေခွေးတွေ့တဲ့ ယုန်ကလေးလို တအား သွန်ပြေးတော့တယ်။

နောက်က လိုက်တဲ့ လူတွေကလည်း သူ့နာမည် တကျော်ကျော်ခေါ်ရင်း အားသွန် ပြေးလိုက် လာကြတယ်။ ဘော့ပရစ်တီးဟာ တစ်မိုင်လောက်သာ ပြေးနိုင်ရှာတယ်။

သူ့ရဲ့ ပခုံးပေါ်က အိတ်ကြီးကလည်း ပါသမို့ လယ်သမားကြီး မစ္စတာပင်းနော့ရဲ့ လယ်ကွက်ထဲက ရေအိုင်နား ရောက်တော့ ရှေ့ဆက် မပြေးနိုင်တော့ဘူး။ ထမ်းလာတဲ့ အိတ်ကြီးကို တအားလွှဲပြီး ရေအိုင်ထဲ ပစ်ချပြီး မြက်ခင်းပေါ် တုံးလုံး လဲကျသွားတော့တယ်။

"ကဲ ဘော့ပရစ်တီး ဘယ့်နယ်ရှိစ၊ ဒီတစ်ခါတော့ မင်း လွတ်လမ်း မရှိတော့ဘူး မဟုတ်လား"

သူတို့ သုံးယောက်ထဲမှာ တစ်ယောက် ဟောဟဲဆိုက်ရင်း ပြောတယ်။ ဒီတော့ ဘော့ပရစ်တီးက သူတို့ကို မှတ်မိသွားတဲ့ဟန်နဲ့...

"ဩော်... ဘယ်သူတွေများလဲလို့ ဥက္ကဋ္ဌကြီးမစ္စတာကတ်တို့ လူစုပေကိုး"

"ဟုတ်သလေ တို့ကလွဲလို့ ဘယ်သူများ ရှိဦးမှာလဲ"

"နို့ နေပါဦး ခင်ဗျားတို့က ကျုပ်နောက်ကို ဘာလို့ အပြေးအလွှား လိုက်လာ ရတာလဲ၊ ကျုပ်ဖြင့်ဗျာ ခင်ဗျားတို့ကို လူဆိုး၊ သူခိုး၊ ဓားပြတွေ မှတ်လို့ အလန့်တကြား ပြေးလိုက်ရတာ အသက်တောင် ဘယ်ကထွက်ရမှန်း မသိဘူး"

"အောင်မယ်၊ ဘော့ပရစ်တီး ခုမှ လုပ်မနေစမ်းပါနဲ့၊ မင်းကိုမင်း လျင်လှပြီ အောက်မေ့ နေတုန်းပဲလား။ မင်း အိမ်က ထွက်သွားတယ်ဆိုတာ ကြားပြီး ဒီလမ်းက ပြန်လာမယ်ဆိုတာ သေချာပေါက်သိလို့ လာစောင့်နေတာကွ"

"ကျုပ်ကို ဒီလိုလိုက်ပြီး စောင့်ရှောက်ဖော် ရတာ ကျေးဇူးတင်ပါတယ်ဗျာ။ ကျုပ်က လည်း ဥက္ကဋ္ဌကြီးကတ်နဲ့ လူးဝစ်တို့ အိပ်ရာထဲ လဲနေတယ်ကြားတော့ စမစ် တစ်ယောက် တည်းမို့ ကျုပ်လည်း အလကားနေတဲ့ အတူတူတော့ တတ်နိုင်သလောက် ကူပြီး စောင့်ရှောက် ပေးဦးမယ် ဆိုပြီး ထွက်လာခဲ့တာပဲ။ ခင်ဗျားကို ကျုပ် ကူညီမယ်ပြောခဲ့တယ် မဟုတ်လား မစ္စတာကတ်"

မစ္စတာကတ်က သူပြောတာတွေ မကြားချင်ဟန်ဆောင်ပြီး...

"ခုန မင်း ရေအိုင်ထဲ ပစ်ချလိုက်တာ ဘာလဲ"

"အိတ်တစ်လုံးပါဗျာ မစ္စတာဟောလ်ရဲ့ လယ်ကွက်ထဲက ဖြတ်လာတော့ လမ်းမှာ အိတ်တလုံး ကျနေတာတွေ့တာနဲ့ ကောက္ခ ငှက်သူခိုးတွေရဲ့ အိတ်ပဲ၊ ဒီအိတ်ထဲမှာ သူတို့ ခိုးလာတဲ့ ရစ်ငှက်တွေကို ခင်ဗျားတို့နဲ့တွေ့မှ ပေးမယ် စိတ်ကူးပြီး ထမ်းယူခဲ့တာ"

"အာ... ဒါဖြင့် မင်းက တို့ကိုတွေ့တော့ ဘာလို့ ထွက်ပြေးတာလဲ"

"အို... ဒါက မှောင်ကြီးမည်းကြီးထဲမှာ ခင်ဗျားတို့မှန်း မသိတာပဲဗျ။ ငှက်သူခိုးတွေ သူတို့အိတ် ယူသွားလို့ ကျုပ်ကို ဆော်ရအောင် လိုက်တယ်မှတ်ပြီး အသက်ထွက်လုအောင် ပြေးရတာ ခင်ဗျားတို့ အမြင်ဘဲ။ ခင်ဗျားတို့မှန်း သိရင် ဘယ် လူအပင်ပန်းခံပြီး ပြေးလိမ့် မလဲ။ အခုတော့ ရယ်စရာကြီး ဖြစ်နေပြီပေါ့"

ဘော့ပရစ်တီးက မရယ်ချင့်ရယ်ချင်နဲ့ ရယ်ပြီးပြောတော့ အစောင့်လူးဝစ်ကလည်း သွားဖြီးကြီးနဲ့ ပြန်ပြောတယ်။

"ဟုတ်တာပေါ့၊ ရယ်စရာ ဖြစ်နေတာပေါ့"

ဒါပေမဲ့ မစ္စတာကတ်က...

"ဒါနဲ့ မင်းငါ့ကိုပြောတော့ လမိုက်ည မှောင်မှောင်တောင် မိုင်တစ်ထောင်ကနေပြီး ငါ့မျက်နှာကို မှတ်မိတယ်ဆို"

ဘော့ပရစ်တီးဟာ သူ့စကားနဲ့သူ မိပြီး ဘာပြန်ပြောရမယ်မသိ ဖြစ်နေတုန်း ဟို သုံးယောက်ကလည်း ရေအိုင်ထဲက အိတ်ကို သူဆင်းဆယ်၊ ငါဆင်းဆယ်နဲ့ အငြင်းအခုန် ဖြစ်နေကြတယ်။ ညကလည်း တော်တော် အေးနေတာဆိုတော့ ဘယ်သူမှ ရေထဲ မဆင်း ချင်ကြဘူး။ ဒီတော့ လူးဝစ်က ဘော့ပရစ်တီးကို မေးငေါ့ပြပြီး...

အလွယ်လေးပါဗျာ၊ သူပစ်ချတာ သူ့ဆင်းဆယ်ခိုင်းပေါ့"

"အို... ဒါက ခင်ဗျားတို့ကို လူဆိုးတွေမှတ်လို့ ပစ်ချရတာပဲ၊ ဒီအိတ် ခင်ဗျားတို့ လိုချင်ရင် ခင်ဗျားတို့ပဲ ဆင်းဆယ်ကြပေါ့။ ကျုပ်တော့ ဒီလောက် ဒုက္ခပေးတဲ့ အိတ်စုတ်ကို မလိုချင်တော့ဘူး"

"မင်းမှာ အပြစ်မရှိဘူးဆိုရင် မင်းပဲ ဆင်းဆယ်ရမှာပေါ့ကွ"

ဘော့ပရစ်တီး မဆင်းလျှင် သူပဲ ဆင်းရတော့မည်ကို တပ်အပ်သိနေသော လူးဝစ်က အတင်း တိုက်တွန်းနေတော့ ဘော့ကလည်း အညံ့မခံ...

"ကျုပ်မှာ ဘာအပြစ်မှ မရှိဘူး၊ ခင်ဗျားတို့ မြေထဲကို ကျုပ်တစ်လက်မမှလည်း မဝင်ခဲ့ဘူး။ ခု အိတ်ဟာလည်း ခင်ဗျားတို့မြေနဲ့ ပေတစ်ရာလောက် အလှမ်းဝေးတဲ့ဆီက ရခဲ့တာပဲ"

ဘော့ပရစ်တီးနဲ့ ပြောနေလို့တော့ ဘာမှ အရေးအဖတ် မရမှန်း သိနေတဲ့ မစ္စတာကတ်က သူ့တစ်ပည့် လူးဝစ်ကို အမိန့် ပေးလိုက်တယ်။

"ဟေ့... အချိန်ကုန်ခံပြီး ဒီကောင်နဲ့ စကားပြောမနေနဲ့၊ မင်းအဝတ်တွေ ချွတ်ပြီး ရေထဲ ဆင်းရှာကွာ။ ဒီရေအိုင်ကလေးလောက်များ ယောက်ျား မဟုတ်သလို လုပ်မနေ စမ်းပါနဲ့"

"ဒင်းပစ်လိုက်တဲ့အိတ်က ဘယ်ဆီရောက်နေမှန်းမှ မသိတာဗျ"

လူးဝစ်ပြောတော့ ဘော့က သူ့အိတ်ကျနေတဲ့ နေရာ မဟုတ်တာကို လက်ညှိုး ထိုးပြတယ်။ ဒါပေမဲ့ ဘယ်သူကမှ သူ့ကို ဂရုမစိုက်ကြဘဲ လူးဝစ်သာ သူ့ အဆစ်အမြစ် ရောင်ရောဂါ မပျောက်သေးဘဲ ခုတစ်ခါ ရေထဲဆင်းရင်တော့ သေဖို့ပဲရှိတော့တယ်။ ဘာညာ ညည်းညူရင်းပဲ ငြင်းမရတော့ ဆင်းသွားရရှာတယ်။ ဒီတော့ ဘော့ပရစ်တီးက...

"ခင်ဗျားကိုယ်စား ကျုပ် ဆင်းပေးချင်ပါတယ်ဗျာ။ ဒါပေမဲ့ ဒီအိုင်ထဲမှာ သွေးဝရင် လက်မောင်းလောက်ရှိတဲ့ ဆင်မျှော့ကြီးတွေက တင်းကျမ်း၊ တော်ကြာ တစ်ကိုယ်လုံး တွယ်လိုက်မှဖြင့် အောင်မလေး ဘုရား... ဘုရား။ နောက်ပြီး ဒီရေအိုင် အောက်ခြေက တညီတည်း မဟုတ်ဘူး။ ချိုင့်တွေ ခွက်တွေနဲ့ စုတ်ဝဲလည်းရှိတယ်။ မြုပ်သွားရင် မလွယ်ဘူး။ ရေကလည်း ပုပ်လိုက်တာ မပြောပါနဲ့ပတော့"

လူးဝစ်ဟာ သူ့စကားကို မကြားချင်ယောင်ပြုရင်း ရေထဲ ခြေတစ်လှမ်းချင်း ဆင်းသွားတယ်။ လေးငါးဆယ်လှမ်းလောက် လျှောက်သွားပြီး ရေထဲ လက်နဲ့ တောင်စမ်း မြောက်စမ်း လုပ်ရင်းက မေးခိုက်ခိုက်တုန်တဲ့ အသံနဲ့...

"ရှာမတွေ့ဘူးဗျို့"

"အို... မင်းကလည်း နံ့နံ့စပ်စပ်မှ မရှာရသေးဘဲနဲ့။ ကမ်းစပ်နား တကုန်းကုန်း နှိုက်နေရုံနဲ့ တွေ့မလားကွ၊ ရေအိုင် အလယ်လောက် ရောက်အောင် သွားပါဦး"

လူးဝစ်ဟာ မစ္စတာကတ်ရဲ့ အာဏာကို မဖီဆန်ဝံ့လို့ ရေအိုင် အလယ်ဆီကို တဖြည်းဖြည်း ခြေဖျားနဲ့ တိုးရင်းတိုးရင်း စမ်းတဝါးဝါးနဲ့ သွားလိုက်တာ ရေလည်း လည်ပင်းရောက်ရော ဘာမှမတွေ့ဘူး။ ဒီတော့ လူးဝစ်ဟာ ချမ်းချမ်းနဲ့ ဘော့ပရစ်တီးကို ပါးစပ်ထဲ တွေ့ကရာ စကားလုံးတွေနဲ့ ဆဲတယ်။ စိတ်ထဲကလည်း မစ္စတာကတ်ကို ကျိန်တွယ်တယ်။ ဘော့ပရစ်တီးကလည်း လူးဝစ်သူ့ကို ကျိန်ဆဲနေတာ ကြာရှည် သီးမခံ နိုင်တော့ဘဲ ထိုင်ရာက ဖုတ်ဖက်ခါရင်း...

"ကဲ... ကျုပ်အိမ်ပြန်မယ်၊ ကျုပ်ရှေ့မှာ လူတစ်ယောက် ရေနစ်သေနေတာကို သွေးအေးအေးနဲ့ ထိုင်ကြည့် မနေနိုင်ဘူးဗျ"

ဒီတော့ မစ္စတာကတ်က သူ့လက်ကို ဖျတ်ခနဲ လှမ်းဆွဲပြီး...

"အောင်မယ်... ပြန်တော့မယ်တဲ့၊ သဘောကျသကွာ၊ မင်းဘယ်မှမသွားရဘူး၊ ဒီမှာပဲနေ"

"အလို... ဘာကိစ္စ နေရမှာလဲဗျ၊ ခင်ဗျားမှာ ကျုပ်ကို ဒီလို ချုပ်ချယ်ထားဖို့ ဘာအခွင့်အရေးမှ မရှိဘူး"

"စကားမရှည်နဲ့ဟေ့... စမစ် သူ့ကိုဆွဲထား"

စမစ်က ဘော့ပရစ်တီးရဲ့ လက်မောင်းတစ်ဖက်ကို ချုပ်ကိုင်ထားတုန်း လူးဝစ်ဟာ အခွင့်ကောင်းယူပြီး ဘော့ပရစ်တီးကို မနိုင်မနင်း ဖမ်းချုပ်နေကြတဲ့ သူ့လူ နှစ်ယောက်ကို ကူတဲ့ အနေနဲ့ ရေထဲက အပြေးတက်လာခဲ့တယ်။

ဘော့ကလည်း အားရှိသရွေ့ ရုန်းတယ်။ တစ်ချီတော့ မစ္စတာကတ်ဟာ အားလွန်ပြီး ရေထဲကျသွားမတတ် ဖြစ်သွားတယ်။

နောက်ဆုံးတော့ သုံးယောက်နဲ့ တစ်ယောက်မို့ ဘော့ပရစ်တီးဟာ မြေကြီးပေါ် ဆုံးလုံးလဲပြီး အရှုံး ပေးလိုက်ရတယ်။

ဒီတော့ မစ္စတာကတ်က လူးဝစ်ကို အိတ်တစ်လုံးမှ ရအောင် မရှာနိုင်ဘူး ဘာညာနဲ့ မာန်မဲရင်း စမစ်ကို တစ်လှည့် ဆင်းခိုင်းပြန်တယ်။

စမစ်က...

"ညမှောင်မှောင်ကြီး မဆင်းခြင်ဘူး နေထွက်မှ ရှင်းရှင်းလင်းလင်း ဆင်းမယ်။ အခုပဲ အရက်တက်တော့မယ်" လို့ ပြောတယ်။

လူးဝစ်ဟာ သွေးခဲ မတတ်ဖြစ်နေတဲ့ သူ့ကိုယ်ကို လက်ကိုင် ပဝါလေးနဲ့ ပွတ်တိုက်ရင်း အဝတ်ပြန်ဝတ်ဖို့ သူချွတ်ထားတဲ့ အဝတ်ပုံဆီသွားပြီး ဟိုရှာ ဒီရှာနဲ့ ပွစိပွစိ ပြောနေသံ ကြားရတော့ မစ္စတာကတ်က...

"ဘာတွေ ပြောနေတာလဲကွ မြန်မြန်အဝတ် ဝတ်ရင်လည်းဝတ်စမ်း၊ တော်ကြာ အအေးမိသလေးဘာလေး ဖြစ်နေဦးမယ်"

"ဝတ်မလို့ဟာ... ဒီမှာ ကျုပ်ဘောင်းဘီ ရှာမတွေ့လို့ဗျ"

"ဘောင်းဘီ ရှာမတွေ့ဘူး၊ ဟုတ်လား"

စမစ်က ပြောပြောဆိုဆို ကူရှာပေးတယ်။ ဒါပေမဲ့ မတွေ့ဘူး၊ လူးဝစ်ဟာ ခိုက်ခိုက်တုန်အောင် ချမ်းနေရင်းက...

"ကျုပ် အဝတ်ချွတ်တုန်းက အားလုံး ဒီနားမှာပဲ ပုံထားတာပဲ။ အရေးထဲကျမှ ဘောင်းဘီက ထူးထူးခြားခြား ပျောက်နေရသေးတယ်"

မစ္စတာကတ်က...

"ရှိမှာပေါ့ကွာ၊ မင်းမျက်စိက ကြက်မျက်သင့်နေတယ် ထင်ပါရဲ့။ ဘာရှာရှာ တွေ့တယ်ကို မရှိဘူး"

လူးဝစ်ဟာ အချမ်းပြေအောင် ခုန်ပေါက်ရင်း ဟိုဟိုဒီဒီ ရှာပေမဲ့ မတွေ့ဘူး။ ဒီတော့မှ ဘော့ပရစ်တီးက မြေပေါ် လှဲနေရာက ငေါက်ခနဲ ထထိုင်ပြီး...

"အင်း... စောစောက ခင်ဗျားတို့ ကျုပ်ကို အနိုင်ကျင့်တုန်း လုံးလားထွေးလား ဖြစ်နေတော့ တစ်ယောက်ယောက် ခြေနဲ့ ခတ်မိပြီး ရေထဲကျသွားသလားပဲ။ ကျုပ်နားထဲမှာ အဲဒီတုန်းက ရေထဲ တစ်ခုခုကျသံ ဖျန်းခနဲ ကြားလိုက်လို့ပဲ"

"ဟာ... ဒါဆို မင်း ရေထဲ သက်သက် ကန်ချတာနေမှာပဲ၊ ဒါပေမဲ့ မပူပါနဲ့ လူးဝစ်၊ မနက်ကျတော့ ဟိုအိတ်ဆယ်ရင်း မင်းဘောင်းဘီ ပြန်ရမှာပါ"

မစ္စတာကတ်က ဘော့ပရစ်တီးကို မျက်စောင်း ထိုးရင်းပြောတော့ လူးဝစ်က ဒေါသတကြီး...

"အို ဘယ့်နယ် မပူရမှာလဲ၊ ကျုပ်က ဒီလိုပဲ တုံးလုံးကြီး နေရမှာလား။ ဘော့ပရစ်တီးရာ... မင်း ဒီလိုလုပ်တဲ့အတွက် ခိုးမှုအပြင် နောက်ထပ် ထောင်ဒဏ် တစ်လလောက် အပိုဆု ချရအောင် ငါလုပ်ပြမယ် မှတ်ထား"

“အောင်မယ်လေး ကျုပ်အတွက် မပူပါနဲ့၊ ခင်ဗျားသာ အိမ်ပြန်ပြေးပြီး ခင်ဗျားရဲ့ ဖျိုင်းခြေထောက်တွေကို လူမမြင်ခင် ဘောင်းဘီ ဝတ်လိုက်ပါ။ ဟိုအိတ်ကလည်း ကျုပ်လမ်းက ကောက်ရခဲ့တယ်မို့၊ ဘာအပြစ်မှ ဖြစ်စရာ မလိုပါဘူး။ ကျုပ် လိပ်ပြာ သန့်ပါတယ်ဗျ”

လူးဝစ်လည်း ဒီတော့မှ ကုတ်အင်္ကျီလေး ကောက်ဝတ်ပြီး အပြေးအလွှား ရွာဘက် ထွက်သွားတော့တယ်။ မစ္စတာကတ်နဲ့ စမစ်နစ်ယောက်ကတော့ ဘော့ပရစ်တီးရဲ့ ဘေး တစ်ဖက် တစ်ချက်က ညှပ်ထိုင်ကြပြီး စိတ်မော လူမောနဲ့ ဆေးလိပ် သောက်နေကြတယ်။ ဒါကို ဘော့ပရစ်တီးက မကျေမနပ်နဲ့…

“ဒီမှာ ကျုပ် ဒီလိုချည်း ငုတ်တုပ် မထိုင်နိုင်ဘူး။ အိမ်ကလည်း စိတ်ပူရော့မယ်။ ကျုပ်ကို တွေ့ချင်ရင် အချိန်မရွေး အိမ်မှာရှိမယ်”

“မလိုချင်ဘူး ကိုယ့်လူ။ ဒီမှာ အေးအေးသာနေ မင်းကို မျက်စိအောက်က အပျောက်ခံလို့ မဖြစ်ဘူး”

“ဒီလိုဆို ခင်ဗျားတို့ပါ ကျုပ်အိမ်ကို လိုက်ခဲ့ဗျာ။ ကျုပ် အအေးမခံနိုင်ဘူး။ ခင်ဗျားတို့လို အချိန်မရှိ အချိန်မဲ့ နေ့နေ့ညည အပြင် ထွက်သွားနေတဲ့ ကလေးတွေ မဟုတ်ဘူး။ ကိုယ့်အိမ်မှာ ကိုယ့်သိက္ခာနဲ့ နေတာဗျ”

“အောင်မယ် မင်းအကြံ ဒါအကုန်ပဲလား။ ငါတို့က မင်းကို အိမ်ပြန်ပို့နေတုန်း မင်း အပေါင်းအသင်း ခိုးဖော်ခိုးဖက်တွေက မင်း ရေထဲ ပစ်ချထားတဲ့ ငှက်အိတ်ကို ဆယ်ယူမယ် ပေါ့ ဟုတ်လား။ ဒါမျိုးမရဘူးဟေ့။ ငါကွ၊ ကတ်ဆိုတာ တစ်ကတ်တည်းရှိတယ်”

ဒီတော့ ဘော့ပရစ်တီးဟာ ဒေါသ မချုပ်တီးနိုင်တော့ဘဲ မစ္စတာကတ်ကို ပြောလိုက် ဆိုလိုက်တာ အနားမှာရှိတဲ့ စမစ်ကတောင် မကြားဝံ့ဘူးဆိုပဲ။ ဘော့ဟာ သူ့အားရအောင် ပြောဆိုပြီးတော့မှ မြေပေါ်မှာ စန့်စန့်ကြီးလှဲပြီး စိတ်ကောက်နေတော့ သတဲ့။

အဲ မနက်လင်းတော့ အိမ်ပြန် ဘောင်းဘီဝတ်တဲ့ လူးဝစ်ဟာ လက်ထဲ ထွန်ခြစ် ရှည်ရှည်ကြီး တစ်ချောင်း ကိုင်ပြီး ပေါက်ချလာတယ်။

သူ့နောက်ကလည်း ကလေးပြုရီတစ်ရွာလုံး ပွဲကြည့်ပရိသတ်အဖြစ် ပါလာတယ်။ ဘော့ပရစ်တီးရဲ့ မိန်းမကတော့ လက်တခါခါ ခြေတခါခါနဲ့ ငိုယိုပြီး သူ့လင် သူတော်ကောင်း ကို ညှင်းဆဲကြရပါ့မလား ကျိန်ဆဲလာတယ်။

တစ်ရွာလုံးကတော့ ဘော့ပရစ်တီးကို ခုလို လက်ပူးလက်ကြပ် မိတဲ့အတွက် ဝမ်းသာ နေကြတယ်။ မကြာခင်ပဲ ထွန်ခြစ် တဒါဇင်လောက်နဲ့ ရေအိုင်ထဲ အနံ့အပြား ဘီးဆွဲပြီး ရှာတယ်။

ရေအိုင်ထဲက ထွက်လာတဲ့ ပစ္စည်းများကတော့ အံ့မခန်းပါပဲ။ အိုးစုတ်၊ ခွက်စုတ်၊ ချေးအိုး၊ သေးအိုး ပေါက်ဆိုတာတွေ အောတိုက်ပဲ။ လူးဝစ်ရဲ့ ဘောင်းဘီကိုလည်း ပြန်ရတယ်။

ဒါပေမဲ့ ငှက်ထည့်တဲ့ အိတ်ဆိုတာကိုတော့ ဆယ်မရကြသေးဘူး။ ဘော့ပရစ်တီး ကတော့ ဘာမှ စိတ်မပူဖို့ သူ့မိန်းမကို တတွတ်တွတ် အားပေးနေလေရဲ့။

အဲဒီလို အခါမှာပဲ မြေပိုင်ရှင်ကြီးက သူ့အိမ်မှာ တည်းနေတဲ့ လန်ဒန်မြို့ကြီးသား ဧည့်သည် နစ်ယောက်နဲ့ မြင်းကိုယ်စီစီးပြီး ရောက်လာကြတယ်။

ပြီးတော့ ဘော့ပရစ်တီး ပစ်ချလိုက်တဲ့အိတ် ရှာနိုင်တဲ့သူကို ငါးသျှီလင် ဆုချမယ်လို့ ကြေညာတယ်။

ဒီတော့ လူတွေဟာ အားကြိုးမာန်တက် ရေအိုင်ထဲ ဆင်းကြတော့တာပေါ့။ မကြာမီပဲ ဝမ်းမြောက်ဝမ်းသာ အသံကြီးနဲ့အတူ ဟင်နရီဝေါ့ကားရဲ့ ထွန်ခြစ်မှာ အိတ်တစ်လုံး ငြိပါလာတယ်။ ရေတွေဝင်နေလို့ လေးလိုက်တာ မပြောပါနဲ့တော့။

ဘော့ပရစ်တီးက အဲဒီအိတ်ကို စေ့စေ့ကြည့်ပြီး မြေပိုင်ရှင်ကြီးကို ပြောတယ်။

"ကျုပ်ကောက်ရတာ ဒီအိတ်ပါပဲ။ ဒါပေမဲ့ သူဌေးမင်းရဲ့ ပိုင်နက်ထဲက မဟုတ်ပါဘူး။ ကပ်လျက် လယ်ကွက်ထဲက ရခဲ့တာပါ။ ကျုပ်ဟာ ဒီရွာမှာ အေးအေးဆေးဆေး လုပ်ကိုင် စားသောက်သူပါ။ မယုံရင် ဒီရွာသားအားလုံးကို မေးကြည့်နိုင်ပါတယ်"

ဒါပေမဲ့ မြေပိုင်ရှင်ကြီးဟာ ဘော့ပရစ်တီး ပြောတာတွေကို ဂရုမစိုက်ဘဲ မစ္စတာကတ်ဘက် လှည့်ပြီးတော့ မေးတယ်။

"ဒီ အိတ်ပဲလား"

"ဟုတ်ပါတယ် ဆရာ၊ ဒီအိတ်ပါပဲ၊ ကျွန်တော် အသေအချာ မှတ်မိပါတယ်"

"ခင်ဗျားက ဒီလောက် အမှောင်ကြီးထဲမှာ ဒီအိတ်ရယ်လို့ ဘယ့်နှယ် မှတ်မိနိုင်မလဲ"

ဘော့ပရစ်တီး မေးခွန်း ထုတ်တာကို မစ္စတာကတ်က ဘာမှမပြောဘဲ အိတ်ရဲ့ ထိတ်မှာ စုပြီး ပိတ်ချည်ထားတဲ့ ကြိုးကိုဖြေပြီး ပရိသတ်ရှေ့မှာ ဇောက်ထိုး သွန်ချ

လိုက်တော့ အားလုံးပါးစပ်က ဟယ်ခနဲဆိုတဲ့ အသံကြီးဟာ တစ်ပြိုင်နက် ဟိန်းထွက်သွားတယ်။

မြင်းပေါ်က အခန့်သားထိုင်နေတဲ့ မြေပိုင်ရှင်ကြီးက လူတွေ ဝိုင်းအုံ့နေတဲ့ဟာကို မမြင်တော့...

"ဘာဖြစ်လို့လဲ"

လို့မေးတယ်။ ဒီတော့ မစ္စတာကတ်ဟာ ထစ်ငေါ့ထစ်ငေါ့နဲ့ စကားလုံးပီသအောင် မပြောနိုင်ဘဲ အိတ်ထဲက ကျလာတဲ့ ဥစ္စာတွေကိုသာ လက်ညှိုး ထိုးပြနေတဲ့အတွက် ဟင်နရီက တစ်လုံးစီ လိမ့်နေတဲ့ ဂေါ်ဖီထုပ်တွေထဲက တစ်ထုပ်ကို ကိုင်မြှောက် ပြလိုက်တယ်။

ကျုပ်တစ်သက်မှာ ဒီလောက်ဆူညံပြီး အံ့သြတကြီး ဖြစ်နေကြတဲ့ လူထုကို မတွေ့ဖူးပါဘူး။

ဘော့ပရစ်တီး တစ်ယောက်သာ မာန်ပါပါနဲ့ ခါးထောက်ပြီး ဂေါ်ဖီထုပ်တွေကို တစ်လှည့် မစ္စတာကတ်ကိုတစ်လှည့် လှည့်ကြည့်ရင်း...

"ဪ... လက်စသတ်တော့ ဒီဂေါ်ဖီထုပ်တွေ အတွက် ကျုပ်မှာ တစ်ညလုံး ခင်ဗျားရဲ့ အချုပ်အနှောင် ခံရပြီး အိပ်ရေး ပျက်ခဲ့ရတာကိုး။ ဒါကြောင့် ရှေးလူကြီး သူမများက ခြေနှစ်ချောင်းနဲ့ နားရွက်ကို မကယ်နဲ့လို့ ပြောခဲ့ကြတာပဲ။ ကျုပ်ကတော့ အစောင့်တွေ နေ့မအား ညမအား သူခိုး ဖမ်းနေကြတာ သနားလို့ ကူညီတဲ့သဘောနဲ့ ပောဒီအိတ် ကောက်ရတော့ အထဲမှာ ရစ်ကောင်တွေ ရှိလိမ့်မယ်ထင်ပြီး ခင်ဗျားတို့ကို

ပေးဖို့ ယူလာမိတာ၊ အခုတော့ ဂေါ်ဖီထုပ်တွေ။ ဒါဟာ တစ်ယောက်ယောက်ကများ ခင်ဗျားတို့နဲ့ ကျုပ်ကို ကျီစယ်လေရော့သလားဗျာ”

မစ္စတာကတ်တို့ လူသိုက်မှာ ဘာမှ ပြန်မပြောနိုင်တော့ဘဲ ဘော့ပရစ်တီးကိုသာ စိုက်ကြည့်နေကြတယ်။ ဒီတော့ ဘော့ကဆက်ပြီး...

“ခင်ဗျားတို့ လုပ်ပုံတွေက ယုန်တောင်ပြေး ခွေးမြောက်လိုက် ဆိုသလို ကျုပ်လို ရိုးရိုးသားသားလူကို ဖမ်းလား ဆီးလားနဲ့ နှိပ်စက်ကလူပြု၊ အစောင့် လူးဝစ်တစ်ယောက် သေလုမတတ် အအေးခံပြီး ဒီအိတ် ရှာဖွေနေတုန်းမှာ အစောင့်မဲ့နေတဲ့ ခင်ဗျားတို့ သူဌေး ခြံထဲက ရစ်ငှက်တွေကို တကယ့် သူခိုးတွေက စိတ်ရှိလက်ရှိ တစ်ကောင်ချင်း ဖားရိုက် သလို ကောက်ယူ သွားကြမှာ မြင်ယောင်သေးတော့ဗျာ။ ကျုပ်ထင်ရင် လွဲခဲ့တယ်ဗျနော်။ နို့ပြီး ဟောဟိုလူ ဟင်နရီဝေါ့ကားကိုလည်း ဘာမှမဟုတ်တဲ့ ပန်းဂေါ်ဖီထုပ်လေး လေး ငါး ခြောက်ထုပ်နဲ့ ငါးသျှိုလင်တောင် ပေးရဦးမယ်။ ကျုပ်သာ ဟင်နရီဝေါ့ကား ဆိုရင် မယူရက်ပါဘူးဗျာ”

အဲသလို ဟိတ်ကြီးဟန်ကြီးနဲ့ ပြောပြီး သူ့ကို မျက်စောင်း လှမ်းခဲနေတဲ့ ဟင်နရီဝေါ့ကားကို မမြင်ချင်ယောင်ဆောင်ပြီး သူ့ဇနီးပခုံးကို လှမ်းဖက်ရင်း...

“ကဲ... ပြန်ကြစို့ မိန်းမရေ။ ဝမ်းဗိုက်လဲ ဆာလှပြီ။ အင်း... ကျုပ်မှာတော့ ဟောဒီ တစ်နေ့ဟာ လုပ်ငန်းပါ ပျက်ပြီး အိပ်ရာထဲ တစ်နေ ကုန်ရတော့မှာပေါ့” လို့ ပရိသတ်ကို ပြောသွားသေးသဗျ။

❄ ❄ ❄ ❄ ❄

## လက်ဖွေ့ချန်ပီယံရွှေလက်သီးနှင့်စိန်လက်သံ

မြစ်ထဲ၌ မော်တော်နှစ်စင်း ယှဉ်၍ မော်တော်ဆလင်နှစ်ယောက်သည် တစ်ဦး မော်တော်ကို တစ်ဦး သံချိတ်နှင့်ပေါက်၍ ဆွဲရင်း ကျီစယ်နေကြသည်။

ဒါကို ငေးကြည့်နေသော ဆိပ်ကမ်းစောင့် အဘိုးအိုအား အနီးရှိ ကုလီခေါင်းကြီးက အနီရောင် ခြယ်ထားသော မော်တော်မှ ဆလင်သည် ရည်းစားဖြစ်သူ မကြာမီက နောက်လူနှင့် လက်ထပ် သွားသော်လည်း စိတ်ထိခိုက်ပုံ မပေါ် ပျော်ပျော်နေသည်သာ တွေ့ရကြောင်း ပြောသည်။ ညစောင့် အဘိုးအိုက မီးမရှိသေးသော သူ့ဆေးတံကို တရှိုးရှိုးနှင့် မြည်အောင် ရှိုက်ရင်း...

"အချစ်ဆိုတာ ကျုပ်တို့ သင်္ဘောသားတွေနဲ့ တယ်ပြီး လမိုင်းမကပ်လှဘူးဗျာ။ ဒါလည်းပဲ ဒို့ကောင်တွေက အမှတ်ရှိကြတာ မဟုတ်ဘူး။"

ရက်ရှည်လများ ပင်လယ်ထဲ တဝဲလည်လည် သွားလာနေကြရတော့ ကုန်းပေါ် ပြန်ရောက်တယ် ဆိုရင် တစ်ခါတည်း မိန်းမ အရက်နဲ့ ဖဲကို သံလိုက်က သံလိုက်ကို ပြေးကပ်သလို ကပ်ကြတော့တာပဲ။ ဒင်းတို့တစ်တွေက ကျုပ်လိုသာ ညစောင့် အလုပ်ကို လုပ်ပြီး တစ်နေကုန် တစ်နေခန်း အိမ်မှာ နေရတဲ့ လူဆိုရင် ဒီအချစ်တို့ မိန်းမတို့ဆိုတာ ဝေါင်ဝေါင်ကရေး ဝေးဝေးက ရှောင်ချင်စိတ် ပေါက်သွားမှာ သေချာတယ်။

ကျုပ်မိတ်ဆွေ သင်္ဘောသား တစ်ယောက်ဆိုရင် သင်္ဘောပျက်ပြီး ကျွန်းတစ်ကျွန်းမှာ ၁၄ နှစ်လုံးလုံး သောင်တင် နေခဲ့တယ်။ အဲဒီတုန်းက သူဟာ အိတ်ထောင်ထဲ အမြဲထည့်ထားတဲ့ သူ့ရဲ့ချောချောလှလှ ရည်းစားလေးရဲ့ ဓာတ်ပုံကို အားတိုင်းယားတိုင်း စိတ်ကူးတွေ ယဉ်နေပေ့ါဗျာ။ စိတ်ဆိုတာ အဆန်းကသားလားဗျ။

အဲဒီလူဟာ ကယ်ဆယ်တဲ့ သင်္ဘောနဲ့တွေ့လို့ ကိုယ့်နေရပ် ပြန်ရောက်တဲ့အခါမှာ သူ မျှော်လင့်ထားသလို၊ သူ့ကို သစ္စာရှိရှိနဲ့ အိမ်ထောင်မပြုဘဲ နေခဲ့တဲ့ ရည်းစားသည် အပျိုကြီးဟာ အရင်သယ်စဉ်က ဓာတ်ပုံထဲကလို လှလှပပ မဟုတ်တော့ပဲ အရွယ်ကျပြီး အိုစာနာကြီး ဖြစ်နေရ ကောင်းမလားလို့ စိတ်ဆိုးပြီး သေနတ်နဲ့ ပစ်သတ်တဲ့အတွက် နောက်ထပ် တစ်သက်တစ်ကျွန်း ကျသွားရှာပါရောလား။

အချစ်ကြောင့် ဒုက္ခလှလှကြီး တွေ့တဲ့ အထဲမှာ ဂျင်ဂျာဒင် တစ်ယောက် ထိပ်တန်းက ပါသေးသဗျ။ သူတို့အတွဲကို ကျုပ် မကြာခဏ ပြောဖူးခဲ့ပါပြီလေ။ ဂျင်ဂျာဒင်ရယ်၊ ပီတာရပ်ဆက်ရယ်၊ ဆမ်စမောရယ်ပေ့ါ။

သူတို့ဟာ တစ်ခါက သင်္ဘောပေါ်ကဆင်းပြီး 'ဝက်ပင်း' ဆိုတဲ့မြို့မှာ အခန်းတစ်ခန်း ငှားနေကြတုန်း ဂျင်ဂျာဒင်ဟာ တစ်သက်မှာ တစ်ခါ အချစ်ကြီးချစ်တဲ့ မိန်းကလေး တစ်ယောက်ကို တွေ့ခဲ့ရတယ်။

ဆမ်နဲ့ပိတာက သူတို့ရောင်းရင်းကြီး ဂျင်ဂျာဟာ အမူအရာပြောင်းပြီး သူတို့နဲ့ ညအချိန်မှာ အရက်အတူတူ မသောက်တော့ဘဲ တစ်ယောက်တည်း ထွက်ထွက်သွားတာရယ်၊ ပြန်လာရင် အိပ်ရာပေါ် ဒူးနှစ်လုံး ပိုက်ပြီး ငိုက်စိုက်ကြီး ဘယ်သူ့မှ စကားမပြောဘဲ နေတာရယ်ကို ကြည့်ပြီး ဒီကောင်ကြီး ဘာဖြစ်နေတာလဲလို့ စိတ်ထဲတွေးပူနေကြတယ်။

ပီတာကတော့ ဂျင်ဂျာဖြစ်ပုံကို သေသေချာချာ အကဲခတ်ပြီး စိတ်ပျက်ပျက်နဲ့ ခေါင်းတစ်ယမ်းယမ်းလုပ်ရင်း...

"ဒါဟာ အချစ်နတ် ဖမ်းစားတာကွ၊ ဒီကောင်ကြီး ဒီလောက်ဖြစ်နေရင် ဒုက္ခ တွေဦးမှာ မြင်ယောင်သေးတယ်"

ဆမ် "ဘယ်က ကောင်မလေးလဲကွ"

ပီတာ "ဒါတော့ ဘယ်သိဦးမလဲ စုံစမ်းကြည့်ရသေးတာပေါ့"

အဲဒီည ဂျင်ဂျာပြန်လာတော့ သူတို့နှစ်ယောက်သား ဝိုင်းမေးကြဖို့ ဆုံးဖြတ်ထား တယ်။ ဒါပေမဲ့ ဂျင်ဂျာက သူတို့မေးတာ ဘာမှပြန်မပြောဘူး။ ဒူးနှစ်လုံးပိုက် ထိုင်ရင်း နား မကြားသလို ရှေ့ကတည့်တည့်ကိုပဲ စူးစိုက်ပြီး ကြည့်နေတယ်။

"မင်း ဒီလောက်ဖြစ်နေရအောင် မင်းဟာမက ကန်လွှတ်လိုက်လို့လားကွ"

ဆမ်စမောက ကရုဏာဒေါသောနဲ့ မေးလေတော့ ဂျင်ဂျာက မျက်ထောင့်နီကြီးနဲ့ လှမ်းကြည့်ပြီး...

"ကိုယ်နဲ့မဆိုင်တာ ဝင်မရှုပ်ကြစမ်းပါနဲ့၊ ငါ့ဟာငါ ဘာဖြစ်ဖြစ် မင်းတို့အပူ နစ်ပြားသား မရှိပါဘူး"

"စိတ်မဆိုးပါနဲ့ကွာ တို့က မင်း ခုလို မချိမဆန့်ကြီး ဖြစ်နေတာ မြင်ရတော့ ကရုဏာနဲ့ ပြောမိတာပါ။ ကူညီစရာ ကိစ္စဆိုရင်လည်း ကူညီရအောင်ပါ ငါ့လူရာ"

ဆမ်စမောက ပီတာကို မျက်စတစ်ချက် လှမ်းပစ်ရင်း ဂျင်ကျကို လေအေးနဲ့ ချော့တယ်။ ဒီတော့ ဂျင်ဂျာက...

"အေး… ဒါဖြင့် မင်းတို့နှစ်ယောက်ဟာ ငါ့အပေါင်းအသင်းမှန်း သူ မသိစေနဲ့၊ ဒါဆို အများကြီး ကူညီရာ ရောက်သွားပြီ"

ဂျင်ဂျာက ဝေါ်တူးပြီး ပြောတာကို ဆမ်က ရုတ်တရက် နားမလည်ဘူး။ ပီတာက ရှင်းပြတော့မှ အနက် အဓိပ္ပာယ်ကို သဘောပေါက်သွားပြီး ဂျင်ဂျာကို တစ်အား ပိတ်တီးမယ် လုပ်လို့ ပီတာက ဆွဲထားရတယ်။

"ငါ့ ကောင်မလေးက မင်းတို့လို ဝက်ပုပ်ကြီးတွေကို မကြိုက်ဘူး"

ဂျင်ဂျာက ဆက်ပြီးပြောပြန်တော့ ဆမ်က ဆွေ့ဆွေ့ခုန်ဖြစ်ပြီး

"အိုး… မင်းကောင်မက မကြိုက်တော့ကော သောက်ဂရုစိုက်ရမှာလား ငနွားရဲ့"

ဒေါ်နဲ့ မောနဲ့ပြောရင်း ဒီကောင်နဲ့ ဆက်ပြောနေလို့တော့ အလကားပဲ ရန်များယုံ ရှိမှာလို့ တွေးပြီး အဝတ်အစားလဲ အိပ်ရာထဲဝင်တယ်။

ဒါပေမဲ့ ဂျင်ဂျာက သူတို့ကို စိမ်းစိမ်းကားကားပြောပုံ မကျေနိုင် မချမ်းနိုင်ဖြစ်ပြီး တော်တော်နဲ့ အိပ်မပျော်ဘူး။ ဒါကြောင့် သူ့ဘဝ အတွေ့အကြုံမှာ သူကသာ မိန်းကလေး တွေကို ဟောတစ်ယောက် ဟောတစ်ယောက် ချစ်ပြီး ပစ်ပြေးခဲ့ပုံ၊ အဲဒီထဲက အချောဆုံး မိန်းကလေး တစ်ယောက်များ ဆိုရင် ဂျင်ဂျာတို့လို ဆံပင်နီနီနဲ့ လူကိုတွေ့ရင် မျောက်ဖင်နီနဲ့ တူတယ်ဆိုပြီး 'ဘီလီလမ်း' ဆိုတဲ့ လက်ဝှေ့သမား တစ်ယောက်နဲ့ ရည်းစားဖြစ်ခဲ့ဘူးတယ်။

အဲဒီလူနဲ့ ကွဲသွားကတည်းက ယောကျ်ားဆို စိတ်နာလို့ စကားမပြောဘူး။ ဘယ်ယောကျ်ားမှ အနားကပ်မခံဘူးဆိုပဲ။

ဒီတော့ ဂျင်ဂျာက လှုပ်လှုပ်ရှားရှားဖြစ်လာပြီး…

"ဒါဆိုရင် ငါမသိဘူးကွ၊ သို့ပေမဲ့ ခြွင်းချက်တော့ ထားသတဲ့။ သူကြိုက်တဲ့လူဟာ အရင်လူလို လက်ဖွေ့ချန်ပီယံပဲ ဖြစ်ရမယ်။ အဆင့်အတန်း မနိမ့်စေရဘူး ဆိုတဲ့ သဘောလားတော့ မပြောတတ်ဘူး"

"အို ဒါဆို ဘာခက်လို့တုံး ဂျင်ဂျာရဲ့၊ မင်းလည်း လက်ဖွေ့ချန်ပီယံ လုပ်ပေါ့ကွ"

"လာပြန်ပြီ မဟုတ်က ဟုတ်ကတွေ၊ ဆမ် ငါနော်... ငါ"

ဂျင်ဂျာက ဝုန်းခနဲ ခုန်ထပြန်တော့ ပီတာက လိုက်ဆွဲနေတုန်းက ဆမ်ဟာ စိတ်ပျက်လက်ပျက်ကြီး ဖြစ်သွားဟန်နဲ့...

"တော်ပြီကွာ... အကောင်းပြောလို့ ပြောမှန်းမသိ၊ မင်းဟာ အချစ်မျက်ကန်း ဖြစ်နေပြီ ဂျင်ဂျာ၊ ငါဆိုလိုတာက မင်းကိုယ်မင်း လက်ဖွေ့ချန်ပီယံဆိုပြီး ကောင်မလေးဆီ ချဉ်းကပ်ပါလား။ ဩစတြေးလျကဖြစ်ဖြစ်၊ ကနေဒါက ဖြစ်ဖြစ်ပေါ့။ ဘယ်သူက ဟုတ်မဟုတ် စုံစမ်းနေမှာတုံး"

ဒီအခါမှာ ပီတာ မထိန်းလိုက်နိုင်ခင် ဂျင်ဂျာဟာ ဆမ်ဆီ တန်းတန်းမတ်မတ် ရောက်သွားတယ်။ ဆမ်ကလည်း ပြောသာပြောရ၊ သူ့ထက် အလုံးအထည်ရော၊ ဗလပါ ကြီးတဲ့ ဂျင်ဂျာကို ခပ်လန့်လန့် ဆိုတော့ သူ့လက်နှစ်ဖက်နဲ့ မျက်နှာကွယ်ပြီး ဂျင်ဂျာ လက်ချက်ကို ရှောင်မလို့ လုပ်နေတုန်း ဂျင်ဂျာဟာ သူ့ကို ဘာမှမလုပ်ဘဲ ကျောကိုလက်နဲ့ အသာအယာသပ်ပြီး...

"အေး... မင်းအကြံ မဆိုးဘူးကွ၊ ဒီကောင်မလေးကိုသာ ရမယ်ဆိုရင် ငါ ဘာမဆို ပြောမယ်၊ လိမ်မယ်၊ ညာမယ်ကွာ၊ ဘာဖြစ်သေးလဲ ဆမ်။ မင်းတစ်နေ့တော့ နားလည်း လာမှာပါကွာ။ မင်းက အချစ်ဆိုတာနဲ့ မကြုံဘူးသေးတော့ ဘယ်သိဦးမလဲ"

"အံမာ ငါလား အချစ်အကြောင်းမသိတာ၊ ဒီမယ် ငါပြောပြမယ် နားထောင်" ဟု အစချီပြီး ဆမ်က ဘယ်တုန်းက ဘယ်ကောင်မလေးနဲ့ ဘယ်လိုဖြစ်ခဲ့တယ် ဆိုတာတွေ သူ မှတ်မိသရွေ့ ဟုတ်တာရော မဟုတ်တာရော ပါးစပ်က အမြှုပ်တစီစီ ထွက်အောင် လေကြော ရှည်နေတော့ ပီတာက နားမခံနိုင်တော့ဘဲ သူ့နားပေါက်ထဲ လက်ညှိုးနှစ်ချောင်း ထိုးပိတ်ပြီး...

"ဟေ့ ဆမ်၊ တော်ရုံတန်ရုံ ကောင်းတယ်ကွ၊ မင်းစကားတွေ ငါတို့က မင်းရုပ်ကြီး ကြည့်ပြီး ယုံသင့် မယုံသင့် ဆုံးဖြတ်ရမှာ၊ ဒီတော့ ရှေ့ဆက်ပြောရင် မင်းမျက်ခွက်ကြီး မှန်ထဲကြည့်ပြီးမှ ပြောကွာ"

ဆမ်က တစ်ခါတည်း ပါးစပ်ပိတ်သွားပြီး ညသန်းခေါင်လောက်ကျတော့မှ သူက လည်း ပီတာ့ မျက်ခွက်ကို ဘာထင်တယ်၊ ညာထင်တယ်လို့ အတင်းနိုးပြီးပြောတယ်။

ဂျင်ဂျာကတော့ ဆမ်ပေးတဲ့အကြံကို ကြာလေ သဘောကျလေပဲ။ ဒါကြောင့် နောက်တစ်နေ့ ညနေကြတော့ ပီတာကို သူ့ကောင်မလေးရှိတဲ့ 'ဂျော်လီပိုင်းလော့' အရက်ဆိုင် ခေါ်သွားတယ်။

ဘီယာထက် အဆင့်အတန်းမြင့်တဲ့ ဝိုင်အရက်ကို ဟန်ရပန်ရ မှာသောက် ကြတယ်။ ပီတာကလည်း ကောင်မလေးကို ဂျင်ဂျာဟာ ဩတြေးလျက လက်ဝှေ့ချန်ပီယံ ဖြစ်ကြောင်း ထိုးတဲ့ပွဲတိုင်း သူကချည်း နိုင်တဲ့အကြောင်း စသည်ဖြင့် တွန်းတွန်းထိုးထိုးလေး ပို့ပေးတယ်။

ဒီအကြောင်း ကြားတယ်ဆိုရင်ပဲ ကောင်မလေး မျက်လုံးတွေဟာ ဂျင်ဂျာကို အင်မတန် ချီးကျူးတဲ့ အကြည့်နဲ့ ကြည့်တယ်။ ဂျင်ဂျာဟာ ကောင်မအလေး မျက်လုံး

ဒဏ်ကို မခံနိုင်လို့ မူးမေ့မတတ် ဖြစ်သွားသတဲ့။ ကောင်မလေးက ဂျင်ဂျာကို သူထိုးခဲ့တဲ့ လက်ဝှေ့ ပွဲတွေအကြောင်း စိတ်ထားထက်သန်စွာ မေးတယ်။

ဂျင်ဂျာကလည်း တတ်နိုင်သလောက် ညာဖီးဖြန်းရင်း နောက်ဆုံးတော့ အရဲစွန့်ပြီး ကောင်မလေးကို တနင်္ဂနွေနေ့လည်မှာ သူနဲ့ လမ်းလျှောက်ရင်း ရုပ်ရှင်လေးဘာလေး ကြည့်ဖို့ ခေါ်တယ်။ ကောင်မလေးလည်း ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံပါတယ်။

"ကျွန်မ အပြင်မထွက်တာ ကြာပြီ။ အရင်တုံးကတော့ ရှင့်လိုပဲ လက်ဝှေ့ချန်ပီယံ တစ်ယောက်နဲ့ အတူ သွားဖူးလာဖူးတယ်။ သူနဲ့ လမ်းခွဲကြကတည်းက နောက်ထပ် ဘယ်သူနဲ့မှ မထွက်တော့ဘူး။ ဒီတော့ ရှင်စဉ်းစားကြည့်လေ... ကျွန်မဘဝဟာ ဘယ်လောက် ပျင်းရိငြီးငွေ့ စရာ ကောင်းသလဲလို့"

"ဟုတ်တာပေါ့"

ဂျင်ဂျာဟာ ပီတိဖြာတဲ့ မျက်နှာကြီးနဲ့ပြောပြီး ပီတာကတော့ ကောင်မလေးကို

"မင်းကတော့ လက်ဝှေ့ချန်ပီယံမှ သဘောကျတယ်ထင်တယ်"

"အို ဒီလိုလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ အမှန်ကတော့ ကျွန်မနဲ့တွဲဖို့က လက်ဝှေ့ကျွမ်းကျင်မှ ဖြစ်မှာကိုးရှင့်"

"ဟင် ဘာဖြစ်လို့လဲ"

ဂျင်ဂျာ အံ့သြသံနဲ့မေးတော့...

"ဘာကြောင့်လဲဆိုတော့ ဘီလီကြောင့်ပေါ့။ သူက မနာလိုဝန်တိုစိတ် အားကြီး တယ်။ သူနဲ့ ကွဲပြီး ကျွန်မ စမစ်ဆိုတဲ့ လူရွယ်တစ်ယောက်နဲ့ လမ်းထွက်ဖူးတယ်။ ဒီလူက

တောင့်တောင့်တင်းတင်း လူချောလူလှပါ။ ဒါပေမဲ့ ကျွန်မတို့လမ်းမှာ ဘီလီနဲ့တွေ့ပြီး ဘီလီရဲ့ လက်ချက် ကောင်းကောင်း ခံလိုက်ရတဲ့ စမစ်ဟာ တစ်ခါတည်း ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတာပဲ။ ကျွန်မလည်း ဘီလီကို တော်တော် ပစ်ပစ်ခါခါ ပြောပစ်လိုက်တယ်"

"ဒီတော့ သူက ဘာပြန်ပြောသလဲ" ဂျင်ဂျာကမေးတော့...

"အို ကျွန်မ စိတ်ဆိုးလွန်လွန်းလို့ သူဘာပြန်ပြောတယ် ဆိုတာလည်း နားမထောင်မိဘူး။ အညှဲ့လည်း မခံချင်တာနဲ့ နောက်ထပ် ချာလီဝက်ဆိုတဲ့လူနဲ့ တစ်ခါ တွဲပြန်ရော"

"အဲဒီလူရော ဘာဖြစ်သွားလဲ"

ပီတာက သူ့ရောင်းရင်းကြီး ဂျင်ဂျာအတွက် စိတ်ပူစ ပြုလာပြီးမေးတော့ ကောင်မလေးက ဂျင်ဂျာရဲ့ ဖန်ခွက်ကို မပြီး ကောင်တာစားပွဲကို အဝတ်နဲ့သုတ်ရင်း ကြက်သီးမွေးညင်း ထသွားဟန်နဲ့...

"ထုံးစံအတိုင်း ကျွန်မသွားလေရာ ဘီလီနဲ့ တိုးတာပေါ့။ ချာလီက စမစ်ထက် ပိုခံရတယ်။ ဆေးရုံမှာ ၆ ပတ်တိတိ တက်ကုရတဲ့အပြင် ဆင်းတော့လည်း နာလန်မထူနိုင်လို့ ပင်လယ်ကမ်းခြေ အနားယူစခန်း ပို့လိုက်တယ်။ ဘီလီကတော့ အဲဒီကတည်းက ပျောက်ခြင်းမလှ ပျောက်သွားတာပဲ"

ဂျင်ဂျာဟာ အာခေါင်မှာ ဆို့နေတဲ့ အလုံးကြီးကို ဂလုခနဲ မြည်အောင် မျိုချလိုက်ပြီးမှ အသံမတုန်အောင် ထိန်းထားရင်း...

"ဒီကောင်က သူ့အပြစ်သူသိပြီး နိုင်ငံခြား ထွက်ပြေးထင်ပါရဲ့"

"အို... ခု ဒီပြန်ရောက်နေပြန်ပြီ။ ရှင်မကြာမီ သူ့ကို သေချာပေါက် တွေ့ရမှာပဲ။ ဒါပေမဲ့ ရှင်ဟာ သူ့လိုပဲ လက်ဝှေ့ချန်ပီယံ တစ်ယောက်ဆိုတာကိုတော့ သူ မသိပါစေနဲ့နော်"

"ဘာပြုလို့လဲ"

"ဘာပြုလို့လဲဆိုတော့ ရှင်နဲ့ကျွန်မ သွားလာနေတုန်း သူနဲ့တွေ့လို့ သူက ရှင့်ကို ခါတိုင်း ကျွန်မ မတွဲတဲ့ သမန်ကာလျှံကာ လူတွေလိုပဲ သဘောထားပြီး သူ့လက်သီး စွမ်းပြလာရင် ရှင်က အမှတ်မထင် ပြန်ဆော် နိုင်အောင်ပေါ့။ ဒီတိရိစ္ဆာန်ကြီး ညှာကို မညှာနဲ့ မသေရုံ တမယ်သာ ဆော်၊ သနားစရာကောင်းတဲ့ စမစ်နဲ့ ချာလီကို မျက်စိထဲမြင်ထားပေါ့။ သူတို့အတွက် လက်စားချေ"

"ချေပ့ါမယ်ကွာ၊ ဒါနဲ့ အဲဒီ ဘီလီဆိုတဲ့ကောင်က တော်တော်ပဲ အထိုး ကောင်းသလား"

"ဟာ... ကောင်းပြီလားရှင်၊ ဒီနယ် တစ်ဝိုက်မှာတော့ သူ့ကို ယှဉ်နိုင်တဲ့လူ မရှိပါဘူး။ ဒါပေမဲ့ ရှင့် ဩစတြေးလျ စံချိန်ကိုတော့ မီမယ် မထင်ပါဘူး"

ကောင်မလေးက ဒီလိုပြောပြီး ဖောက်သည်တစ်ဦး ရောက်လာတာနဲ့ သူတို့လည်း ထပြန်ခဲ့ကြတော့ ကောင်မလေးက...

"တနင်္ဂနွေနေ့ ညနေ ၃ နာရီတိတိ ဒီဆိုင်အပြင်ဘက်က စောင့်နေနော်။ ဝတ်ကောင်း စားလှတွေ ဝတ်လာစရာ မလိုပါဘူး။ ဘီလီနဲ့တွေ့မှာ သေချာတယ်။ ကျွန်မတို့ အပြင် ထွက်လာရင် သူရောက်လာတာ ချည်းပဲ"

မိန်းကလေးက ဂျင်ဂျာကို လက်ဆွဲနှုတ်ဆက်တော့ သူ့စိတ်ထဲမှာ လက်ဖျားကနေ လက်မောင်းရင်းအထိ ကျင်တက်သွားသလို ခံစားလိုက်ရသတဲ့။

တနင်္ဂနွေနေ့ကျတော့ သူဟာ ကောင်မလေးနဲ့ ချိန်ထားတဲ့ဆီ သွားရကောင်း နိုးနိုးနဲ့ ဝေခွဲမရ ဖြစ်နေတယ်။

ဒီကြားထဲ ဘီလီရဲ့အကြောင်း တတ်နိုင်သမျှ မေးမြန်း ကြည့်တော့လည်း သူ့ဘက်က အားတက်စရာ တစ်ကွက်မှ မတွေ့ရဘူး။ ခွေးဘီလူးလက်ထဲက ကြောင် ကလေးတစ်ကောင်လို ဖြစ်မှာ သေချာနေတယ်။

ဆမ်နဲ့ပီတာကတော့ ဂျင်ဂျာကို စိတ်မငယ်ဖို့ သူတို့သာဆိုရင် ဘီလီလိုကောင် တစ်ယောက်နဲ့ သတ်ပုံတဲ့အကြောင်း လေနဲ့ အားပေးတယ်။ ဂျင်ဂျာတနင်္ဂနွေနေ့သွားရင် သူတို့ နှစ်ယောက်ကလည်း ဟိုကောင် မတရားမလုပ်နိုင်အောင် မလှမ်းမကမ်းက လိုက်ခဲ့မဲ့ အကြောင်း ပြောတယ်။

ချိန်းတဲ့ရက် ရောက်တော့ ဂျင်ဂျာ "ဂျော်နီပိုင်းလော့" အရက်ဆိုင်နားရောက်တော့ ကိုယ်လုံးတုတ်တုတ်၊ ဂင်တိုတိုနဲ့ နှာခေါင်းကျိုးနေတဲ့ လူတစ်ယောက် ဆိုင်နဲ့မျက်စောင်းထိုး ဓာတ်တိုင်ကိုမှီပြီး ဘုကြည့် ကြည့်နေလေရဲ့။

ဂျင်ဂျာကတော့ သူ့ကို ဂရုမစိုက်ဟန်ပြုရင်း ဆိုင်ရှေ့နည်းနည်း ကျော်အောင် လျှောက်သွားပြီးမှ ပြန်လှည့်လာတယ်။

အဲဒီအခါမယ် ဆိုင်တံခါးပွင့်ပြီး ကောင်မလေး ထွက်လာတယ်။ သူက ဂျင်ဂျာဆီ အပြေးကလေး လှမ်းလာပြီး ဂျင်ဂျာ့လက်မောင်း တစ်ဖက်ကို သူ့လက်မောင်းလျှိုရင်း...

"စောင့်နေတာ ကြာပြီလားဟင်၊ ကျွန်မ ဆံထိုးမတွေ့တာနဲ့ ကြာနေတာ"

ဂျင်ဂျာက ဘာမှပြန်မပြောရမှ စောစောကလူဟာ ဘောင်းဘီထဲက သူ့လက်ကြီး နှစ်ဖက် ဆွဲထုတ်ပြီး သူတို့ဆီ လျှောက်လာရင်း...

"ဟော့လူ... ကောင်မလေးကို လွှတ်လိုက်"

ဂျင်ဂျာလည်း အလန့်တကြားနဲ့ ကောင်မလေးရဲ့ လက်မောင်းကို တင်းတင်း ဆုပ်ထား လိုက်တာ ကောင်မလေးက နာလွန်းလို့ အော်မိမတတ်ပဲ။ ဒီတော့ ဟိုလူက ထပ်ပြီးတော့...

"ကောင်မလေးကို လွှတ်လိုက်ဆိုတာ မကြားဘူးလား။ ပြီးတော့ မင်းကိုယ်မင်း ကာကွယ်ပေတော့"

ဂျင်ဂျာကလည်း ညကတည်းက ဘီလီနဲ့ လမ်းမှာတွေ့ရင် မည်သို့မည်ပုံ လုပ်မယ် ဆိုတာကို စိတ်ကူးထားပြီးမို့ သိပ်ပြီး ဣန္ဒြေမပျက်လှပဲ ခပ်အေးအေးပင်...

"ဟော့... လူကြီးလူကောင်းဆိုတာ လူမြင်ကွင်းမှာ ထိုးလားကြိတ်လား မလုပ်ဘူး ကွ၊ မင်းက ငါနဲ့ တစ်ပွဲတစ်လမ်း စမ်းချင်တယ်ဆိုရင် လူရှင်းတဲ့ နေရာတစ်ခု ရှာကွာ။ ငါက တစ်ခုခုလုပ်ရင် အနှောင့်အယှက်မရှိဘဲ အေးအေးဆေးဆေးမှ ကြိုက်တယ်"

"အောင်မယ်... အေးအေးဆေးဆေးမှ ကြိုက်သတဲ့။ မင်းက ငါဘယ်သူဆိုတာ မသိသေးဘူး ထင်ပါရဲ့"

"မသိဘူးကွ၊ လက်နှစ်ချောင်းနဲ့ လူချင်း သိစရာမလိုပါဘူး"

ဒီတော့ ဟိုလူက သူ့နာမည်ကို တစ်လုံးချင်း လေးလေးနက်နက် ပြောတယ်။

"ငါ့နာမည် ဘီလီလမ်း"

ဂျင်ဂျာက ဂရုမစိုက်ဟန်နဲ့...

"ဟင်... ဘယ်လို နာမည်ကြီးပါလိမ့်"

ဘီလီလမ်းက သူ့မျက်နှာကြီးကို ဂျင်ဂျာမျက်နှာနဲ့ ထိလုမတတ် ကပ်ပြီးပြောတယ်။

ဒီတော့ ဂျင်ဂျာကလည်း မထိလေးစားနဲ့ပဲ...

"ဟိုး... ဟိုး လက်သင်လေးပဲ"

"ဘာ... လက်သင် ဟုတ်လား"

ဘီလီက ဒေါသတကြီး မေးတယ်။

"ဟုတ်တယ်လေ။ တို့ဩြတြေးလျှမှာဆိုရင် မင်းလိုကောင်မျိုးကို လက်သင်လို့ပဲ ခေါ်တယ်။ ငါ့နာမည် ဒစ္စတာ၊ ဆစ်ဒနီမြို့က လက်ဝှေ့ချန်ပီယံ 'စိန်လက်သံ' တဲ့။ လက်သံ ပြောင်လွန်းလို့ လူ ၃ ယောက်တောင် ဝိုင်းထဲမှာ သေခဲ့တယ်။ ရှုံးတယ်ဆိုတာ ငါ့တစ်သက်မှာ တစ်ခါမှ မရှိသေးဘူး"

"ဟာ... ဟုတ်ရဲ့လား၊ ဒါဖြင့် ခု ချမယ်လေ"

ဘီလီလမ်းက လက်သီးနှစ်လုံး ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ရှေ့တိုးလာတော့ ဂျင်ဂျာက မစ္စတာတပ်ကာ လက်မောင်းကို သူ့လက်မောင်းနဲ့ ခပ်တင်းတင်း ချိတ်ပြပြီး ခေါင်းခါပြရင်း...

"ဒီမှာ မဟုတ်ဘူးလို့ ကျုပ်ပြောပြီးပါပကော၊ ချမှာကတော့ စိတ်သာချ၊ ဟိုတစ်နေ့ကပဲ လူတစ်ယောက်ကို လမ်းပေါ်မှာ ဆော်မိလို့ ၅ ပေါင် ဒဏ်ချ ခံထားရတာကွ၊ တရားသူကြီးက နောက်တစ်ခါ ဆိုရင် အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ပေးမယ် ဆိုထားလို့ဟေ့။

မင်းကို ကြောက်လို့ မပတ်ဘူး မှတ်လိုက်ပါ။ ဒီတော့ လူရှင်းတဲ့ တစ်နေရာ ရှာပြီး ချိန်းကွာ၊ မင်းခေါင်းကို လှလှပပလေး ဖြတ်ပေးပွဲမယ်”

“အို… ငါက ခုဆို ခုပဲ၊ အချိန် ဆိုင်းမနေချင်ဘူး”

“အကြောင်းမဲ့ သိပ်အရင် မလိုစမ်းပါနဲ့။ ဒီလိုလုပ်ကွာ… ကြာသပတေးနေ့ နေ့ခင်းကို ချိန်းမယ်၊ ငါ့ကို ပွဲသွင်းဖို့ ငါ့လက်စွမ်းကို ကြည့်ချင်နေကြတဲ့ ကန်ထရိုက်တာ တွေပါ အဆင်ပြေသွားအောင်လို့ပါ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့ ဟုတ်လား”

အဲလို ခပ်တည်တည်ပြောပြီး ဂျင်ဂျာဟာ မစ္စတပ်ကာနဲ့ လက်ချင်းချိတ်ပြီး ထွက်သွားတယ်။ ဘီလီလမ်းတောင် ဘာပြောရမှန်းမသိ ပါးစပ်အဟောင်းသားနဲ့ ကျန်ရစ် ခဲ့ပြီး တစ်မိနစ်လောက်ကြာမှ တစ်ချိန်လုံး အနားမှာ ယောင်ပေပေနဲ့ နားထောင်နေတဲ့ ဆမ်နဲ့ပီတာကိုမြင်ပြီး…

“ဟေ့… မင်းတို့က ဒီနားမှာ ဘာလုပ်နေကြတာလဲ၊ လက်သီးစာ ကျွေးလိုက် ရမလား” လို့ မာန်မဲပြီးမှ သူ့မိတ်ဆွေတွေကို ဆစ်ဒနီမြို့က လက်ဝှေ့ချန်ပီယံ စိန်လက်သံ အကြောင်း မေးဖို့ ထွက်သွားတော့တယ်။

အဲဒီလို ချိန်းဆိုပြီးတဲ့နောက် ပီတာက သူ့သူငယ်ချင်း ဂျင်ဂျာ လက်ဝှေ့ထိုး ကျင့်ဖို့ သဲအိတ်တွေ ဘာတွေ ထုပ်မှာဆွဲပေးတယ်။

ဒါပေမဲ့ ဂျင်ဂျာကတော့ လက်ဝှေ့ပွဲအတွက် ဘာမှ အပူအပင် မရှိသလို အေးတိ အေးစက်နဲ့ ထုံပေပေကြီးလုပ်နေတယ်။

ဘီလီလမ်းက 'ဂျော်နီပိုင်းလော့' အရက်ဆိုင်ရှင် စမစ်ကတစ်ဆင့် 'လေးယား' မြစ်နံဘေးက မြက်ခင်းပြင်မှာ အချိန်းအချက် ရောက်လာတော့ ဆမ်နဲ့ ပီတာက မရိုးမရွဖြစ်လာပြီး ပီတာက...

"ကဲ... ဂျင်ဂျာ လက်ဝှေ့ပွဲအတွက် မင်းဒီလို မတုန်မလှုပ်နဲ့ နေနိုင်တဲ့ သတ္တိကို ငါ ချီးကျူး ပါတယ်ကွာ"

ဆမ်ကလည်း...

"ငါပြောသားပဲ တို့ဂျင်ဂျာမှာ ဘာကိုမှ မမှုတဲ့ သတ္တိ အပြည့်ရှိတယ်လို့"

ဒီတော့ ဂျင်ဂျာက ချောင်းတစ်ချက်ဟန့်ပြီး သူတို့ကို ပြုံးစိစိနဲ့ကြည့်ရင်း...

"ဟ... ဘာပူစရာလိုလဲ၊ ငါက အဲဒီကို သွားမှာမှ မဟုတ်ပဲ"

"ဘာ... မင်းမသွားဘူး ဟုတ်လား"

ဆမ်က အံ့အားကြီးသင့်ပြီးမေးတော့ ပီတာကလည်း...

"ဟင်... မင်း နောက်ဆုတ်မယ်ပေါ့"

"အေးပေါ့ကွ၊ တစ်ကယ့် လက်ဝှေ့ချန်ပီယံတစ်ယောက် ငါ့ကို ငါးဖယ်တေ တေ မှာကို ငါက သက်သက်မဲ့ သွားခံရအောင် ငါ နွားမှ မဟုတ်ဘဲကွ"

"အိုး... မင်းဟာက ဟိတ်ကြီး ဟန်ကြီးနဲ့ ချိန်းဆိုခဲ့ပြီးမှ နောက်ဆုတ်လို့ ဘယ်ဖြစ်ပါ့မလဲကွ၊ မင်းကောင်မလေးက မင်းကို စကြောက်ကြီးလို့ ထင်သွားမှာပေါ့ကွ"

ဆမ်က မကျေမနပ်နဲ့ ပြောသည်ကို ပီတာကလည်း...

"ကောင်မလေး အထင်သေးမှာထက် ကိုယ့်နာမည်ပျက်မှာကတော့ ကွာ..."

"ဒီပွဲသာ မင်းရှောင်ရင်တော့ မင်းကို ငါတစ်သက်လုံး စကားမပြောတော့ဘူးဟေ"

ဂျင်ဂျာက မတုန်မလှုပ်နေတော့ ဆမ်နဲ့ပီတာက အားမလိုအားမရ ပြောကြတယ်။

"မင်း စဉ်းစားကြည့်ကွ မိန်းကလေးတစ်ယောက် ရှေ့မှာ သူရဲဘောကြောင်တဲ့ လူလိမ် လူညာလို့ အထင်ခံရမယ်။ ကိုယ်ချိန်နေတဲ့ ကောင်မလေးလဲ လက်လွှတ်ခံရမယ်"

"အေးလေ၊ ဒီမိန်းကလေးက ဝက်ပင်းမြို့မှာ အချောဆုံး"

"ဟေ့ တော်ကြစမ်းကွာ၊ နားငြီးတယ်၊ မသွားဘူးဆို မသွားဘူး။ ရိုးရိုး သူလို ကိုယ်လို လူဖြင့် အကြောင်းမဟုတ်ဘူး။ လက်ဝှေ့ချန်ပီယံဆိုတော့ ရှောင်တယ်ကွာ"

ဂျင်ဂျာက ပြန်ဟောက်တော့ ဆမ်ဟာ ခုတင်စောင်းမှာ စိတ်ပျက်လက်ပျက် ထိုင်ချ လိုက်ပြီး တောင်းပန်ခယသောအသံဖြင့်...

"သူငယ်ချင်း မင်း ငါတို့ကို ထောက်ထားသောအားဖြင့် သွားသင့်တယ်ကွ"

"ဘာဆိုင်လို့လဲကွ"

"ဆိုင်ပြီလားကွ၊ ငါနဲ့ ပီတာက ရှိသမျှပိုက်ဆံကို ပုံလောင်းလိုက်ပြီကွ"

"ဒါတော့ မင်းတို့ဟာ မင်းတို့ မဆင်မခြင်လုပ်တာပဲ။ ဘာထူးမှာလဲ။ ငါသွားထိုး လည်း မင်းတို့ ရှုံးမှာပဲ။ ငါဘယ်နည်းနဲ့မှ ဒီကောင်ကို နိုင်အောင် သတ်နိုင်မှာ မဟုတ်ဘူး ဆိုတာလည်း မင်းတို့ သိသားနဲ့

ဆမ်က အပြောရခက်သို့ ချောင်းတစ်ချက် ဟန့်လိုက်ပြီး ပီတာကိုကြည့်တယ်။ ပီတာကလည်း ချောင်းတစ်ချက် ဟန့်လိုက်ပြီး ဆမ်ကို ပြန်ကြည့်တယ်။

အတော်ကြာ ငြိမ်နေပြီးမှ ဆမ်က အချိုသာဆုံးအသံနဲ့...

"မင်း သဘော မပေါက်သေးလို့ပါကွ၊ ဒါဟာ ငါတို့အတွက် အခွင့်အရေးကောင်းပဲ ကွ၊ မင်းဟာ လက်ဝှေ့ကောင်းကောင်း မထိုးတတ်ဘူး ဆိုတာ ငါတို့နှစ်ယောက်သာ သိတာ၊ ဒီ့ပြင်လူတွေက သိကြတာမဟုတ်ဘူး။ ဒါကြောင့် တို့က ဘီလီလမ်းဘက်က ပုံအောပြီး လောင်းထားလိုက်ကြတာကွ"

ဂျင်ဂျာဟာ ပါးစပ်ထဲ တွေ့သမျှ စုတ်စုတ်ပွဲပွဲ စကားလုံးတွေနဲ့ ဆမ်ကို ဆဲတော့တယ်။ ကြည့်စမ်း... ခင်းတို့ ငွေရဖို့အတွက် ငါ့ကို ရက်ရက်စက်စက် အထိုး ခံခိုင်း နေကြတယ်။ ဒါဟာ မိတ်ဆွေကောင်းတွေလားပေ့ါ။

ဗုဒ္ဓဟူးနေ့ညကျတော့ ဆမ်တို့ဟာ သည့်ပြင်မိတ်ဆွေ သဘော်သား နှစ်ယောက် ကိုပါ ဂျင်ဂျာကို စောင့်ရှောက်ဖို့ ဆိုပြီး ခေါ်ထားတယ်။ ဒီတော့ လေးယောက် ပါးစပ် ပေါက်ဒဏ် မခံနိုင်တော့ဘဲ ဂျင်ဂျာဟာ အလျော့ပေးလိုက်ရပြီး သေမြေကြီး ရှင်လည်း တစ်သက်လုံး နားပူနေတော့မှာပဲ ဆိုတဲ့သဘောနဲ့ ချိန်းတဲ့နေရာကို သွားရတော့တယ်။ 'ဂျော်လီပိုင်းလော့' အရက်ဆိုင်ပိုင်ရှင် မစ္စတာဝတ်ဆင် ပုပုဝဝကြီးဟာလည်း သူတို့နဲ့ အတူတူ ဘူတာရုံ လိုက်ခဲ့တယ်။ တစ်လမ်းလုံး သူက လက်ဝှေ့ထိုးရမယ့် နေရာဟာ အင်မတန် သာယာတယ်။ မြက်ခင်းဟာလည်း ကော်ဇောလို အိနေတာမို့ လဲကျတောင်

ဂွမ်းပုံပေါ် ကျသလို နေမှာ၊ ပက်လက်ကနေ ကြည့်နေရင် ကောင်းကင်မှာ စာကလေးတွေ ကလည်း တကြော်ကြော် သီချင်းဆိုလို့တဲ့ အားပေးတယ်။ သူတို့ဟာ ဝက်ပင်းမြို့အလွန် တစ်ဘူတာဖြစ်တဲ့ 'ဟိုမာတန်' ဆိုတဲ့ မြို့ထဲ ရထားစီးသွားရတယ်။ ခါတိုင်းခုလို ကြားနေ့မျိုး ဆိုရင် ဝက်ပင်းဘူတာဟာ ခြောက်သွေ့ပြီး ခရီးသွား မရှိသလောက်ပဲ။ ဒီနေ့တော့ လူတွေ ဟာ ဘူတာမှာ ကြိတ်ခဲနေတာပဲ။ ဝက်ပင်းမြို့က အရက်ဆိုင်ပိုင်ရှင်တွေ သင်္ဘောသားတွေ၊ သင်္ဘော ကပ္ပတိန်တွေအပြင်၊ တာဝန်မကျတဲ့ ပုလိပ်သားနှစ်ယောက်တောင် ပါသေးသတဲ့။ ပုလိပ် တစ်ယောက်ကတော့ ကလေးပေါက်စ တစ်ကောင် ချီထားလိုက်သေးသတဲ့။ သူတို့ တစ်တွေဟာ စိန်လက်သံနဲ့ ရွှေလက်သီးတို့ကို တစ်လှည့်စီကြည့်ပြီး တစေ့တစ်စောင်း အကဲခတ်ရင်း ထင်မြင်ချက်တွေ ပေးနေကြတာ သောသောညံနေတာပဲ။ ဟိုမာတန်မြို့ ရောက်လို့ ရထားပေါ်က ဆင်းကြတော့ အရက်ဆိုင်ပိုင်ရှင် မစ္စတာဝက်ဆင်က ဂျင်ဂျာနား ကပ်ပြီး...

မစိုးရိမ်ပါနဲ့ကွ၊ ဟိုကောင့်အထာ ငါသိတယ်။ နာနကို တည့်တည့်ချိန်ပြီး မိမိရရသာ ထိုး၊ ဒီကောင် မခံနိုင်ဘူး။ မင်းနေလို့တော့ ကောင်းတယ် မဟုတ်လား"

ခပ်ငိုင်ငိုင်ဖြစ်နေတဲ့ ဂျင်ဂျာ့ပုံကိုကြည့်ပြီးမေးတော့...

"နာစေး နေတယ်ဗျ၊ ခေါင်းကလည်း နည်းနည်း ကိုက်နေတယ်။ ပေါင်တစ်ဖက် လည်း နာနေသလိုပဲ"

ဂျင်ဂျာက သူ့ရှေ့မှာ ကြွကြွရွရွသွားနေတဲ့ ရွှေလက်သီးကို ကြည့်ပြီး ညောင်နာနာ အသံလေးနဲ့ ပြောတော့ အရက်ဆိုင်ပိုင်ရှင် မစ္စတာဝက်ဆင်က သူ့ကျောကို နှစ်ချက် သုံးချက် ပုတ်လိုက်ပြီး...

"ဒါလောက်တော့ ကိစ္စမရှိပါဘူးကွာ၊ ငါပြောသလို နာနကို မိမိရရ တအားသွင်းပြီး ဆော်၊ ဒီကောင် မခံနိုင်ပါဘူးကွာ၊ ငါ မင်းဘက်က ပေါင် ၁၀၀ ကြီးများတောင် လောင်းထားတယ်။ နိုင်ရင်မင်းကို ၆ ပေါင် ဆုချမယ်ကွာ ဟုတ်ပြီလား"

သူတို့ဟာ လမ်းချိုးကလေးပေါင်း မြောက်များစွာကို လျှောက်ခဲ့ကြပြီးတဲ့နောက် လေးယားမြစ်ကမ်းခြေကို ရောက်ခဲ့ကြတယ်။ အရက်ဆိုင်ရှင် ပြောသလိုပဲ မြက်ခင်းဟာ ရေညှိတွေနဲ့ ရောပြီး ပင်လယ် ရေမြှုပ်လိုပဲ အိနေတယ်။ လက်ဝှေ့ဒိုင်လုပ်ဖို့ 'မိုင်းလ်အင်း' အရပ်က လူတစ်ယောက်ကို အများသဘောတူ ခန့်လိုက်ကြပြီးတဲ့နောက် ဘီလီလမ်းဟာ သူ့ အဝတ်အစားတွေကို ဘောင်းဘီတိုကလေးသာ ကျန်တဲ့အထိ ချွတ်ပစ်လိုက်ပြီး သေသေချာချာ ခေါက်သိမ်းထားတယ်။ သူ လုပ်နေကျ ထင်ပါရဲ့။ အေးအေးဆေးဆေးပဲ။ သူ့ပခုံးနဲ့ လက်မောင်းတွေဟာ ဖောင်းကြွပြီး ကြွက်သားတွေ အမြောင်းလိုက် ထနေတယ်။ ဂျင်ဂျာကလည်း ဘီလီလုပ်သလို လိုက်လုပ်တယ်။ ဒါပေမဲ့ အရပ်ကြတော့ ဂျင်ဂျာက တစ်ထွာလောက် နိမ့်နေတယ်လေ။ ကြွက်သားတွေကလည်း ဘီလီလို တင်းတင်းမာမာ မရှိဘူး။

ဒီအချိန်မှာ ဒိုင်က ရှီခနဲ ဝီစီမှုတ်တော့ သူတို့ကို ဝိုင်းထားတဲ့ လူအုပ်အလယ် မြက်ခင်းထဲ နှစ်ယောက်သား ထွက်ခဲ့ပြီး လက်ဆွဲ နှုတ်ဆက်ကြတယ်။ ပြီး လျှပ်တစ်ပြက်အတွင်းမှာပဲ ဘီလီက ဂျင်ဂျာကို နောက်ဂျွမ်းပစ်သွားအောင် ဆော်ထည့်တာပဲ။ ဂျင်ဂျာဘက်က လောင်းထားတဲ့ အရက်ဆိုင် ပိုင်ရှင်က ဂျင်ဂျာကို သူ့ပေါင်ပေါ်တင်ပြီး ပြုစုပေးတယ်။ နာခေါင်းသွေးတွေ သုတ်ပေးရင်း ဂျင်ဂျာကို 'ဘာမှမဖြစ်ဘူး၊ သွေးအရောင်ကို ကြည့်ခြင်းအားဖြင့် ဂျင်ဂျာဟာ အင်မတန် ကျန်းမာရေးကောင်းကြောင်း သိလာတယ်' လို့ နှစ်သိမ့် စကားပြောတယ်။ ဂျင်ဂျာကတော့ ဘီလီကို သတ်ချင်စိတ် ပေါက်နေသတဲ့။

အဲ ဒုတိယအချီမှာ ဂျင်ဂျာဟာ အကွက်ကောင်းချောင်းပြီး ဘီလီမျက်ခွက်ကို စွတ်ထိုးလိုက်တာ မေးစေ့ကို အရှိန်ပြင်းပြင်း ထိသွားတယ်။ ဘီလီက ဂျင်ဂျာဒီလောက် လက်သီး ပြင်းလိမ့်မယ်လို့ အံ့အား သင့်သွားသလို ဂျင်ဂျာကလည်း ဒီလောက်အရှိန်နဲ့ ထိတာတောင် ဘီလီက ဖြုံပုံမရလို့ အံ့သြသွားတယ်။ တတိယအချီမှာ နစ်ယောက်သား ပူးသတ်ရင်း ထွေးခနဲ မြက်ခင်းပေါ် လဲကျသွားတယ်။ ဒိုင်က လူချင်းခွဲပေးလို့ ပြန်ထိုးကြတဲ့ အခါ အရက်ဆိုင်ပိုင်ရှင်က ဂျင်ဂျာရဲ့ ကျောကိုပုတ်ပြီး သူ့မှာ သား တစ်ယောက်လောက် မွေးရင် ဂျင်ဂျာလို သတ္တိ ရှိပါစေလို့ မျှော်လင့်ကြောင်း မြှောက်ပင့်တယ်။ အခြေအနေကို တော်တော် အံ့သြနေတယ်။ သူ့လိုပဲ ဟိုဘက်က လောင်းထားကြတဲ့ ပီတာနဲ့ ဆမ်ဟာ လည်း မယုံနိုင်လောက်အောင် ဖြစ်နေကြတယ်။ ဒီလိုမှန်းသိ ကိုယ့်လူဘက်က ကိုယ် လောင်းပါရဲ့ပေါ့။

အဲ ခြောက်ကြိမ်မြောက်မှာ ဂျင်ဂျာက ဘီလီကို လဲကျအောင် ထိုးလိုက်တဲ့ အခါ မှာတော့ ဆမ မျက်နှာဟာ လုံးလုံး သွေးဆုတ်သွားတယ်လေ။ ဂျင်ဂျာခမျာ တစ်မျက်နှာလုံး ဖူးရောင်ပြီး တယ်ပြီးတော့ဖြင့် မသက်သာရှာဘူး။ ဒါပေမဲ့ တတ်နိုင်သမျှ ဟိုလူ့ကို ကပ်ထားပြီး အစွန်းကုန် သတ်ဖို့ ဆုံးဖြတ်ထားတယ်။ ဘီလီလမ်းဘက်က ကြေးကြော ပေးပြီး လောင်းထားတဲ့ ပုလိပ် နစ်ယောက်က အခြေအနေကို သိပ်မကြိုက်လို့ လိုင်စင် မရှိဘဲ လုပ်တဲ့ဝိုင်းမို့ ပွဲရပ်သရေနဲ့ သိမ်းဖို့ ပွစိပွစိ လုပ်နေကြသေးလေရဲ့။ ဆယ်ကြိမ်မြောက် မှာ ဘီလီဟာ မျက်လုံး မမြင်တော့သလို လေတွေကိုပဲ ထိုးနေမိတာ တစ်ခါဖြင့် ဒိုင်လူကြီးရဲ့ ချိုစောင်းကို မှားထိုးမိလို့ သတိပေးခံရတယ်။

အဲဒီမှာ ဂျင်ဂျာဟာ အကွက်ကောင်းကို ချောင်းနေသူပီပီ အမှတ်မထင် ဘီလီ ခေါင်း အငိုက်မှာ ရှိသမျှ ခွန်အားကို စုစည်းပြီး နှာရောင်ကို တစ်အားထိုးလိုက်တာ ခွပ်ခနဲ အသံနဲ့ အတူ ဝက်ပင်းရွှေလက်သီး ဘီလီလမ်းဟာ တစ်ခါတည်း ပက်လက်လန် လဲကျ သွားပါရော။

ဒိုင်လူကြီးက ပြန်ထဖို့ တစ်ကနေ တစ်ဆယ်အထိ တိုင်ပင် ခေါ်သော်လည်း ပြန်မထ နိုင်တော့ဘူး။

ဒါကြောင့် ဂျင်ဂျာကို အနိုင် ပေးလိုက်ရတော့တယ်။

ဂျင်ဂျာ တစ်သက်မှာ ဒီတစ်ခါ ဝမ်းအသာဆုံးပါပဲတဲ့။ သူဟာ စစ်အောင်နိုင်တဲ့ ကောရာဇ် ဘုရင်ကြီးလို မိန့်မိန့်ကြီး ပြုံးနေတယ်။

ဆမ်နဲ့ ပီတာကတော့ သူတို့ရှုံးတဲ့ လောင်းကြေးကို နိုင်သူလက်ထဲ ထည့်ပြီး ဂျင်ဂျာကို ပစ်ပစ်ခါခါ ဆဲဆိုရင်း ထွက်သွားကြတယ်။

တစ်ဝိုင်းလုံးဟာလည်း နိုင်သူ ရှုံးသူ ငြင်းကြခုံကြနဲ့ ပွတ်ပွတ်ညံနေတာပဲ။

မကြာမီ ပွဲပြီး မီးသေတာမို့ ပေါင်တစ်ရာ ကြီးများတောင် နိုင်လိုက်တဲ့ ဂျော်လီပိုင်းလော့ အရက်ဆိုင် ပိုင်ရှင်က ဂျင်ဂျာကို ကတိအတိုင်း ၅ ပေါင် ဆုချပြီး မော်တော်ကား စင်းလုံးငှားပြီး ကြွားကြွားဝါဝါ ခေါ်သွားတယ်။

ကားထဲမှာ သူက ဂျင်ဂျာကို ချီးမွမ်းတယ်။

"မင်း တော်တယ်။ သိပ်တော်တဲ့ လူကလေး။ ဟိုကောင့် ခေါင်းတောင် ပြုတ်သွားသလား အောက်မေ့ရတယ်"

ဒီတော့ ဂျင်ဂျာက...

"ဒါထက် ကျွန်တော် ဝက်ပင်းရွှေလက်သီးကို ဘယ်လို နိုင်အောင် ထိုးသတ် လိုက်ကြောင်း မစ္စတပ်ကာကို ပြောပြလိုက်ပါခင်ဗျာ"

"စိတ်ချ ငါ့လူ စိတ်ချ။ ဒါပေမဲ့ လောလောဆယ်တော့ ကောင်မလေးကို မင်းတွေ့ဖို့ မကောင်းသေးဘူးကွာ။ ဘာကြောင့်ဆို မင်းမျက်နှာလည်း တော်တော်ထိထားတယ်။ ခဏ လန့်ပြနေပါဦးမယ်"

"ဟုတ်ပါတယ် ကျွန်တော်လည်း နှစ်ရက် သုံးရက်လောက် အိပ်ရာထဲ အပန်း ဖြေဦးမှာပေါ့"

"ကောင်းပါလေ့ကွယ်။ ဒါပေမဲ့ မင်းကို ငါ ခင်လို့ တစ်ခုတော့ သတိပေးလိုက်မယ်။ နောက်များတော့ ဘီလီလမ်းနဲ့ သူခေါ်မဲ့ စိတ်မကျေပွဲမှာ မသတ်လေနဲ့၊ ဝေးဝေးကရှောင် ကြားလား"

"အိုး... ဘာကြောင့် ရှောင်ရမှာလဲ သူ့ကို ဒီတစ်ခါနိုင်အောင် သတ်နိုင်ရင် နောင်လည်း နိုင်ရမှာပေါ့ဗျာ"

"နိုင်မယ် ဟုတ်လား"

အရက်ဆိုင် ပိုင်ရှင်က သူ့ပါးစပ်ထဲ ခဲထားတဲ့ ဆေးပြင်းလိပ်ကို ဖြုတ်ပြီး တစ်စုံတစ်ခု ပြောမလို့ လုပ်ပြီးမှ မပြောတော့ပဲ ဆေးပြင်းလိပ်ကို ပြန်ခဲနေလိုက်တယ်။

ဒီတော့ ဂျင်ဂျာက...

"ဟုတ်သလေ၊ အခုနိုင်ခဲ့တာ ခင်ဗျားအမြင်ပဲ မဟုတ်လား"

ဒီတော့မှ အရက်ဆိုင်ပိုင်ရှင်က မနေသာတော့ဘဲ...

"ဒီမှာ သူငယ်ရဲ့ မင်းကိုသူက တမင်း အရှုံး ပေးလိုက်တာကွ၊ ကောင်မလေးက မင်း လက်ဝှေ့သမား မဟုတ်မှန်း သိလို့ သနားသွားတာနဲ့ ဘီလီကို သူ့တကယ် ချစ်ရိုးမှန်ရင်

မင်းကို အရှုံး ပေးလိုက်ပါလို့ ကျိတ်ပြောထားလို့ကွ။ မင်းလိုကောင်မျိုး ဟိုက တကယ် ဆော်ရင် တစ်မိနစ်၊ တစ်စက္ကန့်တောင် ခံမယ် မဟုတ်ဘူး။ ခုဟာက သူကစားသလောက် ရှိသေးတယ်"

"ကျွန်တော့်ကို ကစားတာ ဟုတ်လား"

ဂျင်ဂျာက ရောင်ကိုင်းနေတဲ့ သူ့မျက်နှာကို လက်နဲ့စမ်းရင်း မယုံကြည်နိုင်တဲ့ မျက်လုံးတွေနဲ့ အရက်ဆိုင်ရှင်ကို ကြည့်နေတယ်။

"အေး... ဒါကြောင့် နောက်တစ်ခါဆိုရင် မင်းကို သူညှာမှာ မဟုတ်တော့ဘူး။ တကယ်ပြောတာ"

ဂျင်ဂျာဟာ သူ့ကျောနောက်က မော်တော်ကား ကူရှင်ကို စိတ်ပျက်လက်ပျက် မှီချ လိုက်ပြီး...

"ဒါဆို မစ္စတပ်ကာဟာ သူနဲ့ ပြန်ဆက်တော့မယ်ပေါ့"

"မဆက်ပါဘူးကွ ဒါတော့ စိတ်ချစမ်းပါ"

"ဒါပေမဲ့ ကျွန်တော် မစ္စတပ်ကာနဲ့ တွဲချင်ရင် ဒင်းကို ရှောင်မလွတ်တော့ဘူးပေါ့"

"ကဲ... ကဲ ဒါတွေ ကြိုပြီး တွေးမနေနဲ့ ဦးကွာ။ အေးအေးဆေးဆေး အနား ယူလိုက်ပါဦး။ နောက်ပြီး ငါခုန ပြောတာတွေကို မင်းအကျိုးရော၊ ငါ့အတွက်ပါ တို့အားလုံး အဖို့ ကောင်းအောင် ဘယ်သူ့ကိုမှ မပြောနဲ့ ဟုတ်လား"

ဂျင်ဂျာရဲ့ အိပ်ခန်းကို ပြန်ရောက်တော့ အရက်ဆိုင်ရှင်က အိမ်ရှင်မကြီးကို ငွေတစ်သျှိလင် ထုတ်ပေးပြီး ဂျင်ဂျာအတွက် ဘီစကွတ်ကောင်းကောင်း ချက်ကျွေးဖို့နဲ့ မျက်နှာကို ပြုစုပေးဖို့မှာပြီး ထွက်သွားတယ်။

တစ်ပတ်လောက် ကြာတော့ မျက်နှာကလည်း ပျောက်သလောက် ရှိပြီမို့ ဂျင်ဂျာဟာ မစ္စတပ်ကာနဲ့ တွေ့ချင်စိတ် ပြင်းပြတာနဲ့ မအောင့်နိုင်တော့ပဲ တစ်နာရီလောက်ကြာအောင် သူ့ကိုယ်သူ သပြီး 'ဂျော်လီပိုင်းလော့' အရက်ဆိုင်ကို ထွက်ခဲ့တယ်။

တစ်လမ်းလုံး သူ့စိတ်ကူးနဲ့သူ လျှောက်လာတာ ဆိုင်ရှေ့ရောက်တော့ အဲဒီစိတ်တွေ လေမုန်တိုင်းထဲ ပါသွားသလို ပျောက်သွားကုန်တယ်။

ဘာကြောင့်လဲ ဆိုတော့ ဘီလီကို ဆိုင်ရှေ့က ခတ်တိုင်မှာ မှီလျက်သား တွေ့ရလို့ပဲ။

ဘီလီဟာ သူ့မြင်တော့ ဘောင်းဘီအိတ်ထဲ နှိုက်ထားတဲ့ လက်တွေထုတ်ပြီး သူ့ဆီလျှောက်လာတယ်။

ဂျင်ဂျာ့ရင်ထဲမှာ အမြှောက်ပစ်သလို တဒိန်းဒိန်းနဲ့ ခံစားနေရတယ်။

သူ့အနားရောက်တော့ ဘီလီဟာ လက်တစ်ဖက်မြှောက်လိုက်တယ်။

ဒါပေမဲ့ ဂျင်ဂျာ အံ့အားသင့်စရာ ဖြစ်ရတာကတော့ ဘီလီဟာ သူ့ကို ထိုးဖို့မဟုတ်ပဲ လက်ဆွဲနှုတ်ဆက်ဖို့ လက်ကမ်းခြင်း ဖြစ်နေလို့ပဲ။

ပြီးတော့ ဘီလီက ပြောတယ်။

"ဒီညတော့ အလကားပဲ မိတ်ဆွေ"

ဂျင်ဂျာ နဝေတိမ်တောင်နဲ့...

"အလကားပဲ ဟုတ်လား"

"ဟုတ်တယ် အလကားပဲ။ နောက်ဖေးခန်းမှာ ဟိုမသာကြီး အခန်းအောင်းပြီး ကုပ်နေတယ်။ ဒါပေမဲ့ ကျုပ်တို့ကို ဒင်းလွတ်အောင် မရှောင်နိုင်ပါဘူး။ တစ်နေ့မတွေ့ တစ်နေ့တော့ တွေ့ရတာပေါ့"

ဂျင်ဂျာက နားမလည်ဘဲ...

"ဘယ်မသာကြီးလဲ"

"ဘယ်သူ ရှိရမလဲ၊ ဒီဆိုင်ပိုင်ရှင် ဝက်ဆင်ဆိုတဲ့ မသာကြီးပေါ့။ ဒါနဲ့ မင်း မသိသေးဘူးလား"

"ဘာသိရမလဲဗျ။ ကျုပ်က တစ်ပတ်လုံး အအေးမိပြီး ဖျားနေတာ"

"ဘာပြုလို့လဲ"

"အိုး... ဟိုး ဒီလိုဆို ပြောရတာပေါ့။ ဂျူလီယာတပ်ကာနဲ့ အဲဒီကြောင်သူတော်ခွေးသူခိုးကြီး မနေ့ နေ့လည် ဆယ့်တစ်နာရီက လက်ထပ် လိုက်ကြပြီလေ။ ငါ့ကို ခုတုံးလုပ်ပြီး ငါ့ အချစ်ကို ယူသွားတာ။ စေ့စေ့တွေးလေ ဒေါသဖြစ်လေပဲ။ ငါက မင်းကို အရှုံးပေးလိုက်ရတဲ့ ပေါင်တစ်ရာနဲ့ ငါ့ရည်းစားသည်ကို ဝယ်သွားတာပဲကွ။ ဒင်း ငါ့ကောင်မလေးကို ကြည့်တဲ့ အကြည့်ဟာ မရိုးသားဘူးလို့ အစက ငါ့စိတ်ထဲမှာတော့ ထင်လိုက်မိသားပဲ... တောက်"

ဂျင်ဂျာဟာ သူ့နောက်ကျောမှာ အုတ်တံတိုင်းသာ ခံမနေရင် ပက်လက်လန် လဲကျ သွားမှာ အမှန်ပဲ။ သူဟာ သူ့ကိုယ်သူပဲ သနားရမလား၊ ဘီလီကို သနားရမလား၊ မဝေခွဲနိုင်တော့တဲ့ အတွက် သုံးမိနစ်လောက် တွေနေပြီးတဲ့နောက် လောက်လေးမှန်တဲ့ ခွေးတစ်ကောင်လို အမြီးကုပ်ပြီး ပြန်သွားကာ အိပ်ရာတည်း တစ်ခါတည်း တန်းဝင်ခဲ့တော့ သတဲ့။

❄ ❄ ❄ ❄ ❄

## လှည့်စားသူ

အင်္ဂလန်ပြည် ကမ်းရိုးတန်းသွား သင်္ဘောတစ်စင်း ဖြစ်သော 'အယ်လစ်စဘတ်ဘားစတိုး' သည် သိမ်းမြစ်ရိုးတစ်လျှောက် တဖြည်းဖြည်း ဆန်တက်လာနေ၏။ မြစ်တွင်း၌ မြူခိုးတွေ ဝေနေသောကြောင့် သင်္ဘော ကပ္ပတိန်သည် သတိကြီးစွာနှင့် မောင်းနှင်နေရသည့် ကြားက ပထမအရာရှိက အနားတွင်လာပြီး ဂျီတွန်နေသည်ကို စိတ်မရှည်စွာနှင့် နားထောင် နေရသေး၏။

"ဆရာ အခု သင်္ဘောပေါ် ပါလာတဲ့ ထမင်းချက်ကို သင်္ဘော ကပ်တာနဲ့ တစ်ခါတည်း ကန်ချလိုက်တော့ဗျာ၊ ဘာမှသောက်သုံး မကျဘူး"

သဘောကောင်းသော ကပ္ပတိန်က စိတ်ရှည်စွာနဲ့...

"မင်းတို့ကလည်း တစ်လမ်းလုံး သူချက်ပြုတ်တာ စားလာပြီးတော့၊ နို့ပြီး မင်းတို့လို အရက် မသောက်တတ်တဲ့ လူတွေဟာ ဘာမဆို စားနိုင်တယ်လို့ ငါကြားဖူးပါတယ်။ အရက်သမားသာ အစားကြေးများတာ မဟုတ်လား"

ပထမအရာရှိက မျက်လုံးကြီး ဖီးကွက်လောက် ပြူးထွက်လာပြီး...

"ဟာ ကျွန်တော်လား သူချက်တာ စားမှာ၊ လမ်းတစ်လျှောက်လုံး ဘီစကွတ်နဲ့ ပေါင်မုန့် ထောပတ်သုတ်လောက်နဲ့ပဲ အသက်ရှင်လာတာ၊ ဘယ့်နယ်... ဆရာ စဉ်းစား ကြည့်ပါ၊ မနေ့က အမဲသားဟင်းဟာ ကျောက်တုံး ကျောက်ခဲလား အောက်မေ့ရတယ်။ စားမရဘူး။ မာလိုက်တာ။ အဲ... ဒီနေ့ကျတော့ အနူးလွန်လို့ အရည်သောက်ဖြစ်နေပြီ။ ပူတင်းဖုတ်ပါဆို ကျောက်မီးသွေးခဲ ဖြစ်လာတယ်။ သဘော်ာတစ်စင်းလုံး ဘယ်သူမှ မကျေနပ်ဘူး၊ ဒီတော့ ဘယ့်နယ်လုပ်မလဲ၊ အစားကောင်း အသောက်ကောင်းတွေကို ဒင်း ဖျက်ဆီးနေတာပဲ၊ ကျွန်တော်တော့ ကမ်းပေါ်ရောက်ရင် ရောက်ချင်း ကိုယ့်ဗိုက်ကို ဆရာဝန် သွားပြရမယ်"

ကပ္ပတိန်က သူ့နားရွက်များကို လက်နှစ်ဖက်နှင့် ပွတ်သပ်ရင်း...

"အေးပါကွာ၊ အေးပါကွာ... ထမင်းချက်အသစ် ရှာလို့ရရင် ဒင်းကို အလုပ် ထုတ်ပစ် ပါ့မယ်၊ ဒီသူငယ်က အလုပ်တော့ လုပ်ရှာသားပဲကွ၊ သူ့ကြည့်ရတာ နားနေတယ် မရှိရှာဘူး"

"လုပ်မှာပေ့ါ၊ ဒင်းကို ကျွန်တော်တို့က ပန်းကန်အိုးခွက်ကအစ ပစ္စည်းပစ္စယတွေ အဆင်သင့် ပြန်အပ်နိုင်ဖို့ လုပ်ခိုင်းထားတာကိုး။ ထမင်းချက်အသစ် ခေါ်မယ်ပြောတော့ အမယ်... ဒင်းက ကျွန်တော့်ကို သူ ဒီလောက် ချက်တတ် ပြုတ်တတ်နေတာတောင် မကျေနပ်ဘူးလား ပြန်မေးသဗျ။ တကယ့် မျက်နှာပြောင်တဲ့အကောင်။ ဆရာလည်း ဒီအကောင်မျိုး ဘယ်က ရှာတွေ့လာတယ် မသိဘူး"

"ဟာ ငါလည်း ဘယ်သိနိုင်မလဲကွ၊ သူ အလုပ်လျှောက်တော့ သူ ထမင်း ကောင်းကောင်း ချက်တတ်ပါတယ် ပြောသကိုး၊ သူ့နမက သင်ပေး ထားတာတဲ့။ အေးလေ... ငါလည်း မင်းတို့လိုပဲ အတူတူ စားရတာဆိုတော့ ကိုယ်ချင်းစာပါတယ်။ ကုန်းပေါ်ရောက်ရင် ထမင်းချက် အသစ်ရှာပါ့မယ်"

ကပ္ပတိန်က စကားနည်း ရန်စဲပြောရင်း လန်ဒန်မြို့ကို လှမ်းမြင် နေရပြီဖြစ်၍ ကမ်းကပ်ရန် ပြင်ဆင်နေခိုက် ပထမ အရာရှိကလည်း စားဖိုဆောင်ဝင်သွားကာ ထမင်းချက် သိမ်းဆည်းထားသော ပစ္စည်းပစ္စယများကို စနစ်တကျ စစ်ဆေးနေ၏။

မကြာမီ သင်္ဘောသည် ဘူးလာစ် ဆိပ်ခံတံတား၌ ကပ်ပါလေပြီ။ သင်္ဘောသား များလည်း ကုန်းပေါ်တက်ရန် ပြင်ဆင်နေကြပြီ။

ထမင်းချက်သည် သူ့အိပ်ရာ ခေါင်းရင်းဘက်တွင် ချိတ်ထားသော မှန်ရှေ့တွင် ကျကျနန ကိုယ်ကို သလျှက်ရှိ၏။

သင်္ဘော လက်ရန်းကို မှီလျက် ဆေးလိပ် သောက်နေသော ကပ္ပတိန်သည် သူ့နောက်မှ ခြေသံရွရွလေး နင်းလာသံ ကြားရသောကြောင့် လှည့်ကြည့်လိုက်ရာ မျက်လုံး ညိုညို ရွဲရွဲကြီးများဖြင့် မော့ကြည့်နေသော မိန်းမလှလေး တစ်ယောက်ကို တအံ့တသြ တွေ့ရှိ လိုက်ရလေသည်။

ကလေးမက ပြုံး၍ မေး၏။

"မစ္စတာဂျူးဝဲလ် သင်္ဘောပေါ်မှာ ရှိပါသလားရှင်"

"ဂျူးဝဲလ်... ဟုတ်လား၊ ဒီနာမည်မျိုး ဒီသင်္ဘောပေါ်မှာ မကြားဖူးပါဘူး"

"ဟင်... သူ ဒီသင်္ဘောနဲ့ ပါလာတယ်လို့ ကြို စာရေးထားတာပဲ၊ အယ်လစ်စဘတ် ဘားစတိုး သင်္ဘောမဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါနဲ့ ကလေးမတွေ့ချင်တဲ့ လူနာမည်က ဒီ့ပြင် ရှိသေးလား"

"အယ်လီဘတ်ပါရှင်၊ ခင်မင်ရင်းနှီးသူတွေကတော့ ဘတ်လို့ပဲ ခေါ်ကြပါတယ်"

"အိုး... သိပြီ၊ ဒါဆိုရင် ထမင်းချက်တဲ့ သူငယ်ပဲ၊ သူ့ဆွေမျိုးစပ်နာမည်က ဂျူးဝဲလ်ဆိုတာ ကျုပ်မသိလို့ ခွင့်လွှတ်ပါနော်"

မျက်နှာသွယ်ကလေးနှင့် ချစ်စဖွယ် မိန်းကလေးက ပါးစပ်ကလေး ဟဟ ပြုံးရင်း...

"သူချက်တာပြုတ်တာ ဘယ့်နှယ်လဲ ကောင်းရဲ့လား"

"ဟွန်း... နည်းနည်းမှ သောက်သုံးမကျဘူး" ဟု ပြောလိုက်ချင် သော်လည်း တစ်ဖက်သား အထူးသဖြင့် ဒီလို ချောမော လှပသော မိန်းကလေးမျိုးကို အားနာ တတ်လှသော ကပ္ပတိန်က ပါးစပ်မှ ထွက်လုလု စကားများကို ဂလုခနဲမြည်အောင် မျိုချလိုက်ပြီး အောင့်သက်သက်ဖြင့်...

"အင်း... မဆိုးပါဘူးလေ၊ တဖြည်းဖြည်း တိုးတက်လာပါပြီ၊ မင်းက သူ့ကို ထမင်းချက် သင်ပေးတယ်ဆိုတဲ့ သူ့နှမလား"

မိန်းကလေးက ဖြေးညင်းစွာ ခေါင်းညိတ်ပြရင်း...

"သူ့ကို ကျွန်မ ဒီမှာစောင့်နေတယ်လို့ တဆိတ် သွားပြောပေးပါလားရှင်"

ကပ္ပတိန်က အောက်ထပ်ဆင်းသော လှေကားထိပ်မှနေ၍ ငုံ့ပြီး အလွန်ခင်မင် ရင်းနှီးသော လေသံဖြင့် အော်ခေါ်သည်။

"ဘတ်၊ ဒီမှာ မင်းနှမလေး စောင့်နေတယ်ဟေ့"

ထမင်းချက်က သူ့တံခါးပေါက်မှ ခေါင်းပြူကြည့်ပြီး မိမိကို ပြောသည်ဟု ဟုတ်ပါ့မလားဟု မယုံကြည်နိုင်သော မျက်နှာပေးနှင့် မေး၏။

"ဘယ်သူ"

"မင်းနမလေကွာ၊ မင်းကို ထမင်းချက်သင်ပေးတဲ့ ကလေးမတဲ့ကွဲ"

သည်တော့မှ ထမင်းချက်က အင်္ကျီ ကမန်းကတန်း ကောက်စွပ်၍ လှေကားမှ ပြေးတက်လာပြီး မိန်းကလေး၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်၍ နှုတ်ဆက်နေ၏။

ထို့နောက် မိန်းကလေးက ကပ္ပတိန်ကို ကျေးဇူးတင်စကား ပြောသည်တွင် ကပ္ပတိန် ရင်ထဲတွင် တလှပ်လှပ် ခုန်နေလျှက်...

"ကိစ္စမရှိပါဘူးကွယ်၊ နောက်များ မင်းအစ်ကို သင်္ဘောပေါ် လာလည်ချင်တယ်ဆိုရင် လာလည် နိုင်ပါတယ်၊ သင်္ဘောပေါ်က အိပ်ခန်းတွေ ဘာတွေ လျှောက်ကြည့်ချင်ကြည့်ပေါ့၊ ခုတော့ ကမ်းကပ်ခါစဆိုတော့ ရှုပ်ယှက်ခတ်နေတာမို့ မကောင်းဘူး၊ နက်ဖြန်ည လာခဲ့ပါလား"

မိန်းကလေးက ညလာရမယ်ဆိုတော့ အဓိပ္ပာယ် တစ်မျိုးတွေးပြီး မျက်နှာ ကွပ်ခနဲ ပျက်သွားသည်တွင် ကပ္ပတိန် သတိရပြီး အားနာပါးနာနှင့် ကပျာကသီ...

"ဩော်... တချို့ သင်္ဘောတွေပေါ်မှာ လူတွေ ဘယ်လိုနေကြ ထိုင်ကြ စားကြ သောက်ကြတယ်ဆိုတာ စူးစမ်းချင်တတ်ကြတာမို့ မိန်းကလေးလည်း စိတ်ဝင်စားမယ်ဆိုရင် နက်ဖြန်ည လူရှင်းတော့ လာခဲ့ပါလို့ စေတနာနဲ့ ဖိတ်တာပါ"

ဟု ပြောပြီး လက်ဝါးကို ဦးထုပ်နှင့် ထိ၍ နှုတ်ဆက်ကာ လှည့်ထွက်လာခဲ့စဉ် ခုမှ ကုန်းပတ်ပေါ် ရောက်လာသည့် ပထမ အရာရှိက တစ်ယောက်တစ်ယောက် တွဲပြီး ထွက်သွား ကြသော ထမင်းချက်နှင့် ကလေးမကို တွေ့လိုက်လေသော် လေတစ်ချက် ချွန်လိုက်ပြီး...

"အောင်မယ်... မအေပေးကလေး၊ မတန်မရာတွေ လုပ်နေပြန်ပြီ"

"ဟာ... အဲ့ဒါ သူ့နှမကွ"

ကပ္ပတိန်က ခပ်ပြတ်ပြတ်ပြောသည်။

"သူ့ကို ထမင်းချက် သင်ပေးတယ်ဆိုတဲ့ နှမလား၊ ဟင်းဟင်း... ဒီကောင်မလေးနဲ့ များ ငါးမိနစ်လောက် တွေ့ချင်လိုက်စမ်းတယ်"

"ဘာလုပ်ဖို့လဲ"

"အို တပည့်မကောင်း ဆရာ့ခေါင်းဆိုတယ် မဟုတ်လား၊ ဒီလောက်တောင် သောက်သုံး မကျတဲ့ ထမင်းချက်ရဲ့ ဆရာကို တစ်ခါတည်း ပျစ်ပျစ်နှစ်နှစ် ပြောလိုက်ချင် လို့ပါ"

ပထမအရာရှိက လမ်းခရီး တစ်လျှောက်လုံး သူတို့အား ထမင်းဟင်းနှင့် ဒုက္ခ ပေးခဲ့သည်ကို အခဲမကျေ၊ အံတကြိတ်ကြိတ်နှင့် ပြောနေရာက ကပ္ပတိန်က...

"တော်ပါတော့ကွာ မင်းကလည်း သူ့ခမျာ အစဆိုတော့ ဒီလောက်ပဲ တတ်နိုင် ဦးမှာပေါ့၊ ငါ့လုပ်သက်တမ်းမှာ ဒီ့ထက်မက ဆိုးရွားတဲ့ ထမင်းချက်တွေ တွေ့ခဲ့ဖူးပါတယ်၊ နောက်တော့ တဖြည်းဖြည်း အဆင်ပြေလာမှာပေါ့ကွာ"

ကပ္ပတိန် စကားကြားတော့ ပထမအရာရှိက အလန့်တစ်ကြား ဖြစ်သွားပြီး တုန်တုန်ယင်ယင်နှင့်...

"ဟင်... ဆရာ သူ့ပဲ ဆက်ငှားဦးမလို့လား"

"အေး... ဒီတစ်ခေါက်လောက်တော့ ထပ်စမ်း ကြည့်ဦးမယ်ကွာ၊ ဂျော့ချ်ရယ် ကောင်လေးကို သနားသောအားဖြင့် နောက်ဆုံး အခွင့်ရေးပေးတဲ့ သဘောပါ။ ခု တစ်ခေါက်တော့ သည်းခံလိုက်ပါနော်"

"အို... ဆရာတို့ သက်ကြီးရွယ်အိုတွေပဲ သည်းခံ၊ ကျွန်တော်တို့တော့ သည်းမခံ နိုင်ပေါင်"

"ဟ... ငါ ဘယ်က သက်ကြီးရွယ်အိုရမှာလဲကွ"

"လေးဆယ်နား နီးနေပြီပဲ၊ ဒါဆို အိုဘက် ရောက်နေပြီ။ နောက်ပြီး လူပျိုကြီးလဲ ဖြစ်တော့ ဘာမှ ကောင်းမှန်းဆိုးမှန်း သိမှာမဟုတ်ဘူး"

ပထမ အရာရှိ စိတ်ပေါက်ပေါက်နှင့် အရွဲ့တိုက် ပြောနေလေတော့ သဘော်ာ ကပ္ပတိန်က ဘာမျှ ခွန်းတုန့် မပြန်တော့ဘဲ သူ့အိပ်ခန်းထဲသို့ ဝင်သွားလေ၏။

အခန်းထဲ ရောက်သော် မှန်ရှေ့တွင်ရပ်၍ သူ အမြဲတစေ အမြတ်တနိုးနှင့် သသနေခဲ့သော နှုတ်ခမ်းမွှေး ကားကားကြီးကို လက်နှင့် ဆွဲလိမ်၍ သည်နှုတ်ခမ်းမွှေးကြီး သာ မရှိခဲ့ရင် သူ့ရုပ်ဟာ တော်တော် နုပျိုသွားမှာပဲဟု အောက်မေ့လျက် ချက်ချင်းပင် ကတ်ကြေးသေးသေးကလေးကို ယူပြီး နှုတ်ခမ်းမွှေးကို ခပ်ရေးရေးလေးသာ ချန်၍ အကုန် တိပစ် လိုက်လေ၏။

ထို့နောက် သူ့ရုပ်သွင်ကို မှန်ထဲတွင်ကြည့်၍ တကယ်ပင် နုပျိုသွားပါလားဟု ပီတိဖြစ်ပြီး သူ့ကိုယ်သူ မှန်ထဲတွင် ပြုံးကြည့်နေစဉ် ကိစ္စတစ်ခုကြောင့် အခန်းတွင်းသို့ ရုတ်တရက် ဝင်လာသော ပထမ အရာရှိနှင့် တိုးသွားသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်ကာ...

"ဟော့... ဂျော့ချ် ဒီမှာကြည့်စမ်း၊ ဟို မုတ်ဆိတ်နဲ့ နှုတ်ခမ်းမွေးတွေ ပယ်လိုက်တော့ ကိုယ်ဟာ ကိုယ့်မြေးလောက်ဖြစ်သွားတယ် ထင်ရတယ်ကွာ"

ပထမအရာရှိက ပြုံးမဲ့မဲ့ကြီးနှင့်...

"အင်း... ဒီပုံနဲ့တော့ ရှေ့ဆက်ပြီး တစ်ခုခုဖြစ်နေဦးမှာပဲ" ဟု တီးတိုး ရေရွတ်လိုက်လေ၏။

ထမင်းချက်မှာ မိုးကြီးချုပ်မှ ပြန်လာသော်လည်း ကပ္ပတိန်က မဆူမပူဘဲ သူ့ထံမှ မီးခြစ်ပင် တောင်းနေသေးသဖြင့် အတော်ကြီး အံ့ဩသွားရပြီး ကပ္ပတိန်က သူနှင့် လိုက်လျောညီထွေ စကားပြောနေရာက မစ္စဂျူးဝဲလ်အကြောင်း ရောက်သွားလေ၏။

"မင်းတို့ မောင်နှမနှစ်ယောက် အတူတူ လျှောက်လည်နေကြလို့ နောက်ကျတယ် မှတ်တယ်"

ထမင်းချက် ပါးနပ်စွာ မျက်လုံးထောင့်ကပ်ကြည့်ရင်း...

"မလည်ရပါဘူး ခင်ဗျာ၊ ကျွန်တော့်နမက ကျွန်တော့်ကို တစ်နေ့လုံး ထမင်းဟင်း အချက်အပြုတ် ထပ်သင်နေလို့ပါ"

သူတို့နှစ်ယောက် လူချင်း ခွဲခါနီးတွင် ကပ္ပတိန်က ထမင်းချက်ပခုံးကို ခင်မင်ဟန်နှင့် ပုတ်ပြီး ကောင်းသောညပါဟု နှုတ်ဆက်သွားလေရာ ဤလိုလူမျိုး တစ်ခါမှ မကြုံဘူးသော ထမင်းချက်သူငယ်မှာ ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့လေ၏။

နောက်တစ်နေ့ နံနက်စာကို ပထမအရာရှိက ပင်ပန်းကြီးစွာ ကြိတ်မှိတ်မျိုချနေစဉ် ကပ္ပတိန်က ရွှံ့ပုပ်ရောင် ကော်ဖီနှင့် တူးခြစ်နေသော ဝက်ပေါင်ခြောက်ကို မစွဂျူးဝဲလ်ကိုယ်တိုင် လာရောက် ချက်ပြုတ် ကျွေးမွေးသည့် အလား မြိန်ယှက်စွာ စားသောက်နေလေ၏။

ထိုထက် မြိန်ယှက်စရာ ကောင်းသည်ကား ထမင်းချက်က သူ့နမကို ကပ္ပတိန်၏ ယမန်နေ့ သင်္ဘောပေါ်တွင် လျှောက်ကြည့်ရန် ဖိတ်ခေါ်ချက်ကို လက်ခံလိုက်ကြောင်း သတင်းပင် ဖြစ်ပါ၏။

ထိုနေ့ သင်္ဘောသားများ အလုပ်ရှုပ်နေကြသည်။ သင်္ဘော တစ်စင်းလုံးကို ရှင်းလင်းကြရင်း ထမင်းချက် မောင်နမကို ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲနေကြသည်။

ထိုညနေ ထမင်းချက် ညီမ ရောက်လာသောအခါ၌ ကပ္ပတိန်မှာ ဤကလေးမသည် သူ့အတွက် ကောင်းကင်ဘုံမှ ဘုရားသခင်က လက်ဆောင်ပို့လိုက်သည့် နတ်မိမယ်ကလေးပမာ လေးလေးမြတ်မြတ် ဂရုတစိုက် သင်္ဘော တစ်စင်းလုံးကို လိုက်လံပြသလေသည်။

သူတို့နောက်က အစိုးပမာ တကောက်ကောက် လိုက်ပါလာသော ထမင်းချက်ကလည်း ကပ္ပတိန် အခန်းထဲက သံသေတ္တာပေါ်တွင် အကျအနထိုင်၍ စကားရောဖောရော လုပ်နေသည်။

တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်ကြည့်ပြီး ဧည့်ခန်းသို့ ပြန်ရောက် လာကြသောအခါ ကပ္ပတိန်က ဧည့်ခံသော လိမ္မော်ရည်နှင့် ဘီစကွတ်မုန့်တို့ကို စားသောက်ပြီး သကာလ မစ္စဂျူးဝဲလ်က...

"သင်္ဘောပေါ် လျှောက်ကြည့်ရတာ ငယ်ငယ်တုန်းက ရုပ်ရှင်ထဲ ကြည့်ခဲ့ရတဲ့ အရုပ်အိမ်လေးထဲ ရောက်နေသလိုပဲ၊ ပျော်စရာကောင်းတယ်၊ ကဲ... ကပ္ပတိန် အချိန်လဲ နည်းသွားပြီ၊ ကျွန်မကို ပြန်ခွင့်ပြုဦး၊ ကျေးဇူး အထူးတင်ပါတယ်နော်"

ဒီတော့ အကြံနှင့် ကပ္ပတိန်က ပျာပျာသလဲ...

"ကျုပ် လိုက်ပို့မယ်လေ၊ ခုချိန်ကျုပ်မှာ သင်္ဘောပေါ် ဘာမှ လုပ်စရာလည်း မရှိဘူး၊ လမ်းလျှောက်ဖို့ စိတ်ကူးနေတာနဲ့ အတော်ပဲ၊ တစ်ယောက်တည်း သွားရတာ ပျင်းစရာ ကောင်းလှသဗျာ"

မစ္စဂျူးဝဲလ်က မျက်တောင်ရှည်ကြီးများကြားက တောက်ပသော မျက်လုံးများနှင့် ကပ္ပတိန်ကို မခို့တရို့ကြည့်ပြီး ခေါင်းညိတ်ပြလိုက်လေ၏။

ဒီတော့ ကပ္ပတိန်က မလုံမလဲနှင့်...

"ကျုပ်က တစ်ကောင်ကြွက်သမား အမေမွေးလာကတည်းက တစ်ယောက်တည်း နမရယ်လို့ တစ်ယောက်မှ မရှိဘူးဗျ"

"အို... ရှင့်မှာ နမရှိရင်လည်း ဘယ်တော့မှ အပြင်ကို အတူတူသွားမှာ မဟုတ်ပါဘူး၊ မောင်တွေဟာ နမတွေနဲ့ ဘယ်တော့မှ မသွားချင်ကြဘူး"

မစ္စဂျူးဝဲလ်က ဆက်ကဲလက်ကဲ ပြန်ပြောရာ ကပ္ပတိန်က...

"ဘတ်ကျတော့ မင်းနဲ့ အတူတူသွားသားပဲ မဟုတ်လား"

ဒီတော့ မစ္စဂျူးဝဲလ်က မျက်နှာ ရယ်ကျဲကျဲကလေး ဖြစ်သွားပြီး ဘတ်၏ ဇက်ပိုးကို ချစ်စနိုးလေး ပွတ်သပ်ရင်း...

"အို... သူကတော့ ဒီပြင်မောင်တွေနဲ့ မတူဘူး"

"အို... ကျုပ်သာ နမရှိမယ်ဆိုရင် ခုလိုသာယာတဲ့ ညနေခင်းမျိုးတွေမှာ အတူတူ လမ်းလျှောက်မယ်၊ အတူတူ ရုပ်ရှင်ကြည့်မယ်၊ ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲ"

"ဒီလိုဆို ရှင့်နမ ဖြစ်နေရရင် သိပ်ကောင်းမှာပဲနော်"

ကပ္ပတိန်က အကွက်ဝင်သွားပြီ ဖြစ်သဖြင့် ဝမ်းမြောက်စွာ...

"ဒါဖြင့် မင်းကိုယ်မင်း ကိုယ့်နမလို့ သဘောထားပြီး တို့ မောင်နမနစ်ယောက် အခု ရေပန်း စားနေတဲ့ ပြဇာတ်တစ်ခု သွားကြည့်ကြမယ်လေ"

ဒီတော့ မစ္စဂျူးဝဲလ်က ဘတ်ကို ဖျတ်ခနဲ လှမ်းကြည့်ရင်း...

"ဒါပေမဲ့ ဘတ်က ကြိုက်မှာ မဟုတ်ဘူးထင်တယ်"

ဘတ်က ကပ္ပတိန်ထံမှ မျက်နှာလွှဲရင်း မဝံ့မဝဲနှင့်...

"ဟာ... နှစ်ယောက်တည်းသွားလို့တော့ ဘယ်သင့်တော်မှာလဲ"

"အို ကျုပ်က မင်းကိုပါ ခေါ်မှာပါ"

မစ္စဂျူးဝဲလ်က ဒီတော့မှ စိတ်အေးသွားဟန်နှင့် ဘတ်ကို လှမ်းကြည့်လိုက်သည်။ ထိုမှ ဆယ်မိနစ်ခန့် အကြာတွင်တော့ အယ်လစ်ဇဘက်ဘားစတိုး သင်္ဘောပေါ်က အရာရှိတွေနှင့် သင်္ဘောသားများသည် မိမိတို့ ကပ္ပတိန်က သူ၏ ထမင်းချက် ပခုံးကိုဖက်လျက် ထွက်သွားကြသည်ကို အံ့သြခြင်းကြီးစွာဖြင့် ငေးမျှော်ကြည့်ရှု ကျန်ခဲ့လေသည်။ ပထမ အရာရှိက သူ၏ ဝသီအတိုင်း နှုတ်ခမ်းမှ လေကို ဖြည်းညင်းစွာ ချွန်မလိုက်သော်လည်း စိတ်ထဲတွင်မူကား ထမင်းချက် ကောင်နာလေး၏ နာရင်းကို ဘယ်ပြန် ညာပြန် နာနာ အုပ်ပစ် ချင်နေတော့၏။

သင်္ဘောပေါ်မှ ဆင်းသွားသူ သုံးဦးမှာကား ဘတ်စ်ကားဂိတ် ရောက်အောင် တော်တော် လျှောက်ရသေးသည်။ တစ်ယောက်နှင့် တစ်ယောက်လမ်းတွင် စကားမပြောဖြစ်ကြ။ ကပ္ပတိန်က တိတ်ဆိတ် ငြိမ်သက်စွာ စဉ်းစားခန်းဝင်ရင်း လေထဲတိုက်အိမ်သာမက ရဲတိုက်ကြီးပင် ဆောက်နေလိုက်သေးသည်။ မိန်းကလေးကမူ ရှေ့တူရှုသို့သာ စူးစိုက်ကြည့်ရင်း စိတ်ထဲ စနိုးစနောင့် ဖြစ်နေဟန်တူ၏။ ကားမှတ်တိုင်သို့ ရောက်လတ်သော် မိန်းကလေးက သူ့မှာ ကိစ္စကလေးတစ်ခု ရှိနေသေး၍ မလိုက်ပါရစေနှင့်တော့၊ ကပ္ပတိန်နှင့် သူ့အကိုသာ သွားကြပါတော့ဟု မူလကျီသွန်နီ လုပ်နေသေး သဖြင့် ကပ္ပတိန်မှာ အကြောက်အကန် ဖျောင်းဖြရသေးသည်။ ကံအားလျော်စွာ ထမင်းချက်ဘတ်က ကြားဝင်၍ သူ့နမကို လိုက်ခဲ့ပါဟု ကပ္ပတိန်ဘက်မှ တိုက်တွန်းနေဆဲ ဘတ်စ်ကား ရောက်လာသဖြင့် မောင်လုပ်သူက နမအား ကားပေါ် တွန်းတင်ပေးလိုက်ကြပြီး သူနှင့် ကပ္ပတိန်မှာ နောက်မှ တက်ခဲ့သည်။ ကားပေါ်၌ မစ္စဂျူးဝဲလ်က တမင်သက်သက် နှစ်ယောက် ထိုင်ခုံလွတ်တွေ ရှိပါလျက်နှင့် အမျိုးသမီးတစ်ယောက် နံဘေး ဝင်ထိုင်လိုက်သဖြင့် ထမင်းချက်နှင့် ကပ္ပတိန်က သူ့နောက်ကခုံမှာ အတူ ထိုင်လိုက်ရလေသည်။

ထို့နောက် သူတို့သည် ပြဇာတ်တစ်ခုကို ဝင်ကြည့်ကြရာ သုံးနာရီတိုင်တိုင် ကြာသော်လည်း ကပ္ပတိန်စိတ်မှာမူ အချိန်တွေ ကုန်လွယ် လွန်းလှချည့်ဟု အောက်မေ့

နေ၏။ ပြဇာတ်ကြည့်နေစဉ် တစ်ချိန်လုံး မိန်းကလေးက ကပ္ပတိန်နှင့် ဘတ်နစ်ဦးစလုံးကို ဂရုမစိုက်ဘဲ အထူးတန်းမှ လူ ချောချောခန့်ခန့် တစ်ဦးကိုသာ အလေးထား၍ ကြည့်နေသည်။ သည်တော့ မိန်းကလေးက ကြည့်နေမှန်းသိ၍ အထူးတန်းက ကိုလူချောကလည်း သူ့ပွဲကြည့် မှန်ပြောင်းဖြင့် ပြန်ကြည့်နေသည်ကို တွေ့ရတော့ မစ္စဂျူးဝဲလ်က ပါးချိုင့်ကလေးများ ပေါ်အောင် ပြုံးရင်း ကပ္ပတိန်ဘက်လှည့်၍…

"ကြည့်စမ်း အဲဒီလူဟာ တော်တော်ရဲတင်းလွန်းတယ်၊ ဒီလို ကျွန်မကို ဒါရိုက်ကြီး မှန်ပြောင်းနဲ့ ချိန်ကြည့်နေတာကတော့ ရိုင်းလဲရိုင်းတယ်နော်"

ကပ္ပတိန်က နှာခေါင်းကြီး ပွစိပွစိ ဖြစ်လာအောင် မနှာလိုဝန်တိုဖြစ်ပြီး

"မင်းက သူ့ကို ပြန်မကြည့်ဘဲနေရင် တော်ကြာ သူ စိတ်ပျက်သွားမှာပေါ့ကွ" ဟု သွားကိုစေ့၍ ပြောလေသော် ကောင်မလေးက…

"ဟုတ်ပါရဲ့၊ ကျွန်မကလည်း အမှတ်တမဲ့ ကြည့်မိတာပါ"ဟု မျက်လွှာ ချသွားလေ၏။

မကြာမီ မီးများ မှိန်သွားပြီး ပြဇာတ်စ၍ ကတော့သည်။ ကပ္ပတိန်က သူတို့နှစ်ယောက် အလယ်တွင် ထိုင်နေသော ထမင်းချက် ဘတ်ကို ကျော်ကာ မိန်းကလေးဘက် ခေါင်းထိုး၍ ပြဇာတ်အကြောင်း ပြောမည်ကြံကာရှိသေး ကောင်မလေးက လေသံတိုးတိုးလေးဖြင့်…

"အဲဒီ မှန်ပြောင်းနဲ့လူက ဘယ်ကလဲ မသိဘူးနော်" ဟု အထူးတန်းကို လှမ်းကြည့်ရင်း ပြောရာ ကပ္ပတိန်စိတ်ထဲ မျက်ခနဲ ဖြစ်သွားပြီး…

"အပေါက်စောင့်တစ်ယောက် နေမှာပေါ့ကွာ"

ဒီတော့ မိန်းကလေးက ခေါင်းကို သွက်သွက်ယမ်းရင်း...

"အထက်တန်းကျကျ ဉစ္စာပဲ၊ ဘာဖြစ်ဖြစ်လေ အပြင်ရောက်တော့ သူကျွန်မကို မှတ်မိမှာပါ"

ကပ္ပတိန်စိတ်ထဲ ပွဲဆက်မကြည့်ချင်တော့ဘဲ ထိုင်ရာကထကာ တွေ့ကရာတွေကို ရိုက်ချိုးချင်စိတ် ပေါက်လာ၏။ အထူးသဖြင့် အထူးတန်းကလူကို ဆွဲထိုးချင်၏။ သူသည် မိန်းကလေးတွေနှင့် အဆက်အသွယ် မလုပ်ခဲ့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီ။ ဒါ့ကြောင့် မိန်းမတွေကို ဘယ်လိုဆက်ဆံ သည်းခံရမှန်းကိုပင် သူ မေ့သလောက် ရှိနေပြီ။ သူသည် အမှောင်ထဲကပင် အထူးတန်းကလူ နောက်က လိုက်လာလေမလား စိတ်မချစွာနှင့် သမင်လည်ပြန် လှည့်ကြည့်ရသည်မှာ သူ့ပုံသဏ္ဌာန်က နောက်ကျောမှာ မျက်နှာ ကပ်ပါလာသည်နှင့် တူသေးတော့သည်။

"တော်တော်ကောင်းတဲ့ ပြဇာတ်ပဲ" ဘတ်က ချီးမွမ်းလေသော် သူ့နမကလည်း "ဟုတ်တယ်နော်၊ ကျွန်မဖြင့် ထပ်တောင် ကြည့်ချင်သေးတယ်၊ အကိုတို့ သင်္ဘောထွက်မှ နောက်တစ်ခေါက် လာကြည့်ဦးမယ်"

"မင်းတစ်ယောက်တည်းလား"

ကပ္ပတိန်က အလန့်တကြား မေးလိုက်ရာ မိန်းကလေးက အေးအေးဆေးဆေးပင်...

"တစ်ယောက်တည်းပေ့ါ၊ အဆန်းမှ မဟုတ်တာ၊ သွားနေကျပဲဉစ္စာ"

ကပ္ပတိန်က မိန်းကလေး တစ်ယောက်တည်း လန်ဒန်မြို့ကြီးလို နေရာမျိုးမှာ လျှောက်မသွားသင့်ကြောင်း ကန့်ကွက်ပြောဆိုရန် စိတ်ကူးဆဲ ဘတ်စ်ကား ရောက်လာ

သဖြင့် ကမန်းကတန်း တက်ကြလေရာ ပြောခွင့် မရလိုက်တော့။ အပြန်ခရီးလည်း နေရာထိုင်ခင်း အဆင်မပြေ ဖြစ်ခဲ့ရသည်။

မစ္စဂျူးဝဲလ်ဘေးရှိ နေရာတွင် သူဝင်ထိုင်မည် လုပ်ကာရှိသေး သူ့ထက်လည်သော ခြေမြန်ကိုယ်မြန် လူငယ်တစ်ဦးက ကမန်းကတန်း ဝင်ထိုင်လိုက်သဖြင့် ကပ္ပတိန်ကြီးကို နှုတ်ဆက်ရအောင် လာဦးမည်ပြောလေရာ ကပ္ပတိန်မှာ အတိုင်မသိ ဝမ်းသာသွားလေ၏။

သင်္ဘောမထွက်မီ နာရီဝက်အလိုတွင် မိန်းကလေးရောက်လာ၍ ကပ္ပတိန်က သူ့အခန်းတွင်းသို့ ဖိတ်ခေါ်သော်လည်း ကောင်မလေးက လေကောင်းလေသန့် ရှူလိုသည်ဆိုပြီး ကုန်းပတ်ပေါ်တွင် နေပါရစေဆို၏။

သို့သော် ကပ္ပတိန်ကမူ ရင်းရင်းနှီးနှီး၊ ပြောဆို ဆက်ဆံသဖြင့် သူ့ရင်ထဲတွင် ကျိတ်၍ ကျေနပ်နေ၏။

မိန်းကလေးက သင်္ဘော ထွက်မည်ပြုတော့ ကပ္ပတိန် လက်မောင်းကို အသာ ကိုင်၍ ပြုံးပြုံးလေးမော့ကြည့်ရင်း...

"ဘတ်ကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်လိုက်ပါနော်"

"စိတ်ချပါကွာ ကိုယ့်ညီလို သဘောထားပါ့မယ်၊ မပူပါနဲ့"

"မပူပါဘူးရှင်၊ ရှင့်လက်ထဲ အပ်ပြီးပြီပဲ၊ ကောင်းကောင်းဆိုးဆိုး ရှင့်တာဝန်ပါ ဟုတ်ဘူးလား။ ဒါပေမဲ့ ရှင့်လူတွေကကော"

"အို... ကိုယ့်လူတွေက အရေးမဟုတ်ပါဘူး၊ ကိုယ်က ဒီသင်္ဘောမှာ အကြီးဆုံးပဲ၊ ကိုယ့်သဘောပါ ကိုယ်ပြောသလို သူတို့ လုပ်ရမှာပေါ့။ နို့ပြီး ဒီသင်္ဘောကို ကိုယ်တစ်ဝက်

ပိုင်တယ်လေ၊ ဘတ်... မင်းမကျေနပ်တာရှိရင် ငါ့ကိုပြော သိလား" ဟု ဆိုလိုက်တော့ ထမင်းချက်ကောင်လေးက ခေါင်းညိတ်ပြီး သူ့တာဝန်တွေ ဆောင်ရွက်ရဦးမယ်ဟု မပွင့်တစ်ပွင့်ပြောကာ အောက်ထပ် ဆင်းသွားလေ၏။

မိန်းကလေးက ဒီတော့မှ ကပ္ပတိန်အနား တိုးထိုင်ရင်း....

"အရာရှိတွေ ထမင်းစားခန်းက သိပ်ကောင်းတယ်နော်၊ ဘတ်လို ထမင်းချက်ကတော့ မီးဖိုချောင်ထဲမှာပဲ ကုပ်ကုပ်ကလေး စားရရှာမှာ သနားစရာလေး"

ကပ္ပတိန်က မိန်းကလေး၏ စကား အသွားအလာကို ရိပ်မိသဖြင့် အချစ်နှင့် စည်းကမ်းကြား လွန်ဆွဲရင်း အောင့်ညှစ်ညှစ်အသံဖြင့်...

"ဒါက သင်္ဘောတိုင်းရဲ့ ထုံးစံပဲကွဲ့၊ အရာရှိမဟုတ်တဲ့ လူတွေဟာ သူတို့နဲ့ ဆိုင်ရာမှာပဲ နေရ စားရမှာပေါ့"

ဒီတော့ မိန်းကလေးက မျက်နှာ ညိုခနဲ ဖြစ်သွားပြီး ကပ္ပတိန်အနီးက သုံးလက်မ လောက် ခွာလိုက်ရင်း နှုတ်ခမ်းစူကာ...

"အို ကျွန်မကလည်း မသိသားစိုးဝါးလိုက်တာ ဟုတ်တာပေါ့၊ စည်းကမ်းအတိုင်း လုပ်ရမှာပေါ့"

ထိုအခါ ကပ္ပတိန်က စိတ်မကောင်းသွားသော မိန်းကလေးကို သူ့အနား ပြန်ဆွဲခေါ်ရမလား၊ လက်တယမ်းယမ်း လုပ်ရင်းက...

"အို... ဒီလိုလည်း မဟုတ်သေးပါဘူးလေ၊ ဘတ်က ကိုယ်တို့ ထမင်းစားခန်းမှာ စားချင်တယ်ဆိုရင် အချိန်မရွေး လာနိုင်ပါတယ်"

သူတို့နှစ်ယောက် ပြောစကားကို တိုင်ကွယ်တစ်ခုတွင် မယောင်မလည် စောင့်နား ထောင်နေသော ပထမ အရာရှိမှာ သူ့ကပ္ပတိန်၏ ပျော့ညံ့မှုကို တွေ့ရသည်၌ အားမလို အားမရဖြစ်ကာ ဒေါသထွက်ထွက်နှင့် အယုတ္တအနတ္တ သူ့ပါးစပ်ထဲ တွေ့သမျှ သူ့တစ်ကိုယ် ကြား ဆဲဆိုရင်း လေကို လက်သီးနှစ်ဖက်နှင့် စွတ်ထိုးနေလေတော့သည်။

ထိုစဉ် မိန်းကလေးက ကပ္ပတိန်နား သုံးလက်မလောက် ပြန်ကပ်လာပြီး…

"ရှင့်ကို ကျွန်မ ဘယ်လို သဘောထားတယ်လို့ ထင်သလဲ၊ ရှင် သိသလား ဟင်"

ကပ္ပတိန်က ဝမ်းသာသယောင် အသံကြီးနှင့်…

"ဟင့်အင်း… မသိဘူး၊ ဘယ်လို သဘောထားသလဲ ပြောစမ်းပါဦး"

ရင် တလှပ်လှပ် ကတုန်ကယင် အသံဖြင့် ပြန်မေးတော့…

"အို… ခုမပြောချင်သေးပါဘူး၊ နောက်တစ်ခေါက်မှ"

မိန်းကလေးက ရှေးကိုင်ထားလိုက်သည်။

ဒီတော့ ကပ္ပတိန်ကလည်း သူ့နှဖူးနှင့် မိန်ကလေးခေါင်း ထိလုမတတ် ငုံ့ရင်း တိုးတိုးကလေး…

"မင်း အပေါ်လည်း ကိုယ်ဘယ်လို သဘောထားသလဲ ဆိုတာ သိတယ် မဟုတ်လား"

"အင်း"

မိန်ကလေးက သူ့မျက်လုံး ညိုညိုကြီးများဖြင့် ဝင့်ခနဲ တစ်ချက်ကြည့်ပြီး နှုတ်ခမ်းထောင့်ကလေးများ ဆတ်ဆတ်တုန်လျှက် တိုးညင်းစွာ ပြန်ဖြေ၏။

ဤသို့ ကောင်းခန်း ရောက်ကာနီးမှ ခြေသံပြင်းပြင်းနှင့် နင်း၍ ပထမအရာရှိ အလိုက်ကန်းဆိုး မသိစွာ အနီးရောက်လာပြီး...

"ဆရာ ဒီရေတောင် ပြည့်နေပြီ"

သို့တိုင် ကပ္ပတိန်က တုံ့ဆိုင်းဆိုင်း လုပ်နေသေး သဖြင့် ပထမအရာရှိက မိန်းကလေးအား သွားသင့်ပြီဟု မလိုတမာ အကြည့်မျိုးဖြင့် ကြည့်ရင်း...

"ကျွန်တော်တို့ ကျောက်ဆူးနုတ်လိုက်တော့မယ်"ဟု ပြောကာချာခနဲ လှည့်ထွက်သွားတော့သည်။

ကပ္ပတိန်က မိန်းကလေး၏ နုနုထွေးထွေး လက်ကလေးကို လှုပ်ယမ်းနှုတ်ဆက်ပြီး တာဝန်က ရှိသေးသမို့ မလွှဲသာ ခွဲခွာ လိုက်ကြရလေသည်။

လန်ဒန်က ထွက်လာပြီး မကြာမီပင် ပထမအရာရှိက မျက်နှာတစ်ခုလုံး တွတ်တွတ်ရဲကာ ကပ္ပတိန်အခန်းထဲ ဒေါသနှင့် ရောက်လာပြီး...

"ဆရာ သူက ကျွန်တော်တို့ အရာရှိ အိပ်ခန်းထဲမှာ လာအိပ်မလို့တဲ့"

သူ့နောက်ကမှ အိပ်ရာလိပ် ရင်ဝယ်ပိုက်ကာ ရင်ကော့ပြီး ရပ်နေသော ထမင်းချက်ဘုတ်။

"အိပ်ပါစေ ငါ ခေါ်ထားတာပဲ၊ ထမင်းလည်းပဲ တို့ထမင်းစား ခန်းထဲမှာ စားလိမ့်မယ်"

ကပ္ပတိန်က ပြောလိုက်တော့ ပထမအရာရှိမှာ ရုတ်တရက် အသက်ရှူ ကျပ်သွားသလိုဖြစ်ကာ နီးရာ သံသေတ္တာ တစ်လုံးပေါ် ထိုင်ချရင်း ဘာပြောရမှန်းမသိ ဖြစ်နေရာ ထမင်းချက်က သူ့ကို သရော်ပြုံး ပြုံးပြပြီး...

"ကဲ... ကျွန်တော်ပြောတာ ယုံပြီမဟုတ်လား၊ ကပ္ပတိန့် ဘော်ဒါပါဆို"

"ယုံနိုင်မလားကွ၊ မဟုတ်တဲ့ ဥစ္စာကြီးကို ထမင်းချက်က အရာရှိ ကွာတာမှာ လာအိပ်ရ စားရတယ်လို့ ဘယ်သင်္ဘောမှာမှ မကြားဖူးဘူး၊ လူကြားရင် ရယ်စရာကြီးတောင် ဖြစ်နေပြီ"ဟု ပြောပြီး မရယ်ချင်ဘဲနှင့် အတင်းညှစ်၍ ကျယ်ကျယ်ကြီး ရယ်လိုက်ပြီး တစ်စုံတစ်ခုနှင့် ကိုယ်ထိလက်ရောက် ပြုမိမည်စိုး၍ မျှော်စင်ပေါ်သို့ စောင့်ကြီးအောင့်ကြီး တက်သွားလေ၏။

နောက်တစ်နေ့ မနက်တွင်လည်း ပထမအရာရှိသည့် ကပ္ပတိန်နှင့် ထမင်းချက် စားသောက် မပြီးမချင်း ထမင်း စားခန်းထဲ ဝင်မလာတော့ချေ။ ထမင်းချက်ကတော့ အခွင့်အရေးကို အပြည့်အဝယူလျက် ရှိချေပြီ။ သင်္ဘောသား အားလုံးကလည်း ဒီကောင့် အပေါ် မကျေနပ်မှုများကို သိသိသာသာ ဖြစ်စေ၊ မသိမသာဖြစ်စေ မျက်နှာအမူအရာ ကိုယ်ဟန် အမူအရာတို့ဖြင့် ပြကြကုန်၏။ တတ်နိုင်လျှင် စိစိညက်ညက် ချေပစ် လိုက်ချင်ကြသည်။ ထမင်းချက်ကလည်း ဒါတွေကို သိသည့်မို့ သူ့ကို ရန်လိုသောသူများအား သူနည်း သူ့ဟန်နှင့် ကလဲ့စားချေ၏။ ခေပုံချေနည်းမှာ သူ့ထမင်းဟင်းများ တနေ့တခြား (သူတို့ထင်သည်ထက်) ညံ့ဖျင်းအောင် ချက်ပြနေခြင်းပေတည်း။

ငါးရက်မြောက်သောနေ့၌ သင်္ဘောသည် 'ကရစ်ဟဲဗင်း' ခေါ်သော ကမ်းရိုးမြို့သို့ ဆိုက်ကပ်လေ၏။ ယင်းမြို့မှာ ကပ္ပတိန် ဇာတိဖြစ်၍ ထမင်းချက်က ကပ္ပတိန်၏အိမ်၌ အထူးဧည့်သည်အဖြစ် ဖိမ်နှင့် တည်းခွင့်ရလေ၏။ သည်တော့ခါ ထမင်းချက်က ဤလို အိမ်မျိုးတွင် ကပ္ပတိန်တစ်ယောက်တည်း ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းကြောင်း၊ သူ့နမ

လုပ်သူမှာလည်း ဤလိုတော့မြို့မျိုးတွင် လေကောင်း လေသန့်ရှူ၍ ကျယ်ကျယ်ဝန်းဝန်း အေးအေးချမ်းချမ်း နေရန် ဝါသနာပါကြောင်း ပြောပြသည်။ ဟိုတစ်ယောက်ကလည်း ထမင်းချက်နမ အကြောင်းသာ နားထောင်ရမယ်ဆိုရင် ထိုင်ရာမှ တယ်ပြီးမထချင်၊ ထိုသို့ နားထောင်ရင်း လေထဲက ရဲတိုက်ကြီးတွင် အစီအစဉ် အမျိုးမျိုး ရေးဆွဲနေလေတော့သည်။ နောက် ၃၅ ရက်အကြာတွင် သူတို့သင်္ဘော လန်ဒန်သို့ ပြန်ရောက်၏။ ဒီတစ်ခါ ထမင်းချက် နမက လာမကြိုသည့် အတွက် ကပ္ပတိန်မှာ မနေနိုင် မထိုင်နိုင်၊ မျောက်မီးခဲ ကိုင်သလို ဖြစ်နေရှာ၏။ သူသည် ထမင်းချက် ကုန်းပေါ်တက်လျှင် အတူလိုက်ရန် ကြံနေသော်လည်း ထမင်းချက်က လန်ဒန်တွင် သင်္ဘော သုံးညနားသည့်အနက်က နှစ်ည သူမသိအောင် တိတ်တိတ် တမင် လစ်သွားခဲ့သည်။ သုံးရက်မြောက်ည သင်္ဘော ကမ်းကစ္စာကာနီးမှာ မစ္စဂျူးဝဲလ် ဆိပ်ခံတံတားပေါ် ရောက်လာပြီး အောက်ကနေ၍ လက်ပြနှုတ်ဆက်၏။ ထိုအချိန်တွင် ထမင်းချက်မှာ မီးဖိုချောင်တွင် အလုပ်ရှုပ်နေသဖြင့် ကပ္ပတိန် တစ်ယောက် တည်းသာ စိတ်ရှိ လက်ရှိ အားရပါးရ လက်မောင်း ပြုတ်လုမတက် ဝှေ့ယမ်း နှုတ်ဆက် ခဲ့ရလေ၏။ နောက်တစ်နေ့တွင်ကား ကပ္ပတိန်သည် ရာဇဝတ်ကောင်ကြွေ့ မဆောင် နိုင်လောက် အောင်ပဲ ဖြစ်လျက် ထမင်းချက်အား နောက်တစ်ခေါက် သင်္ဘော လန်ဒန်ပြန်ရောက်လျှင် မစ္စဂျူးဝဲလ်နှင့် တစ်ညနေလောက် အတူ လျှောက်လည်ပါရစေဟု ခွင့်တောင်းစာ ရေးခိုင်း လေ၏။ ထမင်းချက်က ရေးပေးမည်ဟု ကတိပြုလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်...

"ဒီတစ်ခါတော့ မင်းလိုက်ဖို့ မလိုတော့ဘူး ထင်တယ်၊ မင်းလည်း ငါ့အကြောင်း သိလောက်ပြီ" ဆိုတော့ ဘတ်က ခေါင်းကို တွင်တွင်ယမ်းပြီး

"ဒီလိုတော့ ဖြစ်မယ် မထင်ဘူးဆရာ၊ သူက ကျွန်တော်မပါရင် လိုက်မှာ မဟုတ်ဘူး၊ သူက ငယ်ငယ်လေးကတည်းက လူသိပ်ရှေး သပ်ရပ်တတ်တာ"

"ဒီလိုဆိုလည်း မင်းပါ အတူတူ လိုက်ခဲ့ပြီး ငါက သူနဲ့မင်းနဲ့ လူချင်းကွဲအောင် ထုတ်သွားမယ်ကွာ၊ မင်းက မသိချင်ယောင် ခွဖြနေခဲ့ပေါ့"

"စမ်းကြည့်ပေါ့ ဆရာရယ်"

ထမင်းချက်က စိတ်မပါတပါ ပြန်ပြောသည်။

ကပ္ပတိန်မှာ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို လန်ဒန်ရောက်လျှင် မစ္စဂျူးဝဲလ်နှင့် (ထမင်းချက် မပါဘဲ) ဘယ်လိုနှစ်ပါး သွားကြည့်ရပါ့မလဲ အတွေးနယ်ချဲ့ နေခဲ့တယ်။ လန်ဒန် ပြန်ရောက်၍ ကြိုတင် စာရေးထားသည့်အတိုင်း မစ္စဂျူးဝဲလ်ရောက်လာသော် သုံးယောက်သား ယခင်အတိုင်း လျှောက်လည်ရန် ထွက်ခဲ့ကြသည်။ ကပ္ပတိန်က သူကြံစည် ထားသည့်အတိုင်း လူ အလွန်တိတ်သည့် 'ပက်ပင်း' နှင့် 'ချာရင်ခရော့စ်' လမ်းမကြီး နှစ်ခုကြားမှာ ထမင်းချက်ကို သုံးကြိမ်တိုင်တိုင် ကိုယ်ရောင် ဖျောက်နိုင် ခဲ့သော်လည်း နှစ်ကြိမ်က မိန်းကလေးကိုယ်တိုင် သူ့မောင်ကို ပြန်ရှာတွေ့လေ၍ နောက်ဆုံး တစ်ကြိမ် ဘယ်လိုမှ ရှာမတွေ့တော့သောအခါ၌ ကပ္ပတိန် နားမခံနိုင်လောက်အောင် နားပူနားဆာ လုပ်သောကြောင့် ကပ္ပတိန်ခမျာမှာ သူ့ ရွှေထုပ် ရွှေခဲ ထမင်းချက်ကောင်ကို ကြိုးစားပန်းစား ရှာဖွေ ပေးရလေ၏။ ပြန်တွေ့သောအခါ၌ မောဟိုက်နေသော ကပ္ပတိန်က ထမင်းချက် နားနားကပ်လျှက်...

"မင်းနမက ကလေးဆိုးကြီး ကျနေတယ်ကွ၊ မင်း သူ့မျက်စိ အောက်က ပျောက်သွား တာနဲ့ ပြန်ရှာပေးဖို့ ပူဆာလိုက်တာ လွန်ပါရော"

"ဒီလိုဖြစ်ရမှာပဲ"

ထမင်းချက်က အေးတိအေးစက် ပြန်ပြောတော့ ကပ္ပတိန်က...

"မင်းကလည်း တို့ရှာမတွေ့နိုင်မဲ့နေရာ သွားနေပါလားကွ"

"ဟုတ်ကဲ့ ဆရာ၊ နောက်ကို ကျွန်တော် ကြိုးစားပါ့မယ်" ဟု ပြန်ပြောပြီး သူ့စကားနှင့် လျော်ညီအောင် တစ်ခါတည်း သူသာမဟုတ် သူ့နမပါ နှစ်ယောက်သား ခြေရာ ဖျောက်သွားလေတော့သည်။

ကပ္ပတိန်မှာ အင်မတန် အေးချမ်းလှတဲ့ လန်ဒန် ရာသီဥတုတွင် ချွေးသီးချွေးပေါက် ကျအောင် ရှာသော်လည်း မတွေ့တော့သဖြင့် သဘော်သို့သာ စိတ်ပန်း လူပန်းနှင့် ပြန်လာ ခဲ့ရလေ၏။

သဘော်ပေါ်ရောက်တော့ ထမင်းချက်က ခုမှ စိတ်အေး ရတော့တယ်ဟူသော ပုံသဏ္ဌာန်ဖြင့် သူ့ရင်ဘတ်သူ လက်နှင့်ဖိကာ...

"အောင်မယ်လေး ဆရာရယ် ဘယ်များ ရောက်သွားတာတုန်း၊ ဆရာက ကျွန်တော့်ကို တံတောင်နဲ့ တွတ်ပြီး အချက်ပေးလို့ ကျွန်တော် ထွက်လာပါတယ်။ ကျွန်တော့် နမက ကျွန်တော့်ကို ငါးမိနစ်အတွင်း ပြန်ရှာ တွေ့သွားတယ်။ ဒါပေမဲ့ ဆရာ့ ကြည့်လိုက်တော့ ဘယ်ရောက်နေလဲ မသိဘူး။ ကျွန်တော်တို့ မောင်နှမနှစ်ယောက် ရှာလိုက်ရတာ ချာချာကိုလည်ရော၊ ခုဆရာ ဘယ်က ပြန်လာတာလဲ"

ကပ္ပတိန်ခမျာ တံတွေးတမျိုမျို လည်ပင်းက စခေါက်ကြီး တလှုပ်လှုပ်နှင့် နေ၏။

နောက်တစ်နေ့ ညနေကျပြန်တော့ ထမင်းချက်က ရုပ်ရှင်သွားကြည့်ရန် အကြံ ပေးသော်လည်း သူ့နမက ရုပ်ရှင် မကြည့်ချင်၊ လန်ဒန်မြို့က တစ်ပတ် ဘတ်စ်ကား လျှောက်စီးမယ် ဆိုသဖြင့် သုံးယောက်သား ကားပေါ် တက်ခဲ့ကြရာ ဒီတစ်ခါတော့

ကံကောင်း ထောက်မ၍ ကပ္ပတိန် ခများမှာ ကောင်မလေးနှင့် တစ်တွဲခံ တစ်ခုပေါ်မှာ ထိုင်ရသည်။

ထမင်းချက်က သူတို့နောက် သုံးခုံ အကွာမှာ နေရာရသဖြင့် ထိုမှထိုင်ပြီး မပြတ်သော လုံ့လဖြင့် သူ့ရှေ့နမကို စောင့်ကြည့်နေသည်။

ကပ္ပတိန်ကလည်း အချိန်ရှိခိုက် လုံ့လစိုက်၍ နယ်မှာ သူ့အိမ်ကျယ်ကျယ် ဝန်းကျယ်ကျယ်နှင့် နေရသော စည်းစိမ်ချမ်းသာကို သွားရည်ကျလောက်စရာ ပြောပြနေရာ ကလေးမက သက်ပြင်းကြီးချပြီး...

"အင်း... အကိုကြီး ပြောတာကြားရတော့ မစားရ ယခမန်းပါပဲ၊ ဒါပေမဲ့ ကျမတို့က ကိုယ့်ဝမ်းစာ ကိုယ်ရှာရတော့ ကိုယ့်အလုပ်ရှိရာမြို့မှာပဲ နေရတော့တာ ဘယ့်နယ်လုပ်မလဲ"

"ဒါက အကြောင်းမဟုတ်ပါဘူး၊ လူချမ်းသာ တစ်ယောက်နဲ့ ယူပြီး အဲ့ဒီ လိုက်နေ ရုံပေါ့"

ကပ္ပတိန်က မဝံ့မရဲ သွေးတိုးစမ်းကလေး ပြောလေရာ ကောင်မလေးက ကြက်သီး ထသလို ကိုယ်ကို တွန့်လိုက်ပြီး...

"ဟင်... ဒီလိုနေနိုင်ဖို့ လင်ယူရဦးမယ် ဟုတ်လား"

"အို လင်ရယ် မယားရယ် အိမ်ထောင်ပြုကြတာ အဆန်းမဟုတ်ပါဘူးကွယ်"

"အိမ်ထောင့်တာဝန် ထမ်းရမှာတော့ ကျွန်မ ကြောက်တယ်ရှင့်၊ ရှင်ကော"

"အောင်မယ် ဘာပြုလို့ ကြောက်ရမှာလဲ"

"မညာနဲ့နော်၊ ဒါဖြင့် ဒီအသက်အရွယ်အထိ ဘာပြုလို့ တစ်ကိုယ်တည်း လူပျိုကြီး လုပ်နေသလဲ"

သည်တော့ ကပ္ပတိန်အဖို့ အကွက်ဝင်သွားတာပေါ့။

"ဩော်... ဒါကတော့ ကိုယ့်စိတ်ကြိုက် မတွေ့သေးလို့ပေါ့ကွာ၊ အဲဒါ အရင်တုန်းက ပြောတာလေ"

"အင်း... ကျွန်မကတော့ မယူမဖြစ်လို့ ယူရရင် ကိုယ့်ထက် အသက်ငယ်ငယ် ယူရင် ပိုကောင်းမလားလို့ပါ"

"အလိုလေးဗျာ... ဘာကြောင့်များလဲ"

"ဘာကြောင့်ရယ်လို့ မဟုတ်ပါဘူး၊ ကျွန်မစိတ်ထဲမှာ ယောကျ်ားငယ်ငယ်ယူရင် ပိုကောင်းမလားလို့ပါ"

ဤတွင် ကပ္ပတိန်က စိုးရိမ်ကြီးစွာဖြင့် ကြီးရင်မှီ၊ ငယ်ရင်ချီဆိုသော အကြောင်းတရား အကျိုးတရားများကို ပြောရင်း နှစ်ယောက်သား ငြင်းခုန်နေကြစဉ် သူတို့နှင့် ကပ်လျက် နောက်ခုံသို့ ဘယ်အချိန်က ရောက်နေမှန်း မသိသော ထမင်းချက်က လည်း နမဘက်က ဝင်ရောက် ထောက်ခံ ပြောဆိုရာ ကပ္ပတိန်မှာ နှစ်ယောက်နှင့် တစ်ယောက် မတတ်သာဘဲ အလျှော့ ပေးလိုက်ရတော့သည်။

ထိုည ကပ္ပတိန်သည် ဖူးရေအလက်တင် စဉ်းစားခန်းဝင်ရင်း ဒီလောက် ခဲခဲ ယဉ်းယဉ်းနှင့် ကဏ္ဍကောစ ရှိလှသော ကလေးမကို စိတ်ပျက်ချင်သလိုလိုပင် ဖြစ်မိသည်။

ခရီးစဉ် တစ်ခေါက်ပြီး တစ်ခေါက် သွားခဲ့ပြန်ခဲ့ပြီး ဒီထမင်းချက်နှင့် သဘော်သား များ တစ်နေ့လျှင် နစ်ဆယ့်လေးနာရီ ပဋိပက္ခဖြစ်နေကြသည်။

ကာ့တ္တိရန္ဓယ်ဝင် ထိုမိန်းကလေးကလည်း ကပ္ပတိန်ကို ခုတစ်မျူး ခုတစ်မျိုးနှင့် လှည့်စားနေ၏။ အလွန် စိတ်ထားကောင်းပြီး စိတ်ရှည်သော ကပ္ပတိန်ခမျာမှာ သပမာ ညဥ့်ဦးတွင် ဒီမိန်းကလေးတော့ ဒီဘဝ ဒီမျှသာဟု အောက်မေ့သော်လည်း နောက်တစ်နေ့ တွင် မိန်းကလေးက အမူတစ်မျိုး ပြောင်း၍ ကောင်းခြင်းငါးဖြာ သူ့ရုပ်နှင့် ပြုံးကာရယ်ကာ လုပ်လာပြန်တော့ လူပျိုသိုးကြီး အရည်ပျော်ရပြန်သည်။

ထမင်းချက်လည်း သူ့နမကို မျက်စိအောက်က အပျောက်မခံတော့ စိတ်သွားတိုင်း ကိုယ်မပါ ဖြစ်ရသည်။ သို့သော် အစရှိလျှင် အဆုံးရှိရမည့် လောက ဓမ္မတာအရ အောက်တိုဘာ ညနေခင်းတစ်ခု၌ ဇာတ်သိမ်းရန် ဖန်လာခဲ့ပေတော့သည်။

ထိုညနေ၌ ကပ္ပတိန်သည် မိန်းကလေးအား မရမက လက်ဖက်ရည်သောက် ဖိတ်ခဲ့ပြီး မြို့ထဲက စားသောက်ဖွယ်တွေ တစ်ထုပ်တစ်ပိုးကြီးနှင့် ရောက်လာ၏။

အထူးလက်ဖက်ရည်ပွဲမို့ စားပွဲပြာစ်ခုလုံး ပြည့်လျှံနေအောင် မုန့်မျိုးစုံ တည်ခင်း ထား၏။ ဟိုဟာ နေရာမကျ၊ သည်ဟာ နေရာမကျဟု မကြာခဏ ပြန်လည်ပြင်ဆင် ခိုင်းနေ သဖြင့် စားပွဲထိုးကလေးမှာ အလွန်ပင်ပန်း ညည်းညူနေလေပြီ။

သို့သော် မိန်းကလေးကား ချိန်းထားသောအချိန် လွန်သည့်တိုင် ပေါ်မလာ။ အရေးထဲ ထမင်းချက် ဘတ်က ပျောက်ချက်သား ကောင်းနေ၏။

သို့နှင့် အများ စားချိန် ရောက်တော့ ပထမ အရာရှိက သူ့စိတ်၌ ခပ်ချဉ်ချဉ်ရှိသည်နှင့် မုန့်တွေကိုပါးဖြိနားဖြိစားရင်း ကောင်မလေးကို လည်တဆန့်ဆန့် မျှော်နေသော သူ့ကပ္ပတိန်အား...

"ဆရာကော လက်ဖက်ရည် မသောက်သေးဘူးလား"

ဟု မသိချင်ယောင်ဆောင်၍ မေးလေ၏။ ကပ္ပတိန်က ရင်ပူသော်လည်း အပြင်မှု အေးစက်စက်နှင့်...

"ဖြည်းဖြည်းပေါ့ကွာ၊ ခဏ စောင့်လိုက်ဦးမယ်"

"ဘယ်သူ့ကို စောင့်မှာလဲ"

ပထမအရာရှိက မသိကျိုးကျွံပြု၍ မေး၏။ ကပ္ပတိန်က မျက်နှာ ခပ်ရှိန်းရှိန်းနှင့် "အို... ငါ့မိတ်ဆွေပါကွာ" ဟု တိုတိုတုတ်တုတ် ဖြေ၏။

"စောင့်မနေပါနဲ့တော့ဗျာ၊ လာမှာမဟုတ်ပါဘူး"

ကပ္ပတိန်က သူ့အရာရှိကို ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး...

"ဘာကြောင့် မလာရမှာလဲ"

"ဘာကြောင့် မလာရမှာလဲဆိုရင် ဆရာ့စိတ်သဘောထားကောင်းမှုကို အခြေပြုပြီး ဆရာ့ အချစ်တော်ကြီး ထမင်းချက် ခွေးမသားက ဆရာ့ကို ခုတုံးလုပ် အုပ်ထည့် သွားလို့ပဲဗျ။ သူက အခု မြို့ထဲမှာ အိမ်ခန်းရှာပြီး သင်္ဘောပေါ်က တစ်ခါတည်း ဆင်းသွားပြီ ဆရာရဲ့၊ ဆရာ့ကို အချစ်များစွာနဲ့ နှုတ်ဆက် ခဲ့ပါတယ်လို့ စတိုခန်းမှူး 'ဘီလီယန့်' ကို ပြောထား ခဲ့သေးသတဲ့"

သည်တော့မှ ကပ္ပတိန် မျက်လုံးပြူးပြီး...

"မြို့ထဲမှာ အိမ်ခန်းရှာတယ် ဟုတ်လား၊ ဘာလုပ်ဖို့တဲ့လဲ"

"ဘာလုပ်ဖို့လဲ ဟုတ်လား... ဆရာ့လို လူပျိုရိုးကြီးတွေ အဲဒါ ခက်တာပဲ၊ ဒီကောင်က ဆရာ့ကို တစ်ချိန်လုံး အရှုးလုပ်၊ မျောက်ပြ ဆန်တောင်းနေခဲ့တာ ဆရာရဲ့၊ ကောင်မလေး ဗန်းပြပြီး ကိုယ်နဲ့ မတန်မရာ အရာရှိတွေ ကွာတာထဲလာပြီး အိပ်လိုက် စားလိုက် လုပ်နေတာ သူ့အတွက်ကတော့ သပိတ်ဝင် အိတ်ဝင်ပေါ့ဗျာ၊ သူ ဒီလို လူလည် လုပ်ခဲ့တာတွေ ပြောပြီး ထွက်ခတ်ခတ်တဲ့ သဘောနဲ့ ဒင်းက ရယ်လိုက်တာများ မျက်ရည်ကို ထွက်ကရောတဲ့... ဘီလီက ကျွန်တော့်ကို ပြောတယ်"

"တော်စမ်းကွာ"

ကပ္ပတိန်က ရက်ကိုး ရက်ကန်းနဲ့ ငေါက်တော့ ပထမအရာရှိက ဒေါပွပွနှင့် သူတို့ချင်း ညီအစ်ကိုလို ခင်မင်နေသူမို့ "ခုမှ ရက်မနေပါနဲ့တော့ဗျာ၊ ကျွန်တော်က ဘီလီ ပြောသမျှ ပြန်ပြေရတာပါ၊ ဆရာ့နောက်ကွယ်မှာ လူတိုင်း ရယ်ကြတာပဲ၊ သူတို့တစ်တွေ သဘောအကျဆုံး ဟားကွက်ကတော့ ဆရာက ကောင်မလေးကို သူ့နှမလို့ ထင်နေတာပဲ"

ကပ္ပတိန်ခမျာ ဘာမှ ပြန်မပြောနိုင်ဘဲ လေဖြတ်သွားသလို အကြောင်သား ငေးနေ၏။ ပထမအရာရှိက အားနာပါးနာနှင့် မပြောမပြီးသဖြင့်...

"သူတို့က ခရစ္စမတ်ကျရင် လက်ထပ်ကြတော့မှာတဲ့"

ကပ္ပတိန်က သူ့ကိုယ်ကို တောင့်တောင့်ကြီး ထိုင်လိုက်ပြီး မဘက်လိုက်တော့ မိုက်ဘက် ပါမိပုံများ စိတ်ထဲ ရေးရေးနှင့် ရုပ်ရှင်ပြကွင်းများလို တစ်ကွက်ပြီးတစ်ကွက် ပေါ်လာသည်။ နောက် မနေ့ညက ကလေးမက သူ့အား "ဂွတ်နိုက်" ဟု နှုတ်ဆက်စဉ်က

သူ့မျက်နှာမှာ ကရဏာ သက်ပုံလေး သတိရမိသည်။ အို ဒီကရဏာသက်ပုံက ငါ့ကို ရှေ့ဆက် ကြင်နာဖို့ မဟုတ်ဘဲ အပြီးခွဲခွာရမှာမို့ သနားဖြင်းပါလား၊ ငါ့နယ် ဖြစ်မှ ဖြစ်ရလေ ဟယ်။ ကပ္ပတိန် စိတ်ထဲမှာ ရင်ထုမနာ။ ပထမ အရာရှိမှာလည်း သူ့ဆရာ မချိတရိ ဖြစ်နေပုံကိုကြည့်၍ အင်မတိ အင်မတန် သနားကရဏာ ပွားလျှက်ရှိပါ၏။

ထိုစဉ် အပေါ်ထပ်မှ ခပ်သွက်သွက် လှမ်းလာသော ခြေသံများကြားရပြီး မကြာမီ ထမင်း စားခန်းထဲသို့ ဆင်းလာသော လှေကားမှ လှပသော ခြေကလေး နှစ်ချောင်း ထွက်လာသည်။ ပြီးတော့ မိန်းကလေး၏ ကြော့ရှင်းလှပသော ကိုယ်လုံးကလေး...

"ပထမအရာရှိ ပါးစပ် အဟောင်းသားနှင့် လက်ဖက်ရည် ပန်းကန်ကိုချပြီး ကပ္ပတိန်ကို သတိထားဟူသော အသိပေး မျက်လုံးများနှင့် ကြည့်ရင်း စားပွဲမှထပြီး အလိုက်သိစွာ ရှောင်ခွာသွားသည်။

"ကျွန်မ နည်းနည်း နောက်ကျသွားတာ ခွင့်လွှတ်ပါရှင်"

ကလေးမက သူ့ကို အေးတိအေးစက်နှင့် ကြောင်တောင်ကြီး ကြည့်နေသော ကပ္ပတိန်ထံ လာ၍ လက်ကမ်း နှုတ်ဆက်ရင်း ပြောသည်။ ကပ္ပတိန်မှာ ဘာပြန်ပြောရမှန်း မသိနှင့် ယောင်နန ဖြစ်နေရာ မိန်းကလေးမှာ မျက်နှာကလေး နီမြန်းသွားပြီး...

"ရှင် ကျွန်မကို လာမယ်လို့ မမျှော်လင့်ဘူး မဟုတ်လား"

"ဟုတ်တယ်"

ကပ္ပတိန်က တိုတိုတုတ်တုတ် ဖွင့်ဟ လိုက်တော့ ကလေးမက စားပွဲခင်းကို လက်သည်းကလေးများဖြင့် ခြစ်ရင်း မျက်လွှာချလျှက်...

"ခု ကျွန်မလာတာ ကျွန်မကို ခွင့်လွှတ်ဖို့ တောင်းပန်မလို့ပါ"

ကပ္ပတိန်ကလည်း ချောင်းတစ်ချက် ရှင်းလိုက်ပြီး...

"အို ကျုပ်ကို တောင်းပန်ဖို့ မလိုပါဘူး၊ တကယ်တော့ ကျုပ်လို လူရိုးလူအတွေဟာ မင်းတို့အတွက် ကျီစားစရာ၊ ကစားစရာ အရုပ်တစ်မျိုးပေါ့။ ကျုပ်က မသိသားဆိုးရွားပြီး မင်းကို အနှောင့်အယှက် ပြုမိခဲ့တာတွေ ကျုပ်က တောင်းပန်ရမှာပါ"

မိန်းကလေးမှာ မျက်စိမျက်နှာပျက် ရက်ကြောက် အားနာဖြစ်လျှက်...

"ကျွန်မမှာ အဲ့သလို စိတ်ထားမျိုး မရှိရိုးအမှန်ပါရှင်၊ ရှင်က ကျွန်မကို ဘတ်ရဲ့ နမလားလို့ ရုတ်တရက် မေးလိုက်တော့ ကျွန်မကလည်း အမှတ်တမဲ့ပဲ ပြီးစလွယ်... ဟုတ်ပါတယ် ပြောခဲ့မိတယ်။ နောက်တော့ ဘတ်က အထာပေါက်ပြီး သူ့နမယောင်ဆောင် နေရင် သူ့အတွက် သင်္ဘောပေါ်မှာ အဆင်ပြေမယ်ဆိုလို့"

"ကျုပ် နားလည်ပါပြီလေ"

ကပ္ပတိန်က ထောက်လိုက်သည်။ မိန်းကလေးမှာ ရှေ့ဆက် အပြောရ ခက်နေသဖြင့် လုပ်မိလုပ်ရာ ပန်းကန်ထဲက ဘီစကွတ်မှုန့်များကို ချိုးဖဲ့ပြီး စားပွဲနှတ်ခမ်း တန်းစီ နေရာက အားတင်းလျှက်...

"နောက်တော့ ရှင် ကျွန်မနဲ့ အတူသွားလာ လည်ပတ်နေတာကိုပါ လိုက်လျော နေမိတယ်။ ဒါဟာ ရှင့်ကို သပ်သပ် နှိပ်စက်သလို ဖြစ်နေတာ အစက မတွေးမိဘူး"

မိန်းကလေးက ဘီစကွတ် အကျိုးအပဲ့တွေ လက်နှင့် စုဖယ်လိုက်ပြီး သူ့မျက်လုံး ညိုရွှဲရွှဲကြီးတွေမှာ အရည် တလဲ့လဲ့နှင့် ကပ္ပတိန်ကို အားနာစွာ မော်ကြည့်ရင်း ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကိစ္စမရှိပါဘူး၊ ကျုပ်မှာ အဖြစ်မှန် သိတော့ လူရယ်စရာကြီး ဖြစ်နေပေမဲ့ မင်းအတွက် ဆိုရင် သူများ တံတွေးနဲ့ ထွေးလည်း ခံဖို့အသင့်ပါပဲ၊ ဘတ်ကိုလည်း ပြောပြလိုက်ပါ၊ ကိုယ် သူ့ကို ဗွေမယူပါဘူး၊ သင်္ဘောမှာ အလုပ်ပြန်ဆင်းချင်လည်း ပြန်ဆင်းပါလို့"

"အို... သူလာတော့မှာ မဟုတ်ပါဘူး"

"အေး... ဟုတ်ပါရဲ့လေ၊ လာစရာလည်း မလိုတော့ဘူး မဟုတ်လား"

မိန်းကလေးက အောက်နှုတ်ခမ်းလေးကို အသာကိုက်ပြီး ဖြည်းညင်းစွာ ထိုင်ရာမှ ထရင်း ကပ္ပတိန်ကို နှုတ်ဆက်သည်။

"သွားတော့မယ်နော်"

"ကောင်းပါပြီဗျာ၊ မင်းတို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင် ရှိကြမယ်ဆိုရင် ကိုယ် ကျေနပ်ပါတယ်"

မိန်းကလေးက သောက်ရှုးကြယ်လို အရောင်တောက်ပ မျက်ဝန်းကျယ်ကြီး များနှင့် ဝင့်ခနဲ တစ်ချက်ကြည့်ရင်း...

"ကျွန်မတို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင်... ဟုတ်လား၊ ဘာကြောင့် ပျော်ရမှာတုံး"

"ဩော်... ချစ်သူချင်း တူနှစ်ကိုယ်ညားကြ၊ မင်္ဂလာဆောင်ကြတော့"

မိန်းကလေးက ကပ္ပတိန်စကားကို ဖြတ်၍...

"အို... ကျွန်မကတော့ သူ့ကို လက်မထပ်တော့ပါဘူး"

ကပ္ပတိန်က အံ့အားသင့်လျှက်...

"ဘာကြောင့်"

"အို ကျွန်မ သူ့ကို နောက်ပိုင်းမှာ သုံးသပ်ကြည့်တယ်။ ဘာမှ ကိုယ်စွမ်းကိုယ်စ မရှိပဲနဲ့ ကျွန်မလို မိန်းမသား တစ်ဖက်သား ဇန်းပြလှည့်စားပြီး ကိုယ်ကျိုးရှာတဲ့ လူစားမျိုးကို ဘာလုပ်ဖို့တုန်း၊ နေ့လယ်ကပဲ ကျွန်မ သူ့ကို အပြတ်ပြောလိုက်ပြီ၊ ကဲ... သွားမယ်နော် ကပ္ပတိန်"

ရက်သွေးလွှမ်းသော မျက်နှာကလေးနှင့် ကလေးမက လှေကားပေါ် အပြေး တက်သွားသည်။

အပေါ်ဆုံးထစ် ရောက်လုနီးမှ ထုံကျင်နေသော ကပ္ပတိန်၏ ဦးနှောက်ထဲကို 'ဒီအကြောင်း သူ ငါ့ကို လာပြောတာ ဘာ့ကြောင့်လဲ' ဟူသော အသိဉာဏ် ဝင်လာသည်နှင့် ကပ္ပတိန်သည် ထိုင်ရာမှ ပြုန်းခနဲထ၊ သူ့ခြေတံရှည်ကြီးများက လှေကားထစ်များကိုကျော်၊ နှစ်လှမ်းတည်းနှင့် ကောင်မလေးကို မှီ၍ ဆွဲမိဆွဲရာ ဆွဲလိုက်ရာ ဂါဝန်အဖျားစ ဖြစ်နေ သဖြင့် မိန်းကလေးသည် ကပ္ပတိန်၏ ရင်ခွင်ထဲသို့ ပက်လက်လန် ကျလာလေရာ ကပ္ပတိန်က ဆီးကြို ပွေ့ပိုက်ထားလိုက်လေသတည်း။

❄ ❄ ❄❄ ❄

## အိမ်ထောင်ဦးစီး

ယခု ဤဝတ္ထုဋ္ဌ ကျွန်ုပ်တို့၏ ဇာတ်လိုက် 'မစ္စတာလက်'သည် မူလက ကြံရွယ်ချက် မရှိသော်လည်း နှစ်ဦးနှစ်ဖက် အကျိုးငှာ လမ်းခုလတ် သင်္ဘောဆိပ်ကမ်းမြို့သို့ သင်္ဘော ကပ်သောအခါ သူကိုယ်တိုင် သေတ္တာတစ်လုံး ပခုံးပေါ်ထမ်းလျှက် သင်္ဘောပေါ်မှ ဆင်းခဲ့လေ၏။

ဆိပ်ကမ်းပေါ်သို့အရောက် နောက်ပြန် လှည့်ကြည့်လိုက်သောအခါ မိမိသင်္ဘော ပေါ်မှ ဆင်းသွားသည်ကို ထိပေါက်သလို ဝမ်းမြောက်သော မျက်နှာများနှင့် ကြည့်နေကြသည့် သင်္ဘောသားများကို မြင်ရလေသည်။

သူသည် ဆပ်ကမ်းနှင့် အနီးဆုံး ဈေးပေါပေါ တည်းခိုခန်း တစ်ခုကို ငှားရမ်း၍ သေတ္တာကို အခန်းထဲတွင် တံခါးကို သော့ခတ်ပြီး မလှမ်းမကမ်းရှိ အများထိုင်ခုံတန်းရှည် တစ်ဖက်စွန်းတွင် စိတ်ပျက်လက်ပျက်နှင့် ထိုင်ချလိုက်ကာ ငူတူတူ ငိုင်တိုင်တိုင်နှင့် ရှေ့ရေးကိုတွေးတော ပူပန်လျက်ရှိသည်။

မစ္စတာလက်သည် အသက် ၁၆ နှစ်အရွယ်မှ စတင်ကာ ပင်လယ်ကူး သင်္ဘော ကြီးများနှင့် အခေါက်ခေါက် အလီအလီ လိုက်နေသည်မှာ ငြီးငွေ့လှပြီ ဖြစ်၍ ယခု

မိမိအသက် ၂၅ နှစ်ထဲသို့ ရောက်သော် မိမိ တတ်နိုင်သမျှ စုဆောင်းထားသော ငွေထုပ် ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် သင်္ဘောကြီးပေါ်မှ အပြီးအပိုင် ဆင်းခဲ့ခြင်း ဖြစ်လေသည်။

သို့သော် လမ်းခရီးတွင် မိမိ ငွေထုပ်ကလေးကို မထိပါးစိမ့်သောငှာ ကမ်းရိုးတန်း သွား 'ကာလူး' မည်သော သင်္ဘောတွင် ထမင်းချက်အဖြစ်နှင့် လိုက်ပါခဲ့၏။

ဤတွင် တစ်သက်လုံး သင်္ဘောပေးတွင် လက်သမားသာ လုပ်ခဲ့ဖူးသော မစ္စတာလက်မှာ စားဖိုခန်းတွင် ဒုက္ခလှလှကြီး တွေ့ရတော့သည်။

လူတို့သည် အစာအာဟာရကို နေ့စဉ်မပြတ် စားကြသဖြင့် ချက်တာပြုတ်တာကို မစဉ်းစားမိကြ။ စားချိန်တန်လျှင် ကိုယ့်ရှေ့ ရောက်လာတယ်ဟု အောက်မေ့ကြသည်။

တကယ်တော့ စားရတာလွယ်သလောက် ချက်ပြုတ်မှုက ခဲယဉ်းလှ၏။ ထို့ကြောင့် ကားလူးသင်္ဘော ပထမ ဆိပ်ကမ်းက ထွက်ခွာသည်မှစ၍ ကိုယ့်အလုပ် မဟုတ်သည်ကို ဝင်လုပ်မိသော မစ္စတာလက်၏ လက်ရာကို စားမျိုခဲ့ရသော သင်္ဘောသားတို့မှာ တတိယ မြို့သို့ သင်္ဘော ဆိုက်ကပ်သောအခါ တကယ့် ထမင်းချက် အစစ်ကို ငှားယမ်းတော့မည်ဟု သူ့အား သင်္ဘောပေါ်မှ ကန်မချရုံတမယ် အလုပ်က ဖြုတ်ပစ်လိုက်ခြင်းဖြစ်၏။

မစ္စတာလက်သည် ခုံတန်းရှည် တစ်ခုပေါ်ထိုင်ကာ စီးကရက်တစ်လိပ်ကို ပါးစပ်တွင် ကပ်လျက် ငေးမောနေစဉ် ခုံတစ်ဖက်စွန်းက ငြိမ့်ခနဲ လှုပ်သွားသောကြောင့် သူ့အတွေး ပျက်သွား၍ လှည့်ကြည့်လိုက်ရာ အသက်၄၀ ခန့် အဝတ်အစား နွမ်းပါး သော်လည်း ရုပ်ရည် သန့်ပြန့်သော အဒေါ်ကြီးတစ်ယောက် ခုံတန်းတစ်ဖက်၌ ထိုင်လိုက် သည်ကို တွေ့ရသဖြင့် သူတို့ အင်္ဂလိပ်လူမျိုးတို့၏ ယဉ်ကျေးမှုအတိုင်း ဝတ်ကျေတန်းကျေ ပင္ရွိသန္ခါရပြုလေ၏။

"ဒီနေ့ နေသာတယ်နော်"

အဒေါ်ကြီးက ကြားဟန်မတူ။ ဟိုအဝေး မိုးကုတ် စက်ဝိုင်းအောက်မှ ပင်လယ်ပြင် ပြာပြာကြီးကို ငေးကြည့်နေလေသဖြင့် သူက ဆက်လက်၍...

"ဒီမယ် ဒေါ်ဒေါ်... ထမင်းဟင်းများ ချက်ဖူးသလားဟင်"

သူ့မေးခွန်းကြောင့် အဒေါ်ကြီးက တအံ့တသြ လှည့်ကြည့်ကာ...

"အို... ငါတစ်သက်လုံး ချက်နေတာပဲကွယ်၊ ဘာကြောင့် မေးတာလဲ သူငယ်"

"သြော်... အမဲသားကို မတူးမခြစ်စေဘဲ နူးနူးနပ်နပ်နဲ့ အနေတော်ဖြစ်အောင် ချက်တတ်မဲ့ ထမင်းချက် အလုပ်ကို ကျွန်တော့်တစ်သက်မှာ နောက်ထပ် ဘယ်တော့မှ လုပ်ဖြစ်မယ် မဟုတ်တော့ပါဘူး" ဟု အစချီလျှက် ကာလူးသင်္ဘောပေါ်မှာ သူ၏ အတွေ့ အကြုံများကို စိတ်နာနာနှင့် ပြန်လည် ဖောက်သည်ချသည်တွင် နားသောတဆင်နေသော အဒေါ်ကြီးမှာ စုပ်တသပ်သပ်နှင့် ကရုဏာသပ်စွာ...

"မင်းတို့အရွယ် ယောကျ်ားလေးတွေဟာ ဘယ်မှာ ထမင်းဟင်း ချက်တတ်ပါ့မလဲ ကွယ်၊ အခုနယ် အဒေါ့်သားရှိရင်လည်း မင်းအရွယ်လောက်ပေါ့။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၉ နှစ်လောက်ကပဲ သူ့ခများလေး သင်္ဘောနစ်တဲ့အထဲ ပါသွားရှာတယ်ကွဲ့၊ သူလည်း မင်းလို သင်္ဘောသားပဲ၊ မင်းနဲ့ ရုပ်ရည် နည်းနည်းဆင်တယ်။ မင်းမြင်တော့ ငါ့သားလေး အောက်မေ့လိုက်တာကွယ်"

အဒေါ်ကြီးသည် မျက်ရည်လေး တဝဲဝဲနှင့် ပြောသောအခါ မစ္စတာလက်သည် စိတ်မကောင်းခြင်း ဖြစ်သွားပြီး...

"အို သွပ်သွပ်သွပ်သွပ်... ဝမ်းနည်းပါတယ် ဒေါ်ဒေါ်ရယ်"

ထိုအခါ အဒေါ်ကြီးက အကြောဖျဉ်းဖျဉ်း ထနေသော သူ့လက်ဖမိုး ပိန်ခြောက်ခြောက် ကလေးနှင့် မျက်ရည်တို့ကို ပွတ်သုတ်လိုက်ကာ...

"အင်း... ကြာတော့ကြာလှပေါ့၊ သားကလေး တစ်ဆယ့် ခြောက်နှစ်အရွယ်က ဆုံးတာပေမဲ့ တစ်ဦးတည်းသော သားကလေးဖြစ်လေတော့ ကြာလေ မေ့မရလေပါပဲကွယ်"

"သူတို့သင်္ဘောက ဘယ်နားမှာ နစ်တာလဲ ဒေါ်ဒေါ်"

"ဩစတြေးလျပြည်၊ မဲလ်ဘုန်းမြို့ကို အသွားမှာ နစ်တယ် ပြောတာပဲကွယ့်၊ ဒေါ်ဒေါ်ကိုက ကံဆိုး ပါတယ်လေ၊ သားကလေး အင်္ဂလန်က ထွက်သွားပြီး တစ်ပတ်လောက် အကြာမှာ အဒေါ့်ခင်ပွန်းသည်က ဆုံးတယ်။ ၃ လကြာတော့ သားကလေး သင်္ဘော နစ်ရာမှာ ပါသွားတယ်လို့ ကြားရတာပဲ။ ဒါတင်မကသေးဘူး အရင်လွန်ခဲ့တဲ့ ၂ နှစ်လောက်က အဒေါ်လည်း အားကိုးရာရမလား လင်တစ်ယောက် ကောက်ယူမိတာ ငါးပါးကြီး မှောက်တာပါပဲ။ အေးလေ... အဒေါ်ကလည်း ဘာ့ကြောင့်များ ဒီအကြောင်းတွေ မင်းကို ပြောပြနေမိပါလိမ့်။ မင်းဟာ ငါ့သားလေးနဲ့ တူလို့ထင်ပါရဲ့၊ မဆိုင်တာတွေ ပြောမိတာ ခွင့်လွှတ်ပါနော်"

"အို... ကျွန်တော့်ကို အားမနာပါနဲ့ ဒေါ်ဒေါ်၊ ပြောချင်တာရှိ ပြောသာပြောပါ။ ကျွန်တော်က ခု ဘာအလုပ်မှ ရှိတဲ့ကောင်မဟုတ်ပါဘူး။ အဒေါ် ကြိုက်သလောက်ပြော... ကျွန်တော် နားထောင်နေနိုင်ပါတယ်"

မစ္စတာလက်သည် စီးကရက် တစ်လိပ်ကို မီးထပ်ညှိပြီး အဒေါ်ကြီး၏ သူ့အိမ်တွင်းရေးတွေ ရင်ဖွင့်နေသမျှကို နားထောင်ရင်း မိမိတစ်ကိုယ်တည်း အေးအေးလူပျိုကလေး လုပ်နေမိသည်ကိုပင် ဝမ်းမြောက်နေမိ၏။

"ဒီလူ့ကို ယူတဲ့နေ့ကစပြီး အဒေါ့်မှာ အငှားခန္ဓာကိုယ်လို ဖြစ်နေရတော့တာပါပဲ၊ နေရာတကာ သူ့သြဇာချည်း ခံနေရတော့တယ်။ သားကလေးသာ ရှိရင် ဒီလိုဖြစ်မှာမဟုတ်ဘူး။ အဒေါ် အခုနေတဲ့ အိမ်နဲ့ အိမ်တွင်း ပရိဘောဂတွေကို သားနာမည်နဲ့ သူ့အဖေက ထားခဲ့တာ၊ သားသေတယ်ကြားတော့ ဟိုလူကလည်း ဒီပစ္စည်းတွေ မက်ပြီး အဒေါ့်ကိုယူတာ သေချာပါတယ်လေ၊ အဒေါ့်အတွက် ထားခဲ့တဲ့ ငွေကလေးတွေလည်း ကုန်ပြီ၊ ဒီတော့ အခု သူက သားကလေး ပိုင်ဆိုင်တဲ့ အိမ်ထောင် ပရိဘောဂတွေကို ဒီနေ့ ထုတ်ရောင်းမယ်ဆိုလို့ အဒေါ်လည်း မကြည့်ရက်တာနဲ့ ဒီဘက် ထွက်လာခဲ့တာပဲ လူကလေးရယ်"

မစ္စတာလက်က အဒေါ်ကြီးကို အင်မတန် ကရုဏာသက်သွားပြီး...

"အဒေါ့်သားဟာ တစ်နေ့တော့ ဘွားခနဲ ပြန်ပေါ်လာရင် ပြန်လာမှာပေါ့ဗျ။ အဆုံးစကား ဘယ်တော့မှ မပြောပါနဲ့၊ ကျွန်တော် သင်္ဘောသားဘဝ အတွေ့အကြုံအရ ဆိုရင် ဒီလိုပဲ သင်္ဘောပျက်လို့ သေပြီထင်နေတဲ့လူတွေ တစ်နေ့ ပြန်ပြန်ပေါ်လာတာ မကြာခဏပဲ"

သို့သော အဒေါ်ကြီးကတော့ မျှော်လင့်ချက် မထားသည့်ပုံနှင့် ခေါင်းကို တွင်တွင်ယမ်းနေ၏။ ဤတွင် မစ္စတာလက်က သူ့အတွက် စိတ်ကူးရ၍

"ဒါနဲ့ စကားမဆပ် အဒေါ်တို့အိမ်မှာ ကျွန်တော့်ကို တစ်ခဏလောက် ဘော်ဒါအဖြစ် လက်ခံ မထားနိုင်ဘူးလား"

အဒေါ်ကြီးက ခေါင်းခါပြန်သည်။ ဒီတော့ မစ္စတာလက်က အဒေါ်ကြီးအား တစ်မျိုးတစ်မည် ထင်သွားမည်စိုး၍...

"ဒီလိုဆိုလည်း ကိစ္စမရှိပါဘူး ဒေါ်ဒေါ်၊ ကျွန်တော် အခန်းတစ်ခန်း ငှားထားပါတယ်၊ ဒါပေမဲ့ အဒေါ့်ကို မြင်မြင်ချင်း အမေအရင်းလို ခင်မင်မိတဲ့အတွက် အဒေါ့်အိမ် ကျွန်တော် လိုက်နေရရင်ဖြင့် ကျွန်တော်က တစ်ခုခုများ အကူအညီ ပေးနိုင်မလားလို့ပါ"

အဒေါ်ကြီးသည် တွေခနဲဖြစ်သွားပြီးနောက် ရုတ်တရက် မျက်လုံးများဝင်းပလာပြီး မစ္စတာလက်၏ လက်မောင်းကို တုန်ရင်သော လက်ချောင်းကလေးများနှင့် ဖမ်းဆုပ်ကာ သူ့မျက်နှာကို မော့ကြည့်ရင်း...

"အေးဟဲ့၊ ခုမှ အကြံရတယ်၊ လူကလေးက အဒေါ်နဲ့ အိမ်လိုက်လာပြီး အဒေါ့်သား တကယ်မသေပဲ ပြန်ရောက်လာတယ် ဟန်ဆောင်ပေးပါလား၊ ဒီလိုဆို ဟိုလူကြီးလည်း နည်းနည်း အဟန့်အတား ရသွားတာပေါ့"

မစ္စတာလက်က အဒေါ်ကြီးစကားကို ကြားရသောအခါ ရုတ်တရက် အံ့အား သင့်သွားပြီးမှ သူရုတ်တရက် အံ့အားသင့်သွားပြီးမှ သူ့ကို နောက်တယ်ထင်၍ တဟားဟား ရယ်မောလေ၏။ အဒေါ်ကြီးကမူ မျက်နှာထား တည်တည်နှင့်ပင် ဆက်လက်၍...

"တကယ်ပြောတာပါ လူကလေးရယ်၊ မင်းကို ဘယ်သူကမှ သိမှာလည်း မဟုတ်ပါဘူး၊ အဒေါ်တို့က ဒီအရပ်ကို သားလေး သင်္ဘော ခရီး မသွားခင်ကလေးကမှ ပြောင်းလာတာပါ၊ နို့ပြီး အဒေါ့်သမီးကလေးကလည်း အဲသည်တုန်းက ၉ နှစ်လောက်ပဲ ရှိသေးတော့ သူ့အကိုရယ်လို့ ကောင်းကောင်း မှတ်မိသေးတာ မဟုတ်ဘူး"

မစ္စတာလက်က မဟုတ်တာကို မလုပ်လို၍ မဖြစ်ပါဘူးဟု ငြင်းဆိုပြီး အနားက တတွတ်တွတ်နှင့် တိုက်တွန်းနေသော အဒေါ်ကြီး၏ စကားများကို မကြားတစ်ချက် ကြား တစ်ချက်နှင့် ဖြစ်နေရာမှ နောက်ဆုံးတော့ ဒီနေရာမှ မြန်မြန်ခွာမှပဲဟု အဒေါ်ကြီးအား ဝမ်းနည်းကြောင်း တောင်းပန် ပြောဆိုပြီး ထိုင်ရာမှ အထလိုက်တွင် အဒေါ်ကြီးပါ ရုတ်တရက် ထပြီး သူ့လက်မောင်း ပိန်ပိန်ကလေးကို မစ္စတာလက်၏ လက်တွင်ချိတ်ရင်း…

"ဟောဟိုမှာ မင်းနှမလာနေပြီ" ဟု သူတို့ဆီ လျှောက်လာနေသော မိန်းမပျို ချောချောကလေး ကြားလောက်အောင် အော်ပြောပြီးမှ တစ်ဖန် လေသံတိုးတိုးဖြင့် ကဲ အသာနေ… အဒေါ်ဘာကြောင့် မင်းလက်ကို ကိုင်ထားရတယ်ဆိုတာ ရှင်းပြဖို့ တစ်နည်းပဲ ရှိတော့တယ်။ ကဲ… ဒီမယ် မင်းနာမည်က "ဂျက်ဖော်စတာ"၊ မင်းနှမ နာမည်က ဘက်တီဖော်စတာနော် မှတ်ထားဟု ပြောပြောဆိုဆိုနှင့် အနီးသို့ ရောက်လာပြီဖြစ်သော မိန်းကလေးအား အင်မတန် ဝမ်းမြောက်ဝမ်းသာ ရှိလှသောမျက်နှာထားနှင့်…

"ဘက်တီ သမီးရေ… ကြည့်စမ်း… ဟောဒီမှာ ညည်းအကိုဂျက် ပြန်လာပြီလေ"

သည်တော့ မစ္စတာလက်မှာ သူ့ရှေ့တွင် ရပ်နေသော ရွှေရောင်ဆံပင်နှင့် မျက်ဝန်း လဲ့ပြာကြီးများ ရှိသော အလွန် ချစ်စဖွယ်ကောင်းသည့် ကောင်မလေးကို ကြောင်ကြည့်ပြီး ဘာပြောရမှန်းမသိ ဖြစ်နေစဉ် အင်မတန်နုနယ်သော လက်မောင်းကလေး နှစ်ဖက် ရုတ်တရက် သူ့လည်ပင်းကို လာဖက်ပြီး ပူပူနွေးနွေး နှုတ်ခမ်းတစ်စုံ၏ သူ့ပါးကို ရွှတ်ခနဲ ရွှတ်ခနဲ အနမ်းခံ လိုက်ရလေ၏။

ဤသည်ကို နောက်ဝယ် မစ္စတာလက်၏ စိတ်ထဲတွင် တုံးတိုက်တိုက် ကမ်းတိုက်တိုက် အဒေါ်ကြီးပြောသလို မီးစင်ကြည့်ကတော့မည်ဟု သန္နိဋ္ဌာန် ချလိုက် လေတော့သည်။

လူမှန်းသိစ ငယ်စဉ်ကတည်းက မိဘမောင်နှမ မေတ္တာရေစင်ကို မခံစားခဲ့ရဘူးသော မစ္စတာလက်၏ စိတ်ထဲတွင် အလွန် ပီတိဖြစ်လျက် ဘက်တီကလည်း ဝမ်းနည်းဝမ်းသာ မျက်ရည်ဖြိုင်ဖြိုင်ယိုစီးကာ အစ်ကိုရယ်လို့ မစ္စတာလက်၏ လက်မောင်းကို တင်းတင်းကြီး ဖက်ထားလိုက်ပြီး...

"အစ်ကို အစ်ကိုရယ်၊ ဒီလောက်တောင် အဝေးကြီး ဘယ်တွေ လျှောက်သွားနေတာလဲ အမေနဲ့ ညီမလေးကိုများ မသနားရှာ့သလား"

သူတို့နှစ်ယောက်ကြည့်ပြီး အဒေါ်ကြီးခမျာမှာလည်း စိတ်ထိခိုက်လှစွာ သူ၏ သားအစစ်ကို သတိရ အောက်မေ့လျှက် မစ္စတာလက်၏ ပခုံးတစ်ဖက်ပေါ် ခေါင်းတင်ပြီး ရှိုက်ကြီး တငင်ငင် ငိုကြွေးလေ၏။ ဒီတော့ ကြားထဲက အနေရ အထိုင်ရခက်သော မစ္စတာလက်က အဒေါ်ကြီးနှင့် သူ့အမီးကို တစ်ဖက်စီစွဲ၍ သုံးယောက် ခုံရှည်ပေါ်မှာ ထိုင်လိုက်ကြပြီး...

"ကဲ... ကဲ တိတ်ကြပါတော့၊ ညီမလေးအကိုနဲ့ အမေ့သားပြန်ရောက် လာမှပဲ"

"အကိုက အစောကြီးတုန်းက ဘာ့ကြောင့် ပြန်မလာရတာလဲ"

ဘာပြန်ဖြေရမှန်းမသိ ဖြစ်နေသော မစ္စတာလက်က အဒေါ်ကြီးအား အကူအညီ တောင်းသလို အဒေါ်ကြီးကို မျက်ရိပ်မျက်ကဲ ပြလေရာ အဒေါ်ကြီးက...

"ဟို ညည်းအကိုက သင်္ဘောပျက်ပြီး ကျွန်းတစ်ကျွန်းပေါ်မှာ အကြာကြီးတောင် နေခဲ့ရလို့တဲ့ကွယ်"

"ဟုတ်တယ်၊ ကျွန်တော် အဲလေ အစ်ကို သောင်တင်နေတယ်"

"နို့ပြီး ညည်းအကိုက ကျွန်းပေါ်မှာ အကြီးအကျယ်ဖျားပြီး ဦးနောက်ထဲ ရောဂါပိုး ဝင်လို့ နောက်ကြောင်းတွေ မေ့သွားသတဲ့။ ကံအားလျော်စွာပဲ နောက်ထပ်သင်္ဘောတစ်စင်း ပျက်လာတာမှာ ဆရာဝန်က ပါလာလို့ သူ့ကို ကုသပေးတာနဲ့ ရောဂါပျောက်ပြီး အခု ပြန်လာတာပဲ။ ကဲ အခု တို့သားအမိသုံးယောက် အိမ်ပြန်ပြီး မင်းပထွေးကြီးကို သွားပြော ကြရအောင်"

တွန့်ဆုတ်ဆုတ်ဖြစ်နေသော မစ္စတာလက်ကို သားအမိ နှစ်ယောက်သား တစ်ဖက်တစ်ချက် ညှပ်လျက် လက်မောင်းချင်း ချိတ်ဆွဲပြီး ခေါ်သွားကြသည်။ မကြာမီ တစ်ထပ်တိုက်ကလေးများ တန်းစီလျက် သာသာယာယာနှင့် နေချင့်စဖွယ်ရှိသော လမ်းသွယ်လေး တစ်ခုသို့ ရောက်သွားကြပြီး ရှေ့တွင် ကုန်ကားကြီးတစ်စင်း ရပ်လျက် ရှိနေသော အိမ်ကို ညအဒေါ်ကြီးက မေးထိုးပြပြီး…

"အဲဒီအိမ်ပေါ့… တွေ့လား၊ ဟိုလူကြီးက မင်းပစ္စည်းတွေကို ရောင်းနေပြီနဲ့တူတယ်"

"ဘာပစ္စည်းတွေလဲ"

မစ္စတာလက်က မေးလိုက်သည်။

"ဩော်… မင်းကို အမေပြောခဲ့တာ မေ့သွားပြီလား၊ အိမ်ထောင် ပရိဘောဂ တွေလေ၊ အဲဒီ ပစ္စည်းတွေဟာ မင်းဘိုးအေကြီး လက်ထက်ကဟာတွေ၊ မင်းအဖေက သိပ်မြတ်နိုးတာကွဲ့၊ ဒါကြောင့် မရောင်းပါနဲ့လို့ အမေတောင်းပန်တာလည်း မရဘူး"

မစ္စတာလက်က စိတ်ထဲမှာ သည်လို မိန်းမသားတွေကို နိုင့်ထက်စီးနင်း လုပ်နေ သည်ကို မနှစ်မြို့သဖြင့် မိမိကိုယ်ကို အားတင်းကာ ချောင်းတစ်ချက်ဟန့်လိုက်ပြီး…

"ဩော်... ဒီလိုလား" ဟု ပြောပြီး ကိုယ်ကို မတ်ထားကာ ရင်ကိုကော့၍ ကား အနီးတွင် မတ်တတ်ရပ်လျက်ရှိသော လူဆီသွားပြီး စိမ်းစိမ်းစိုက်ကြည့်လျက်...

"ဒီမယ် ခင်များက ကျုပ်အိမ်ရှေ့မှာ ဘာလာလုပ်နေတာလဲ"

ကားဆရာက သူ့ကို ကြောင်အမ်းအမ်းနှင့် ကြည့်နေစဉ် သူနှင့် ကပ်ပါလာခဲ့သော အဒေါ်ကြီးက သူ့ခါးကို လက်နှင့်တို့၍ အပေါက်ဝမှ ကုလားထိုင် တစ်လုံးကို မရှီလာသော ဂင်တိုတို ပုကွကွ လူတစ်ယောက်ကို မျက်လုံးနှင့်ပြရင်း...

"ဂျက်... အဲဒါ မင်းပထွေးဆိုတာပဲ"

အနားသို့ရောက်လာသော ဂျက်ပထွေးဆိုသူ မစ္စတာဂရင်းမှာ အလွန်အမင်း အံ့သြ သင့်သွားဟန် နောက်သို့ ခြေတစ်လှမ်းဆုတ်ပြီး...

"အို... ငါတို့ကြားတော့ မင်းသေသွားပြီ ဆိုသလားလို့"

"သေလုနီးနီး ဆိုပါတော့ဗျာ"

လက်က ကောက်ကာငင်ကာ ပြောလိုက်စဉ် အိမ်ထဲက နောက်ထပ် လူ တစ်ယောက် ဗီရိုကလေး တစ်လုံးကို ပိုက်လျှက် ထွက်လာပြန်ရာ မစ္စတာလက်က ရှုတည်တည် ဟန်တင်းတင်းနှင့်...

"အလို နေကြစမ်းပါဦး၊ ဒါတွေက ဘယ်ကို သယ်သွားကြမှာတုံး"

"ဘာကွ ဘာပြောတယ်"

ပထွေးဆိုသူက ပြန်မေးရာ မစ္စတာလက်ကလည်း မာမာပဲ။

"ကျွန်တော့် ပရိဘောဂ ပစ္စည်းတွေကို ဘယ်ရွှေ့နေကြတာလဲလို့ မေးနေတာဗျ"

"ဩော်... ဒါလား အဲဒါတွေ ရောင်းလိုက်တာလေ၊ မင်းအမေက သိသားပဲ"

ပထွေးက ဗီရိုလေးကို ပိုက်ထားသောသူအား လက်ညှိုးထိုး၍ ပြောလေရာ...

"အို ဒါ ကျွန်တော့် ပစ္စည်းတွေ ကျွန်တော်ပိုင်ဗျ။ ကျွန်တော် သဘောမတူပဲ ခင်ဗျားက ရောင်းလို့ဖြစ်မလား။ ဒီမယ်ဟေ့လူ... ခင်ဗျား ကျုပ်ဗီရိုကို အိမ်ထဲ ပြန်ပို့လိုက်ဗျာ။ ဘာမှ မရောင်းဘူး"

"ပွဲစားလုပ်သူက ဗီရိုလေးကို မြေပေါ်ချလိုက်ပြီး နဖူးကချွေးများကို သုတ်လျက် မစ္စတာဂရင်းအား မကျေမနပ်ကြည့်ပြီး...

"ဒါက ဘာသဘောလဲဗျ"

မစ္စတာလက်က သူတို့ပြဿနာ သူတို့ဘာသာ ဖြေရှင်းပစေဟု ချထားသော ဗီရိုကို ကောက်မပြီး အိမ်ထဲ ပြန်သယ်သွားလေ၏။

အပြင်တွင်တော့ ဆူညံဆူညံနှင့် ငြင်းသံ ခုန်သံတို့ဖြင့် စီစီဝေနေပြီး မကြာမီ ပွဲစားက မစ္စတာဂရင်းကို မပိုင်ဝက်မွေး လုပ်တဲ့ခွေးသားကြီး ဘာညာ ဆဲဆိုပြီး ကားမောင်း ထွက်သွားသံ ကြားရတော့၏။

နေ့လည်နေ့ခင်း လက်ဖက်ရည်သောက်ချိန်၌ မစ္စတာဂရင်းက မစ္စတာလက်ကို မလိုတမာကြည့်ပြီး...

"ဒီလောက်နှစ်ရှည်လများ ပျောက်ချက်သား ကောင်းနေပြီးမှ အိမ်ပြန်လာပြီး တို့တစ်တွေ ကသိကအောက် ဖြစ်အောင်တော့ မလုပ်ပါနဲ့ကွာ" ဟု ပြစ်တင်စကား ပြောလေတော့ မစ္စတာလက်က ခပ်တည်တည်ပဲ...

"ကျွန်တော့်ပစ္စည်း ကျွန်တော် မရောင်းဘူးဆိုတာနဲ့ ခင်ဗျားကို ကသိကအောက် ဖြစ်အောင် လုပ်တယ် ဆိုနိုင်မလားဗျ။ ဒါတွေ ခင်ဗျားနဲ့ ဘာဆိုင်လို့တုံး"

"မင်းမရှိတုန်းက တို့သုံးယောက် ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေကြတာပဲ။ ဟုတ်တယ်မဟုတ်လား မအေကြီး"

"ဟုတ်ပါတယ်"

အဒေါ်ကြီးက စိုးရွံ့ဟန်နှင့် ထိတ်ထိတ်ပြာပြာ ပြန်ဖြေ၏။

"အေး... ဒါကြောင့် မင်း အခု အိမ်မှာ ရှိနေလည်းပဲ နောက်ထပ် ပင်လယ်ခရီး မထွက်ခင် တို့နဲ့ သင့်သင့်မြတ်မြတ် နေစေချင်တယ်ကွာ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော် နောက်ထပ် ဘယ်တော့မှ သင်္ဘော မလိုက်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ သင်္ဘောမှာ လက်သမားလုပ်ခဲ့တဲ့ ကျွန်တော်ဟာ ကုန်းပေါ်မှာလည်း ဒီအလုပ် လုပ်ဖြစ်တာပဲ၊ ကျွန်တော့်အမေနဲ့ ကျွန်တော့်နမကို အိုးမကွာ အိမ်မကွာ ထိန်သိမ်း စောင့်ရှောက်တော့မယ်လို့ ဆုံးဖြတ်ချက်ချပြီးပြီ"

ပြောပြောဆိုဆိုနဲ့ အနီးရှိ ဘက်တီကို အသာဆွဲယူပြီး ခေါင်းကလေးကို သူ့ပခုံးပေါ် မှီထားစေသည်။ အဒေါ်ကြီးကတော့ လင်သည်နှင့် ကလေးများကြားမှာ ဘာများ ဖြစ်လာလေ မလဲဟု စိုးရိမ်ထိတ်လန့်စွာ မျက်လုံးပြူးကြီးနှင့် ကြည့်နေ၏။ ထိုအခါ မစ္စတာဂရင်းက မချိပြုံး ပြုံး၍...

"ဟာ... ဒီလိုဆို ငါ ကြားရတာနဲ့ အတော်ပဲ၊ ဩစတြေးလျမှာ လက်သမားတွေ သိပ်ပွကြတာပဲတဲ့၊ ၁၀ နှစ်လောက် လုပ်ရရင် အရမ်း ချမ်းသာရောဆိုပဲ"

မစ္စတာလက်က ပထွေး၏ စကားသွား စကားလာကို ရိပ်မိပါတယ်ဆိုသော ပုံဖြင့် အဒေါ်ကြီးအား မသိမသာ မျက်စပစ်ပြရင်း ဘက်တီ့ကိုယ်ကို တိုး၍ဖက်လိုက်ပြီး...

"ဟိုမှာ အလုပ် ကောင်းတာကထားပါ၊ ပြဿနာက ရှိသေးတယ်ဗျ"

"ဘာပြဿနာရှိစရာ လိုသေးလဲကွ"

"ခရီးစရိတ်လေ၊ အင်္ဂလန်ကနေ ဩစတြေလျကို ဆန်ကောနှစ်ချပ် အတောင် တပ်ပြီး ပျံသွားလို့မှ မရတာပဲဗျ၊ နို့ပြီး ဟိုမှာ အလုပ်အကိုင် အစပျိုးဖို့ အရင်းအနှီးကလည်း လိုသေးတယ်။ ဒါနဲ့ ဒီအိမ်နဲ့ ဒီအိမ်တွင်း ပရိဘောဂတွေ ရောင်းရင် ဘယ်လောက်လောက် ရမယ်ထင်သလဲ အမေ၊ ဒါတွေ အားလုံးဟာ ကျွန်တော့် အဖေက အမွေပေးခဲ့တာ မဟုတ်လား"

အဒေါ်ကြီးက သူ့ယောကျာ်းနဲ့ မျက်နှာချင်းမဆိုင်ဝံ့သလို မျက်လွှာချလျှက် မဝံ့မရဲ အသံထစ်ထစ်ငေါ့ငေါ့နှင့်...

"ဟုတ်... ဟုတ်ပါတယ်ကွယ်"

"ဒါဖြင့် ကျွန်တော်မရှိရင် ဟောဒီ ကျွန်တော့်ညီမလေး ဘက်တီရမှာပေါ့"

"ဒါပေါ့၊ ဒါပေါ့"

ဤတွင် တစ်ချိန်လုံး ငြိမ်နေသော ဘက်တီက မစ္စတာလက် မျက်နှာကို မော့ကြည့်၍...

"အားလုံး အစ်ကို့ပစ္စည်းချည်း မဟုတ်သေးဘူးလေ၊ မီးဖိုချောင်ထဲက စားပွဲ ပောင်းကလေး တစ်လုံးနဲ့ သုံးချောင်းထောက် ခွေးခြေလေးလုံးက ပထွေးပစ္စည်းပါ"

"ဟော့ ကောင်မလေး၊ စကားကို မေးမှ ပြောပါကွဲ့၊ တို့လင်မယား ညားကတည်းက သူ့ပစ္စည်း ကိုယ့်ပစ္စည်း မခွဲဘဲ တစ်သားတည်း နေကြတဲ့ ဥစ္စာ၊ ခုဆို ဘယ်ဒင်း ဘယ်သူ့ဟာရယ်လို့ ပြောဖို့ခက်သားပဲ"

ပထွေးလုပ်သူက နာခေါင်းကို ပွစိပွစိလုပ်ရင်း မကျေမနပ်နှင့် ပြောလေရာ မစ္စတာလက်က...

ဒါဖြင့်လည်း မီးဖိုချောင်ထဲက စားပွဲကုလားထိုင်နဲ့ ခွေးခြေတွေအားလုံး ခင်ဗျား ယူဗျာ၊ မနစ်နာ စေရပါဘူး။ နောက်တစ်ခုက ဘက်တီကို ထားခဲ့ပြီး ကျွန်တော် ဘယ်မှ မသွားပါဘူး၊ သူနေချင်ရာမှာ နေရစေ့မယ် သူ့သဘော"

"ဟိုကောင်မလေးက မကြာခင် လက်ထပ်တော့မှာပဲ၊ မင်းနောက် ဘယ်လို လိုက်နိုင်မလဲ၊ သူလက်ထပ်ပြီးဒီမှာပဲ ဆက်နေမယ့်ဥစ္စာ၊ သူ့အမေကော သူ့ဒီအိမ်က မောင်းထုတ် ရက်မှာလား၊ သူနဲ့ငါ မကြာခဏ ကတောက်ကဆတ် ဖြစ်ကြပေမဲ့ သူဟာ သမီးကောင်း တစ်ယောက်ဆိုတာ ငါပြောတယ်"

ဤတွင် မစ္စတာလက်က မျက်လုံးပြူးသွားလျှက်...

"ဘာ... ကျွန်တော့်နှမ လက်ထပ်တော့မယ် ဟုတ်လား၊ ဘယ်သူနဲ့လဲ"

"ဟင်နရီဝိဒ်ဆိုတဲ့ သူငယ်ပဲကွဲ့၊ ငါက သင့်လျော်တယ်လို့ စပ်ပေးတာပဲ၊ အင်မတန် တော်တဲ့လူ"

ပထွေးက ဝင့်ကြွားစွာပြောလေရာ မစ္စတာလက် စိတ်ဓာတ်ကျသွားပြီး 'သြော်' ဟု တစ်ခွန်းတည်းသာ အော်နိုင်လေသည်။ ဒီတော့ ပထွေးက ပိုင်ပြီဟူသော သဘောနှင့်...

"မင်းတို့ကို မပြောရသေးတဲ့ ငါ့စိတ်ကူး တစ်ခုရှိတယ်။ အဲဒီ ကလေးတွေ မင်္ဂလာဆောင်ပြီးရင် ဒီအိမ်မှာပဲ နေနိုင်းမယ်။ သူတို့အတွက် အိမ်လခ သက်သာအောင်ပေါ့"

"အိမ်ထောင်ကျတယ်ဆိုရင် တစ်အိမ်တည်း ဘယ်နေလို့ ဖြစ်တော့မလဲဗျ။ သူတို့လည်း သူတို့အိုးနဲ့ သူတို့အိမ်နဲ့ လွတ်လွတ်လပ်လပ် နေချင်မှာပေါ့။ ဘက်တီကလည်း လင်ရတဲ့အထိ အမေ့နို့ ဆက်ခံစို့နေမယ့် မိန်းကလေးမျိုး မဟုတ်ဘူးထင်ပါတယ်"

မစ္စတာလက်က မွေးစား ပထွေးလုပ်သူကို မကျေမနပ်နှင့် မျက်မှောင်ကုပ်ကြည့်ရင်း ပြောလေ၏။ ပြီးတော့မှ လက်နှစ်ဖက်မြှောက် ခါးကိုဆန့်တန်းရင်း ဆက်၍...

"ဒါလည်း နောက်မှ ရောက်ယားသဘော ပြောတာပါလေ။ အဲဒီကောင်ကို ကျွန်တော့် သဘောနဲ့ တွေ့ မတွေ့ ကြည့်ရဦးမယ်၊ ဘာပြောရမှန်း မသိရသေးတဲ့ လူတစ်ယောက်လက်ထဲကို ကျွန်တော့်နမကို မျက်စိမှိတ် မထည့်နိုင်ဘူးဗျ"

ဒီတော့ မွေးစားပထွေးက ဆတ်ခနဲတွန့်သွား၍...

"အို ဘက်တီ သဘောကျမှဖြင့် မင်းပြောစရာ ဘာညလိုသေးသလဲ"

"လိုတာပေါ့ဗျ။ ဘက်တီက ခုမှ ၁၈နှစ်ထဲ ရှိသေးတာ၊ လောကအကြောင်းဘာမှ သိသေးတာ မဟုတ်ဘူး၊ မဟုတ်မဟတ်တွေ မဖြစ်ရအောင် ကာကွယ်ပေးဖို့ ကျွန်တော့်မှာ အစ်ကို တစ်ယောက်အနေနဲ့ တာဝန်ရှိတယ်။ နို့ပြီး ကျွန်တော် သဘောမတူဘဲ သူ ဘယ့်သူ့ကိုမှ မယူနိုင်ဘူးဗျ။ အသက်မပြည့်သေးဘူး။ သူ့သဘောနဲ့ သူလုပ်မယ်ဆိုရင် ကျွန်တော့်အိမ်မှာ သူ့လင်ကို အခန့်စား တင်မထားနိုင်ဘူး။ ကျွန်တော်ပိုင်တဲ့ အိမ်ထောင်

ပရိဘောဂတွေလည်း အခန့်စား အသုံးပြုခွင့် မပေးနိုင်ဘူး။ ဟောဟို မီးဖိုချောင်ထဲက ခင်ဖျားပိုင်တဲ့ ခွေးခြေတွေပေါ်မှာ ထိုင်ချင်သပဆိုရင်တော့ ထိုင်ပစေ”

“အို အစ်ကိုကလည်း ဒါတွေ ခေါက်ထားစမ်းပါ”

ဘက်တီက သူ့နံဘေးကို တံတောင်နှင့်တွတ်၍ ဒေါ်ပွပွလေးနှင့် ပြောတော့ မစ္စတာလက်က ပါးစပ်ကို ဘရိတ်အုပ်လိုက်ပြီး ထိုင်ရာမှ ပျင်းရိစွာထလျှက်...

“ဘာဖြစ်ဖြစ် ဟိုလူကိုတော့ ကျွန်တော် အကဲခတ်ရဦးမယ်။ ကျွန်တော့်စိတ်နဲ့ တွေ့ရင်တွေ့၊ မတွေ့ရင်တော့ မရဘူး၊ ဒါပဲ” ဟု ပြောပြီး ဧည့်ခန်းထဲသွား၍ ခါတိုင်း ပထွေးလုပ်သူ ဇိမ်နှင့်နပ်နေကျ ပက်လက် ကုလားထိုင်ပေါ်မှာ အိမ်ထောင်ဦးစီးစတိုင်ဖြင့် အခန့်စား သွားထိုင်နေလိုက်သည်။ ပထွေးဖြစ်သူက မီးဖိုထဲတွင် ပါးစပ်မှ ဗျစ်တောက် ဗျစ်တောက် ရေရွတ်လျှက် အဒေါ်ကြီးနှင့် သမီးကလေးတို့မှာ မျက်နှာသေကလေးနှင့် ဧည့်ခန်းထဲ ဝင်လာပြီး အဒေါ်ကြီးက မစ္စတာလက်အနီးကပ်၍ လေသံတိုးတိုးဖြင့်...

“သူ့ကို စိတ်တိုအောင် မလုပ်ပါနဲ့ သားရယ်၊ အမေတို့က သူ့လုပ်စာ စားနေရတာ မဟုတ်လား”

“အို အမေ စိတ်မပူပါနဲ့၊ ကျွန်တော် မနက်ဖြန်ပဲ အလုပ် ရှာထွက်ပါ့မယ်။ လက်သမား အလုပ်ဆိုတာ ပေါလွန်းလွန်းလို့။ နောက်ပြီး ကျွန်တော့်မှာ စုဆောင်းထားတဲ့ ငွေကလေး နည်းနည်းပါးပါးလည်း ရှိပါတယ်။ ကျွန်တော်အခု ပြုမူပြောဆို နေသရွေ့ဟာ အမေတို့ ကောင်းဖို့အတွက်သာ အောက်မေ့ပါ”

နောက်တစ်နေ့တွင် မစ္စတာလက်သည် သူ့စကားနှင့်အညီ နေ့စားအလုပ်တစ်ခုကို လက်ခံရရှိလေ၏။ ဘက်တီ့ မျက်နှာလေးကိုလည်း တစ်နေ့လုံး မြင်ယောင်လျှက် အားကြိုး

မာန်တက် လုပ်လေရာ ညနေစောင်း အလုပ်သိမ်း၍ အိမ်ပြန်သောအခါ တစ်ကိုယ်လုံး နွမ်းနယ် ညစ်ပတ်နေသဖြင့် ကိုယ်လက်သန့်စင်ရန် အိမ်ထဲဝင်လိုက်သည်နှင့် ဧည့်ခန်းတွင် အသင့် စောင့်နေသော ပထွေးလုပ်သူက သူ့ဘေးတွင် ထိုင်နေသည့် နူတ်ခမ်းမွေးစစနှင့် ရုပ်ရည် အတန်အသင့် ရှိသော ပိန်ပိန်ပါးပါး လူငယ် တစ်ယောက်နှင့် မိတ်ဆက် ပေးလေသည်။

"ဟော့ ဂျက်၊ ဒါ ငါ့လူ မစ္စတာဝိဒ် ဆိုတာလေ"

မစ္စတာဝိဒ်က မစ္စတာလက်နှင့် လက်ဆွဲနူတ်ဆက်ရင်း စကားမရှိ စကားရှာ၍...

"ဒီနေ့ နေသာတယ်နော်"

"ဟုတ်ပ... ခဏနေဦးဗျာ၊ ကျွန်တော် ရေမိုးချိုးပြီးမှ စကားစမြည် ပြောကြတာပေါ့"

"ဒါဖြင့် ကျွန်တော်နဲ့ ဘက်တီ အပြင်ခဏ လျှောက်လိုက်ဦးမယ်လေ"

မစ္စတာဝိဒ်က ပိုင်စိုးပိုင်နင်း ပြောလေတော့ မစ္စတာလက်က...

"ညနေခင်း လမ်းလျှောက်တာတော့ အင်မတန် ကျန်းမာရေးနဲ့ သင့်လျော်တာပေါ့။ ခဏစောင့်ဦး ကျွန်တော်ပါ လိုက်ခဲ့မယ်"

"ဟင်... ခင်ဗျားပါ လိုက်မယ် ဟုတ်လား"

မစ္စတာဝိဒ်က အံ့အားသင့်လျက် ပြန်ပြောတော့ မစ္စတာလက်က...

"ဟုတ်တယ်လေ၊ ခင်ဗျားကို ကျွန်တော် အကျွမ်းတဝင် မရှိသေးဘဲနဲ့၊ ဘယ့်နယ် ကျွန်တော့်နမနဲ့ ခင်ဗျားနှစ်ယောက်ထဲ လွှတ်ပေးနိုင်မလဲဗျ။ ရှင်းရှင်းပြောမယ်ဗျာ

အိမ်ထောင်ဦးစီး အနေနဲ့ ကျွန်တော် သဘောမတူဘဲ ဘက်တီ ဘယ်မှ သွားခွင့်မရှိဘူး။ ဒီအိမ်မှာ ကျွန်တော် ရေနစ် သေပြီဆိုပြီး စည်းမရှိ ကမ်းမရှိ ဝင်ကြထွက်ကြနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေကြတာကိုး"

"ဟာ ဒီလိုတော့ မပြောပါနဲ့၊ ကျွန်တော် မစ္စတာဂရင်းနဲ့ ကောင်းကောင်း သိပါတယ်။ ကျွန်တော် ပေါက်လွှတ်ပဲစားထဲက မဟုတ်ပါဘူးဗျ"

"လူတိုင်း ကိုယ့်ကိုယ်ကိုယ် ဒီလိုထင်ကြတာပဲဗျ"

"မစ္စတာဂရင်း အသိပါဗျာ"

"ဒီကိစ္စက မစ္စတာဂရင်းနဲ့ မဆိုင်ဘူးဗျ၊ ကျုပ်နမန့် ကျုပ်သာ ဆိုင်တယ်။ ကျုပ် လိုက်ခဲ့မယ် ဆိုတာလည်း ခင်ဗျားတို့ကို အနှောင်အယှက်ပြုဖို့ မဟုတ်ပါဘူး။ အကဲခတ်ရုံ သက်သက်ပါ။ ခင်ဗျားတို့ဟာ ခင်ဗျားတို့သွား၊ ကျွန်တော်ပါတယ်လို့ စိတ်ထဲမထားနဲ့၊ ပြောစရာ ဆိုစရာ ရှိရင်လည်း လွတ်လွတ်လပ်လပ် ပြောဆိုနိုင်ပါတယ်။ အေး... ကျွန်တော် မကြိုက်တာ တွေ့ရင်တော့ ပြောရမှာပဲ"

ဒါမျိုး တစ်ခါမှ မကြုံသေးသော မစ္စတာဝိဒ်က ဘက်တီကို တစ်လှည့်၊ အကူအညီ တောင်းသော မျက်လုံးများနှင့် ကြည့်လိုက်သော် ဘက်တီက အေးအေးဆေးဆေးပင်။

"အစ်ကိုလိုက်ချင်လည်း လိုက်ခဲ့ပါစေပေါ့၊ ဘာဖြစ်လဲ"

မစ္စတာဝိဒ် အကြောင်းတစ်ခုပြ၍ ကန့်ကွက်ဦးမယ် စိတ်ကူးသော်လည်း ဟန်ပုံ မပေါ်၍ စိတ်ကို ချုပ်တည်းပြီး မျက်နှာထား တင်းတင်းနှင့် စိတ်လုပ်ကာ စကားမပြောဘဲ ဆိတ်ဆိတ် နေလိုက်တော့၏။

ထို့နောက် သူတို့သုံးဦး လမ်းလျှောက် ထွက်ခဲ့ရာတွင်လည်း မစ္စတာဝိဒ်က စိတ်ကောက်ကောက်နှင့် ခြေထောက်အောက် တွေ့သော ခဲလုံးများကို ဟိုကန် ဒီကန် လုပ်နေရာ ဘက်တီက ယင်းသို့ လမ်းကောင်းကောင်း မလျှောက်နိုင်လျှင် အိမ်ပြန်မည်ဟု ဆိုလေသော် မစ္စတာလက်က မတော်ရသေးသော ယောက်ဖအား...

"ဟုတ်သားပဲကွ ... မင်းကလည်း၊ မိန်းကလေးတစ်ယောက်နဲ့ အတူတွဲပြီး လမ်းလျှောက်တယ် ဆိုတာ ဣန္ဒြေသိက္ခာနဲ့ သွားမှပေါ့၊ ခုတော့ မျောက်မီးခဲ ကိုင်မိသလို တလှုပ်လှုပ် တရွရွနဲ့ စိတ်ကောက် နေစရာမလိုဘူး၊ ပျော်ပျော်ပါးပါး သွားမှပေါ့"

ထိုအခါ မစ္စတာဝိဒ်က မျက်နှာထားပုပ်ပုပ်နှင့်...

"ဩော်... ခင်ဗျားကလည်း သင်ပေးပါဦး"

"အေး... သင်ပေးရမယ်၊ ကဲ လာ မင်းနောက်က လိုက်ခဲ့"

ဟု ဆိုပြီး ဘက်တီ့ လက်မောင်းကလေးကို ဆွဲ၍ လက်ချင်းချိတ်ပြီး ခေါင်းချင်းယှဉ်၍ တတွတ်တွတ် စကားပြောရင်း လျှောက်သွားကြလေ၏။

၁၀ မိနစ်လောက်ရှိတော့ နောက်က မစ္စတာဝိဒ်က သူ သဘောပေါက်ပါပြီ၊ နားလည်ပါပြီ၊ တတ်ပါပြီ ဟုလှမ်းပြော၏။ သို့သော် မစ္စတာလက်က လက်မခံဘဲ...

"ဒါ မောင်ရင့်အထင်ကိုး ဒီလောက်နဲ့ ဘယ်တတ်ဦးမလဲ၊ ဒီနေ့အဖို့တော့ နောက်ကသာ လိုက်ပြီး သင်တန်း တက်ပေတော့" ဟု ဆိုသဖြင့် မစ္စတာဝိဒ်မှာည အသွားရော အပြန်ရော မျက်နှာ ရှုသိုးသိုးနှင့် နောက်က တကောက်ကောက် လိုက်ခဲ့ရလေ၏။ အိမ်ပြန်ရောက်တော့ မစ္စတာလက်က လှေကားထစ်တွင် ရပ်မိလျှင်ပင်...

"ကဲ... ဒီနေ့ သင်ခန်းစာကတော့ ဒီမျှပါပဲ။ နက်ဖြန်ညနေတော့ တစ်ခေါက် လာခဲ့ပါဦး။ သင်ခန်းစာ နံပတ်နှစ် ဆက်တက်ပေးမယ်။ မင်းကြည့်ရတာ အသိဉာဏ် ထက်သန်ပုံ မရတော့ အတော့်ကို သင်ယူရလိမ့်မယ်"

မစ္စတာဝိဒ် စောင်းကန်း စောင်းကန်း လှည့်ကြည့်ရင်း မကျေမနပ်ဖြင့် ထွက်သွား လေတော့သည်။

နောက်တစ်နေ့ ညနေကျတော့လည်း ယမန်နေ့က အတိုင်းပင် မစ္စတာလက်နှင့် ဘက်တီက ရှေ့၊ မစ္စတာဝိဒ်က နောက်မှ တကောက်ကောက် လမ်းလျှောက်ရပြန်သည်။

မစ္စတာလက်သည် ဘက်တီ့ အပေါ်တွင် အစ်ကို တစ်ယောက်က နှမ တစ်ယောက်နှင့် ဆက်ဆံသည်ထက် မပိုအောင် အထူးသတိထား သွားလာသည်။

မစ္စတာဝိဒ်က သူမှတ်မိပါပြီ။ ဘက်တီနှင့်အတူ လျှောက်ပါရစေတော့ဟု ပြောသောအခါတွင် မစ္စတာလက်က မျက်နှာထားကြီးနှင့်...

"အို... ဒီတစ်ရက် နှစ်ရက်တည်းနှင့် မင်း ကျေကျေလည်လည် နားမလည် သေးပါဘူးကွ၊ စိတ်ရှည်ရှည် ထားမှပေါ့၊ ငါမရှိတဲ့နောက် ငါ့ကိုယ်စား ဘက်တီကို မင်းပဲ ကြည့်ရှု စောင့်ရှောက်ရတော့မှာ။ ဘယ်... တော်ရိ လျော်ရိလုပ်လို့ ဖြစ်မလဲ"

မစ္စတာဝိဒ်က နှုတ်လှန် ထိုးလိုက်ချင်သော်လည်း ယောက်ဖတော် စိတ်ဆိုး မှာလည်း စိုးရသေးသဖြင့် အံကြိတ်၍ ဒေါသကို မျိုသိပ်ပြီး ဘက်တီ့နောက်နား ကပ်လိုက် သွားရ၏။ ထိုစဉ် ဘက်တီက မစ္စတာလက် နားရွက်နားကပ်၍...

"အစ်ကို တစ်လှည့် နောက်နေရစ်ဦးလေ"

"ဘာ... ဒါ အကိုကို ပြောရမယ့်စကားလား"

"မဟုတ်ပါဘူး၊ ကျွန်မက သူ့ကို ပြောနေကျစကားပါ၊ သဏ္ဍာန်လုပ် သရုပ်နဲ့ တူအောင်ပေါ့ မဟုတ်ဘူးလား"

ဟုတ်ပေသားပဲဟု မစ္စတာလက် နောက်ဆုတ် ပေးလိုက်ရလေ၏။ မစ္စတာဝိဒ်က ကျေကျေနပ်နပ်ကြီး ပြုံး၍ ဘက်တီနံဘေး ဝင်လိုက်သည်။

မစ္စတာလက်မှာ စိတ်ပျက်လက်ပျက်ဖြစ်ပြီး ထိုနေရာတွင်ပင် တွေတွေကြီးရပ်၍ ကျန်ခဲ့လေရာ ခပ်ဝေးဝေးရောက်မှ ဘက်တီက လှမ်းခေါ်သဖြင့် ခြေတရွတ်ဆွဲနှင့် လိုက်သွားရလေသည်။

အနီးသို့ ရောက်သော် ဘက်တီက သူ့ကို အဓိပ္ပာယ် တစ်မျိုးဆောင်သော မျက်လုံးကြီးများနှင့် ကြည့်နေသဖြင့် ဘင်္ဂလားအစ်ကိုကြီးမှာ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသေးသည်။

ယင်းသို့လျှင် ဤပုံသဏ္ဍာန်အတိုင်း တစ်လလုံးလုံး လေ့ကျင့် ပေးခဲ့သော်လည်း ယောက်ဖတော်က ကျေနပ်မှု မရှိသေးဟုဆိုသဖြင့် မစ္စတာဝိဒ်သည် နှုတ်ခမ်းစူပွပွနှင့် မစ္စတာဂရင်းကို တိုင်တန်းရသည်အမော။ သို့သော် မစ္စတာဂရင်းဆီက ဘာအကူအညီမှ မရပါ။

"ငါလည်း မတတ်နိုင်ဘူးကွ၊ ဒါမင်းလုပ်ရမယ့် ကိစ္စပဲ၊ သူတို့နောက် မျက်ခြေမပြတ်သာ လိုက်နေပေါ့ကွာ"

"လိုက်တာပဲဗျ၊ ဒါနဲ့တောင် နှစ်ယောက်သား မနေ့ညနေက ခြေရာဖျောက်သွား ကြသေးတယ်။ ကျွန်တော့်ဖိနပ်ထဲ ခဲဝင်နေလို့ ခဏလေး ကုန်းထုတ်နေတာ ခေါင်းမော့

ကြည့်လိုက်တော့ နစ်ယောက်သား မရှိတော့ဘူး။ မြေမျိုသွားသလား အောက်မေ့ရတယ်။ ဒီကောင့်ကို ဆော်ချင်လိုက်တာဗျာ၊ ဒါပေမဲ့ သူက သိပ်သန်တာဗျ"

"သန်တယ် ဟုတ်လား၊ မဟုတ်နိုင်တာကြီး ဒင်းကိုယ်က သေးသေးသွယ်သွယ်"

"လူကောင်သေးပေမဲ့ မာဆယ်တွေက သိပ်ကျစ်သနော်။ အထင်သေးလို့ မဖြစ်ဘူးဗျ၊ အင်္ဂါနေ့ ညနေက ဘက်တီကို သူတစ်ခါက လူတစ်ယောက်ကို သောက်မြင်ကပ်တာနဲ့ ခြေနစ်ချောင်း ချုပ်ကိုင်ပြီး စောက်ထိုးမိုးမျှော် လုပ်ပစ်လိုက်တယ်လို့ ပြောတယ်"

"အို... မင်းကလည်း ညံ့လိုက်တာ၊ ဒါ မင်းကို သက်သက်ကြွားတာပေါ့ကွ"

"ဘယ်ဟုတ်မှာလဲ၊ သူက ကျွန်တော့်ကို ဖမ်းကိုင်ပြီးတော့ ဒီလိုလို့ နမူနာ လုပ်ပြတာဗျ၊ အဟုတ်သန်တယ်"

"ဘယ်လိုပဲဖြစ်ဖြစ် စိတ်ရှည်ရှည်တော့ ထားပေါ့ကွာ၊ မောင်နမဆိုတာ ကြာကြာ တွဲမနေ နိုင်ပါဘူး။ မကြာခင် ငြိုးငွေ့မှာပါ"

သို့နှင့် မစ္စတာဝိဒ်မှာ စိတ်ရှည်လက်ရှည် စောင့်ပါ၏။ သို့သော် ဟိုမောင်နမက တစ်ယောက်ယောက် ငြီးငွေ့ပုံ မပေါ်သည့်ပြင် တစ်ညနေတွင် မစ္စတာလက်က သူ့ကို ပြောင်ပြောင်ပင် နှင်ထုတ်တော့သည်။

"မင်းပုံသဏ္ဍာန်နဲ့ ငါ့ညီမနဲ့ မဖြစ်တော့ဘူးကွ၊ ဒီတော့ ညီလေးရယ် မင်း တခြားမှာ ပြေးလွှားကစား နေခြေတော့"

ထိုအခါ မစ္စတာဝိဒ်က မစ္စတာဂရင်းဆီပြေးလာရာ...

"ဟိတ် ဟိုကောင်အကြောင်း သိရပြီကွ၊ ဒီကောင်က အလိမ်ကောင် သက်သက်ပဲ၊ ပောဒီ မိန်းမနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပေါ့ကွာ၊ ငါ့ကို နောက်ကျော ဓားနဲ့ထိုးဖို့ ကြံစည်ကြတာလေ။ ငါ သင်္ကာမကင်း ဖြစ်နေတာ အစကတည်းကကွ၊ ဒါနဲ့ ဒီမိန်းမကြီး နည်း အမျိုးမျိုးနဲ့ အောက်အစ် မေးကြည့်တော့ ဒီညနေမှ ပောဒီဟာယမက ဖွင့်ပြောတယ်။ ဟိုကောင် သူ့သား မဟုတ်ဘူးတဲ့"

မထင်မှတ်သော စကားကို ကြားလိုက်ရသဖြင့် မစ္စတာဝိဒ်မှာ ပါးစပ် အဟောင်းသား ဖြစ်သွားရ၏။ အတန်ကြာမှ ဝမ်းသာလွန်းလို့ စီးကျလာသော မျက်ရည်များကို လက်ကိုင်ပဝါနှင့် သုတ်ရင်း ဝမ်းသာအားရ မေးလေ၏။

"ကျွန်တော့်ကို ညာနေတာများလားဗျာ"

"မင်းကို ငါက ညာစရာ ဘာအကြောင်း ရှိသလဲကွ၊ ဒီဟာမ ငါ့ကို တစ်ချိန်လုံး ညာနေတာ။ ကဲကဲ... ဟိုမှာထိုင် ဟိုမိန်းမကြီး ဘယ်ထသွားတာလဲ၊ ဒီမှာပဲနေ... ဟိုကောင်ပြန်လာတော့ မျက်နှာစုံညီ ရှင်းရမယ်"

အခန်းထဲက ထွက်သွားမည်ပြုသော အဒေါ်ကြီးမှာ လင်ကို ကြောက်ရသူမို့ သူ့ နေရာတွင် တုန်တုန်ရင်ရင်နှင့် ပြန်ထိုင်လိုက်ရရှာ၏။ မစ္စတာဂရင်းနှင့် မစ္စတာဝိဒ်တို့မှာမူ ဟိုနှစ်ကောင် ပြန်ရောက်လျှင် ဘယ်လို ပြောလိုက် ဆိုလိုက်ကြမည်ဟု တိုင်ပင်နေကြစဉ် မှာပင် တံခါးပွင့်လာပြီး မစ္စတာလက်နှင့် ဘက်တီတို့ ဝင်လာကြသည်။

ကောင်မလေးက ငိုယိုနေသော မိခင်ကို မြင်သောအခါ အပြေးအလွှားကလေး သွားဖက်၍...

"မေမေ ဘာဖြစ်တာလဲဟင်"

"အို သူ့သားတစ်ယောက် ဆုံးပြန်လို့တဲ့"

မစ္စတာဂရင်းက ကြားဖြတ်ရယ်လိုက်၏။ ဘက်တီက နားမလည်ဘဲ...

"ဘယ်သားလဲ၊ ဘာပြောတာလဲ"

"ဘယ်သားရမလဲ၊ဟို လူလိမ် လူညာ၊ သူ့ကိုယ်သူ ဂျက်လို့ဆိုနေတဲ့ မစ္စတာလက်ဟာပေါ့"

မစ္စတာဂရင်းက ပြောရင်း ဒေါ်ပွသည်ထက်ပွလာပြီး အသံကျယ်ကျယ်နှင့် သူ့မိန်းမဘက် လက်ညှိုးငေါက်ငေါက်ထိုးပြီး...

"နင့်အမေလေ... ဘယ်ချောင်ကြို ချောင်ကြားက လာတဲ့ ခွေးဝဲစားမှန်း မသိ၊ ငါ့လာပြီး သူ့သား ရေနစ်ရာက မသေဘဲ ပြန်လာတယ်ဆိုပြီး သူပါရော ကလိမ်ကျနေတာ" သည်တုန်းမှာ မစ္စတာလက်က...

"ဒီမှာ ခင်ဗျားတို့ သူ့ကို ထည့်မပြောရင် ကောင်းမယ်၊ ကျုပ်ဟာ သူ့သား မဟုတ်တာ မှန်ပါတယ်၊ ကျွန်တော်က သူ့သားအဖြစ် အယောင်ဆောင်ရတာက ခင်ဗျားက သူတို့ သားအမိအပေါ် မတော်မတရား အလုပ် မခံရလေအောင်ပဲဗျ၊ ခုတော့ ကိစ္စမရှိတော့ဘူး၊ ကျုပ်က ရှေ့နေဆီ သွားမေးပြီးပြီ။ ဒီအိမ်ရယ် ဒီအိမ်နဲ့ စပ်ဆိုင်တဲ့ ပစ္စည်းတွေဟာ ဂျက်မရှိရင် ဘက်တီ တစ်ယောက်ပဲ ပိုင်ခွင့်ရှိတယ်။ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး။ တကယ်တော့ ကလိမ်ကျနေတာက ကျုပ်တို့ မဟုတ်ဘူးဗျ၊ ခင်ဗျား၊ ခင်ဗျား မိန်းမဂါဝန်နား ခိုစား ညာစားနေတာ"

"သြော်… မင်းကပဲ ပြောရတယ်ရှိသေး၊ ကဲ ကိုယ်တော် ကြွ… ကြွ၊ သူများ အိမ်တွင်းရေး ဝင်ရှုပ်တဲ့ကောင်၊ မင်းကိုငါ အဖက်လုပ် စကား မပြောတော့ဘူး၊ ဒီအိမ်က ငါးမိနစ်အတွင်း ထွက်မသွားရင် ပုလိပ်ခေါ် အပ်လိုက်မယ်"

မစ္စတာလက်သည် မည်သို့ တုန့်ပြန်ရမည်နည်း။ စိတ်ရှုပ်ဟန်နှင့် ခေါင်းကို လက်နှစ်ဖက်နှင့် စုံကုတ်ရင်း တစ်ခန်းလုံးကို မျက်လုံး ဝင့်ကြည့်စဉ် မစ္စတာဂရင်းက စိတ်မရှည်နိုင်တော့ ဟန်ဖြင့်…

"သွားတော့လေကွာ ကောင်းကောင်း ပြောလို့မရရင် ပုလိပ်နဲ့ ဆွဲထုတ်ရမှာပဲ၊ အချုပ်ထဲ သွားနေချင်တယ် မှတ်တယ်"

ထိုအခါ မစ္စတာလက်က ချောင်းတစ်ချက်ဟန့်ပြီး မျက်နှာငယ်လေး ဖြစ်နေသော ဘက်တီကို လှမ်း၍…

"အားမငယ်ပါနဲ့ ဘက်တီ၊ ဒီအိမ်ဟာ မင့်အိမ်ပဲ၊ မင်းအမေကို ဒီလူကြီး ကောင်းကောင်း မဆက်ဆံရင် မီးဖိုချောင်ထဲက သူ့ခွေးခြေလေးတွေ ပေးပြီး နှင်ထုတ်လိုက်"

ဒီတော့ မစ္စတာဂရင်းက ဒေါပွပွနှင့်…

"အောင်မယ် သေခါနီး အီးတစ်ချက် ပေါက်နေသေးတယ်။ ကဲ… ဟင်နရီဝိဒ် ပုလိပ်ကိုသာ သွားခေါ်ပေတော့၊ ကြာတယ်"

မစ္စတာလက်ကလည်း အောက်ကျမခံ…

"အောင်မယ်လေး... ခင်ဗျားတို့က သွားခေါ်စရာ မလိုပါဘူးဗျာ၊ ကျုပ်က အခု သွားမှာပါ၊ ဘက်တီ၊ အမေ သွားလိုက်ဦးမယ်နော်... ရုံးချိန်မှီအောင် ဘာမှ အားမငယ်ကြနဲ့၊ ကျွန်တော်အခု ပြန်လာမှာပါ။ စာတိုက် သွားပြီး ငွေထုတ်ရမယ်၊ နက်ဖြန်ခါ ညှော့ခံပွဲလုပ်ဖို့ ဪ... ဒီပြင်စကားတွေ ပြောရတာနဲ့ အရေးကြီးတာ မေ့နေတယ်။ ဒီမှာ အမေ... ဘက်တီနဲ့ ကျွန်တော် ဒီနေ့ မနက်ပဲ ရုံးတက် လက်မှတ်ထိုး လက်ထပ်လိုက်ကြပြီ"

ထိုသို့ပြောသောအခါ မစ္စတာဂရင်းမှာ ဇီးကွက်တစ်ကောင်လို မျက်လုံးကြီး ပြူးသွားသည်။ မစ္စတာလက်သည် သူ့အနား သွား၍ နံကြားကို လက်ညှိုးနှင့် အသာ ထောက်ကာ...

"ဒီမှာ ပထွေးကြီး ဘက်တီနဲ့ ကျွန်တော် လင်မယား ဖြစ်ကြပြီဆိုတော့ ဘက်တီ ပိုင်တာ ကျုပ်ပိုင်တာပဲဗျ၊ မြဲမြဲမှတ်ထား... နို့ပြီး ကျုပ်တို့ သားအမိတွေ ပိုင်တာတွေ အမေလည်း ဆိုင်တာပဲ" ဟုပြောကာ အဒေါ်ကြီးကို အသာတွဲ၍ ညှော့ခန်းတွင် အိမ်ထောင် ဦးစီးများသာ ထိုင်လေ့ရှိသော ပက်လက် ကုလားထိုင်ပေါ် တင်ပေးပြီး "အမေ့ နေရာမှန်... ဒါပဲ" ဟု ပြောလျှက် အခန်းထဲမှ ရွှရွှကလေး ထွက်သွားလေသတည်း။

❄ ❄ ❄ ❄ ❄

# ရှေ့နေကြီးကွင့်စ်

'ရှေ့နေကြီးကွင့်စ်' ဟု သူ့ကို အများ သူငါက ခေါ်ကြသော်လည်း စင်စစ် သူသည် 'လစ်တယ်လ်ပောဗင်'ခေါ် ရွာလေးတစ်ရွာမှ ဖိနပ်ချုပ်သမား တစ်ယောက်သာ ဖြစ်သည်။

ရှေ့နေကြီးကွင့်စ်ဟု အခေါ်ခံရသည့် အကြောင်းမှာ သူသည် အားလပ်ချိန်များတွင် ဥပဒေနှင့် ဆိုင်ရာ စာအုပ်တို့ကို လက်လှမ်းမီသ၍ ရှာဖွေ ဖတ်ရှုခြင်းနှင့် ဥပဒေနှင့် ပတ်သက်လာလျှင် အများ သူငါတို့နှင့် ငြင်းခုံတတ်သော ဝါသနာကြောင့်ပင် ဖြစ်လေသည်။

တစ်နေ့သော နေ့လယ်ခင်း နေပူပြင်းချိန်၊ နေ့လယ်စာ စားသောက်ပြီး အများ သူငါတို့ တစ်မှေး တစ်မိုတ် အိပ်စက် အနား ယူနေကြသော်လည်း ရှေ့နေကြီးကွင့်စ်သည် တစ်စုံ တစ်ယောက်၏ အရေးတကြီး ဖိနပ်ကို ချုပ်နေရသဖြင့် မအားမလပ် ဖြစ်နေသည်။

ရွာလယ်လမ်းမကြီးဆီမှ လူတစ်စု စီညံစီညံနှင့် ငြင်းခုံရင်း လာနေကြသံကို ကြားရသည်။

ထို့ကြောင့် မစ္စတာကွင့်စ်သည် အလုပ်လုပ်နေရာမှ လှမ်းကြည့်လိုက်သော် ရွာလူ လူချမ်းသာများ ဖြစ်ကြသော ဟိုလီလယ်တောပိုင်ရှင် မစ္စတာရို့စ်၊ သစ်စက်ပိုင်ရှင် မစ္စတာပေဟော့ဂ်နှင့် သည့်ပြင်ထင်ရှားသော ရွာသား တစ်ဦးနှစ်ဦးပါလာသည်။

သူတို့ကို ကြည့်ရသည်မှာ ပြဿနာတစ်ခုကို အပြင်းအထန် ငြင်းခုံလာကြဟန် ပေါ်သည်။

ရှေ့နေကြီးကွင့်စ်က နာရှုဘူးကို ကောက်ဖွင့်၍ တစ်ချက် နှစ်ချက် ရှူလိုက်ပြီး သူ့အလုပ်ကို ငုံ့လုပ်နေလိုက်သည်။

မစ္စတာရို့သည် ရှေ့နေကြီးကွင့်စ် ဥပဒေရေးရာ တတ်ကျွမ်း နားလည်သည် ဆိုသည်ကို ဘယ်သောအခါကမှ လက်ခံ ယုံကြည့်ချင်းမရှိ။

ကွယ်ရာတွင်ကော ရှေ့တွင်ပါ ပြောင်ပြောင်ပင် ကဲ့ရဲ့ ရှုတ်ချသူ ဖြစ်ချေသည်။

"တစ်နေ့တော့ ဒီရှေ့နေကြီး ကွင့်စ်ခေါ် ဖိနပ်ချုပ်သမား ကွင့်စ်ကို မှတ်လောက် သားလောက် လုပ်လိုက်ဦးမည်" ဟု ကြိမ်းဝါးသူသည် ဖြစ်ခဲ့လေ၏။

သို့သော် သူတို့လူစု ရှေ့နေကြီးကွင့်စ်၏ အိမ်ရှေ့တွင် အဇီချ၍ လုပ်ထားသော ဖိနပ်ချုပ်ရုံ ရှေ့၌ ပြိုင်တူ ရပ်လိုက်ကြပြီး မစ္စတာဟော့ဂ်က သူနှင့် အတူ ပါလာခဲ့သော လူများဘက်လှည့်ပြီး...

"ကဲ... ကိုယ့်လူတို့ ဟောဒါ ရှေ့နေကြီးကွင့်စ်ပဲ၊ ကျုပ်ပြောတာ မှန်တယ် မှားတယ်ဆိုတာ သူ့အဆုံးအဖြတ်ကို ကျုပ်လက်ခံ အတည်ပြုပါတယ်ဗျာ"

သည်တော့ ရှေ့နေကြီးကွင့်စ်က သူ့လုပ်လက်စ အလုပ်ကို လက်မှချ၍ ရင်ဘတ်တွင် ကပ်နေသော အမှုန်အမွှားများကို လက်နှင့်သပ်ချပြီး သူ့ရှေ့တွင် တန်းစီ နေကြသော လူတစ်စုအား ဘာအကြောင်း ကိစ္စများပါလိမ့် ဟူသော အကြည့်နှင့် မော်ကြည့်နေရှာ၏။

ထိုအခါ ရှေ့ဆောင်ရှေ့ရွက် လုပ်လာသူ လယ်ပိုင်ရှင်ကြီးရို့က...

"ဒီလိုပါ ရှေ့နေကြီး 'ပါစကို' ဆိုတဲ့ ကောင်လေးဟာ ကျုပ်သမီး စီလီယာ နောက် တကောက်ကောက် လိုက်ပြီး ချစ်ရေး ဆိုနေတယ်။ ကျုပ်ကလည်း ဒီကောင်လေးနဲ့ လုံးဝ သဘောမတူဘူး ဆိုတာ သမီးကို ပြောထားပြီးပြီ။ ဒါနဲ့ လွန်ခဲ့တဲ့ နာရီဝက်လောက်တုန်းက ကျုပ်အပြင်က ပြန်လာပြီး ကျုပ်မြင်းကို မြင်းဇောင်းထဲ သွင်းဖို့သွားတော့ လားလား ဒီကောင်လေးက မြင်းဇောင်းထဲမှာ အခန့်သား ထိုင်ပြီး ကျုပ်သမီး ချောင်းနေတာကိုးဗျ"

"ဒီတော့"

"ခုလည်း ဒီကောင် အဲဒီ မြင်းဇောင်းထဲမှာ ရှိနေလေရဲ့၊ ကျုပ်က ဘာရမလဲ သင်းကိုလည်း မြင်ရော မြင်းဇောင်းတံခါး နှစ်ရွက်ကို ပြန်းခနဲ ဆွဲပိတ်လိုက်ပြီး အပြင်က သော့ခတ် ထားလိုက်တာပေါ့။ ဒီကိစ္စမှာ ဟောဒီ မစ္စတာဟော့ဂ်က ပြောတယ်။ ကောင်လေးကို ကျုပ်သဘောနဲ့ ချုပ်ချင်သလောက် ချုပ်ထားနိုင်တယ် တဲ့။ ဒီတော့ ကျုပ်က ဒါ မဖြစ်နိုင်ဘူးထင်တယ်။ ဥပဒေ လွတ်ကင်းမယ် မဟုတ်ဘူး။ နို့ပြီး ကောင်လေးရဲ့ မိဘတွေ သိသွားရင်လည်း သူတို့သားခေါ်ဖို့ ကျုပ်မြင်းဇောင်း ကို သူတို့ ရိုက်ချိုးလာရင် ကျုပ်က ကျုပ်ပစ္စည်း ဖျက်ဆီးမှုနဲ့ တရားစွဲနိုင်မယ်တဲ့။ အဲဒါ ဟုတ်သလားဗျ"

မစ္စတာဟော့ဂ်က "အိုး... ဘာကြောင့်များ မဟုတ်ရမှာလဲ၊ ရှေ့နေကြီး ပြောလိုက်စမ်းဗျာ"

ရှေ့နေကြီးမှာ ဤကိစ္စကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ရန် မျက်စိကို စုံမှိတ်ပြီး သူ လေ့လာခဲ့သမျှ ဥပဒေ သဘောတရားများကို ပြန်လည် စဉ်းစား နေရသည်။

ဒါကို အခွင့်ကောင်းယူ၍ သူ့ရှေ့ရှိ ပရိသတ်က တစ်ယောက်နှင့် တစ်ယောက် မျက်စ မျက်နတွေ ပစ်နေကြသည်။

အတန်ကြာတော့မှ ရှေ့နေကြီး ကွင့်စ်က မျက်စိများကို ဖြည်းဖြည်းချင်း ပြန်ဖွင့်ပြီး...

"မှန်တယ်၊ ခင်ဗျားရဲ့ မြင်းဇောင်း ဆိုတော့ ခင်ဗျား ပိုင်တာပဲ၊ ခင်ဗျား ပိုင်တာပဲဗျ... သော့ပိတ်ထားချင်သလောက် ထားနိုင်တယ်"

"ကိုင်း... ကျုပ်မပြောဘူးလား"

သစ်စက်ပိုင်ရှင် မစ္စတာဟော့ဂ်က ကြွားဝါစွာ ပြောလိုက်သည်။ ရှေ့နေကြီးက ဆက်၍...

"ခင်ဗျား သူ့ကို လွှတ်ပစ်မယ်လို့ စိတ်ကူးလို့လား"

"လားလားမှ စိတ်မကူးပေါင်ဗျာ"

"ဒါကြောင့် ကျုပ်က ပြောတာပေါ့ဗျ။ ကိုယ့်ပိုင်နက်ထဲ မိထားတဲ့ တရားခံကို ကိုယ့်သဘောအတိုင်း ချုပ်ထားချင် ချုပ်ထား နိုင်ပါတယ်လို့ အစာအဟာရအဖြစ် ပေါင်မုန့်ကလေး တစ်ဖဲ့နှစ်ဖဲ့လောက်နဲ့ ရေတစ်ခွက်လောက် သံတိုင်တွေကြားက ထိုးသွင်း ပေးလိုက်ရင် ပြီးတာပဲ၊ ခင်ဗျား မြင်းဇောင်းက အခိုင်အမာကြီး ဆိုတော့ အချုပ်ခန်းပဲပေါ့ဗျ"

မစ္စတာဟော့ဂ်က အတင်း တိုက်တွန်းလိုက်သေး၏။

"မှန်တယ် ဒီလို လုပ်နိုင်တယ်၊ သူ့မိဘများက လာပြီး အတင်းဆွဲထုတ်မှာ စိုးရိမ်ရရင် ခင်ဗျား အိမ်က ခွေးဆိုးကြီး နှစ်ကောင်လောက် တံခါးပေါက်ဝမှာ ချည်ထား လိုက်ပေါ့ဗျာ။ ဒါမှမဟုတ်ရင် ခင်ဗျား သူရင်းငှား တစ်ယောက်ယောက်ကို ရိုင်ဖယ်သေနတ် တစ်လက် ထမ်းစေပြီး စောင့်ခိုင်းပေရော့"

ရှေ့နေကြီး ပြောပုံကို သဘောကျစွာဖြင့် မစ္စတာဟော့ဂ်က သူ့ပေါင်သူ လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက်ပြီး တဟီးဟီးနှင့် ရယ်နေသော်လည်း လယ်ပိုင်ရှင်ကြီး ရို့စ်က ဘဝင်မကျနိုင်သေးဘဲ "ဒါပေမဲ့" လို့ အထွန့် တက်မယ် လုပ်တုန်း ရှေ့နေကြီးကွင့်စ်ဟာ လက်ဝါးနဲ့ တားလိုက်ပြီး...

"ဒါပေမဲ့တွေ ဘာတွေ လုပ်မနေနဲ့တော့၊ ဥပဒေအရ လုပ်ရတာပဲ၊ သဘောကျသလို လုပ်ပေါ့၊ ကျုပ်က ဘာမှပြောစရာ မလိုပါဘူး"

"ကျုပ်ဒုက္ခ ရောက်မယ့် အလုပ်မျိုး မလုပ်ချင်လို့ ပြောနေတာပေါ့ဗျ"

လယ်ပိုင်ရှင်ကြီးရို့စ်က အထွန့်တက်တော့ ရှေ့နေကြီးကွင့်က စိတ်မရှည် စွာနှင့်...

"ဘာဒုက္ခ ရောက်စရာရှိလဲဗျ၊ ဒါပေမဲ့ ပိုပြီး စိတ်ချရအောင် ကျုပ်သာ ခင်ဗျား နေရာမှာ ဆိုရင် သော့ကို ဖျောက်ဖျက် ပစ်လိုက်မှာပဲ"

"ဘာ... သော့ကို ဖျောက်ဖျက်ပစ်မယ် ဟုတ်လား"

လယ်ပိုင်ရှင်ကြီး ရို့စ်က အဓိပ္ပာယ်ကို နားမလည်ဟန် မျက်လုံးများကို ပုတ်ခတ် ပုတ်ခတ် လုပ်ရင်း ပြန်မေးတော့...

"ဟုတ်တယ်လေ ဒီသော့ကလည်း ခင်ဗျား တွေ့ချင်တဲ့အချိန် ပြန်တွေ့နိုင် သားပဲ၊ ဒီကောင်လေးကို နောက်ဒီလို မလုပ်တော့ပါဘူး ဝန်ခံတဲ့အထိ မြင်းဇောင်း

ထဲ ပိတ်ထည့် ထားလိုက်ပေါ့၊ ခင်ဗျားသမီးကို နောက် ဒီလို မနှောက်ယှက်ပါ တော့ဘူး ဆိုတော့မှ သောကို ပြန်တွေ့လိုက်ပေါ့ဗျ… ဟား ဟား ဟား”

လက်ပိုင်ရှင်ကြီးရဲ့စ်က ရှေ့နေကြီးကွင့်စ်ကို ချီးကျူးသော မျက်နှာပေးမျိုး ဖြင့် ကြည့်ပြီး…

“ကျုပ် ခင်ဗျားဆီလာမိတာ တကယ်မှန်တယ်ဗျာ၊ ကျေးဇူးကြီးလှ”

“အို… ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့မှာ ပြဿနာပေါ်ရင် လာသာလာခဲ့ကြ၊ ကျုပ် အားလုံး ဖြေရှင်းပေးမယ်”

ရှေ့နေကြီးကွင့်စ်က အထက်စီးလေသံနှင့် ခပ်ကြွားကြွား။

“ဟုတ်ပါတယ်ဗျာ အင်မတန်ကောင်းတဲ့ အကြံဉာဏ်ကို ပေးနိုင်ပေတာပဲ၊ ဟော့… ဂျိုးဂေဟန်၊ မင်း… ပါးစပ်ပိတ်ထားစမ်း”

စက်ပိုင်ရှင်ဟော့ဂ်က သူ့နောက်မှ တစ်ခစ်ခစ် ရယ်နေသော ဂျိုးဂေဟန် ဆိုသူကို သူ့အိတ်ထဲက လက်ကိုင်ပဝါ ထုတ်ပြီး ပါးစပ်ကိုပိတ်ကာ တဟီးဟီး ရယ်ရင်း ခပ်သုတ်သုတ် ထွက်သွားတော့၏။ ရှေ့နေကြီးကွင့်စ်က ထိုသူ၏ကျောကို မကျေမချမ်း လှမ်းကြည့်ရင်း…

“လူပြိန်းတွေဟာ ဘာမှ နားလည်မှု မရှိဘူး”

ဒီတော့ စက်ပိုင်ရှင်ကြီး ဟော့ဂ်ကလည်း ယောင်လိုက်ပြီး အနီးတွင် တဟီးဟီးနှင့် ကန္တြေမဲ့လောက်အောင် ဖြစ်နေသော ဂျော့အာစကျူး ဆိုသူအား တံတောင်နှင့်တွတ်ကာ...

"ဟုတ်ပ့ါဗျာ၊ ဂျော့အာစကျူး... မင်းလည်း လူပြိန်းပဲ"

ထိုအခါ ဂျော့အာစကျူးသည် ပါးစပ်အပြဲသားနှင့် လက်တစ်ဖက်ကို မြှောက်ကာ ဂျိုးဂေဟာန် နောက်သို့ လိုက်သွားလေ၏။ ကျနေ စောင်းပြီး မြူနှင်းများ ဝေစ ပြုသောအခါ ရွာထဲရှိ အိမ်များတွင် လှုပ်လှုပ်ရွရွနှင့် ချက်သံ ပြုတ်သံ၊ အလုပ်မှ ပြန်လာသော လင်ယောက်ျားတို့၏ အသံတို့ဖြင့် ဆူညံနေလေပြီ။ ရှေ့နေကြီး ကွင့်စ်ကလည်း တစ်နေ့တာ အတွက် သူ့လုပ်ငန်းကို လက်စ သတ်လိုက်ပြီ။

ထိုင်ရာမှထ၍ သူ့ကျောလျားရှည်ကြီးကို ဆန့်တန်းကာ အညောင်းဖြေရင်း သူ့ခါးစည်းကို ဖြေလျှက်၊ ရေစည်ရှိရာသို့ သွား၍ ကိုယ်လက် သန့်စင်ပြီးနောက် အိမ်ထဲသို့ ဝင်ခဲ့၏။

ထမင်းစားခန်း စားပွဲပေါ်၌ ညစာအသင့် ဖြစ်နေပေ၏။ ဝက်အူချောင်း အစာသွပ်သော ပေါင်မုန့်ရှည်ကြီးက အငွေ့ တစ်ထောင်းထောင်း၊ ဝက်သား ပြုတ်ကျော်က တစ်ပန်းကန်၊ ဒိန်ခဲတုံးကြီးက တစ်တုံး။

သူ့ဇနီး မစ္စကွင့်စ်က ပန်းကန်နှစ်ချပ်ကိုသာ စားပွဲပေါ် ပြင်ဆင်ထားပြီး ဘီယာ ဖန်ချိုင့်ကို သူ့ယောက်ျား တံတောင်ဆစ်နား တိုးပေးရင်း...

"ကျုပ်တို့ နက်ဒ်ကို မစောင့်တော့ဘူး၊ ဒီကောင်လေးဟာ ခုတစ်လော တော်တော် စည်းကမ်းပျက်နေတယ်၊ သူ့ဟာသူ ပြန်လာမှ စားပလေ့စေတော့"

ရှေ့နေကြီးကွင့်စ်က သူ့မတ်ခွက်ထဲ ဘီယာများ လောင်းထည့်ရင်း ခေါင်းညိတ် ပြသည်။ ဒီတော့ မစ္စစ်ကွင့်စ်က လင့်ပန်းကန်ထဲ ဟင်းဖတ်များ ကော်ထည့်ပေးရင်း...

"စောစောက ရှင်တို့ စကားပြောသံ ကြားပါတယ်"

အစားကို ပလုတ်ပလောင်း စားနေသံဖြင့် ပါးစပ် မအားသော မစ္စတာ ကွင့်စ်က ခေါင်းညိတ် ပြပြန်သည်။

"တကယ်တော့ သူတို့ ဘာမှလုပ်စရာ မလိုပါဘူးတော်၊ ဟိုကောင်လေး ပါ့စကိုအဖို့ မျှော်လင့်ချက် မရှိဘူး"

မစ္စစ်ကွင့်စ်က စဉ်းစဉ်းစားစား ပြောလေတော့ မစ္စတာကွင့်စ်က ပလုတ်ပလောင်း သံကြီးနှင့်...

"ဘာကြောင့်လဲကွ"

မစ္စစ်ကွင့်စ်က ဆတ်ခနဲ ခေါင်းမော့ပြီး ခင်ပွန်းသည်ကို ဝင့်ကြွားစွာ ပြုံးလျက်...

"ဘာကြောင့်လဲဆို ဟိုကောင်လေး ပါ့စကိုက ကျုပ်တို့သားနက်ဒ်နဲ့ မယှဉ် နိုင်လို့ပေါ့ရှင်"

"အဲ... အဲ ဘယ်လို၊ ငါတို့သား နက်ဒ်နဲ့ ဘာဆိုင်သလဲ"

"တော်တို့ ယောကျ်ားတွေ လူငယ်တွေအကြောင်း အဲသလို မသိဆိုးရွားတာ ခက်တာပဲ၊ ကျုပ်တို့နက်ဒ်နဲ့ လယ်ပိုင်ရှင်ကြီးရို့စ်ရဲ့ သမီးနဲ့ ဖြစ်နေတာ ကြာလှပြီရှင့်၊ ဒီကောင်မလေးက ပါစကို့ကို ဘယ်ဂရု စိုက်တော့မှာလဲ၊ ဒါနဲ့ မစ္စတာရို့စ်က ကျုပ်တို့ သားကို သူ့သမီးနဲ့ သဘောမတူဘူး လိုလိုတောင် ကြားမိသေးတယ် ဟင်းဟင်း။ ကျုပ်တို့ သားက သင်းတို့လောက် အောက်တန်းကျတာမှ မဟုတ်တာ ဂရုမစိုက်ပါဘူး"

ယင်းညဥ့် ညစာကို မြိန်မြိန်ယှက်ယှက် စားနေသော မစ္စတာကွင့်စ် ရုတ်တရက်ခံတွင်း ပျက်သွားလျှက် ဖွန်းနှင့်ခက်ရင်းကို အသာချလိုက်ပြီး မျက်လုံး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ...

"မင်း ပြောသလိုဆို ငါ့သားနက်ဒ်ဟာ ခုဆို ကောင်မလေးဆီ ရောက်ချင်ရောက်နေမှာပေါ့ ဟုတ်လား"

"သူ့ရည်းစားဆီ သူသွားတာများ ရှင်က ဘာဖြစ် နေပြန်တာလဲ၊ ရို့စ်သမီးလေး ဆီလီယာနဲ့ ကျုပ်သား နက်ဒ် ချိန်းတွေ့ နေကြတုန်း ဟိုကောင်လေး ပါစကိုက အချောင်သတ်သတ် မြင်းဇောင်းထဲ အပိတ်ခံနေရတာ နေမှာပေါ့၊ ရယ်စရာတော့ အကောင်းသား"

မစ္စတာကွင့်စ်က ဖွန်းခက်ရင်း ပြန်ကောက် လိုက်သော်လည်း စားချင်သောက်ချင်စိတ်တော့ တယ်မရှိတော့ပြီ။ သူ့မျက်စိထဲမှာ ဖြစ်နိုင်တာ တစ်ခု ကွင်းကွင်းကွက်ကွက်မြင်လာ၏။ ဒီသေချင်းဆိုး လယ်ပိုင်ရှင်ကြီးရို့စ်ဟာ ပောဒီ လစ်တယ်လ်ပောဗင်က ရွာသူရွာသားတွေ ငါ့ဆီ လာလာပြီး ဥပဒေရေးရာနဲ့ ပတ်သက်လို့ ဆည်းကပ်ကြတာကို ဒင်းက

နည်းနည်းမှ ကြည်ဖြူတာ မဟုတ်ဘူး။ ရပ်ထဲရွာထဲမှာ သင်းက လူတွင်ကျယ်လုပ်တဲ့ အကောင်၊ အခုသင်းက ငါ့ဆီလာ တစ်ပတ်ရိုက်ပြီး ငါ့ချောက်ချဖို့ အကွက်ရသွားပြီ”

ရှေ့နေကြီး မစ္စတာကွင့်စ် နောက်ထပ် ဘာမှ မစားနိုင်တော့ဘဲ စားပွဲမှ ထသွားပြီး အိမ်ရှေ့ ပက်လက် ကုလားထိုင်ပေါ်မှာ ထိုင်ရင်း တက်တက်နဲနဲ တွေးတောနေတော့သည်။

ထို့နောက် ဘုရားစင်ပေါ် တင်ထားသော ဥပဒေရေးရာ စာအုပ်ဟောင်းကြီးကို ဆွဲယူပြီး အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဖတ်၏။ နေလုံးကွယ်ပျောက် အမှောင် ရောက်သောအခါ သူသည် မစ္စတာရို့စ်၏ ဟိုလီလယ်တောသို့ သွားလေသည်။

ခါတိုင်းဆို ဒီလို မိုးချုပ်စအချိန်မှာ ရွာလယ်ရှိ ငန်းဖြူ အရက်ဆိုင်ရှေ့တွင် လူတွေ ပူညံပူညံ ဖြစ်နေကြ၏။

ယခုကား ဤနေရာတွင် လူရှင်းနေလျက် တစ်ချို့ တစ်အိမ်စ နှစ်အိမ်စမှ လူ အချို့သာ သူ့ကို ကွက်ကြည့် ကွက်ကြည့်လုပ်ကာ တီးတိုးပြောကြ၏။

``ရို့စ်၏ လယ်ယာ အိမ်နားသို့ နီးကပ်သောအခါ သူ၏နားထဲတွင် လူတွေ အစုလိုက် အပြုံလိုက် စကားပြောနေသံကို ဝါးတားတား ကြားလာရ၏။

ထိုအခါ ရွာလယ်လမ်းမ၌ ဟိုနားတစ်စု ဒီနားတစ်စု ရပ်နေကြလျက် သူလာသည်ကို မြင်သောအခါ စကားပြော ရပ်သွားကြပြီး စူးစမ်းသော မျက်လုံးများနှင့် သူ့ကို ဝိုင်းကြည့် ကြသည်။

ထိုအခါ လယ်ပိုင်ရှင်ကြီး ရို့စ်က သူ့ဆီ လျှောက်လာပြီး...

“ဩော်... ရှေ့နေကြီးက ကျုပ် အချုပ်တရားခံကို လာကြည့်တယ်မှတ်တယ်”

သည်တော့ မစ္စတာကွင့်စ်က ခပ်တည်တည်ပဲ…

"မဟုတ်ပေါင်ဗျာ၊ ခင်ဗျားကို ကျုပ်ဒီနေ့ ပေးလိုက်တဲ့ အချက်အလက်တွေထဲမှာ ဥပဒေနဲ့ မလတ်တဲ့ ချွတ်ယွင်းချက် အနည်းငယ်ပါသွားလို့ ပြင်ဖို့လာပြောတာ"

"ဩော်… ဒါကြောင့်လား၊ ဒါဖြင့်ပြောဗျာ"

"ခင်ဗျားတို့ ကျုပ်ဆီ လာတုန်းက ကျုပ်မှာ အရေးတကြီးချုပ်ရတဲ့ ဖိနပ်တစ်ရန်ကို ဂရုစိုက် နေရိုက်မို့ စိတ်ထဲ ပေါ်သလောက် ပြောလိုက်တာပဲ၊ နောက် ထမင်းစားပြီးလို့ ဥပဒေ စာအုပ်ထဲ လှန်ကြည့်လိုက်တော့ လွဲနေတာ တွေ့ရသဗျ"

"အို… ဒါကတော့ ကျုပ်က ခင်ဗျား အကြံဉာဏ် ပေးတဲ့အတိုင်း လုပ်ရတာပဲ၊ မှားရင် ခင်ဗျား တာဝန်ပေါ့ဗျ"

"ဒါဖြင့် ဘယ်နေရာမှာ မှားနေသလဲ ပြောစမ်းဗျာ"

"ဒီလိုဗျ၊ ဥပဒေသဘောက မိမိမှာ ဘာရာထူး၊ ဘာအာဏာမှ မရှိဘဲနဲ့ တစ်စုံတစ်ယောက်ကို ချုပ်နှောင်ထားခွင့် မရှိဘူး"

"ဩော်… ဒီလိုလား"

"ဟုတ်တယ် ဒါကြောင့် ကျုပ်သာ ခင်ဗျားနေရာမှာ ဆိုရင် တရားခံကို ချက်ချင်း လွှတ်ပစ်ပြီး ဒီလို မတရား ချုပ်နှောင်မိတဲ့အတွက် အမှုအခင်း မလုပ်ဖို့ သူ့ကို တောင်းပန်မယ်၊ ကျုပ်လည်း ကူပြီး ပြောပေးပါ့မယ်။ ဒီကောင်လေးအဖေ အဘိုးကြီး ပါစကိုဟာ ကျုပ်ပြောရင် ရပါတယ်"

လယ်ပိုင်ရှင်ကြီး ရို့စ်ဟာ ရှေ့နေကြီး ကွင့်စ်ကို တစ်မူ ထူးခြားတဲ့ အကြည့်နဲ့ တော်တော်ကြာ စူးစိုက် ကြည့်နေပြီးမှ ခပ်ပြုံးပြုံးနဲ့ ပြောတယ်။

"ဟာ ခင်ဗျားဟာ ဗြိတိန်နိုင်ငံသားကြီး ပီသ ပါပေတယ်။ ကိုင်း... ကိုင်း ဒီလိုဆို လည်း ကျုပ် ချက်ချင်းပဲ ကောင်ကလေးကို သွားလွှတ်လိုက်ပါမယ်လေ"

ယင်းသို့ ပြောပြီး မြင်းဇောင်း ရှိရာဆီသို့ သွားသည်။ အနီးရှိ သစ်စက်ပိုင်ရှင် မစ္စတာဟော့ဂ်က တားတာပင် မရ။ သို့သော် မြင်းဇောင်းအနီးသို့ ရောက်သောအခါမှ တွေခနဲ ရပ်လိုက်ပြီး သူ့အင်္ကျီ အိတ်ကပ်တွေကို လျှောက်စမ်းရင်း လူအုပ်ဆီ ပြန်လာကာ...

"ဒီမယ်ဟော့ဂ် ကျုပ်မြင်းဇောင်းသော့ကို ဘယ်နေရာများ ထားလိုက်မိပါလိမ့်ဗျာ"

ဒီတော့ ဟော့ဂ်မျက်နှာ ဝင်းခနဲလက်လာပြီး ရို့စ်အချိုးကို သဘောပေါက် သွားဟန်နှင့် ပြုံးလျှက်...

"ဘယ့်နှယ် သိနိုင်မလဲဗျာ၊ ကျုပ်က ခင်ဗျားအိမ်သားမှ မဟုတ်ပဲ"

"ကျုပ်လက်ထဲ နာရီဝက် လောက်တုန်းကပဲ ကိုင်နေမိသေးတယ်ဗျာ၊ ခက်လိုက်တာ၊ တောက်... အရေးထဲ သော့ကပြောက်နေပြီ"

ရှေ့နေကြီးမှာ သူ့ရှုံးနှင့်သူ ပြန်ပတ်ပြီ ဆိုတာသိ၍ မျက်နှာ ကွက်ခနဲပျက်သွားပြီး ဒေါသ ထွက်ထွက်နှင့် နပ်ကို အသံအကျယ်ကြီး မြည်အောင် ညှစ်ပစ်လိုက်သည်။ မစ္စတာရို့စ်က ဟန်မပျက်ပါပါ စိတ်ပျက်ပုံနှင့် ခေါင်းကို ယမ်းယမ်းလုပ်ရင်း...

"ဩော်... အသက်အရွယ်များ ကြီးလာရင် သတိက တယ်မကောင်းချင်တော့ဘူးဗျ၊ ဒါပေမဲ့ တစ်ရက် နှစ်ရက်လောက် ကြာရင်တော့ ပြန်တွေ့ကောင်းပါရဲ့၊ ရှာတော့ ရှာရဦးမှာပေ့ါလေ"

"အို... တစ်ရက်နှစ်ရက်ဆိုတဲ့ အချိန်က နည်းတာမှတ်လို့၊ တော်ကြာ ပါစကို့ အဘိုးကြီးက ဂါတ်သွားပြီး တိုင်လား တောလားလုပ်ရင် ခင်ဗျား ခွကျနေဦးမယ်၊ တံခါးကို ရိုက်ဖွင့်ပါလားဗျ"

ရှေ့နေကြီးကွင့်စ်က တစ်မျိုး တွန်းပြန်သည်။ သို့သော် သူ့ထက် အကွက်မြင်သော ရှို့စ်က...

"ဟာ... ကျုပ်ပစ္စည်းတော့ အပျက်စီး မခံနိုင်ဘူးဗျ၊ ဒါ ကျုပ်မြင်းဇောင်းဗျ၊ ကျုပ် ဖွင့်ချင် ဖွင့်မယ်၊ ပိတ်ချင် ပိတ်မယ်၊ ကျုပ်သဘော။ ကျုပ်မြင်းဇောင်းထဲ ဝင်ခွင့်မပြုဘဲ သူ့ဘာသာသူ ဝင်လာတဲ့အကောင် သူ့မသာ သူချတာ၊ ကျုပ်နဲ့ မဆိုင်ဘူး"

"ဟုတ်သလေ စောစောပိုင်းတုန်းက ရှေ့နေကြီးပဲ ဒီအတိုင်း ပြောလိုက်တာပဲ၊ ဒါ ဥပဒေကို ဆန့်ကျင်တာမှ မဟုတ်တာ"

သစ်စက်ပိုင်ရှင် ဟော့ဂ်က ပါဝင်၍ အားပေးပြန်သည်။ ထိုအခါ ရှေ့နေကြီး ကွင့်စ်က လယ်ပိုင်ရှင်ကြီးရှို့စ်ကို စေ့စေ့စိုက်ကြည့်ပြီး...

"ခင်ဗျား မြင်းဇောင်းသော့ ပျောက်နေတယ်ဆိုတာ တကယ်လား"

"ကျုပ်ကိုယ်ပေါ်မှာ မရှိတော့တာ အမှန်ပဲ၊ ဒါပေမဲ့ အထဲကအကောင် အတွက် ကတော့ မစိုးရိမ်ပါနဲ့။ သော့ပြန်တွေ့တဲ့အထိ ကျုပ် သူ့ကို ပေါင်မုန့်နဲ့ ရေတော့ မှန်မှန် ပေးပါ့မယ်။ ဒါလည်း ခင်ဗျားပေးတဲ့ အကြံပဲ"

ရှေ့ကနေကြီးကွင့်စ်မှာ လူသူလေးပါးရှေ့တွင် သူ့ကိုယ်သူ ကြန္ခြေမပျက်အောင် မနည်းကြီး ထိန်းသိမ်းပြီး မြင်းဖောင်းထဲကသူ ဘယ်သူလဲဟု မေးချင်လှသည့်စိတ်ကို ချုပ်တည်းကာ ကိုယ်ကို တောင့်တောင့်ကြီး ထားလျှက် ရှီ့စ်၏ ခြံဝင်းထဲက ထွက်ခဲ့တော့သည်။ သူ့နောက်မှ ရှီ့စ်ကလှမ်း၍...

"အခုလို အကြံသစ် ဉာဏ်သစ်များ လာပေးတာ ကျေးဇူးတင်ပါတယ်ဗျာ။ ကျုပ်မြင်းဖောင်းသာ သော့မပျောက်ရင် ခင်ဗျားအကြံအတိုင်း မဆိုင်းမတွ လိုက်နာမှာပဲ ဆိုတာကို ယုံပါ ဟဲဟဲ"

ရှေ့နေကြီးကွင့်စ် မျက်နှာမကောင်း ဖြစ်လာသည်ကို အိမ်ထဲသို့ ဝင်လိုက်လျှင် ဝင်လိုက်ခြင်း သူ့မိန်းမက အကြိုးအကြောင်း မေးလေသော်...

"ပြောလို့လဲ မကောင်းပါဘူးကွာ၊ မင့်သား နက်ဒ်က ဘာကိစ္စ အဲဒီကို သွားရတာတဲ့လဲ။ သင်းထိုက်နဲ့ သင်း ခံပစေတော့။ ဥပဒေနဲ့ အရေးယူလို့လဲ မဖြစ်ဘူးကွ၊ ကိုယ့်လူက သူ့ပိုင်နက် ကျူးလွန်ထားတာ။ ဒါပေမဲ့ ငါကတော့ နေ့တိုင်း လမ်းကြုံသလိုနဲ့ သွားကြည့်ပါ့မယ်။ ရှီ့စ်ဟာ ဒီကောင်လေးကို ချုပ်ထားတုန်း ကျွေးရမွေးရတာနဲ့ ကြာရင် ငြီးငွေ့လာပြီး လွှတ်ပစ်မှာပါ။ မပူပါနဲ့... ဒီအတောအတွင်း တို့ကလည်း မသိလိုက် မသိဘာသာ နေလိုက်ကြတာပေါ့"

သည်တော့ မစ္စစ်ကွင့်က ဗျစ်တောက် ဗျစ်တောက်နှင့် ကွင့်စ်ကို သတ္တိမရှိတဲ့ လူကြောက်ကြီး၊ သူသာ ယောက်ျားဖြစ်ခဲ့ရင် ဘာလုပ်မယ် ညာလုပ်မယ်နှင့် တတွတ်တွတ် ရေရွတ်နေလေ၏။

"ရှီ့စ်ဆိုတဲ့လူဟာ ရှင့်ဥပဒေ အကြံဉာဏ် ပေးတွေကို ဘယ်တုန်းကမှ မလိုလားခဲ့ဘူး၊ အမြဲ ပျက်ရယ်ပြုနေတာ ခုတော့ ရှင့်ကို လူတကာ ရယ်စရာကြီး ဖြစ်နေပြီပေါ့။

ကျုပ်လည်း သူများ မျက်နှာတွေကို ဘယ်လိုလုပ် ကြည့်ရမှာလဲ၊ ဒါ ရှင့်ကို အကွက်ဆင်ပြီး သက်သက် စော်ကားတာ၊ ဒီလူကြီးတော့ ကျုပ်သွားပြီး ကတော်တုတ် လိုက်ချင်တယ်”

“ဟေ့… ဟေ့ ဒီလို သွားမလုပ်ပါနဲ့၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး တို့နဲ့ ဘာမှ မဆိုင်သလို နေ၊ စကားစပ်လို့လဲ ဘာမှမပြောနဲ့၊ ဒီလူ ရို့စ်က တို့ကို ကသိကအောက် ဖြစ်အောင် တမင် လုပ်နေတာ၊ တို့က မျောက်မီးခဲ ကိုင်သလိုဖြစ်လေ၊ သူ့အကြိုက်တွေလေ ဖြစ်မှာပေ့ါ။ သင်းကို ငါ အပိုင်ကိုင်ပြမယ်၊ စောင့်ကြည့်နေ…”

သူပြောသလို မစ္စစ်ကွင့်စ် စောင့်ကြည့် နေသော်လည်း ဘာမျှ ထူးခြားမှုမရှိ။ နောက်နေ့မှာလည်း ဘားနက်ဒ်ကွင့်စ်ဟာ အကျဉ်း ကျမြဲပါ။ သို့သော် နက်ဒ်ကတော့ အဲဒီလို အကျဉ်းကျလေ ကြိုက်လေ။ အဘိုးကြီး ရို့စ်က သူ့ကို နောက်နောင် သမီးနှင့် မဆက်သွယ်ဖို့ ကတိတောင်းရာ နက်ဒ်က ပြုံးပြုံးကလေးနှင့် သူ့ကို ဒီလို ချုပ်ထားလေ သဘောကျလေ ဖြစ်ကြောင်း မစ္စတာရို့စ်တို့အိမ်က ပေါင်မုန့်က ဂျုံကောင်းကောင်းနှင့် လုပ်ထားသမို့ ပို၍ စားကောင်းကြောင်း၊ ဒီအထဲမှာ နေနေရတာ ကြာလာတော့ သူ့ကိုယ်သူပင် ဒီအိမ်သား တစ်ယောက်လို ထင်မြင်မိကြောင်း ပြန်၍ပြော၏။

“ဒါဖြင့် မင်းကျေနပ်ရင်လည်း ပြီးရောပေ့ါ၊ ငါကတော့ မင်းကို ငါ့သမီးနဲ့ မဆက်သွယ် တော့ပါဘူးလို့ ကတိ မပေးမချင်း မလွှတ်ဘူး”

လယ်ပိုင်ရှင်ကြီးရို့စ်၏ အခိုင်အမာစကားကို ကြားရသောအခါ နက်ဒ်က…

“ဒီလို စိတ်ဓာတ်ခိုင်မာတဲ့ လူမျိုးမှ ကျွန်တော် ကြိုက်တာ၊ ခုပြောရင်း ဆိုရင်းတောင် ဦးလေးရို့စ်ကို ကျွန်တော့်အဖေ အရင်းလို ချစ် ချစ် လာတယ်”

“ဟေ့ တော်စမ်း ငါ့ကို မရိနဲ့”

"တကယ် ပြောတာပါဗျာ၊ ဒီမှာ ဒီထက် ကြာကြာနေရရင် ဦးလေး ကျွန်တော့် အကြောင်းကို ဒီထက်ပိုပြီး သိလာမှာပါ။ ကျွန်တော်ဟာ ဦးလေးတို့အပေါ်မှာ သားအရင်းလို ချစ်ခင် ကြင်နာစွာနဲ့ လုပ်ကျွေး ပြုစုမှာပါ။ ဒါကြောင့် စီလီယာနဲ့ ကျွန်တော့်ချစ်ခြင်းကို သဘောတူ ကြည်ဖြူ စေချင်ပါတယ်"

အဘိုးကြီးရို့စ်က တက်တစ်ချက် ပြင်းစွာခေါက်လိုက်ပြီး...

"တစ်သက်လုံး မတူဘူးကွ၊ မင်း ဒီအထဲမှာ နေချင်သလောက် နေနိုင်တယ်။ ဒီလီယာကိုလည်း ဒီရွာမှာ မထားတော့ဘူး။ စနေနေ့မှာ တခြားပို့ဖို့ စီစဉ်ပြီးပြီ။ သူသွားပြီးတဲ့ နောက်မှာတော့ ဒီမြင်းဖောင်းသော့ကို ငါရှာပြီး လွှတ်ပေးမယ် မင်းအဖေဆီ ပြန်သွားပြီး နောက်ထပ် ဥပဒေတတ်ကြီး လုပ်နိုင်အောင် ကူညီချေဦးပေါ့"

လယ်ပိုင်ရှင်ကြီးရို့စ်ဟာ အဲဒီလိုပြောပြီး ရွာထဲ ထွက်သွားသည်။ ရှေ့နေကြီးကွင့်စ် အိမ်ရှေ့ကို တမင် ဖြတ်လျှောက်ရင်း ရယ်ကျဲကျဲ လုပ်သွားသည်။

လစ်တယ်လ်ဟောဗင်ရွာက လူအားလုံးသည် ရှေ့နေကြီးကွင့်စ်အား သူတို့၏ ဉာဏ်ကြီးရှင် သုခမိန်တစ်ပါးလို ရိုရိုသေသေ ဆက်ဆံခဲ့ကြသည်။

လယ်ပိုင်ရှင်ကြီးရို့စ်ဟာ ဒါကိုခံပြင်းပြီး သူ့ဆီကိုသာ လူတွေက အောက်ကျို့၍ ခစား စေလိုသည်။ ရပ်ရွာမှာ လူထင်ပေါ်ဖြစ်စေသည်။

သို့သော် ရိုးသားသော တောသူတောင်သား ဆိုတာမျိုးက လယ်ပိုင်ရှင်ကြီးရို့စ်ဆီ ဘယ်သူကမှ အရေးလုပ် သွားလာကြခြင်း မပြုကြဘဲ တစ်ဆိတ်ရှိ ရှေ့နေကြီးကွင့်စ် ဆီကိုသာ ချဉ်းကပ်ကြကုန်၏။ ရှေ့နေကြီးဟူသော နာမည်တစ်လုံးနှင့် သိက္ခာရှိနေ၏။

သို့သော် မနေ့က အရေးအခင်း ပေါ်ပြီး ဒီကနေ့မနက်တော့ လယ်ပိုင်ရှင်ကြီးရို့စ်ရဲ့ ဘက်တော်သား သူရင်းငှား တစ်ဦး၏ မိန်းမက သူ့ဆရာ သင်ထားသည့်အတိုင်း ရော့နေကြီး ကွင့်စ်ဆီသွားပြီး သူပြင်ခိုင်းထားတဲ့ ဖိနပ် အချိန်မှီ မပြီးကောင်းလားဟု "ရှင်ကြီးဟာ ကိုယ့်ဝမ်းရေးဖြစ်တဲ့ အလုပ်ထက် ဥပဒေ စကားချည်းပြော၊ ဥပဒေ အလုပ် ချည်း လုပ်နေရင် မကြာခင် ထမင်း ငတ်လိမ့်မယ် သိရဲ့လား" ဟု အချောင်လာကော သွားတာ ခံလိုက်ရ၏။

လယ်သမားကြီးရို့စ်၏ သမီး စီလီယာသည် ဒေါသကြီးဖခင်၏ အစီအမံကို မလွန်ဆန်ဝံ့ဘဲ ခေါင်းငုံခံနေရသူ ဖြစ်သည်။

စနေနေ့ နေ့လည် နှစ်နာရီတွင် 'ငန်းဖြူ' ဟော်တယ်ဆိုင်ရှေ့မှာ ဆိုက်မည့် မြင်းရထားနှင့် သူ အခြား အရပ်ဒေသသို့ လိုက်သွားရတော့မည်။

အားလုံး ပြင်ဆင်ပြီးသား ဖြစ်သည်။ သို့သော် ငယ်ရွယ်သူတို့၏ ပြင်းပြသော အချစ်စိတ်၏ လှုံ့ဆော်ခြင်းဖြင့် စီလီယာမှာ ရဲရင့်သော အကြံဉာဏ်တစ်ခု ရလေ၏။

ထို့ကြောင့် ရထားမဆိုက်မီ ဤရွာက မိတ်ဆွေတွေကို နှုတ်ဆက်ပါရစေဟု ခွင့်ပန်လေရာ နက်ဒ်၏ ရန်ကလည်း စိုးရိမ်စရာ မရှိပြီမို့ မိဘများ ခွင့်ပြုလိုက်၏။

စီလီယာသည် သူနှင့် ခင်မင်ရာ လူများကို တစ်အိမ်တက်ဆင်း နှုတ်ဆက်ပြီး နောက်ဆုံး၌ ရော့နေကြီး ကွင့်စ်အိမ်သို့ ရောက်လာသည်။

ကွင့်စ်က ဖိနပ်ချုပ် နေရာမှ သူ့ရှေ့ လူရိပ် မြင်၍ မော့ကြည့်လိုက်တော့ မိန်းမပျိုလေး စီလီယာ၊ အဘိုးကြီးက ဘာမျှမပြောဘဲ ခေါင်းညိတ် နှုတ်ဆက်ပြီး သူ့အလုပ်သူ ဆက်လုပ်နေ၏။

သို့သော် မိန်းကလေးသည် အိမ်ထဲမှ ထွက်မသွားပဲ အတော်ကြာကြာ တွေရပ်နေပြီးနောက် ခဏကြာသော် အိမ်ရှေ့ ဝင်းပေါက်မှ ထွက်ရမည့်အစား အိမ်ခြေရင်းဘက်သွားပြီး မစ္စတာကွင့်စ်၏ တိုလီမုတ်စ အတိုအထွာ ပစ္စည်းတွေထားရာ ကျီထဲသို့ ဝင်သွားကာ ဝင်းတံခါး ပိတ်နေလိုက်တော့၏။

အဘိုးကြီးသည် ဘုမသိ ဘမသိနှင့် အံ့သြတွေဝေကာ ၁၀ မိနစ်လောက် ငေးမောတွေးတော နေပြီးနောက် အသာကလေး ခြေဖျားထောက်သွားကာ ကျီတံခါးကို ဟတယ်ဆိုရုံလေး အသာကလေး ဖွင့်ကြည့်လိုက်တော့ စီလီယာသည် လက်တွန်းလှည်းပေါ်မှာ အကျုံ့ထိုင်၍ ထရံမှီပြီး အိပ်ပျော်နေဟန် ရှိလေ၏။

ရှေ့နေကြီးက ချောင်းသုံးလေးချက် ဟန့်လိုက်သော်လည်း နိုးပုံမပေါ်။

ဒါကြောင့် အိပ်ပါစေတော့လေဆိုပြီး လှည့်သွားတော့မည် အလုပ် အိပ်ပျော်ရင်းက ကယောင်ကတမ်း ပြောသောအသံမျိုး ကြားရလေ၏။

"ဉာဏ်မရှိတဲ့ လူတုံးကြီး" တဲ့။

ရှေ့နေကြီးသည် ကောင်မလေးက တစ်ယောက်ယောက် အကြောင်း အိမ်မက်နေတာထင်ပါရဲ့ အောက်မေ့ပြီး ဘယ်သူများပါလိမ့်လို့ စဉ်းစားနေတုန်း မိန်းကလေးက ဆက်လက်ပြီး ယောင်ပြန်သည်။

"ကိုယ့်ဆီ လည်စင်း ဝင်လာတာတောင် ဘာမှ မလုပ်တတ်ဘူး"

သည်တော့ ရှေ့နေကြီးက အသံကျယ်ကျယ်နဲ့ ကလေးမကို နှိုးသည်။

"ဟဲ့ စီလီယာ၊ ဘယ့်နယ် ဒီမှာလာအိပ်နေတာလဲ၊ ထ… ထ"

ဟု အနီးမှာရှိသော တုရွှင်းရိုးနှင့် တံခါးကိုထိုးသည်။ သို့သော် မိန်းကလေးက မနိုးဘဲ ဆက်ယောင်ပြန်သည်။

"ကိုယ့်ပိုင်နက်ထဲ ရောက်နေမှတော့ ကိုယ့်သားကို ဖမ်းချုပ်ထားသလို သူ့သမီး ကိုလည်း ကျီတံခါးပိတ် သော့ခတ် ထားလိုက်ရုံပေါ့"

သည်တော့မှ ညဏ်အင်မတန်ကောင်းတဲ့ ရှေ့နေကြီးဟာ ရိပ်မိပြီး ခေါင်း တညိတ်ညိတ်နှင့် လက်ထဲက တုရွှင်းလေးချ၊ အိမ်ဘက်ဆီ ခပ်သုတ်သုတ်သွားတဲ့ကာ မီးဖိုထဲက သော့ခလောက်နဲ့သော့တံ ယူလာခဲ့တော့သည်။

ဤကျီကလေးက ငယ်သော်လည်း သစ်လုံးများနှင့် လေးဘက်လေးတန် ကာရံထားသမို့ ခိုင်ခံ့လှသည်။

အဘိုးကြီးသည် ကျီကို တံခါးပိတ် သော့ခတ်ပြီးနောက် သူ့အလုပ်ရုံထဲသို့ ပြန်လာ ခဲ့သည်။

အခြေအနေကို သုံးသပ်ပြီး အကျေနပ်ကြီး ကျေနပ်သမို့ ဘာမျှ မလုပ်နိုင်ဘဲ ငုတ်တုတ်ကြီး ထိုင်၍ ပီတိဖြစ်နေသည်။

အချိန်မည်မျှ ကြာသွားသည်ပင် မသိ။ ထို့ကြောင့် သူ့ခြံဝမှ ဖာခုံညင်းကြီး တစ်ကောင်လို တစ်ကိုယ်လုံး ဖောင်းလိုက် ပိန်လိုက်နှင့် ဒေါသဖြစ်နေသော လယ်ပိုင်ရှင်ကြီးရို့စ်ကို မမြင်မိ။

ရို့စ်သည် သူ့သမီး၏ ပစ္စည်းပစ္စယများနှင့် အတူ 'ငန်းဖြူ' ဟိုတယ်သွား၊ အဲသည်ထဲ ရွာထဲလျှောက် နှုတ်ဆက်နေတဲ့ သမီးနဲ့တွေ့ပြီး နေ့လယ်စာကျွေး၊ ခရီးဝေးပြေး မြင်းနှစ်ကောင်က ရထားလုံးကြီးရောက်လာတော့ သမီးကို တင်ပေးလိုက်ဖို့။

သို့သော် သမီးက ပေါ်မလာဘူး။ တစ်နာရီခွဲတော့ မနေသာတော့ဘဲ သူ့လယ်လုပ်သား ကောင်လေးနှစ်ယောက်ကို ရှာရိုးလျှောက် ရှာခိုင်းသည်။

ဒါပေမဲ့ ဘယ်မှာမှ မတွေ့။ နောက်ဆုံး အချိန်မှန် မြင်းရထားကြီးလာပြီး ထွက်သာသွားကရော။ ကောင်မလေး၏ အစအနမျှ မမြင်ရတော့ စိတ်လည်းပျက်၊ ဒေါသလည်း ထွက်နှင့် ဟိုတယ်မှ အိမ်ပြန်လာခဲ့သည်။

လမ်းတစ်လျှောက်လုံး သူ့သမီးလို တစ်တစ်ရစ်ရစ် တစ်လုံး တစ်ခဲကြီး တစ်ယောက်လုံးဟာ အငွေ့ဖြစ်ပြီး ပျောက်သွား သလို ပုံမျိုးကို မစဉ်းစား တတ်အောင် ဖြစ်နေသည်။

ဒီတော့ တစ်ခေါင်းထက် နှစ်ခေါင်း စဉ်းစားတာ ပိုပြီး အကျိုးရှိလိမ့်မယ်လို့ ညတွေးမိပြီး သူ့မိတ်ဆွေကြီး စက်ပိုင်ရှင် မစ္စတာဟော့ဂ်ဆီ သွားကာ အကျိုးအကြောင်း ပြောပြသည်။

အကြောင်းစုံသိရတော့ မစ္စတာဟော့ဂ်က...

"အင်း... ရှေကနေကြီးကွင့်စ် လက်ချက်ပဲ နေမှာပဲ၊ ဒီလူကြီး ဒီလောက်ငြိမ်နေတာ သူ့မှာ တစ်ခုခု အကြံတော့ ရှိလိမ့်မယ် ထင်မိသား။ သူ့ကို အထင်သေးလို့ မရဘူးနော်။ လူကြည့်တော့ မတုန်မလှုပ်ပေမဲ့ အင်မတန်လျင်တဲ့ လူကြီးဗျ။ ကဲ... ကဲ ကျုပ်တို့လည်း ဘာမှ မဖြစ်တဲ့ပုံနဲ့ သူ့ဆီသွား စုံစမ်းကြရအောင် အို... အို မစ္စတာရို့စ်၊ ခင်ဗျား ဒီလို ဒေါသတွေနဲ့ ရုပ်ပျက် ဆင်းပျက်ဆိုရင်တော့ မဖြစ်ဘူးဗျ။ ကဲ... ကဲ စိတ်ကလေးထိန်းပြီး နဂိုအနေဖြစ်သွားအောင် ကြိုးစားစမ်းပါဗျာ"

လယ်ပိုင်ရှင်ကြီးရှိ့စ်သည် အတော်ကြာ ကြိုးစားပြီးမှ ပုံမှန်ဖြစ်၍ နှစ်ယောက်သား ရှေ့နေကြီး ကွင့်စ်အိမ်သို့ လာရောက်ခဲ့ကြခြင်း ဖြစ်သည်။

ကွင့်စ်အား ဖော်ပြခဲ့သည့် အတိုင်း ပီတိဖြစ်လွန်းလို့ သူတို့ကို ရုတ်တရက် မမြင်ရပေ။ သည်တော့ မစ္စတာဟော့ဂ်က ချောင်းဟန့် လိုက်ပြီး ကျီဘက်သို့ မျက်စိ ဝေ့ကြည့်လိုက်ရင်း...

"ဒီမှာ ရှေ့နေကြီးရဲ့ ကျုပ်ကို လက်တွန်းလှည်း ခဏ ငှားစမ်းပါဗျာ။ ကျုပ်လှည်းက ဘီးကျွတ်သွားလို့ဗျ"

အတွေးရေယဉ်ကြော မြောနေသော ရှေ့နေကြီးသည် သည်တော့မှ မော့ကြည့်ပြီး အခြေအနေကို ရိပ်စား မိသော်လည်း ဣန္ဒြေမပျက်စေဘဲ ခပ်အေးအေးပင်...

"ရပါတယ် ယူပါလေ" ဆိုပြီး ထိုင်ရာမှထ၍ သူ့ကျီရှိရာ သွားနေလေတော့ စက်ပိုင်ရှင်ကြီးဟော့ဂ်က မရိုးမရွနှင့် လယ်ပိုင်ရှင်ကြီး ရှိ့စ်ရဲ့ လက်မောင်းကို အသာ ညှစ်လိုက်သည်။ သို့သော် ရှေ့နေကြီးဟာ ကျီကို ခတ်ထားတဲ့ သော့ခလောက်ကြီးကို ကိုင်ကြည့်ပြီး သူ့အိမ်ထဲ ဝင်သွားသည်။ ပြန်ထွက်လာသော အခါ ရှေ့နေကြီးသည် သူ့ တစ်ကိုယ်လုံးမှာ ရှိသမျှ အကျီအိတ် ဘောင်းဘီအိတ်တွေ လျှောက်နှိုက်ရင်း စိတ်ပျက် လက်ပျက်နှင့်...

"ခင်ဗျားတို့ လက်တွန်းလှည်းကို အရေးတကြီး လိုလို့လားဗျာ"

"ဟုတ်ကဲ့" မစ္စတာဟော့ဂ်က ပြန်ပြောသည်။

"သည်တော့ ရှေ့နေကြီးက အကြံအိုက်တဲ့ မျက်နှာနှင့် သူ့မေးစေ့ကို လက်နှင့် ဆွဲရင်း...

"အဟမ်း... ခက်တော့ နေမှပဲ၊ လက်တွန်းလှည်းက ကျီထဲမှာဗျ၊ ခတ်တဲ့ သော့တံကို ဘယ်မှာ ထားမိတယ် မသိဘူး"

သည်တွင်ပဲ တစ်ချိန်လုံး ချုပ်တည်းနေရတဲ့ လယ်ပိုင်ရှင်ကြီးရို့စ်ရဲ့ ဒေါသဟာ ပေါက်ကွဲထွက်ပြီး...

"အဲသည်တံခါးကို ခင်ဗျား ရအောင်ဖွင့်၊ နို့မဟုတ်ရင် ကျုပ်က ဖျက်ပြီး ဖွင့်ရလိမ့်မယ်၊ ဒီအထဲမှာ ကျုပ်သမီး ရှိတယ်။ ကျုပ် ဆွဲထုတ်လိုက်ရမယ်"

"ခင်ဗျားသမီး ဟုတ်လား၊ ခင်ဗျားသမီးက ဘာကြောင့် ကျုပ်ကျီထဲ ရောက်နေရမှာလဲ"

ရှေ့နေကြီးက အံ့သြဟန်နှင့် ပြန်မေးသည်။ အဲသည်တော့ လယ်ပိုင်ရှင်ကြီး ရို့စ်က စိတ်မရှည်နိုင်တော့ဘဲ ရှေ့နေကြီးကိုသာ အတင်းတွန်းဖယ်ရင်း...

"စကားရှည်မနေနဲ့၊ ကျုပ်သမီးကို ခုထုတ်ဆို ခုထုတ်ပေး"

ရှေ့နေကြီးသည် သူ့ကို ကိုယ်ထိလက်ရောက် လုပ်လာတော့ ကိုင်းနေတဲ့ သူ့ကျောပြင်ရှည်ကြီးကို ဆတ်ခနဲ မတ်လိုက်ပြီး ခပ်ထန်ထန်ပဲ...

"ခင်ဗျားတို့ ကျုပ်တို့ ပိုင်နက်ထဲဝင်ပြီး စော်ကားမော်ကား မလုပ်ကြနဲ့နော်၊ ကျုပ်က စိတ်ရှည် သည်းခံပေမဲ့ ဥပဒေက ချမ်းသာပေးမယ် မဟုတ်ဘူး။ အဲဒီ ကျီတံခါးကို ဖွင့်စေချင်ရင် ကျုပ်သားနက်ဒ် အိမ်ပြန်ရောက်သည်အထိ စောင့်ကြ။ ဒီသော့ ဘယ်မှာ ရှိတယ်ဆိုတာ သူပဲသိတယ်"

ရှိ့စ်ဟာ အရုပ်ကြိုး ပြတ်သလို လက်နစ်ချောင်း တွဲလောင်းကျပြီး ပါးစပ် အဟောင်းသားနှင့် သူ၏ အခါတော်ပေး ဆရာကြီးဟော့ဂ်ကို မော့ကြည့်လိုက်သည်။ ဒါပေမဲ့ ဟော့ဂ်က ရှေ့နေကြီးကို ချီးကျူးတဲ့ မျက်နှာနဲ့ ကြည့်ပြီး

"သူ့ကို ကျော်နိုင်တဲ့လူ တစ်ယောက်မှ မတွေ့ဖူး သေးဘူးလို့ ခင်ဗျားကို ကျုပ် ပြောသားပဲဗျ"

"ကျုပ်သားနက်ဒ်ဟာ အိမ်ပြန်မလာတာ ၃ ရက်ရှိသွားပြီဗျ၊ ဒါပေမဲ့ ဒီနေ့ ပြန်ရောက်မှာတော့ သေချာပါတယ်"

ရှေ့နေကြီး စကားအဆုံးတွင် ရှိ့စ်ဟာ ကြက်ဖကြီး လည်လိမ် ထားသလို ဖြစ်သွားပြီး နေရာက ချာခနဲ လှည့်ထွက် သွားတော့သည်။

မကြာမီ သူ့အသက်အရွယ် ခန္ဓာကိုယ်နှင့် မလိုက်အောင် မြန်ဆန်လှစွာ ရှုးရှုး ရှဲရှဲနှင့် ဝဝပုပု ကိုယ်ကြီးဟာ နက်ဒ်ကွင့်စ်နှင့် အတူ ပြန်ရောက်လာပြီး နက်ဒ်ကို သူ့အဖေရှေ့ တွန်းပို့ရင်း...

"ကဲ ဒီမှာ ခင်ဗျားသား၊ သော့ဘယ်မှာလဲ ပေး"

ရှေ့နေကြီးသည် သူ့သားလက်မောင်း ဆွဲ၍ အိမ်ထဲခေါ်သွားပြီး မကြာမီပဲ နက်ဒ်ဟာ လက်ထဲက သော့ကြိုးကွင်းကလေး ဝှေ့ယမ်းကာ ပြန်ရောက်လာလျှက် ကျီတံခါးကို ဖွင့်လိုက်တော့ ရုတ်တရက် ဝင်လာသော အလင်းရောင်ကြောင့် စီလီယာဟာ အိပ်ရာက လန့်နိုးတဲ့ပုံနှင့် မျက်လုံးကလေး ပေကလပ် ပေကလပ် လုပ်နေသည်။

သူ့အဖေကြီးကို မြင်တယ်ဆိုရင်ပဲ ကိုယ်ကလေး ကျုံ့သွားပြီး ကြောက်အားနှင့် တရှုပ်ရှုပ် ငိုတော့သည်။ ဖအေကြီးက ဒေါနှင့်မောနှင့် ခြေဆောင့်ပြီး...

"ကဲ... မရွှေစာ... ဒီအထဲ ဘယ်လိုရောက်နေတယ်ဆို ပြောစမ်း"

"ကျွန်မ ဟိုကို မသွားချင်ဘူး အဖေ၊ ဒါကြောင့် ဒီထဲမှာ လာပုန်းနေရင်း အိပ်ပျော်သွားတာ"

"အား... တယ်လိမ္မာတဲ့ သမီးပဲ၊ ကိုင်း... ကိုင်း ဒါဖြင့်လည်း ဒီမှာပဲ တစ်သက်လုံး နေပေရော့၊ မိဘကို ကလန်ကဆန်လုပ်တဲ့ သမီး၊ ကျုပ်တစ်သက်လုံး အလိုမရှိဘူး၊ မင်းကို ငါစွန့်လွှတ်လိုက်ပြီ"

ရှိ့စ်ဟာ သူ့ဘယ်ဘက် လက်ဝါးကြီးကို ညာဘက် လက်သီးကြီးနှင့် ထုထုပြီး ဒေါသတကြီးနှင့် အော်ပြောရင်း ရွာလမ်းဆီသို့ ခြေသံပြင်းပြင်းနှင့် ထွက်သွားတော့သည်။

ရှေ့နေကြီးကွင့်စ်နှင့် စက်ပိုင်ရှင်ကြီးဟော့ဂ်က တစ်အောင့်လောက် နေပြီးတော့မှ နောက်က အမြန်လိုက်သွားကြသည်။

စည်ပိုင်းကြီးလို လိမ့်နေသော ရှိ့စ်ကိုမီတော့ ဟော့ဂ်က သူ့မိတ်ဆွေ လက်မောင်းကို ဖမ်းဆွဲပြီး...

"ခင်ဗျား ဒီလို အော်ကြီးဟစ်ကျယ်နဲ့ လူသိရှင်ကြား လုပ်နေရင် ခင်ဗျားပဲ လူရယ်စရာကြီး ဖြစ်ပြီး အရှက်ကွဲမယ်၊ ဒါမျိုးဆိုတာ အလိမ္မာ သုံးရတယ်။ ကိုယ်က သမီးရှင်၊ လူငယ်ချင်း ဒီလောက် ချစ်နေကြတော့မှပဲ၊ မခွဲကောင်းပါဘူး၊ တစ်ရွာတည်းနေ တစ်ရေတည်း သောက်တွေပဲ၊ မတူဘူး မတန်ဘူးရယ်လည်း မအောက်မေ့ ကောင်းပါဘူး။ ရှေ့နေကြီးကွင့်စ် ဆိုတာလည်း မျိုးကောင်း ဆွေကောင်းပဲဥစ္စာ၊ ခင်ဗျားတို့ ကျုပ်တို့လို ပစ္စည်းမရှိတာ တစ်ခုပဲ၊ ဉာဏ်ပညာကဖြင့် ကြီးပါပေ့၊ ခင်ဗျားခု ကိုယ်တွေ့ မျက်မြင်ပဲလေ"

ရှိ့စ်က ရှက်ရှက်နှင့် ဟော့ဂ်လက်ထဲက သူ့လက်မောင်းကို ဆောင့်ရုန်းနေစဉ်ပဲ မစ္စတာကွင့်စ်က ရှိ့စ်နံဘေး ရောက်လာပြီး…

"ခင်ဗျားသမီးလေးဟာ အင်မတန် ချီးမွမ်းဖို့ ကောင်းပါတယ်ဗျာ၊ သူ့အသိဉာဏ် ထက်မြက်ပုံက ကျုပ်တို့ ဦးနှောက် သုံးလုံး ပေါင်းတာထက်တောင် သာပါသေးတယ်။ တကယ်တော့ ဖွဲ့ကောင်းတဲ့ ကျုပ်သားနဲ့ ဉာဏ်ကောင်းပြီး ရဲရင့်တဲ့ ခင်ဗျားသမီး ပေါင်းလိုက်ရင် ခင်ဗျားနဲ့ ကျုပ်ဟာ အင်္ဂလန်ရဲ့ နန်းရင်းဝန်လောင်း မြေးကလေးတောင် ရကြမှာပဲ"

"ဟုတ်ပေ့ဗျာ"

သစ်စက်ပိုင်ရှင်ကြီးဟော့ဂ်က ဝင်ထောက်ခံလိုက်ပြီး… ။

"ကဲ…. ကဲ ဟောဟိုမှာ ငန်းဖြူဟိုတယ်ရှေ့ ရောက်လာတာ အတော်ပဲဗျို့၊ ကျုပ်တို့ သုံးယောက် ပြောရဆိုရတာ အာလည်းခြောက်လှပြီ။ လူတကာ အပြောအဆို မခံရလေအောင် ကျုပ်တို့ သုံးယောက်သား ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး တစ်ခွက် တစ်ဖလားစီ ဝင်မော့ရင်း လူလုံးပြကြစို့"

"ဟုတ်ပါတယ်ဗျာ၊ ပြီးတာ ပြီးပါစေတော့၊ ကျေပါလို့ ကျုပ်ကလည်း တောင်းပန်ပါတယ် မစ္စတာရှိ့စ်ရယ်"

ရှေ့နေကြီးကွင့်စ်က ပြောရင်း လယ်ပိုင်ရှင်ကြီးရှိ့စ်၏ လက်မောင်းကို သစ်စက် ပိုင်ရှင်ကြီးဟော့ဂ်နှင့် တစ်ယောက်တစ်ဖက်စီ ကိုင်၍ ငန်းဖြူဟော်တယ်ထဲသို့ အလွန် ခင်မင် ရင်းနှီးစွာ သုံးယောက်တွဲ ရင်ပေါင်တန်း ဝင်သွားကြလေ၏။

❄ ❄ ❄ ❄❄